# ဆရာတော် ဦးဥတ္တမ

## လွတ်လပ်ရေး စိတ်ဓါတ် မျိုးစေ့ချခဲ့သူ

(ဗမာ့ခေတ် ဦးဘရင် ရေးသည်)




(၇၀)ကြိမ်မြောက် ဆရာတော် ဦးဥတ္တမနေ့
အထိမ်းအမှတ် ထုတ်ဝေသည်
(၉.၉.၂၀၀၉)

# ဆရာတော်ဦးဥတ္တမ

## (လွတ်လပ်ရေး စိတ်ဓာတ် မျိုးစေ့ချခဲ့သူ)

ဗမာ့ခေတ် ဦးဘရင် ရေးသည်။

## မာတိကာ

ကျေးဇူးတင်လွှာ --------------------------------- 2
စာရေးသူ၏အမှာစာ ------------------------------ 4
ရည်ညွှန်းအပ်သောအကျိုးနှင့် ပဏာမ ------------- 6
(၁) ငယ်စဉ်ကာလ ------------------------------- 24
(၂) ရပ်ဝေးသို့ထွက်၍ပညာရှာမှီးခြင်း ------------- 37
(၃) ဆရာတော်နှင့်ဗမာ့နိုင်ငံရေး ------------------ 55
(၄) ဆရာတော်၏နိုင်ငံရေးရာ အယူအဆများ ----- 76
(၅) နောက်ဆက်တွဲ (ဂျူဘလီမိန့်ခွန်း) --------- 114

# ကျေးဇူးတင်လွှာ

မြန်မာ့လွတ်လပ်ရေး မီးရှူးတန်ဆောင် အာရှနေဝန်း အသျှင်ဥတ္တမသည် မြန်မာနိုင်ငံကို အင်္ဂလိပ်ကိုလိုနီနယ်ချဲ့ သူ့ကျွန်ဘဝမှ လွတ်မြောက်ရန်သာမက အာရှနိုင်ငံများ၏ လွတ်မြောက်ရေးအတွက်ပါ ဦးဆောင်လမ်းပြအုတ်မြစ်ချခဲ့သော ပုဂ္ဂိုလ်တစ်ဆူဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံသည် စစ်အာဏာရှင်စနစ်အောက်သို့ ကျရောက်ခဲ့သည့် ၁၉၆၂–ခုနှစ် မှစ၍ စစ်အာဏာရှင်အစိုးရ အဆက်ဆက်လက်ထက်တွင် အသျှင်ဥတ္တမအကြောင်းနှင့်စပ်လျဉ်း၍ စာပေထုတ်ဝေခြင်း၊ အထိမ်းအမှတ် အခမ်းအနားပြုလုပ်ခြင်း စသည့်တို့ကို ပိတ်ပင်ထားခဲ့သည်မှာ ယနေ့ထိတိုင်အောင် ဖြစ်ပါသည်။ ထို့ကြောင့် အသျှင်ဥတ္တမကဲ့သို့ တိုင်းပြည်နှင့်လူမျိုးအပေါ် ပေးဆပ်အနစ်နာခံလိုမှု ၊ သူရသတ္တိနှင့်ပြည့်ဝမှု၊ အရာရာ၌ ပထမဆုသည်သာလျှင်သူ့အတွက်ဖြစ်ရမည်ဟု ခံယူသော သူ၏ပင်ကိုယ်စိတ်ဓါတ်သည် ယနေ့ပြည်တွင်းပြည်ပရောက်ရှိနေကြသော မျိုးဆက်သစ်လူငယ်တို့အနေဖြင့် အလွန်တရာမှ အတုယူစရာ ကောင်းလှပါသည်။ ထို့ကြောင့် အသျှင်ဥတ္တမ၏ အတ္ထုပ္ပတ္တိကို လူငယ်တို့အနေဖြင့် အတုယူလိုစေချင်သောဆန္ဒ ဖြစ်ပေါ်လိုခြင်းကိုလည်းကောင်း၊ အသျှင်ဥတ္တမ၏ မျိုးချစ်စိတ်ဓါတ်နှင့် မြန်မာပြည် အင်္ဂလိပ်ကိုလိုနီလက်အောက်မှ လွတ်မြောက်ရန်အတွက် ဆောင်ရွက်ခြင်းများကိုလည်းကောင်း၊ အများပြည်သူတို့ သိရှိနိုင်ရန် ဤစာအုပ်ကို ပြန်လည်ပုံနှိပ်ထုတ်ဝေရခြင်းဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့အနေဖြင့် စာရေးသူနှင့်မူပိုင်ထုတ်ဝေသူတို့ကို အခြေအနေအကြောင်းကြောင်းကြောင့် အသိပေးအကြောင်းမကြားနိုင်ခြင်းကို ခွင့်လွှတ်နားလည်ပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့အနေဖြင့် မျှော်လင့်ပါသည်။ ဤစာအုပ်ထုတ်ဝေရန်အတွက် မူရင်းစာအုပ်ပေးပို့သော မလေးရှားနိုင်ငံမှ ကိုကျော်သိန်းခိုင်နှင့် ကိုလှသိန်းတို့ကို လည်းကောင်း၊ စာမူများကိုပြန်လည်စာစီစာရိုက်ပေးကြသည့်အပြင် အစစအရာရာစီစဉ်ပေးကြသော ထိုင်းနိုင်ငံ ရခိုင်ပြည်အမျိုးသားကောင်စီရုံးမှ ကိုထိန်အောင်လင်း၊ ကိုမောင်မျိုး၊ ကိုခိုင်ထက်နိုင်နှင့် ဒီဇိုင်း Layout အတွက် ကူညီပေးသည့်

ကိုညီလင်းတို့ကိုလည်းကောင်း၊ မြန်မာစာ စာလုံးပေါင်းသတ်ပုံ ကူညီစစ်ဆေးပေးကြသော ကိုသန့်ဇင် (အရှင် ဆန္ဒာဓိက)နှင့် ကိုထွန်းမင်းတို့ကိုလည်းကောင်း၊ ဘဏ္ဍာရေး အကူအညီပေးကြသော ကနေဒါနိုင်ငံရောက် ရခိုင်အမျိုးသားများကိုလည်းကောင်း စာအုပ်ဖြစ်မြောက်ရေး ကော်မီတီမှ အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**စာအုပ်ဖြစ်မြောက်ရေး ကော်မီတီ**

# စာရေးသူ၏ အမှာစာ

ဆရာတော်ဦးဥတ္တမ၏ အကြောင်းအရာကို စုပေါင်းရှာဖွေရေးသားရသည့်အတွက် ကျွန်ုပ်ဆောင်ရွက်ချင်နေသော တာဝန်တစ်ခုကို ဆောင်ရွက်လုပ်ကိုင်လိုက်ရသဖြင့် အလွန်ပင်နှစ်ထောင်းအားရရှိပြီးလျှင် ဤစာအုပ်ကိုမှ ရွေးချယ်ပြီး ကျွန်တော့်ထံတာဝန်ပေးအပ်လာသော သမာမိတ္တ (အပြည်ပြည်ဆိုင်ရာပညာရေး ဖြန့်ချိရေးဌာန)အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဆရာတော်ဦးဥတ္တမ၏အကြောင်းကို ရှာဖွေစုဆောင်းသောအခါတွင် ပညာကို ကုတ်ကုတ်ကပ်ကပ် ကြိုးစားရှာဖွေ ဆည်းပူးတော်မူရခြင်းတည်းဟူသော ပညာပါရမီ၊ ရဟန်းဘဝ၌ ပျော်ပိုက်နှစ်သက်ခြင်းဟူသော နိက္ခမပါရမီ၊ ဒေါသအာဃာတကို လုံးဝပယ်ပြီး ရဟန်းတော်၏ မွန်မြတ်သိမ်မွေ့စွာ မြင်တွေ့သမျှ အန္တရာယ်ကို သည်းခံတော်မူလျက် ကျင့်သုံးခြင်းဟူသော ခန္တီပါရမီ၊ ဤပါရမီ(၃)ရပ်ကို ကိုယ်တော်ကြီးသည် နှစ်ထောင်းဝမ်းသာရှာဖွေ ဆည်းပူးတော်မူသည်ကို တွေ့ရ၏။ ဘုရားအလောင်း ရွှေသမင်မင်းသည် ကိုယ်ဝန်အရင့်အမာရှိနေသော သမင်မနှင့် မွေးလတ္တံ့သော သမင်ငယ်ကလေးတို့၏အသက်ကို မိမိအသက်နှင့်လဲလှယ်ကယ်ရအံ့၊ ကယ်ဆယ်နိုင်တော့အံ့ဟုသိလျှင်ပင် အားရဝမ်းသာ မကြုံစဖူး ကြုံကြိုက်ရသော အလွန်မြင့်မြတ်သော အခွင့်အရေးကို ရပြီဟု အားရလျက် စဉ်းတီတုံးပေါ်တွင် မိမိလည်ပင်းကိုစင်း၍ ခံတော်မူသည်။ ဤသို့ခံလိုက်သည်ကို အကြောင်းပြု၍ ရေမြေတောတောင် သမုဒ္ဒရာအတွင်းရှိသမျှ သက်ရှိသတ္တဝါတို့၏ အသက်သည် ဘေးမဲ့ရကြလေသည်။ ငါသည် ဤသို့သော အခွင့်အရေးမျိုး ကြုံကြိုက်လာက ဆောင်ရွက်ချင်လှပါသည်ဟု အဓိဋ္ဌာန်ရှိပင်ရှိငြားလည်း ဤအခွင့်အရေးမျိုးကိုကားကြုံကြိုက်ခဲလှ၏။ လူဦးရေ တစ်ကုဋေ၌ တစ်ယောက် ကြုံကြိုက်ခဲလှ၏။ နှစ်ပေါင်း တစ်ကုဋေတွင် တစ်ခါဖြစ်ခဲ၏။ ကြုံကြိုက်လာပါသော် စွန့်စားနိုင်ခဲလှ၏။ ဆရာတော်ဦးဥတ္တမကား အပေါ်ယံ ဂုဏ်ပကာသနဆို၍ ဘာမှမပါဘဲလျက် နှစ်ပေါင်း–၂၀ ကျော်မျှ ဤသို့သော အခွင့်အရေးမျိုးကို လိုလားသဖြင့် ကမ္ဘာကိုလှည့်ပတ်ပြီး ရှာဖွေခဲ့ပြီးမှ ကြုံကြိုက်တော်မူရသော

ပုဂ္ဂိုလ်ထူးဖြစ်၍ အံ့ဖွယ်လည်းကောင်းလှ၏။ ကြည်ညိုဖွယ်လည်း ကောင်းလှ၏။ ထိုထက် ဆရာတော်၏အတ္ထုပ္ပတ္တိကို စုဆောင်းရေးသားရသည်မှာ လူပုဂ္ဂိုလ် ရာဇဝင်ကျော်တို့၏ အကြောင်းကိုရေးသားရသည်နှင့် လုံးဝမတူ။ မကောင်းမှုတွေကိုပယ်ပြီး ဦးပြည်းခေါင်းတုံးနှင့် သစ်ခေါက်ဆိုးကိုဝတ်ကာ ခြိုးခြံမှုဟူသော ကျင့်ဝတ်သည်ပင်လျှင် ရဟန်းသူတော်သူမြတ်တို့အတွက် ကျက်သရေနှင့် အရောင်အဝါ ထွန်းလင်းတောက်ပသော ဘယက်တန်ဆာ ဒွါဒရာ သဘွယ် ဆင်မြန်းပေးရမည်ကို သတိပြုမည် ဖြစ်သည်။

ဦးဘိုးစိန်ကဲ့သို့ပုဂ္ဂိုလ်သည် ချောမွေ့လှပသော မင်းသမီးနှင့် သစ္စာထား ကြည်စယ်ပုံကို အနုပညာမြောက် ချဲ့ထွင်အမွှန်းတင်ဖို့သည် ရေးသူ၏ တာဝန်ဖြစ်သကဲ့သို့ မြင်မြင်သမျှ သင်္ခါရတရားတို့၏ ဖောက်ပြန် ပျက်စီးခြင်းကို ရှုတတ်သည့် ဝိပဿနာဉာဏ်နှင့်ယှဉ်သော ဆရာတော်၏ အဓိ မောက္ခနိရောဓဉာဏသမ္ပယုတ်ကို ဖော်ပေးနိုင်ဖို့သည် ရေးသောသူ၏ တာဝန်ဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဆရာတော်၏ ဩဝါဒ၊ ဆရာတော်၏ ကျင့်ကြံမှုဟူသမျှတွင် ထိုသို့သော သပသန သဘောကို သက်ဝင်အောင် ကြိုးစားပြုစုရေးသားရ၍ ကျွန်တော်မှာ ပိုပြီးပီတိ သောမနဿ ပွားများသင့်ရပြန်ပါ၏။ မန်လည်ဆရာတော်ကြီး၏"မာဃဒေဝ"ပျို့တွင် (**လူသော် လူကျင့်၊ လူနှင့်သင့်၏၊ ရှင်နှင့်မလျှော်၊ ရှင်သော်နှင့်ကျင့်၊ ရှင်နှင့်သင့်၏၊ လူနှင့်မရာ**) ဟူ၍ ဆိုထား၏။ ရှင်နှင့်လျှော်မည့်သဘောကို စိတ်စောမှတ်ယူပြီး ရေးသားရသည်ဖြစ်ရာ သိင်္ဂါရ ရဿအနုဌာယီဘာဝ တို့မှ ကင်းရှင်းနိုင်သမျှ ကင်းရှင်းခြင်းသည်ပင်လျှင် ရေးသူ၌ တာဝန်ကျေပွန်သည်ဟု သဘောရပါသည်။ ပူဇာစ ပူစနေယျာနံ ဟူသော မင်္ဂလာတရားတော်အတိုင်း ကျွန်တော်မှာကား ပူဇော်ထိုက်သော ပုဂ္ဂိုလ်တပါးအား နှစ်နှစ်ခြိုက်ခြိုက် အားရရွှင်ပြစွာနှင့် ပူဇော်လိုက်ရပြီးဖြစ်သောကြောင့် ဤစာအုပ်ကိုဖတ်ရှုခြင်းဖြင့် ပူဇော်ထိုက်သူကို ပူဇော်ခွင့်ရကြပါစေဟု ဆုတောင်းပတ္တနာ ပြုလိုက်ပါသည်။

အရှင်

*ဆရာတော်၏မိန့်ခွန်းပါသော နေပြည်တော်ဂျာနယ်များကို နိုင်ငံရေး ခေါင်းဆောင်တစ်ဦးဖြစ်သူ သခင်ထွန်းအုပ်ထံမှရသဖြင့် များစွာ ကျေးဇူး တင်ပါ၏။*

☆ ☆ ☆

## ရည်ညွှန်းအပ်သောအကျိုးနှင့်ပဏာမ


ဤကမ္ဘာလောကကြီး၌ သက်ရှိသတ္တဝါမှန်သမျှတွင် ဖြစ်ပေါ်နေသည့် အဆုံးမရှိ လိုချင်တပ်မက်နေသော လောဘတဏှာ အမိုက်မှောင်၊ ထိုလောဘတဏှာအမိုက်မှောင်က ရှေ့ဆောင်လမ်းပြရာသို့ လိုက်ပါလျှက် အနိုင်အထက် နှိပ်စက်ညှင်းပမ်းမှုကို ပြုစေဖြစ်စေတတ်သော ဒေါသအမိုက်မှောင်၊ ထိုလောဘဒေါသအမိုက်မှောင် ကြီးနှစ်ခု၏ ဆိုးဝါးလှစွာသော အာနိသင်တို့၏ အနက်အဓိပ္ပါယ်ကို ဖုံးအုပ်ကွယ်အုပ်ထားသည့် မောဟအမိုက်မှောင်ဟူ၍ အမိုက်မှောင်ကြီး သုံးခုတို့သည် အစဉ်သဖြင့် လူသတ္တဝါ မှန်သမျှတို့အား ဦးစီးရှေ့ဆောင်ပြီးလျှင် နေခဲ့ကြ၏။ ထိုသို့နေခဲ့သော နှစ်ပရိစ္ဆေဒ အကြား၌ မရေတွက်နိုင်သော အကြင်သို့သော လူသတ္တဝါနှင့် ရေမြေတောတောင်စသော သက်ရှိသက်မဲ့ဟူသမျှတို့၏ ဖြစ်ပျက်သောအစဉ်အလာ ရုပ်တရား၊ နာမ်တရား နှစ်ပါးကား ပူလောင်ပြင်းပြစွာခံစားရသော ဒုက္ခအစစ်အမှန်တွေသာဖြစ်သည် ဟူသော ဒုက္ခသစ္စာ၊ ထိုဒုက္ခသစ္စာ တို့ကိုပင် အစဉ်မပြတ် အမြင်မပြတ်ရအောင် တွယ်တာတပ်မက်နှစ်သက် မက်မောနေခြင်းဟူသည်ကား သမုဒယသစ္စာ၊ ယင်းသမုဒယသစ္စာဟူသော တဏှာ အကြောင်းအရင်းဖြင့် မခွဲမခွာဖြစ်ပေါ်လာသော ဒုက္ခသစ္စာ၊ ထိုသစ္စာနှစ်ပါးမှ ကင်းကွာလွတ်မြောက်ရာဌာန အစစ်အမှန်တရားအဖြစ် တည်မြဲနေသည့် နိရောဓသစ္စာ၊ ဤနိရောဓသစ္စာတို့ ထုတ်ချင်းထွင်းဖောက် ရောက်နိုင် မြင်နိုင်သော ထွန်းလင်းတောက်ပသည့် မြင့်မြတ်သော အရိယာမဂ္ဂအသိဉာဏ်ဟူသည့် မဂ္ဂသစ္စာဟူ၍ သစ္စာတရားလေးပါး ပေါ်ပေါက်ခဲ့ပြီ။ ကမ္ဘာလောက

အတွင်း သက်ရှိ သတ္တဝါမှန်သမျှ၏သဏ္ဍာန်တွင် ခိုအောင်းပိတ်ဖုံးနေသည့် ဖော်ပြခဲ့ပြီးသော လောဘ၊ ဒေါသ၊ မောဟ အမိုက် မှောင်ကြီးသုံးခု၏ အစွမ်းကုန်တန်ခိုးပြမှုအတွက် လူသတ္တဝါတို့ အတုံးအရုံးသေဆုံးပျက်စီးမှု၊ ပူလောင်ပြင်းပြစွာ နှလုံးကြေကွဲမှုများနှင့် ၄င်းတို့မှဆက်သွယ်၍အခိုးအလျှံတို့ တထောင်းထောင်းထကြွနေပြီးလျှင် သေရအံ့သော အရိပ်လက္ခဏာတို့ကို ထင်ယောင်မြင်ယောင် ရှိနေကြသည်။ ဤသို့လျှင်ဖုံးလွှမ်းသိုဝှက်သော အမိုက်မှောင်ကြီး သုံးပါးအား ပြင်းပြထက်မြက်တောက်ပလှသော ဖော်ပြခဲ့သည့် သစ္စာလေးပါးအလင်းရောင်ခြည်ဖြင့် ကမ္ဘာလောကကြီး၏ အမြင့်မြတ်ဆုံးသောရောင်ခြည်ကို ဗုဒ္ဓရှင်တော်ဘုရားကို၄င်း၊ ထိုထွန်းလင်းတောက်ပစေခဲ့သည့် အလင်းရောင်ခြည်ကြီး ထွန်းလင်းတောက်ပသည်ကို တပ်အပ်ထင်ထင် မြင်စေမူရာ တရားတော်မြတ်အစုကို၄င်း၊ ထိုတရားမြတ်တို့ကို နှစ်ကာလပေါင်းများစွာက ကျွန်ုပ်နှင့်တကွ ကမ္ဘာသူ/သား သတ္တဝါဟူသမျှတို့ အကျိုးငှါ နှစ်ပေါင်း ၂၅၀၀ ခန့်တိုင်တိုင် ထိန်းသိမ်းထားနိုင်ခဲ့သော သံဃာတော် အရှင်မြတ်တို့အား၄င်း၊ ကျွန်ုပ်သည် ဦးညွတ်ရိုကျိုးရှိခိုးပါ၏။ ကျွန်ုပ်၏ ဦးညွတ်ရှိခိုးအပ်သော ဤသည်ကောင်းမှုအာနိသင်သည် ဤယခု ပြုစုရေးသား လတ္တံ့သော (ဆရာတော်အရှင် ဦးဥတ္တမ) စာစောင်၌တည်တံ့နေပြီးလျှင် ကမ္ဘာသူ/သားများအဖို့ ရင့်သန်သော ပညာဉာဏ်အလင်းရောင်ခြည်ကို ပေးကမ်းဆောင်နိုင်သည် ဖြစ်ပါစေသတည်း။ တကမ္ဘာလုံး မျှော်လင့်တောင်းတသော ငြိမ်းချမ်းရေးကြီး တည်မြဲပါစေသတည်း။


ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟူသော ကျွန်ုပ်တို့ မှီတင်းနေထိုင်ရာဖြစ်သော ဤတိုင်းပြည်သည် အကျယ်အဝန်းပမာဏ၊ လူဦးရေပမာဏအားဖြင့် မည်မျှသေးငယ်သည်ဟု ဆိုရစေကာမူ ကြီးမားကျယ်ပြန့်သော တိုင်းပြည်ကြီးမှန်သမျှတို့က လွတ်လပ်၍ အချုပ်အချယ်မရှိ လက်အောက်ခံတိုင်းပြည်တစ်ခုမဟုတ်။ ငါတို့နှင့် ဂုဏ်ရည်တူတိုင်းပြည်တစ်ခုဟု အသိအမှတ်ပြုရပေပြီ။ သေးငယ်သောတိုင်းပြည်တစ်ခုဖြစ်သည်ဟု ဆိုရသော်လည်း အခြားခြားသော ကမ္ဘာတိုင်းပြည်ဟူသမျှ၏ အကျိုးစီးပွားကိုပင် စွမ်းအားရှိသမျှ ဆောင်ရွက်သယ်ပိုးနိုင်သော တိုင်းပြည်တစ်ပြည်အဖြစ် ခေါင်းထောင်၍ မြော်ခေါ်နိုင်

သောအခြေသို့ ဆိုက်ရောက်ခဲ့လေပြီ။ ဤအခြေအနေသို့ရောက်ရှိ တက်လှမ်းနိုင်ခဲ့သည်ဟူ၍ မိမိတို့ပြည်၏ ဂုဏ်အင်္ဂါအကျိုးကျေးဇူးကို မြော်ခေါ်သိစွမ်းနိုင်သော မည်သည့်တိုင်းရင်းသားတစ်ဦးတစ်ယောက်၏ အသိဉာဏ်အတွင်းမှာပင်ဖြစ်စေ ပညာဉာဏ်နှင့် အမြော်အမြင် ကြီးမားပြီး စွန့်စွန့်စားစားနှင့် သူ၏တသက်တာလူ့ဘဝကို တိုင်းပြည်နှင့်တကွ တိုင်းသူပြည်သားများ၏အကျိုးငှါ အသုံးချသွားခဲ့သော ဆရာတော်ဦးဥတ္တမ၏ဂုဏ်နှင့် ကျေးဇူးသဘောတရားများကင်းကွာပြီး တည်နေခဲ့မည် မဟုတ်ပါ။

သို့ရာတွင် မည်သည့်နည်းနှင့်မျှ ဆရာတော်ဦးဥတ္တမ၏ ဂုဏ်တော်၊ ကျေးဇူးတော်ဟူသမျှကို ကျွန်ုပ်တို့ တိုင်းရင်းသားဟူသော အသိဉာဏ်၏ ဥပစာအတွင်းမှ ပျောက်ပျက်တိမ်မြုပ်၍ မသွားစေခြင်းငှာ ဆရာတော်၏ ဘဝဖြစ်စဉ်ဆိုအပ်သော ထေရုပ္ပတ္တိ ဤစာစောင်သည်လည်း ပေါ်ပေါက်တည်ရှိအပ်သည် မဟုတ်ပါလော။





ပါမောက္ခ ဦးဥတ္တမ၏ ဂျပန်ပြည်၌ အမှတ်တရ
ဓါတ်ပုံ





လွတ်လပ်ရေးစိတ်ဓါတ် မျိုးစေ့ချခဲ့သူ

# အာရှနေဝန်း ပါမောက္ခ ဆရာတော် ဦးဥတ္တမ




လွတ်လပ်ရေးစိတ်ဓါတ် မျိုးစေ့ချခဲ့သူ

## အာရှနေဝန်း ပါမောက္ခ ဆရာတော် ဦးဥတ္တမ



ပြည်သူများ၏ မျက်စိပွင့်အောင် နိုင်ငံရေးတရားဟော၍ မျက်စိဖွင့်ပေးခဲ့ပြီး
အသေခံတိုက်ပွဲကို ရင်ဆိုင်ခဲ့ရသူ
ဆရာတော် ဦးဥတ္တမ

ဆရာတော် ဦးဥတ္တမ





ရခိုင်ပြည်၊ စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှိ
ဆရာတော်၏ ကြေးရုပ်တု




ဆရာတော် ဦးဥတ္တမ၏ ညွှန်ကြားချက်အရ စစ်တွေမြို့ ရွှေစေတီကျောင်းသို့
နိုင်ငံရေးတရားဟောရန် ရောက်ရှိလာကြသော နေရူးနှင့် သမီး အင်ဒရာဂန္ဒီ



ဆရာတော် ဦးဥတ္တမ၏ ညွှန်ကြားချက်အရ စစ်တွေမြို့ ရွှေစေတီကျောင်းသို့
နိုင်ငံရေးတရားဟောရန် ရောက်ရှိလာကြသော နေရူး၊ သမီး အင်ဒရာဂန္ဒီ၊
ရွှေစေတီ ဆရာတော်၊ ကျားရုပ်ဆရာတော်နှင့် ရခိုင့်နိုင်ငံရေးခေါင်းဆောင်များ



ဆရာတော် ဦးဥတ္တမ နိုင်ငံရေးတရားဟောရန် အိန္ဒိယမှ စစ်တွေမြို့ သို့ ရောက်ရှိလာစဉ် ကြိုဆိုရေးအဖွဲ့ များနှင့် စစ်တွေလေယာဉ်ကွင်း၌ အမှတ်တရပုံ



ဆရာတော် ဦးဥတ္တမ သီတင်းသုံးခဲ့ပြီး ဆရာတော်ကြီး၏ အရိုးပြာအိုးထားခဲ့သည့် တပ်တွင်းကျောင်း (ရန်ကုန်)



စစ်တွေမြို့ ဘုရားကြီးရှေ့ ဆရာတော်ကြီး ဦးဥတ္တမနှင့်
လာရောက်ကြိုဆိုကြသော စစ်တွေမြို့ သူမြို့သားများ




ဆရာတော် ဦးဥတ္တမ စစ်တွေမြို့ ဝက်ဘာကွင်းတွင်
နိုင်ငံရေးတရားဟောနေပုံ



ဆရာတော်အား မီးသဂြိုလ်ခဲ့သည့် နေရာ



လွတ်လပ်ရေးနှင့်
အချုပ်အခြာအတွက်
တိုက်ပွဲဝင်ခဲ့သော
ဆရာတော်ဦးဥတ္တမ
အမှတ်တရ
ဓါတ်ပုံများ




ဆရာတော် ဦးဥတ္တမ
သီတင်းသုံးခဲ့ဖူးသည့်
ညောင်တုန်းကျောင်းတိုက်
(ရန်ကုန်)



ဆရာတော် ဦးဥတ္တမ
အုတ်ဂူရှေ့
အမှတ်တရ




လွတ်လပ်ရေးနှင့် အချုပ်အခြာအတွက် တိုက်ပွဲဝင်ခဲ့သော ဆရာတော်ဦးဥတ္တမ
အမှတ်တရ ဓါတ်ပုံများ



လွတ်လပ်ရေးနှင့် အချုပ်အခြာအတွက် တိုက်ပွဲဝင်ခဲ့သော ဆရာတော်ဦးဥတ္တမ
အမှတ်တရ ဓါတ်ပုံပြခန်း



ဆရာတော် ဦးဥတ္တမ နေခဲ့သော ရခိုင်ပြည်၊ စစ်တွေမြို့ ရွှေစေတီ
ပရိယတ္တိစာသင်တိုက်တွင် စာပေသင်ကြားနေကြသည့် ဆင်းရဲနွမ်းပါးသော
ကျောင်းသား၊ ကျောင်းသူများ



ဆရာတော် ဦးဥတ္တမ နေခဲ့သော ရခိုင်ပြည်၊ စစ်တွေမြို့ ရွှေစေတီ
ပရိယတ္တိစာသင်တိုက်တွင် စာပေသင်ကြားနေကြသည့် ဆင်းရဲနွမ်းပါးသော
ကျောင်းသား၊ ကျောင်းသူများ



ဆရာတော် ဦးဥတ္တမ နေခဲ့သော ရခိုင်ပြည်၊ စစ်တွေမြို့ ရွှေဇေတီ ပရိယတ္တိစာသင်တိုက်တွင် စာပေသင်ကြားနေကြသည့် ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများ



ဦးဥတ္တမ၏ဆရာရင်း၊  ရွှေစေတီကျောင်းဆရာတော်ကြီး တေဇရာမနှင့်
မြို့ သူမြို့ သားများ စစ်တွေလေယာဉ်ကွင်း၌ အမှတ်တရဓါတ်ပုံ



ဆရာတော် ဦးဥတ္တမ၏
ညီမ မအိမ်စိုး(ယာပုံ)

# အခန်း (၁)
# ငယ်စဉ်ကာလ

သက္ကရာဇ် ၁၈၂၄–ခုနှစ်သည်ကား လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ ပထမဆုံးအကြိမ် လင်ပေပ်ဖမ်းခြင်းကို ခံရသောအခါ ဖြစ်၏။ အန္ဒိယပြည်ကို အုပ်စိုးနေသော အင်္ဂလိပ်ဘုရင်ခံချုပ် လော့အမ္မဟတ်(စ်)၏ ရန်သတ္တရုပြုမှုအတွက် ဗမာပြည်အနောက်ဘက် ပင်လယ်ကမ်းရိုးတန်း၊ အာသံပြည်နယ်၊ မဏိပူရ ရခိုင်ပြည်နှင့် အရှေ့ဘက်နယ်စပ် တနင်္သာရီတိုင်း တို့ကို အင်္ဂလိပ်များအပိုင် ယူသွားသောနှစ်ဖြစ်ရာ တိုင်းပြည်နယ်များသည် အင်္ဂလိပ်မင်းလက်အောက်သို့ ၁၈၂၆–ခု စစ်ပြီး၍ ရန္တပိုစာချုပ်အရ ကျ ရောက်သွားခဲ့ရသည်။ ဤအချိန်က မြန်မာမင်းတို့၏ နေပြည်တော်ကား အင်းဝတွင်ရှိ၍ ဘကြီးတော်မင်း စိုးစံတော်မူသောအခါဖြစ်၏။ ပြူ ကမ်းယံ၊ သက် ဟူသော မူလလူမျိုးသုံးမျိုးဖြင့်တည်ထောင်လာခဲ့သော မြန်မာလူမျိုးတို့ ကား ကမ္ဘာ့ပြင်ဘက် တိုင်းနိုင်ငံတို့နှင့် ဆက်သွယ်မှုတွင် အတွေ့အကြုံ နည်းပါးခဲ့သော်လည်း ဘယ်သောအခါမျှ လူမျိုးခြား၏လက်အောက်၌ ကျွန်သဘောက်အဖြစ် မနေလိုကြသော စိတ်ရှိကြသည်ကိုကား အင်္ဂလိပ် အစိုးရတို့ နားလည်မှုရှိပြီးဖြစ်၏။

ထို့ကြောင့် ထိုအချိန်အခါကဆိုလျှင် သူတို့ပိုင် နယ်များ၌ အခွန် အကောက်မျှပင် မကောက်စေရဘဲ လွတ်လပ်ချောင်လည်စွာ လယ်ယာ စိုက်ပျိုးခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းကို ပြုစေခဲ့ပြီး ၎င်းတို့လက်အောက်တွင် နေရထိုင်ရ၍ အကျိုးရှိပုံတို့ဖြင့် တစတစ ဖြားယောင်းလျက်ရှိခဲ့၏။ ထို့မျှမက သစ်ရောင်းဝယ်သောကုမ္ပဏီ၊ ဆန်စပါး ရောင်းဝယ်သော ကုမ္ပဏီများက ရင်းနှီးရန် ငွေကြေးအများအပြားထုတ်၍ ပေးခြင်းအားဖြင့် ထောက်ပံ့ ကူညီမှု ကို ပြုပြင်ရာ မြန်မာတိုင်းရင်းသားအများပင် ဓနရှင်သူဌေးကြီးများ ဖြစ်လာ ကြ၏။

ငွေနှင့်ကြေးနှင့် ဖြားယောင်းခြင်းအပြင် ၎င်းတို့ဘာသာကို သင် ကြား တတ်မြောက်သူတို့အား အလွန်မြင့်သောအဆင့်အတန်းဖြင့် အခွင့်

အရေးပေးကြရာ အင်္ဂလိပ်စာပေ စကားတတ်မြောက်သူ အလွန်နည်းပါးသောခေတ်က တဦးတလေတတ်မြောက်လာခဲ့သော် ထိုသူသာလျှင် ဘုရားထူးခံမင်းယောက်ျားဖြစ်သွားရပြန်၏။

သို့အတွက်ကြောင့် အင်္ဂလိပ်စကား အင်္ဂလိပ်စာပေကို ဘဝရှင်မင်းတုံးမင်းကြီးလက်ထက်က နိုင်ငံခြားပညာတော်သင်ဟူ၍ မလွှတ်ရသေးမီပင် ရခိုင်ပြည်၌အင်္ဂလိပ်စာတတ်ပညာရှင်များ ပထမဦးစွာ ပေါ်ပေါက်ခဲ့လေသည်။ အင်္ဂလိပ်ပညာကိုလည်း တတ်နိုင်သောမိဘများက အန္ဒိယပြည် ကာလကတ္တားသို့ရောက်အောင်ပင် ပို့၍သင်ကြားကြရာ အင်္ဂလိပ် အစိုးရဌာနများတွင် ရခိုင်လူမျိုးပညာရှိများကို အထူးအခွင့်အရေးပေး၍ ခန့်ထားခဲ့လေသည်။ ဦးထွန်းကြံ့ ဆိုသူ ယခုဗမာထဲမှ ပထမဆုံးအိုင်စီအက်စ် ဦးကျော်မင်း၏ ဖခင်သည် ဗမာထဲမှ ပထမဆုံး ဘီအေဘီအယ် ဝတ်လုံအတတ်ကို အောင်မြင်ခဲ့သဖြင့် ရခိုင်ပြည်၌ အထူးကျော်ကြားခဲ့သည်။ ရခိုင်ပြည်၊ ဗမာပြည်တို့တွင် ထိုကဲ့သော အင်္ဂလိပ်ပညာတတ်များရေပန်းစားကာ ခေတ်ရှေ့ကသွားလျှက်နေသော မြန်မာ သက္ကရာဇ် ၁၂၄၁–ခုနှစ်၊ သီပေါဘုရင် မန္တလေးနေပြည်တော်၌ စိုးစံလျက်ရှိနေစဉ်အခါတွင် ဦးဥတ္တမအား ဖွားမြင်ခဲ့လေသည်။



ဆရာတော် ဦးဥတ္တမအား မွေးဖွားခဲ့သည့် နေရာ
(စစ်တွေမြို့၊ ရှုပမြောက်)

# ဖွားမြင်ခြင်းနှင့် ပညာသင်ခြင်းအတွက် စွန့်စားခဲ့ရပုံ

စစ်တွေမြို့ ရှုပရွာခေါ်ရပ်ကွက်တစ်ခု၌ သာမန်ကုန်သည်ဖြစ်သော ဦးမြနှင့် ဒေါ်အောင်ကျော်သူ ဇနီးမောင်နှံတို့တွင် ပြာသိုလပြည့်ကျော် ၁–ရက် တနင်္လာနေ့၌ သားဦးရတနာ ဖွားမြင်ခဲ့လေသည်။ ထိုသားအား မိဘတို့က ပေါ်ထွန်းအောင် (နောင်–ဦးဥတ္တမ)ဟု အမည်ပေးပြီးလျှင် နောက်သုံးနှစ်ကြာ၌ ဒုတိယသားတစ်ယောက်ကို ဖွားမြင်ပြန်ရာ ၄င်းကို ကျော်ထွန်းအောင် (နောင်–ရှင်အရိယ) ဟု အမည်ပေးထားခဲ့လေသည်။

နောက်ထပ်ဖွားမြင်သော သမီးငယ်တစ်ယောက်ကိုကား မအိမ်စိုးဟု အမည်ထားကြ၏။ ညီအစ်ကိုနှစ်ယောက်မှာ အလွန်ပင်ချစ်ခင်ကြသဖြင့် ကစားတတ်သောအရွယ်တွင်ပင် တစ်ယောက်နှင့်တစ်ယောက် မခွဲမခွာ နေတတ်ကြလေရာ ပေါ်ထွန်းအောင် အသက်ငါးနှစ်တွင် စစ်တွေမြို့ ချောင်းကလေးတစ်ဖက်တွင်ရှိသော အရပ်ကျောင်းတစ်ခုသို့ ပို့အပ်လိုက်သည်။ ညီငယ်ဖြစ်သူ ကျော်ထွန်းအောင်မှာ အစ်ကိုကြီးမရှိသဖြင့် စိတ်အတန်ငယ်ပြီး တမှိုင်မှိုင်ဖြစ်နေတော့၍ ကလေးငယ်၏ကျန်းမာရေးကို ထိခိုက်မည်စိုးသဖြင့် ပေါ်ထွန်းအောင်ကိုကျောင်းမှ ထုတ်ယူပြီး အိမ်တွင်ထားရပြန်၏။

## "ကြောင်ပုဇွန်စားကျွတ်ကျွတ်ဝါးသို့"

*စာသင်ပျိုန ၊ အခြေပြုတို့*
*ဥရုဘုတ ၊ လုံ့လပြင်းစွာ*
*သူထက်ငါဟု ၊ နှုတ်မှာရွရွ*
*ကြိုးပမ်းကလျှင် ၊ သိပ္ပကျေးဇူး*
*အထူးသိမြင် ၊ ပညာရှင်ဟု*
*မထင်မပေါ် ၊ မကျော်စောဘဲ*
*တိမ်မှာလွဲအံ့ ၊ အရဲကြီးကုတ်*

*ကြက်ရဲသုတ်သို့ ၊ အားထုတ်ခံမင်*
*မသင်မအံ ၊ မကြံမမေး*
*ဆွေးနွေးရောနှော ၊ ပြောဟောမဲ့ထွေ*
*ပေချုပ်ရေဖြင့် ၊ သင်ချေပါလည်း*
*ဘယ်မှာဂုဏ်ရှင် ၊ ကျော်စောထင်ချိမ့်*
*စာသင်ဟူက ၊ ကျမ်းထိုမျှကို*
*တွေ့ကမရှောင်၊ ကြောင်ပုဇွန်စား*
*ကျွတ်ကျွတ်ဝါးသို့။*

**ရှင်မဟာရဋ္ဌသာရ**

ညီငယ်က ၆ နှစ် အစ်ကိုကြီးပေါ်ထွန်းအောင်က ၉ –နှစ် အရွယ်တွင် ပညာသင်ချင်သော စိတ်ထက်သန်လျက်ရှိသော ညီအစ်ကိုနှစ်ယောက်က မိဘများကို အင်္ဂလိပ်ကျောင်း၌ထားပေးရန် ပူဆာကြလေသည်။ အင်္ဂလိပ်စာတတ်များ ရပ်ရွာတွင် မျက်နှာပွင့်လန်းခြင်းကြောင့်ပင် သူတို့လည်း ထိုပညာကို တတ်လိုကြပေသည်။

သို့သော်လည်း အင်္ဂလိပ်စာတတ် သားသမီးတို့မှာ အစိုးရအလုပ်ဖြင့်သာ မိဘကိုခွဲခွာ၍ တမြို့တရွာသို့ ပြောင်းရွှေ့နေကြသဖြင့် အမိအဘတို့က အင်္ဂလိပ်ကျောင်းသို့ထားရန် မလိုလား၍ မထားဘဲနေခဲ့လေသည်။ ပေါ်ထွန်းအောင်နှင့် ကျော်ထွန်းအောင်တို့သည် အင်္ဂလိပ်ကျောင်းတွင် မထားပေးလျှင် အိမ်မှာမနေတော့ပြီဟု ပြောဆိုလျက် အိမ်မှ ထွက်ပြေးကြလေသည်။ ကလေးငယ်တို့သည် တာရှည်ဆင်းရဲပင်ပန်းခံပြီး နေကြမည်မဟုတ်ဟု ထင်မှတ်သော မိဘတို့ကလည်း လိုက်မခေါ်ဘဲထားရာ ၁၅–ရက်လောက် ညီအစ်ကိုနှစ်ယောက်မှာ အိမ်မကပ်ဘဲ ရောက်ရာလှည့်ပတ်ပြီး ဆင်းရဲခံလျက် ဇွဲကောင်းကောင်းဖြင့် နေခဲ့ကြလေသည်။ ၁၅–ရက်ကြာပြီးမှ မိဘနှစ်ဦးတို့မှာ သားနှစ်ယောက်ကို လိုက်ရှာကြရာ သစ်ပင်အောက်မှာ

တွေ့ရ၏။ ထိုအခါမှပင် စစ်တွေမြို့ မူလတန်းအင်္ဂလိပ်ကျောင်းတွင် သွားရောက် အပ်နှံတော့လေသည်။

ပထမဆုံးကျောင်းအပ်သောအခါ အင်္ဂလိပ်လူမျိုးကျောင်းဆရာက အစ်ကိုရော ညီကိုပါ သူငယ်တန်းသို့ ချထားလေသည်။ ထိုအခါ အစ်ကိုဖြစ်သူ ပေါ်ထွန်းအောင်က "ကျွန်တော် အင်္ဂလိပ်စာ တတ်ပါတယ်။ တတိယတန်းမှာ ထားပါ"ဟု ရဲရင့်စွာ ဆရာကိုပြောလိုက်၏။ ဆရာက ဟုတ်မဟုတ် သိရအောင် ပထမတန်း၊ ဒုတိယတန်း စာအုပ်များကို ဖတ်ခိုင်းလေသည်။

ပေါ်ထွန်းအောင်သည် ကြံ့ခိုင်သောလုံ့လဖြင့် ကြိုးစားထားခဲ့သူဖြစ်၏။ အင်္ဂလိပ်ကျောင်း သူငယ်ချင်းများထံမှတဆင့် သင်ယူထားသည်ကို မိဘများပင် မသိလိုက်ကြပေ။ သို့အတွက်ပင် ဆရာမေးသောစာကို အထစ်အငေါ့မရှိဘဲ ဖတ်ပြလိုက်သဖြင့် ဆရာကအံ့သြစွာ ကျေနပ်ပြီး ဒုတိယတန်းကိုထားပေးရ၏။

ဒုတိယတန်းဖြင့် မကျေနပ်သေးသော ပေါ်ထွန်းအောင်က တတိယတန်းမှာ ထားပေးဖို့ ဆရာအား ထပ်မံ၍ တောင်းဆိုလေသည်။

ဆရာက "မင်းဘာမျှမပူနဲ့၊ မကြာခင်စာမေးပွဲစစ်လို့အောင်ရင် အတန်းတင်ပေးမယ်၊ ကြိုးစားပြီးတော့သာသင်ပါ"ဟု အားပေးစကားပြောကြားသဖြင့် ပေါ်ထွန်းအောင်မှာ ကျေနပ်ပြီးလျှင် ဒုတိယတန်း၌သင်နေသည်။ ၆–လတစ်ကြိမ် စာမေးပွဲစစ်ဆေးသောအခါ ပထမရရှိ အောင်မြင်သဖြင့် တတိယတန်းသို့ တင်ပေးခြင်းခံရလေ၏။ ညီငယ်မှာမူ ပထမတန်းတွင် အတော်ဆုံးကျောင်းသားအဖြစ် သတ်မှတ်ခြင်းခံရလေသည်။ ထိုကျောင်း၌ ၂–နှစ်ကြာသောအခါ ပေါ်ထွန်းအောင်က ၅–တန်း၊ ကျော်ထွန်းအောင်က ၄–တန်းတွင် စာမေးပွဲဝင်ကြရာ အသီးသီး အောင်မြင်ကြ၏။ နှုတ်ဖြင့်မေး၍ သင်ပုန်းဖြင့်ဖြေရသော စာမေးပွဲကို စစ်မေးနေစဉ် ပေါ်ထွန်းအောင်က နောက်ဖေးသို့သွားလိုကြောင်း ခွင့်တိုင်ပြီးထွက်သွားရာ ပုစ္ဆာတစ်ခုကို မဖြေလိုက်ရသဖြင့် ဂဏန်းသင်္ချာ၌ ၃–မှတ် လျော့၍ ဒုတိယဖြစ်သေး၏။ ညီငယ်မှာလည်း အခြားဘာသာတို့တွင် ပထမသာရ၍ သင်္ချာတွင်ဒုတိယမျှသာ ရလိုက်နိုင်၏။ စာမေးပွဲပြီးသောအခါ အင်္ဂလိပ်လူမျိုး ရခိုင်တိုင်းမင်းကြီးကတော် ကိုယ်တိုင်

ကျောင်းသို့ ရောက်လာ၍ အမှတ်အများဆုံး ကျောင်းသားတို့ကို ပထမဆု၊ ဒုတိယဆု စာအုပ်နှင့်ခဲတံစသည့်တို့ကို ပေးကမ်းချီးမြှင့်ခြင်းပြုသည်။ ပေါ်ထွန်းအောင်အား သချ်ာတွင် ဒုတိယဆုချီးမြှင့်ရန် နာမည်ခေါ်သောအခါ ပထမ၌ မသွားဘဲနေ၍ ဆရာကြိမ်းတော့မှ ထပြီးသွားယူလိုက်သည်။ ကျောင်းမှ ပြန်လာသောအခါ စစ်တွေမြို့ဆိပ်ကမ်း ကုလားတန်မြစ်သို့ အစ်ကိုခေါ်သွား၍ ညီငယ်ပါ လိုက်သွားသည်။ ဆိပ်ကမ်းသို့ရောက်သောအခါ အစ်ကိုက "မင်း ဒုတိယဆုရတဲ့ စာအုပ်ကိုပေးစမ်း" ဟုတောင်း၍ ညီကပေးလိုက်သောအခါ အစ်ကိုက သူရသော ဒုတိယဆုအတွက် စာအုပ်နှင့် ညီရသော ဒုတိယဆု စာအုပ်ကို စိစိမွမွဆုတ်ဖြဲပြီး အုတ်ခဲတစ်လုံးနှင့် နာနာထုလျက် မြစ်ထဲသို့ ပစ်ချလိုက်ပြီးလျှင် " ဟော့ငါညီ နောက်ကို ဒုတိယဆု ဘယ်တော့မှမယူနဲ့၊ ပထမဆုသာရအောင်လုပ်ရမယ်" ဟု ဆုံးမပြီး ပြန်ခဲ့ကြ၏။ ထိုအဖြစ်အပျက်များကို ညီငယ်က အိမ်သို့ရောက်သောအခါ အားလုံးပြောပြရာ အမေဖြစ်သူက " ဘာကြောင့် ဒီလိုလုပ်ရသလဲသားရယ် " ဟု မြည်တွန်တောက်တီး လေသည်။ ထိုအခါတွင် အိမ်တွင်ရှိနေသော အသက် (၆၀) ကျော် ဖွားအေမင်းမအောင်က "သမီး ညည်းဆူမနေနဲ့ ငါ့မြေးတွေ ဒီလိုလုပ်တာမှန်တယ်၊ ဒုတိယဆု ဘာလုပ်ဖို့လဲ၊ နောက်ကိုငါ့မြေးတွေ ပထမဆု မရရအောင် ကြိုးစားမယ် ဆိုတာကောင်းတယ်" ဟု ဝင်ပြီးပြောရလေသည်။ စစ်တွေမြို့ မူလတန်းကျောင်း၌ ၅–တန်း ပညာသင်ကြားနေစဉ်ပင် ကာလကတ္တားမှ အင်္ဂလိပ်ခရစ်ယာန် ဘုန်းတော်ကြီးတပါးသည် စစ်တွေမြို့သို့ရောက်လာပြီး ၄င်းကျောင်းမှ ဉာဏ်စွမ်းဉာဏ်စ ထက်မြက်သော ကျောင်းသားကလေးနှစ်ယောက်လောက် မိမိကိုမွေးစားဖို့ပေးပါ။ ကာလကတ္တားတွင် ဆယ်တန်းအထိသင်ပေးပြီး ဘိလပ်သို့ ပညာသင်ကြားရန် စေလွှတ်ချင်ပါသည်ဟု ကျောင်းအုပ်ဆရာကြီးထံ၌ တောင်းလေသည်။

ဆရာကြီးကထိုသို့လွှတ်ရန် အသင့်တော်ဆုံး ကျောင်းသားအဖြစ်ဖြင့် ပေါ်ထွန်းအောင်၊ ကျော်ထွန်းအောင် ညီအစ်ကို နှစ်ယောက်ကိုပင်မေးရာ ပညာသင်လိုစိတ်ပြင်းနေသော ညီအစ်ကိုနှစ်ယောက်ကလည်း အလွန်ပင်စိတ်ထက်သန်လျက် လိုက်ပါလိုကြောင်းကိုပြောကြ၏။

# ပညာအတွက် နိုင်ငံရပ်ခြားသွားလိုစိတ်

ဆရာကြီးနှင့်ဘုန်းကြီးကလည်း ကြိုက်နှစ်သက်သဖြင့် မိဘများထံသို့ ခွင့်တောင်းလိုက်လေ၏။ အမိဖြစ်သူက သားများအဝေးသို့ ထွက်ခွာသွားမည်ကို အလွန်စိုးရိမ်ရှာသဖြင့် ခွင့်မပေးနိုင်ဟု ပြောလိုက်လေရာ ပေါ်ထွန်းအောင် က "အမေမလွှတ်ချင်နေ ကျွန်တော်တို့ဘာသာ ထွက်ပြေးမှာဘဲ" ဟု ဇွတ်ပြောသဖြင့် မိခင်ကြီးမှာ ငိုယို၍ပင် သားနှစ်ယောက်ကို တားမြစ်ရလေသည်။

တားမြစ်ရုံတွင်မက ဆရာကြီးထံသို့သွား၍ သားနှစ်ယောက်က ထွက်ပြေးမည်ပြောပါသည်။ ၎င်းတို့ကို ထွက်မပြေးရအောင် တားပေးပါ။ မတားနိုင်ခဲ့သော် သားများကို ကျောင်းမထားဟု ပြောရလေသည်။ ပေါ်ထွန်းအောင်သည် မိခင်က မည်သို့ပင် ကန့်ကွက်တားမြစ်စေကာမူ ဘုန်းကြီးထံသို့သွားပြီးလျှင် "ကျွန်တော်တို့ ထွက်ပြေးလာခဲ့ပါမယ်၊ ဘယ်ကိုလာရမယ်ဆိုတာသာ လိပ်စာပေးထားခဲ့ပါ "ဟု တောင်းသဖြင့် ဘုန်းတော်ကြီးက "မင်းတို့သဘောနှင့် မင်းတို့ထွက်လာမယ်ဆိုရင် ငါလက်ခံမယ်" ဟုပြောပြီး လိပ်စာကလေးတစ်စောင် ပေးထားခဲ့လေသည်။

ညီအစ်ကိုနှစ်ယောက်မှာ ဟိုက်စကူးသို့လည်း မိခင်က မအပ်သဖြင့် ပညာဆက်လက် သင်ကြားခွင့်ကို မရခဲ့ပေ။ သို့သော်လည်း အားမလျော့သော ပေါ်ထွန်းအောင်က ညီငယ်နှင့် တိုင်ပင်သည်မှာ "ငါတော့ ကာလကတ္တားကို ထွက်ပြေးမယ်၊ လိုက်မလား" ညီငယ်ကလည်း လိုက်လိုကြောင်းပြောသည်။ "သို့သော် အစ်ကိုမှာ စရိတ်ငွေ ဘယ်ကရမလဲ" ဟု မေးသည်။ အစ်ကိုက "ငါ အကြံပေးသလို မင်းလုပ်ပါ၊ မင်းကအဖွားနှင့်အတူတူ အိပ်ရတယ်၊ ညအိပ်တုန်းမှာ အဖွားရဲ့ခါးမှာ ချည်ထားတဲ့ သော့တွဲကို ဟောဒီ မောင်းချခါးနှင့် ဖြတ်ပါ ၊ သော့ရတော့ မနက်စောစော သေတ္တာကိုဖွင့်ပြီး တစ်ခုခုရအောင် ငါခိုးပြမယ်" ဟု အကြံပေးလေသည်။

ညီငယ်ကလည်း အစ်ကိုကြီးမှာသည့်အတိုင်းပင် ညအဖွားအိပ်ပျော်နေစဉ် ခါးမှသော့ကြိုးကိုဖြတ်ယူပြီး ပေးလိုက်၏။ နံနက်စောစော

လူကြီးတွေမထမီပင် ပေါ်ထွန်းအောင်က သေတ္တာကိုဖွင့်ပြီး ရွှေလက်ကောက်နှစ်ကွင်းကို ခိုးယူထားလေသည်။ ဖွားအေကြီးမှာ အတော်နေမြင့်သောအခါမှ ခါးတွင်သော့မရှိကြောင်းကိုသိရ၍ ကျော်ထွန်းအောင်ကိုခေါ်ပြီးမေးလေသည်။ ကျော်ထွန်းအောင်က မှန်သည့်အတိုင်းပြောလေသည်။ ဖွားအေဖြစ်သူက "ငါ့မြေးတွေကို ဖွားဖွားက ပညာကုန်အောင် သင်ပေးပါမယ်။ ဘိလပ်ကိုလဲ ပို့ပေးပါမယ်။ ယူထားရင် ပြန်ပေးပါ" ဟု ချော့မော့ပြောတော့မှပင် ပေါ်ထွန်းအောင်က ယူထားသော လက်ကောက်နှင့်သော့ကို ပြန်ပေးလေသည်။

မိခင်ကမူကား ထိုစကားကိုကြားလိုက်ရလျှင် ရင်နှစ်ခြမ်းကွဲမတတ်သောကတောက်လောင်သွားသဖြင့် " ဒီ အင်္ဂလိပ်ပညာကို ဆက်သင်ပေးနေရင် ငါ့သားတွေနဲ့ ဝေးရတော့မယ်။ မင်းတို့ကို ဒီကျောင်းမှာလဲမထားဘူး။ ပညာလဲဆက်သင်မပေးတော့ဘူး" ဟု ပြောရာ ပေါ်ထွန်းအောင်က "အမေက ဘယ်လိုဘဲမထားချင်နေပါ ကျွန်တော့်ဟာကျွန်တော် ဘယ်လိုဘဲဖြစ်ဖြစ်ရောက်အောင်သွားမှာဘဲ" ဟု ပြော၍ မိခင်မှာမျက်ရည်များပင် ကျရလေ၏။ ထို့နောက်မှ မိခင်ဖြစ်သူက ထိုကျောင်းတွင်လည်း ၅–တန်းအထိသာ သင်သဖြင့်ကျောင်းမှထုတ်ပြီး အိမ်တွင်ထားလေသည်။ ဖွားအေ မင်းမအောင် ကမူကား မြေးဖြစ်သူတို့ ပညာလိုလားပုံကို သဘောကျသည့်အတိုင်း သားတွေကို ကျောင်းကထုတ်ပြီး အချိန်လစ်ဟင်းအောင်မထားဘဲ ဆက်ပြီးသင်ပေးဘို့ သမီးအား တိုက်တွန်းသည့်တိုင် သမီးက " အမေရယ် အမေ့သားတွေကို ကျွန်မဘယ်လိုပဲ သင်မပေးပေး သူတို့ဟာသူတို့ ထူးထူးချွန်ချွန်တတ်အောင် သင်လိမ့်မယ်ဆိုတာ ကျွန်မယုံကြည်တယ်။ ကျွန်မပေါ်ထွန်းအောင်ကို ပဋိသန္ဓေနေတော့ကာ အိမ်မက်မက်တာကို အမေဘဲ နိမိတ်ဖတ်တယ် မဟုတ်လား။ ဒီအတိုင်းဆိုရင် ကျွန်မသားဟာ မုချ သူတော်သူမြတ် ဘုန်းကြီး ရဟန်းဖြစ်မှာဘဲ ဒီလိုဖြစ်တာကိုတော့ ကျွန်မလိုလားတယ်။ အစိုးရအမှုထမ်း အရာထမ်းဖြစ်ပြီး ဟိုမြို့ပြောင်းဒီမြို့ရွှေ့ နေရတာကိုတော့ ကျွန်မဘယ်နည်းနဲ့မှ မကျေနပ်လို့ အင်္ဂလိပ်ပညာကိုတော့ ဆက်ပြီးသင်မပေးတော့ဘူး၊" ဟု ဇွတ်အတင်းသာ ငြင်းလေသည်။

# မိခင်ကြီးအိမ်မက်မက်ပုံ

တညသ၌ ဒေါ်အောင်ကျော်သူသည် ထူးထူးခြားခြား အိမ်မက်ထဲ၌ ယောင်ရမ်းပြီး "အမယ်လေး ကြယ်ကြီးက လှလိုက်တာ" ဟု အားရဝမ်းသာပြောလေရာ ဒေါ်အောင်ကျော်သူ၏ယောကျ်ား –ဦးမြက ပုတ်၍ နှိုးမှပင် နိုးလာလေတော့သည်။ ဒေါ်အောင်ကျော်သူက မောင်ရယ် ကျုပ်အိမ်မက် ဆန်းဆန်းကြယ်ကြယ်မက်ပြီး ယောင်မိပါတယ်။ ဒီအိမ်မက်လဲ ကြီးကျယ်လိုက်တာ ကျွန်မအိမ်နောက်ဖက်က ကြမ်းပြင်မှာ လသာချိန် ဗိုင်းငင်နေတုန်း (***ရခိုင်ပြည်တွင် သီတင်းကျွတ်ပွဲတော်အခါ ဝတ်ဖို့ တော်သလင်းလတကြိမ်၊ သကြံန်ပွဲတော်အခါဝတ်ဖို့ တပေါင်းလတကြိမ် ချည်ယက်ကန်းယက် ပွဲလမ်းသဘင်ထုံးစံရှိသည်။***)ကောင်းကင်က ကြီးလည်းကြီးတဲ့ ကြယ်ကြီးဟာ တဖြည်းဖြည်းနဲ့အောက်ကိုကြွေကျလာတော့ လူတွေကလဲအများကြီး ဝိုင်းအုံကြည့်နေကြတယ်။ အုတ်အော်သောင်းနင်းလဲ ဖြစ်နေတယ်။ ကြယ်ကြီးဟာ ကျမရှေ့ တည့်တည့်ကျလာတော့ ကျွန်မကကောက်ပြီး ကြယ်ကြီးက လှလိုက်တာလို့ ယောင်ပြီးတော့ နုတ်ကထွက်သွားတယ်" ဟု ပြောပြလေသည်။ ထိုအခါ တဖက်အခန်း၌အိပ်နေသော ဒေါ်အောင်ကျော်သူ၏ အမေဖြစ်သူက ကြားသဖြင့် " ဒီအိပ်မက်ဟာနယ်နယ်ရရ အိမ်မက် မဟုတ်ဘူးဟဲ့။ ငါ့သမီးမှာ အလွန်မှ မြင့်မြတ်ဖြူစင်တဲ့ အကျင့်သီလရှိသူ သားယောကျ်ားကလေး ပဋိသန္ဓေနေတာဖြစ်လိမ့်မယ်။ ဖြူဖြူဖွေးဖွေး လှပတဲ့ကြယ်ကြီးဆိုတော့ သူတော်သူမြတ် ရဟန်းဘဝမှာပျော်မွေ့မဲ့ သားမြတ်ရတနာသာဖြစ်ရမယ်" ဟု နိမိတ်ဖတ်ပြီးပြောလိုက်လေသည်။ ဆယ်လအလွန်တွင် သားဦးရတနာပေါ်ထွန်းအောင်ကို မွေးဖွားသဖြင့် မိခင်ဖြစ်သူက သူ့သားမှာ သူတော်သူမြတ်ရဟန်းဘဝတွင် ပျော်မွေ့မည့်သူ ဖြစ်မည်ဟု တထစ်ချ ယုံကြည်စွဲလမ်းထားသည်ဖြစ်ရာ အင်္ဂလိပ်ပညာကို သင်မပေးလိုသော စိတ်ဓါတ်စွဲကပ်လျက်သာရှိလေသည်။

ဆရာတော် ဦးဥတ္တမ

# ကိုယ့်ဒူးကိုယ်ချွန် ပညာသင်လို၍ စရိတ်ငွေရှာပုံ

မိခင်ကကျောင်းက ထုတ်ထားသည့်တိုင်အောင် ပေါ်ထွန်းအောင်က နိုင်ငံခြားသို့သွားရောက်၍ ပညာသင်ကြားဖို့ရာ မလျော့သောစိတ်ဓါတ်ဖြင့် တစ်မျိုးတစ်ဖုံကြံစည်ပြန်သည်။ သူ၏ အမေဘက်မှ ဦးရီးတော်သူ တစ်ဦး၏ ဈေးဆိုင်တွင် ဈေးရောင်းစာရေးအဖြစ် လုပ်သောအခငွေကို ကျစ်ကျစ်ပါ အောင် စုထားသည်။ ထို့ဖြင့်လည်း တောမှကုန်ဝယ်လာသော ကုန်သည် တို့ကိုရှာပြီး ကုလားဆိုင်တဆိုင်တွင် ဖောက်သည်လုပ်ထားသည်။ ကုန်မှန် ဈေးမှန်နှင့်ရောင်းချပေးရာ ငွေတကျပ်ဘိုး ရောင်းရလျှင် တပဲကော်မရှင် ရလေ သည်။ တစ်နှစ်လောက်ကြိုးစားပမ်းစား စုဆောင်းထားသည်မှာ ငွေ–၄၅၀ စုမိသဖြင့် ထိုငွေဖြင့် ကာလကတ္တားသို့ ပညာသင်သွားရန် ညီငယ်နှင့် တိုင်ပင် ထား၏။

သို့သော် အကြံကားအထမမြောက်။ ငွေထားသည့်နေရာကို ဦးရီး မယားမှပါသော သားတယောက်က ပြ၍ ဦးရီး၏မယားက ခိုးယူထားလိုက် ပြီးလျှင် သူတို့၏ငွေကို ဝှက်ထားသည်ဟု စွပ်စွဲတော့၏။ ပေါ်ထွန်းအောင် က မဟုတ်ဘူး။ ဦးရီးပေးတဲ့လခနှင့် ကုလားဆိုင်ကရတဲ့ ကော်မရှင်တို့ကို စုထားတာပါ” ဟု စာရင်းနှင့်တကွ ထုတ်၍ပြ၏။ သို့သော်လည်း ဦးရီး၏ မယားက ပြန်မပေးသဖြင့် ဒေါသဖြစ်ပြီးလျှင် “ခွေးသားကလေး ဒါ နင့်လက် ချက်ဘဲ” ဟုဆိုပြီး ဦးရီး၏မယားပါသားကို ခေါင်းရိုက်ခွဲကာ ထိုအိမ်မှ တခါတည်း ထွက်ခွာလာခဲ့လေသည်။

ပေါ်ထွန်းအောင်သည် မိဘကကျောင်းသို့ဆက်၍ ထားနိုင်ပါလျက် မထား၍ ကိုယ့်ဒူးကိုယ်ချွန်စိတ်ဖြင့် တနှစ်ကျော်မျှ ဦးလေးအလုပ်ကို လုပ်ကာ စုဆောင်းထားခဲ့သော အသပြာကလေးမှာ ဆိုးဝါးလှသော အနှောင့်အယှက် ဖြင့် ဆုံးပါးခဲ့ပြီး ကာလကတ္တားသို့ထွက်ခွာရန် အကြံအစည်မှာလည်း မ အောင်မြင်ဘဲရှိရှာ၏။ ဦးလေးဖြစ်သူကပင်လျှင် မိခင်ကြီးနှင့် တစိတ် တသ ဘောတည်းပင် နိုင်ငံခြားသို့ လွှင့်ပါသွားမည်စိုးရိမ်၍ ထိုငွေကို ပေါ်ထွန်းအောင်

အား မပေးဘဲထားသည်ဟူ၍လည်း သိရ၏။ သို့နှင့်ပင် မိခင်ထံသို့မပြန်၊ ဦးရီး အိမ်တွင်လည်း မနေတော့ဘဲ ထွက်ခွာခဲ့လေသည်။

## " လူတွင်လူလွန် လွှားတံခွန်သို့ "

*အယူမယွင်း၊ ဆောက်တည်ခြင်းဖြင့်*
*ကံရင်းမူလ၊ ဝီရိယနှင့်*
*ဉာဏထောက်ကူ၊ ရှိသည့်သူမှ*
*လူတွင်လူလွန်၊ လွှားတံခွန်သို့*
*လူမွန်တယောက်၊ တစ်ခေါ်လောက်အောင်*
*ခါရောက်ချိန်ဆုံး၊ တုမဲ့နှုန်း၍*
*ရွှေဘုန်းမော်ရမည်ကိုသာ။*

**မာဃဒေဝပျို့ ။**

အသက် ၁၃ နှစ်အရွယ်ပင် ဖြစ်လင့်ကစား ယောကျ်ားတို့လုလ္လ သေကာမှလျော့မည်ဟု ထုံးသကဲ့သို့ ပညာတစ်ခုရရာရကြောင်းကို လက်မလျော့ဘဲ ဆက်လက်ကြိုးစားရန် စိတ်ရင့်သန်သည့်အားလျော်စွာ အမိ၏ သံယောဇဉ်ကို လက်ဦးဖြတ်တောက်ဖို့ရာ စိတ်စောလျက်ရှိပေ၏။ စစ်တွေမြို့တွင် ပရိယတ္တိသင်ကြားမှု၌ ထိုစဉ်အခါက အကျော်တစောရှိနေသော ရွှေစေတီကျောင်း ဆရာတော်ဘုရားထံသို့ ဦးတိုက်သွားပြီး ချဉ်းကပ်ကာ ပညာသင်လိုကြောင်းကို လျှောက်ထားလေသည်။ ဆရာတော်ကြီးကလည်း သူငယ်၏ ပြင်းပြထက်မြက်သောစိတ်ဖြင့် ပညာလိုလားပုံကို အကဲခတ်မိသည့်အားလျော်စွာ ဗုဒ္ဓ၏နက်နဲသိမ်မွေ့သော အတတ်ပညာရပ်တို့မှာ ပလိဗောဓ ကိစ္စများသောလူဝတ်နှင့် သင်ကြား၍မတတ်လွယ်။ လူဝတ်ကိုစွန့်ခွာ၍ သူတော်သူမြတ်တို့ ဝတ်အပ်သော သူတော်အဝတ်၊ ထိုမှတဆင့် ရှင်အဝတ်၊ ထို့မှတဆင့် ရဟန်းအဝတ်ဝတ်မှသာ သင်လွယ်တတ်လွယ်ရှိကြောင်းကို အကျယ်တဝင့်ဟောကြားတော်မူ၏။

## ပညာရရန် ဗိုးသူတော်ပင် လုပ်ခဲ့ရ၏



ဆရာတော် ဦးဥတ္တမနေခဲ့သော စစ်တွေမြို့ ရွှေစေတီ ပရိယတ္တိစာသင်တိုက်တွင် စာပေသင်ကြားနေကြသော ဆင်းရဲနွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများ

ပေါ်ထွန်းအောင်အား ရွှေစေတီဆရာတော်၏သြဝါဒကို သဘောပေါက် သက်ဝင်လာလျက် မိဘတို့က ရှင်သာမဏေအဖြစ် မသွတ်သွင်းမီ ရှင်သာမဏေဝတ်ခွင့်ကို မတောင်းသေးဘဲ ဖြူနီကြောင်ကျား ဝတ်စားတန်ဆာနှင့် ဆံပင်တို့ကိုပယ်ပြီး ဝတ်ဖြူစင်ကြယ်နှင့် ဗိုးသူတော်အဝတ်ကို ဝတ်လျက် ဆရာတော်ဘုရားထံတွင် မင်္ဂလာသုတ်မှအစ သဒ္ဒါရှစ်စောင်နှင့် သင်္ဂြိုလ်ကိုးပိုင်း၊ သင်ရိုးသင်တန်းကို ကြိုးစားပြီး သင်အံလေ့လာခြင်းပြုလေ၏။ ၂ နှစ်မျှအတွင်း အသက် ၁၅–နှစ် အရွယ်တွင် သဒ္ဒါ၊ သင်္ဂြိုလ်၊ အဘိဓမ္မာတို့ကို တတ်မြောက်ရကား ရှင်သာမဏေဘဝကို အလွန့်အလွန် လိုလားတောင်းတသဖြင့် တနေ့သောအခါ မိခင်ကြီးထံတွင် ကျွန်တော့်အား ရှင်သာမဏေပြု

လျှင်ပြုပါ ၊ မပြုလိုက ဘုန်းကြီးထံမှ သဃ်ိန်းတစ်စုံဖြင့် ရှင်သာမဏေဝတ်တော့မည်ဟူ၍ တင်းတင်းကြပ်ကြပ်ပင် ခွင့်ပန်တောင်းလေတော့သည်။

*မှတ်သားသိလွယ် ၊ တကြောင်းဝယ်တုံ*
*ပေါ် ကြွယ်နည်းနာ ၊ သိလိမ္မာသည့်*
*ပညာရှိများ ၊ ရှိသည်ကြားမူ*
*မြေခြားဝေးခွါ ၊ တရပ်မှာလည်း*
*သွားရှာတွေ့အောင် ၊ ကျိုးရှက်ဆောင်၍*
*များမြောင်သုတ ၊ ဆီးပူးကြလော့။*

**လောကနီတိပျို့**

တမြို့တရွာသို့သွားပြီး မရာမီးဘဲ အတတ်ပညာ၌ထူးချွန်စွာ တတ်မြောက်ဖို့ခက်ခဲသည်။ သို့ကြောင့်ပင် ရှင်သာမဏေအဝတ်ဖြင့် တမြို့တရွာမှ ပညာရှိထံ နည်းခံရန် သွားလိုရကား အမြန်ပင်ရှင်ပြုရန် တောင်းဆိုခဲ့လေသည်။

မိခင်ကြီးမှာ ထိုအကြိမ်တွင်မနေနိုင်တော့ဘဲ "သားရယ် ဒီလိုတော့ မလုပ်ပါနဲ့။ အမေတို့အဖေတို့ဘဲ ရှင်ပြုပါရစေ၊ တနှစ်တာမျှဆိုင်းပါ။ အမေတို့ ထုံးစံအတိုင်း သားကိုရှင်ပြုခဲ့သည်ရှိသော် ဆိုင်မှဝယ်သော သင်္ကန်းဖြင့် ရှင်မပြုကြ။ အမေတို့ကိုယ်တိုင် ဝါဖတ်ပိုင်းငင်ပြီး ရက်သောသင်္ကန်းနှင့် ပြုပါရစေ" ဟု ပြောသဖြင့် သားက သဘောတူညီပြီး ရှင်ပြုဖို့ရာ တစ်နှစ်ဆိုင်းလေသည်။ ပေါ်ထွန်းအောင်မှာ ထိုအချိန်မှစပြီး မိမိကျိတ်၍ ကြံစည်နေသော အကြံအစည်မှာ အောင်မြင်တော့မည်ဟု အထူးတလည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြောင်း ညီကျော်ထွန်းအောင်ကို ဖွင့်ဟပြောဆိုလေသည်။ ဝမ်းသာရခြင်းအကြောင်းမှာ ရှင်သာမဏေဘဝသို့ရောက်လျှင် မိဘနှင့်မဆိုင်၍ ကိုယ်သွားလိုရာ လာလေရာသို့ သွားလာခွင့်ရှိရာ ဘယ်နည်းနှင့်မဆို ကာလကတ္တားသို့ ပညာသင်ရန် ရောက်တော့မည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။

၁၆–နှစ်အဝင်တွင် မိဘနှစ်ပါးတို့သည်လည်း သားနှစ်ယောက်ကို ဝမ်းမြောက်ဝမ်းသာပင် ရှင်အဖြစ်သို့ သွတ်သွင်းလိုက်ကြလေတော့သည်။

ရှင်ဥတ္တမနှင့် ရှင်အရိယဟူ၍ ဆရာတော်ဘုရားက ဘွဲ့အမည် ချီးမြှင့်ပေးလိုက်သည်။ အင်းဝခေတ် ကောင်းစားစဉ်အခါက နိုင်ငံကျော် ရှင်ဥတ္တမကျော် ပုဂ္ဂိုလ်ထူး၏ စိတ်နေစိတ်ထားနှင့်တကွ ပညာလိုလားပုံတူခြင်း၊ လုလ္လဝိရိယ ရှိခြင်းတို့ကို ထောက်ရှုပြီး ဆရာတော်ကြီးက ဤသို့သောဘွဲ့ကို ပေးလိုက်ခြင်းဖြစ်လေသည်။

## အခန်း (၂)
## ရပ်ဝေးသို့ ထွက်၍ ပညာရှာမှီးခြင်း

ပေါ်ထွန်းအောင် ရှင်အဖြစ်သို့ရောက်ပြီးနောက် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့ကို လေ့လာသင်ကြားနေရာမှ နက်နဲကျယ်ပြန့်သော ပိဋကတ်တို့ကို သင်အံလေ့ကျက်ရာ ပါဠိတက္ကသိုလ်ကြီးတစ်ဆူကဲ့သို့ နာမည်ကျော်ကြားသည့် ပခုက္ကူမြို့ ရေစကြိုစာသင်တိုက်ကြီး၏အကြောင်းကို သတင်းကြားရသဖြင့် ထိုတိုက်သို့သွားလိုရကား ရှင်ဦးဥတ္တမသည် စစ်တွေမှမအူပင်သို့ ကြွလာသော ဘုန်းတော်ကြီး ဒါးကောင်းဆရာတော်ဦးဂန္ဓမာထံ ချဉ်းကပ်၍ လူဝတ်လဲကာ လိုက်ပါလာခဲ့သည်။ လူဝတ်နှင့်လိုက်ပါလာခဲ့ရာ မအူပင်သို့ ရောက်သည်။ မအူပင်မှတဆင့် ရန်ကုန်၊ ရန်ကုန်မှ တောင်ငူမြို့သို့ ရောက်သွား၏။ တောင်ငူမြို့၌ ရက်အတော်ကြာညောင်းသဖြင့် တောင်ငူတွင် ရှင်သာမဏေ စာပြန်ပွဲဝင်ဖြေရာ ပထမရ၏။ ပထမရသောသတင်းကြောင့် လူချစ်လူခင်များလာရာမှ တောင်ငူမြို့ ကျွန်းကုန်းရပ်တွင် ပစ္စည်းပြည့်ဝသော ရှမ်းအမျိုးသမီးကြီးတစ်ဦးက သားယောကျ်ားအဖြစ် မွေးစားပါရစေဟု ဘုန်းကြီးထံ ရှင်ဥတ္တမကိုတောင်းရာ ရှင်ဥတ္တမက "ကျွန်တော့်ကို သားအဖြစ် မွေးစားလိုက ကာလကတ္တားကို ပညာသင်ဖို့ လွှတ်မလား" ဟု မေးလေ၏။ ရှမ်းမကြီးက လွှတ်ပါမည်ဟု သဘောတူ၏။ ပညာတတ် သားယောကျ်ား လိုချင်သော ထိုရှမ်းမကြီး၏ ထောက်ပံ့သောငွေဖြင့် ၁၇–နှစ်သားကျော်ကျော်တွင် လူအဖြစ်နှင့် ကာလကတ္တားသို့ရောက်သွားရာ ကာလကတ္တားသို့ ရောက်၍ အင်္ဂလိပ်စာသင်ကြားနေပြီဟု စသည့်မှပင် စစ်တွေမှ မိဘများ သိရ

လေသည်။ အသက် ၁၇ –နှစ် ၊ ၁၈–နှစ် ၊ ၁၉ နှစ်တွင် အင်္ဂလိပ်ပညာ ၁၀–တန်း စာမေးပွဲကို အလွတ်ပညာသင်အဖြစ်နှင့် ဖြေဆိုနိုင်ခဲ့သည်။ ထိုနှစ်တွင်ပင် ကာလကတ္တားမှ ပြန်လာပြီးနောက် ပခုက္ကူမြို့သို့သွား၍ ရေစကြိုတိုက်တွင် ရှင်ဝတ်နှင့် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များကို ဆက်လက်သင်ကြားပြန်၏။ ထိုသို့သင်ကြားနေစဉ်ပင် ပခုက္ကူတွင်နေသော ဘုံဘယ်ဘားမားကိုယ်စားလှယ် ဦးထွန်းအောင်ကျော် (စစ်တွေတွင်နေစဉ်က သိဟောင်းကျွမ်းဟောင်း ဆွေတစမျိုးတစတော်သူ ) က ပဥ္စင်းဒါယကာပြုလျက် အသက် ၁၉ နှစ် ၂–လ စွန်းတွင် ရဟန်းခံသည်။

ဤသို့ပထမအဆင့် အောင်မြင်ခြင်းသည် ကံရှိ၍ ကြေးရေတတ်နှင့် တွေ့ပြီး အခွင့်သာသွားသည်ဟု မဆိုသာ။ သူကိုယ်တိုင်က မရမနေဟူသော ကြိုးစားသည့် မလျှော့သော လုလ္လဝိရိယကို အကြောင်းပြု၍ အောင်မြင်ခြင်းဟု ဆိုရပေမည်။

## နိုင်ငံခြားသို့ ပြန်ကြွခြင်း

ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့၌ လေ့လာတတ်ကျွမ်းပြီးသည့် တိုင်အောင် အရှင်ဥတ္တမအား မိမိ၏ လောကုတ်တရား အကျိုးကိစ္စပြီးစီးရုံကိစ္စတခုကိုသာ အာသိသထားလျက် သမထဝိပဿနာလမ်းစဉ်ကို လိုက်စားခြင်းအမှုဖြင့် မနေသေးဘဲ မိမိတတ်သကဲ့သို့ အခြားသူကိုလည်း တတ်အောင် ကျေးဇူးပြုလိုသော စိတ်ဓါတ်ရှိလေရာ ဗုဒ္ဓဘာသာမဟုတ်သော အခြားဘာသာဝင်တို့သို့ ဖြန့်ဖြူးလိုသော အာသိသပြင်းပြလျက်ရှိပြန်၏။

အရှင်ဥတ္တမသည် ပခုက္ကူမှနေ၍တဖန် ကာလကတ္တားသို့ ရဟန်းဝတ်နှင့်သွားပြန်သည်။ ကာလကတ္တားသို့ ရောက်သောအချိန်တွင် အိန္ဒိယနိုင်ငံရေးမှာ တမျိုးတစ်ဖုံပြောင်းလဲပြီး အိန္ဒိယခေါင်းဆောင်တို့ လွတ်လပ်ရေးအတွက် ထကြွနိုးကြားသည့်အခိုက်အတန့်နှင့် ကြုံကြိုက်နေ၏။ ယင်းသို့ကြုံကြိုက်ခြင်းသည်ပင်လျှင် ဦးဥတ္တမအား နိုင်ငံရေး၌ စွန့်စားချင်သော စိတ်ဓာတ်ကို သွင်းပေးလိုက်လေသည်။

# အိန္ဒိယနိုင်ငံရေး အခြေအနေ

အိန္ဒိယ၌ ၁၈၉၈–ခု ဘုရင်ခံချုပ်အဖြစ်ဖြင့် လော့ကာဇင် ရောက်လာခဲ့ရာ အုပ်ချုပ်ခန့်ခွဲမှုတွင် အလွန်တော်သည်ဆိုပြီး နှစ်နှစ်တိုးတက်ခန့်ထားခြင်း ခံရသည်။ ၎င်းဘုရင်ခံချုပ်က ၁၉၀၄–ခုနှစ်တွင် ဘင်္ဂလားနယ်ကို အရှေ့နှင့်အနောက် နှစ်ပိုင်းခွဲခြားလိုက်ရာက ဘင်္ဂလားမှ အမျိုးသားတို့ မခံမရပ်နိုင်၍ ဆူပူကြွက်လာကြသည်။ ထိုအချိန်၌ ဒေါက်တာ ရာဘင်ဒရာနတ်သ်တဂိုးနှင့်စီအာဒတ်(စ်)ဆိုသော ပညာရှိပုဂ္ဂိုလ်ကြီးနှစ်ဦးက ခေါင်းဆောင်လျက် ဆူပူကြွက်ကန့်ကွက်လာကြရာ ပညာတတ်ပုဂ္ဂိုလ်အများကပင်လျှင် ထိုအရေးကိစ္စအတွက် ရွှတ်ရွှတ်ချွန်ချွန် ဆောင်ရွက်လာကြသည်။ အမျိုးသားကောလိပ်တစ်ခုကို တည်ထောင်ကြရာ ဗင်နိုဂိုရှ်ဆိုသည့် အိုင်စီအက်စ် အရာရှိကြီးတဦးက အလုပ်မှထွက်ပြီးလျှင် ကျောင်းအုပ်ကြီးအဖြစ်ဖြင့် ဆောင်ရွက်၍ ထိုကောလိပ်တွင် အရှင် ဥတ္တမက ပါဠိနှင့်ဗုဒ္ဓဘာသာကို မိမိစွမ်းဆောင်နိုင်သလောက် ပြသခြင်းဖြင့် ကူညီဆောင်ရွက်လေသည်။ သို့ဆောင်ရွက်ရင်းဖြင့်ပင် သက္ကဋ္ဌ၊ ဘင်္ဂလီ၊ နာဂရီစသောရေးဟောင်း ဟိန္ဒူကျမ်းစာ တို့ကိုသင်ကြားပြန်သည်။ ထိုကျောင်း၌ ပါဠိပရော်ဖက်ဆာအဖြစ် ဆောင်ရွက်နေစဉ်ပင် အမျိုးသားအတွက် ဆောင်ရွက်လိုစိတ် ပြင်းပြလာပြန်၏။ အိန္ဒိယအမျိုးသားတို့ကား တဆင့်ထက် တဆင့်တက်၍ မိမိတို့တိုင်းပြည်အတွက် ရသင့်ရထိုက်သော အခွင့်အရေးတို့ကို တောင်းဆိုလာကြရာ ပြောက်ကျားနည်းဖြင့် အစိုးရဌာနတို့ကို ဖြိုခွင်းတိုက်ဖျက်ရန်ပင်ကြိုးစားကြပြီးလျှင် လျှို့ဝှက်သူပုန်အသင်းများကိုတည်ထောင်ကြသည်ဖြစ်ရာ အတော်များများပင် ဖမ်းဆီးအပြစ်ပေးခြင်းခံရခဲ့သည်။

## ဗမာ့နိုင်ငံရေးစလာခဲ့ပုံ

ထိုအချိန်ကပင်လျှင် ဗမာပြည်ဗမာများမှာလည်း နိုင်ငံရေးကို ပြင်းပြင်းထန်ထန်ပင် မဆောင်ရွက်ကြသေးစေကာမူ နိုင်ငံရေးကို အခြေပြုပေး

လိုက်သော ဝိုင်၊ အမ်၊ ဘီ၊ အေ အသင်းများကား စလျက်ရှိနေပြီး ဖြစ်သည်။

ဘာသာရေးအသင်းများဟူ၍ ၁၈၉၇ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၅၉–ခုနှစ်) တွင်မန္တလေး၌ ဗုဒ္ဓဘာသာ နုဂ္ဂဟအသင်းဟူ၍ ဖွင့်ကြပြီးလျှင် သာသနာရေးသက်သက်ကို ဆောင်ရွက်ကြသည်။ ၉–နှစ်လောက်ကြာပြီး ၁၉၀၆–ခုနှစ်တွင် ဝိုင်အမ်ဘီအေအသင်းကို ရန်ကုန်မြို့တွင် စတင်ဖွင့်ရာ ဦးဘဖေ (ယခု ဘကြီးဖေ) ဦးမောင်ကြီး (အမ်အေ)နှင့် ဦးစိန်လှအောင် (ဝတ်လုံတော်ရ) တို့က ဦးစီးခေါင်းဆောင်ကြသည်။ ၁၉၀၈–ခုနှစ် ၄င်းဝိုင်အမ်ဘီအေ အစည်းအဝေးကို ကျုံးကြီးလမ်း မင်းကြီးကတော် ဒေါ်မြမေကျောင်းတွင် ကျင်းပရာ စာတော်ပြန်မြို့အုပ် ဦးဘက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၁၀–ခုနှစ်တွင် ဝန်ထောက်ဦးဘိုးဖြော့က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးလျှင် နယ်များ၌လည်း ဖွင့်လှစ်ရန်လိုအပ်သည်ဟု ဆုံးဖြတ်ကြလျက် ပညာဝန်ထောက် ဦးမုံးနှင့် ဝတ်လုံတော်ရ ဦးမေအောင်တို့က နယ်သို့ထွက်ပြီး ဆောင်ရွက်ကြ၍ အလင်းများအတော်အသင့် တိုးတက်လာခဲ့လေသည်။

## ဗမာ့နိုင်ငံရေး ပထမစခန်း

အိန္ဒိယ၏ နိုင်ငံရေးအဆင့်အတန်းသည် တော်တော်မြင့်၍ ပြင်းထန်လျက်ရှိနေပြီးဖြစ်သော်လည်း ဗမာပြည် ဝိုင်အမ်ဘီအေအသင်းများမှာကား ထိုချိန်အခါကဆိုလျှင် ဂျော့ဘုရင်မင်းမြတ် ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေဟု ဆုတောင်းပတ္တနပြုလျက်သာ ရှိပေသေးသည်။ အိန္ဒိယပြည်တွင်လည်း နိုင်ငံရေးမူလဘူတအသင်းကြီးဟု ဆိုအပ်သော ကွန်ဂရက်အသင်းကြီးသည် ၁၈၈၅–ခုနှစ်တွင် အေအိုဟွမ်းဆိုသူ အင်္ဂလိပ်လူမျိုးတဦးက စတင်တည်ထောင်ခဲ့ရာမှ အခြေအနေအရပြောင်းလဲပြီးလျှင် ၁၉၂၀–ခုနှစ်၌ မဟတ္တမဂန္ဒီကြီး၏ သွေးထွက်သံယိုမဖြစ်သော အာဏာဖီဆန်မှုအတွက် ယခုခေါင်းဆောင်ကြီးနေရူးနှင့်တကွ ကွန်ဂရက်အသင်းသား ၃၀၀၀–ကျော် ထောင်ကျခဲ့ကြသည်။ ထိုနည်းတူပင် ဗမာပြည် ဝိုင်အမ်ဘီအေအသင်းများသည် ထိုစဉ်က ကာလံဒေသံ အဂ္ဂံဓါန်ဟု ဆိုသကဲ့သို့ မီးစင်ကြည့်၍ ကခဲ့ကြ၏။ မြန်မာ

သက္ကရာဇ် ၁၂၉၄–ခုနှစ်တွင် အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး အရှင်အသောကဟူ၍ ပေါ်ပေါက်ရာ ထိုပုဂ္ဂိုလ်က လောကအရေး၊ ဓမ္မအရေး ဟောပြောသဖြင့် ပုသိမ်မြို့တွင် အသောကအသင်းဟူ၍ ပထမပေါ်ပေါက်ပြီး နောက်မှ ဝိုင်အမ်ဘီအေဟု ထိုနည်းကိုလိုက်၍ ထွင်ကြခြင်းဖြစ်လေသည်။ နှစ်စဉ်ကျင်းပသော ထိုအသင်းများ၏ ကွန်ဖရင့်များ၌ ဂျော့ဘုရင်မင်းမြတ်ကို ဘုရားသခင်စောင့်မပါစေဟူ၍ ဆုတောင်းပတ္တနာပြုကြသည်။

၁၉၁၅–ခု၊ အောက်တိုဘာလ ၂၆ ရက်နေ့ ဝိုင်အမ်ဘီအေ ကွန်ဖရင့် ဆုံးဖြတ်ချက်အပိုဒ် (၂) နှင့် (၃) တွင် ရတနာသုံးပါး ဦးထိပ်ထားပြီးလျှင် အရှင်အင်္ဂလိပ်အစိုးရမင်းတို့နှင့်တကွ ဂျော့ဘုရင်နှင့် မေရီမိဖုရားခေါင်းကြီးတို့သည် ဘုန်တော်ကြီး၍ သက်တော်ရာကျော် ရှည်နိုင်ပါစေသားဟု ဆုတောင်းပတ္တနာပြုကြသည်။ စတုတ္ထအအကြိမ် ဟင်္သာတမြို့ကွန်ဖရင့်တွင် ဦးမေအောင်က နာယကအဖြစ်ဆောင်ရွက်၍ ဥက္ကဋ္ဌမိန့်ခွန်း၌ "ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူသော လက်နက်စကြာသခင်၊ မြေပြင်ရေပြင်ဝေဟင်ပတ်ကုန်း၊ ကပ်အလုံး၌ မြတ်ဘုန်းဝရဇိန်၊ ရန်မျက်နှိမ်သော၊ အရိန္ဒမာ၊ စကြာအပါးပါး တို့၏အသျှင်၊ ရွှေတွင်းငွေတွင်း၊ ပယင်းပတ္တမြား၊ အပါးပါးသော၊ ကျောက်မျိုးအစုစု၊ သတ္တုရတနာအမျိုးမျိုးနှင့်တကွ မနောမယ၊  အနောမ၊ ရတနာ အပေါင်းတို့၏သခင် ပဉ္စမမြောက် ဂျော့ဘုရင်အရှင်ဧကရာဇ် မင်းမြတ်ကြီးဘုရားနှင့် ကိုယ်ပွားတော်အစစ်ဖြစ်တော်မူသော တိုင်းပြည်၊ ခရိုင်၊ နိုင်ငံအလုံးကိုကျုံး၍ ခေါင်းဆောင် ၊ ကောင်းအောင်ရည်ကြံ ၊ ထက်သောဉာဏ်ဖြင့် ၊ စီမံအုပ်ချုပ်တော်မူသော ဗြိတိသျှနိုင်ငံတော်ကြီး အစိုးရမင်းတို့၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရှိသေသောအားဖြင့် ရွှေပြည်တော်သူ၊ ရွှေပြည်တော်သားတို့အား အရှင်အစိုးရမင်းတို့၏ ကျေးဇူးနက်ကို ကွက်ကွက်ကွင်းကွင်း ထင်းလင်းဖော်ပြ၍" အစရှိသဖြင့် ရှည်လျားစွာ ချီးကျူးဂုဏ်ပြုထားသည်ကို တွေ့ရပေသည်။ ထိုထိုကျေးဇူးတော် ဂုဏ်တော်တို့ကိုထောက်၍ သစ္စာတော်စောင့်သိရှိသေမှုမှ အစချီ၍ပင်လျှင် ပညာရှိပုဂ္ဂိုလ်ကြီး အများပါဝင်သော ၄င်းဝိုင်အမ်ဘီအေ အသင်းကြီးသည် ဗမာလူမျိုးတို့အား နိုင်ငံရေးမျက်လုံးကို မသိမသာ တစတစ ဖွင့်ပေးခဲ့သည်ကို ချီးကျူးရပေလိမ့်မည်။ နိုင်ငံရေးဆိုသည်မှာ ဘုရင်

ကေရာဇ်ကို အမှုထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ ကိုယ်၏ရသင့်ရထိုက်သော အခွင့်အရေးကို ပြောဆိုခြင်း၊ တောင်းခံခြင်းနှင့် အရတိုက်ယူခြင်းပင်လျှင် ဖြစ်ရာ ၁၉၁၄–ခုမှ ၁၉၁၈–ခုနှစ်အတွင်း တိုက်ခိုက်ခဲ့သော ပထမကမ္ဘာစစ်ကြီးအတွင်း၌ ထိုသို့သောအခွင့်အရေးတို့ကို ရထိုက်ကြောင်း သောင်းသောင်းဖြဖြ နားလည်မှု ရလာကြပေတော့သည်။

၁၈၉၈ တွင် အိန္ဒိယဘုရင်ခံချုပ်ကြီးလော့ရစ်ပွန်းက မြူနီစပယ်ဒေသန္တရ အုပ်ချုပ်ရေးများဖြင့် မြို့၊ ရွာ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးကို စတင်ကာ ပေးခဲ့ရာမှ အိန္ဒိယတိုင်းသားတို့သည် ကိုယ်ပိုင်အုပ်ချုပ်ရေးကို လိုလားခဲ့ကြသည်။ ပထမကမ္ဘာစစ်ကြီးတွင်လည်း အင်္ဂလိပ်တို့သည် ဂျာမနီ နှင့်တိုက်ရန် အိန္ဒိယတိုင်းရင်းသား စစ်တပ်အများအပြားကို ခေါ်ယူရလေရာ အိန္ဒိယအား ကိုယ်ပိုင်အုပ်ချုပ်ရေး တိုးတက်စေသင့်ကြောင်း စကားပြောဆို လာကြ၍ အိန္ဒိယအတွင်းဝန်ကြီးချုပ် မွန်တေဂုက ဘိလပ်ပါလီမန်တွင် အိန္ဒိယကို အုပ်ချုပ်ရေး တိုးတက်ပြုပြင်ပေးမည်ဟု ကြေငြာပြီးနောက် ၁၀၁၇–ခုနှစ်တွင် အိန္ဒိယသို့လာတော့မည်ဟု သတင်းထွက်လာလေသည်။ ထိုအခါတွင် ဗမာပြည်မှ ဝိုင်အမ်ဘီအေအသင်းများသည် မိမိတို့အခွင့်အရေးကို လက်မလွှတ်ရအောင် ၁၉၁၇–ခုနှစ် ပျဉ်းမနားကွန်ဖရင့်က အောက်ပါဆုံးဖြတ်ချက် တခုကို ချမှတ်ခဲ့သည်။

ဆုံးဖြတ်ချက်အမှတ် (၁)။ ။ မကြာခင်ကာလအတွင်း အိန္ဒိယနိုင်ငံတော်ဆိုင်ရာ အတွင်းဝန်ကြီး မစ္စတာမွန်တေဂုသခင်သည် အိန္ဒိယနိုင်ငံတော်သို့ ကြွလာတော်မူသောအခါ မြန်မာပြည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းများဆိုင်ရာ အသင်းချုပ်လူကြီးကို အသင်းကိုယ်စားလှယ်အဖြစ်ဖြင့် အတွင်းဝန်မင်းကြီးရှေ့တော်သို့ဝင်၍ ခရီးဦးကြို ပြုပြီးလျှင် တွေ့ဆုံနှီးနှောရန် ဟသ်ာတမြို့ ဝတ်လုံတော်ရမင်း ဦးမြဦးက အကြံပေးသည်ကို မန္တလေးမြို့ ဗုဒ္ဓသာသနာပြုအသင်း ဥက္ကဋ္ဌလူကြီး ဦးကျော်ရန်က ထောက်ခံသည့်အတိုင်း သဘောတူဆုံးဖြတ် အတည်ပြုသည်။

ဦးဘတူ၊ ဦးမေအောင်၊ ဦးဘဖေနှင့် မန္တလေးဦးစုတို့ကို အိန္ဒိယသို့ စေလွှတ်တောင်းဆိုခဲ့ကြရာ ဗမာပြည်အား သီးခြားအုပ်ချုပ်ရေး ပေးထိုက်

သည်ဟု အတွင်းဝန်ကြီး မွန်တေဂုက ကတိပြုသဖြင့် အုပ်ချုပ်ရေးစည်းမျဉ်း အမျိုးမျိုးကိုရေးဆွဲတင်ပြကြလေသည်။ အထက်မြန်မာပြည် ဘုရင်ခံ ကရက်ဒေါက်ကလည်း စည်းမျဉ်းတစ်ခုကိုရေးဆွဲ၍ ဝိုင်အမ်ဘီအေအသင်းက ဘုရင်ခံ၏ စည်းမျဉ်းများသည် ရှိပြီးအခွင့်အရေးကိုပင်လျှင် ရုပ်သိမ်းရာရောက်သည်ဟု စွပ်စွဲလျက် ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။ ဘုရင်ခံဆာရယ်ဂျီနယ် ကရက်ဒေါက်ကိုအတော်ကလေး လူမုန်းများသွားသည့်တိုင်အောင် ဝိုင်အမ်ဘီအေနှင့် သူရိယသတင်းစာတို့က လှုံ့ဆော်သမှု ပြုလာကြသည်။ ၎င်းကိုပင် ဗမာနိုင်ငံရေးတွင် တော်လှန်မှုတရပ်ဟူ၍ မှတ်တမ်းတင်ထိုက်ပေသည်။ ဘုရင်ခံဆာရယ်ဂျီနယ် ကရက်ဒေါက်၏ လက်ထက်တွင် ပညာရေးကိုလည်း ချုပ်ချယ်ချင်သမျှ ချုပ်ချယ်လာခဲ့ရာ ကာလကတ္တားယူနီဗာစီတီက ကျင်းပပေးသော မက်ထရစ် ကူလေးရှင်းစာမေးပွဲကို ဖျက်သိမ်းမည်ဟု ကြော်ငြာ၏။ ထို့ပြင် အစိုးရကျောင်းမှန်သမျှတွင် ကျောင်းအုပ်ကြီးဟူသမျှကို ဘိလပ်သားကိုသာ ခန့်ရမည်ဟု စီစဉ်၏။ ပညာရေး၌ တိုင်းရင်းသားနှင့် ဥရောပတိုက်သား အခွင့်အရေးကို ခွဲထားလို၏။ ထိုသို့ချုပ်ချယ်လာသည့်အလျောက် မော်လမြိုင်မြို့တွင် ဆဌမအကြိမ်ကျင်းပသော ဝိုင်အမ်ဘီအေကွန်ဖရင့်၌ ထိုအချက်များကို ကန့်ကွက်ကြောင်းဆုံးဖြတ်ပြီးလျှင် ၆–နှစ်နှင့် ၁၂–နှစ် အရွယ်အတွင်း ကလေးသူငယ်များကို ပညာမသင်မနေရ ဥပဒေတရပ်ပြုပေးဖို့ပင်လျှင် တိုက်တွန်းတောင်းဆိုထားသည်မှာ အတော်အဆင့်အတန်းမြင့်သည်ဟု ဆိုရပေသည်။

## အိန္ဒိယသတွင် နိုင်ငံရေးလေ့လာခဲ့ပုံ

ဗမာနိုင်ငံရေး အလွန်နုနယ်သေးသော ခေတ်အခါအတွင်း ၁၉၀၂ ခုနှစ်တွင် အရှင်ဦးဥတ္တမသည် ကာလကတ္တား အမျိုးသားတက္ကသိုလ်တခု၌ ပါဠိဘာသာ ပရော်ဖက်ဆာအဖြစ်နှင့် ဆောင်ရွက်နေခဲ့ရာ အိန္ဒိယအမျိုးသားတို့ နိုးကြားထကြွနေသော အဆင့်အတန်းကို တော်တော်ပင် လေ့လာမိပြီး ဖြစ်နေခဲ့ပြီ။

ထိုအချိန်က ကဗျာဆရာကြီး ဒေါက်တာရာဘင်ဒရာနတ်တဂိုးသည် အမျိုးသားများ ထကြွနိုးကြားမှု၌ လေးနက်သော စကားပိုဒ်ကလေးများကို တီထွင်ရေးသားဟောပြောခဲ့သည်။ ခေါင်းဆောင်ကြီး မစ္စတာဘိလပ်ကို (လောကမည တိလပ်) ဟူ၍၄င်း၊ မစ္စတာဂန္ဒီအား (မဟတ္တမဂန္ဒီ) ဟူသော ဘွဲ့အမည်များဖြင့် ၄င်း၊ အိန္ဒိယ၏ယဉ်ကျေးမှု အဖူးအညွန့်ကလေးများ ပေါ်စေခဲ့လေသည်။ တဂိုး ကပင်လျှင် တကိုယ်ကောင်း မကျင့်ကြံနှင့်။ တကိုယ်ကောင်းကျင့်ကြံက ကိုယ်ပင်ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သည်ဟူ၍ လူငယ်များအား အမျိုးသားစိတ်ဓါတ်ကို သွင်းပေးခဲ့လေသည်။ ဆာစီပီရှိုင်းဆိုသော ပုဂ္ဂိုလ်ကြီးကလည်း ထိုအခါကာလကပင် အိန္ဒိယအမျိုးသားစိတ်ဓါတ် ရင့်သန်မှု စကားတလုံးကို သုံးစွဲခဲ့သည်။

ထိုစကားမှာ "ငါတို့ကား ကျွန်မျိုးမဟုတ်" ဟူ၏။ ထိုစကားများကို နာခံမှတ်သား လေ့လာခွင့်ရသော အရှင်ဥတ္တမတွင် အမျိုးသားစိတ်ဓါတ်ကား အတောမသတ် ရင့်သန်လာခဲ့လေသည်။

မြန်မာစာပေများကိုလည်း လေးလေးနက်နက်မိမိရရ လေ့လာသွားခဲ့သည်ဖြစ်သည်နှင့်အညီ တကိုယ်ကောင်းကြံစည် လုပ်ကိုင်မှုဟူသမျှကို မူလကပင် ရွံမုန်းစက်ဆုပ်နေခဲ့ပြီးဖြစ်သည်ကို ကိုယ်တော်၏ အနစ်နာခံမှုများဖြင့်ပင် များစွာထင်ရှားလျက်ရှိခဲ့ပေ၏၊

## မြန်မာပြည်ကို လှမ်းမျှော်ကြည့်ပုံ

အရှင်ဥတ္တမလည်း ကာလကတ္တား၌နေစဉ်ပင် အမျိုးနှင့် တိုင်းပြည်၏အကျိုးကို သယ်ပိုးရွက်ဆောင်လိုသောစိတ်ဓါတ် ပြင်းပြလျက်ရှိနေပြီဖြစ်၏။ သို့ပင်လည်း အခါအခွင့်ကား မကြုံကြိုက်သေး၍ စောင့်စားနေခဲ့ရလေ၏။ စစ်တွေမြို့နေ ညီဖြစ်သူ ကျော်ထွန်းအောင်ထံသို့ပင် နိုင်ငံနှင့်အမျိုး၏ အကျိုးကို ဆောင်ရွက်သင့်ကြောင်း ဆုံးမစာတစောင် ရေးသားခဲ့သည်။ ထိုစာမှာ "ငါ့ညီ၊ မင်းယခုလူဖြစ်လာသည်မှာ မင်းကိုယ်ကျိုးတစ်ခုအတွက်သာ ဖြစ်သလား။ သို့မဟုတ် အများအကျိုးစီးပွားအတွက် ဖြစ်သလားဆိုသည်ကို

ကောင်းစွာ ဝေဖန်ပြီးလျှင် မင်း၏ယခုဖြစ်နေသော လူ့ဘဝကို ကောင်းကောင်း ကြီး အသုံးချနိုင်ပါရဲ့လား”ဟူ၍ ဖြစ်သည်။

ညီဖြစ်သူကလည်း ပညာကိုတော့ လိုလား၏။ သို့သော် အစ်ကို ရေးသောစာ၏အဓိပ္ပါယ်ကိုပင် ရှုတ်တရက်နားမလည်သေးပေ။ ထို့နောက် မကြာမီပင် ဘုန်းတော်ကြီးတပါး၏ တရားပွဲသို့ သွားရောက်နာယူသောအခါ မှ အရှင်ဥတ္တမ၏စာကို သဘောပေါက်တော့သည်။

ဘုန်းတော်ကြီး၏တရားပွဲမှာလည်း အလွန်မှတ်သားဖွယ်ကောင်း သော ဘုရားအလောင်း မျောက်မင်း ပါရမီဖြည့်ခန်းဖြစ်ပါသည်။ မျောက် အသင်းတသင်းတွင် အားခွန်ဗလနှင့်ပြည့်စုံသော ဘုရားအလောင်း မျောက် မင်းကခေါင်းဆောင်လျက် မြစ်၏တဘက်ကမ်းသို့ကူးကာ တယ်သီးကို စား လျက်ရှိကြ၏။ ထိုအပင်သို့ လူအများ ရောက်လာပြီး ရန်ပြုတော့မည့် ဆဲဆဲ တွင် ဘုရားအလောင်းမျောက်မင်းသည် နွယ်တခုကိုကိုင်၍ တဘက်သို့ လွှဲခုန်ပြီးလျှင် မျောက်အများကူးရန် တံတားပြုလုပ်ရာ နွယ်မှာ အနည်းငယ် တိုနေသဖြင့် လက်နှစ်ဘက်ဖြင့်နွယ်ကိုကိုင်၍ ခြေနှစ်ဘက်ဖြင့် တဘက် ကမ်းက သစ်ပင်ကိုဆွဲပြီးလျှင် “အသင်မျောက်အပေါင်းတို့ ဤကြိုးတန်းဖြင့် ကူးပြီး ငါ၏ကိုယ်ပေါ်မှနင်းလျက် ပြေးကြလေလော” ဟုဆို၏။ အများသော မျောက်တို့ပင် နွယ်မှကူးလာကြ၍ အသက်ဘေးမှ လွတ်မြောက်ကြလေ သည်။ ဤအထဲတွင် မျောက်မင်းကိုရန်ပြုနေသော ဒေဝဒတ်လောင်း မျောက်ကား ငါတော့အခွင့်သာပြီ။ ဤမျောက်ကြီးသေမှ ငါဘုရင် ဖြစ်တော့ မည်ဟု စိတ်ကူးလျက် နောက်ဆုံးမှ ကူးပြီးလျှင် ဘုရားလောင်းမျောက်၏ ကိုယ်ပေါ်သို့ ရောက်သောအခါ သေစေလိုသောဆန္ဒဖြင့် ဖနောင့်ဖြင့် ပြင်းစွာ ပေါက်ချလေသည်။ အောက်မှဒဏ်ခံနေရသော ဘုရားအလောင်းမျောက်မင်း ကမူကား ငါဖြင့် ဤတကြိမ်တွင် သေရတော့မည်ဖြစ်၏။ ငါသေလိုကသေစေ။ သို့သော်လည်း ဤရန်သူကဲ့သို့ ငါ့ကိုနှိပ်စက်နေသော မျောက်ကြီး အသက် ချမ်းသာရာကို ရစေပြီးမှ သေပါစေဟု စိတ်တွင်အဓိဋ္ဌာန်မပျက် သူတပါး၏ အကျိုးကို သယ်ပိုးဆောင်ရွက်လိုက်သေးသည်။

ဤကဲ့သို့ တရားကိုနာယူပြီးမှပင် နောင်တော်သည်ကား အလွန်မြင့်မြတ်သင့်လျော်သော စိတ်ဓါတ်ဝင်စားနေသည်နှင့်အမျှ ငါကိုလည်း လိမ္မာရေးခြားရှိစွာနှင့် သူ၏စိတ်ဓါတ်မျိုးဝင်စားရန် ဆုံးမပေသည်ဟု သဘောရလျက် အစ်ကိုထံသို့ မိမိတရားတပုဒ်နာပြီးမှပင် အစ်ကို၏စာကို သဘောပေါက်တော့သည်။ ညီ၏ယခုဖြစ်ဆဲ လူ့ဘဝတွင်ကား အများအကျိုးအတွက်ရှိပါစေတော့မည်ဟု စာပြန်လိုက်လေသတည်း။

## အရှေ့ဆီမှ မီးတပွင့်

၁၉၀၄–ခုနှစ်တွင် ဂျပန်နှင့်ရုရှားတို့၏ အရှေ့ဘက်စစ်ပွဲစတင် ဖြစ်ပွားလေသည်။ ရုရှသည် ကမ္ဘာကြီး၏ ၅ ပုံ ၁ ပုံ ကျယ်ဝန်းသော တိုင်းပြည်ကြီးတစ်ခုဖြစ်၍ လူဦးရေလည်း အတော်ပင်များသည့်အပြင် ဥရောပပိုင်း၌နေ၍ ဥရောပတိုက်သားဟူသော အမည်ကိုလည်း ခံယူလျက်ရှိပြီး စက်မှုလက်မှုအစ အတော်ပင် ထိပ်တန်းကျနေရာကား ဂျပန်ကျွန်းကလေးသည် ပင်လယ်ထဲသို့ မျောတော့မည်ဟု တကမ္ဘာလုံးက ထင်မှတ်နေကြ၏။

၁၉၀၅–ခုနှစ်တွင် ရုရှသည် အညံ့ခံအရှုံးပေးရသောအဖြစ်သို့ ရောက်လေရာ တကမ္ဘာလုံးကပင် အောက်ကျနောက်ကျဖြစ်နေသော အရှေ့ဘက်ကမ္ဘာမှ ဂျပန်ပုကလေးကို မျက်လုံးပြူး မျက်ဆံပြူးဖြင့် အာရုံပြုလာကြတော့သည်။

ထိုအချိန်၌ အရှင်ဦးဥတ္တမသည် ကမ္ဘာ့ထိပ်တန်းပညာရပ်များကို သွားရောက်ဆည်းပူးရန်အတွက် ပြင်သစ်ပြည်သို့သွားရောက်နေပြီး ညီထံသို့ အကြောင်းကြားထားပြီးဖြစ်၏။ သို့သော် အရှေ့ဘက်ကမ္ဘာက ဂျပန်သည်လည်း ခေသူမဟုတ်။ တကမ္ဘာလုံးက သိမ့်သိမ့်တုန်အောင် ကြောက်နေရသူ ရုရှကြီးကို နိုင်လိုက်ရာ စက်မှုလက်မှုဘက်တွင် အဟုတ်ထူးချွန်၍သာ နိုင်ခြင်းဖြစ်မည်။ သို့ဖြစ်၍ ငါအနောက်တိုင်း၌နေမည့်အစား အရှေ့တိုင်းကိုပင် သွားတော့မည်ဟု ညီထံစားရေးပြီး ရန်ကုန်ကိုပြန်ခဲ့၏။ ညီဖြစ်သူကိုလည်း ခေါ်မည်ဟု ကတိထားလေ၏။ စစ်တွေမှ ညီကိုရင် ရှင်အရိယလည်း ရန်ကုန်သို့

ရောက်လာပြီး အစ်ကိုနှင့်တွေ့သည်။ ဂျပန်ပြည်သို့သွား၍ ပညာကို ဆည်းပူးရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ စရိတ်စကကို မည်သို့မည်ပုံ စုဆောင်းရရှိထားသည်ဟု ညီဖြစ်သူအား ပြော၍မပြဘဲ ယခုတော့ကာ တလ ၃၀၀ လောက်တတ်နိုင်၍ ငါတဦးတည်းသာ သွားနိုင်မည်။ ထိုထက်ပို၍ မတတ်နိုင်သဖြင့် ညီအားနေရစ်ခဲ့ရန် တိုက်တွန်းပြီး ရန်ကုန်ကနေ၍ ထွက်ခွါတော့သည်။

## ဂျပန်ပြည်သို့ ပထမအကြိမ် ကြွတော်မူခြင်း

ထိုသို့ ဂျပန်ပြည်သို့သွားခြင်း အကြောင်းအရာများကို အရှင်ဦးဥတ္တမကိုယ်တိုင်ရေးသားသော "ဂျပန်ပြည်အကြောင်း" စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရ ၏။

"ငါတို့ဗုဒ္ဓဘာသာ သာသနာတော်သည် ရှေးအခါက အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသတွင် အလွန်တရာ ကြီးပွား၍ ယခုအခါဘယ်အတွက်ကြောင့် ဗုဒ္ဓဘာသာတရားကို မကိုးကွယ်ကြလေသနည်း။ မိမိတို့ ဗုဒ္ဓဘာသာ တရားတော်သည် နှစ်ပေါင်း ၂၀၀၀–ကျော်ကာလက တည်ဘိသကဲ့သို့ ယခုလည်း တည်စေလိုသောဆန္ဒဖြင့် အိန္ဒိယနိုင်ငံသို့သွား၍ ထိုသူတို့၏ဘာသာ၊ အယူဝါဒ၊ ထုံးစံ၊ စည်းကမ်း၊ နည်းလမ်းတို့ကို သင်ပြီးလျှင် နားလည်တတ်မြောက်၍ ရှင်တော်ဘုရား၏ တရားတော်မြတ်ကို ဟော၍နေသည့်အတွင်း တိဘက်နိုင်ငံတွင် ရဟန္တာရှိသည်ဟု ပြောသံကြားသဖြင့် ထိုနိုင်ငံသို့သွားလိုသောဆန္ဒဖြင့် ဟိမဝန္တာတောင်ခြေရင်း၏ အနားတွင် တည်ရှိသော ဒါဂျီလင်မြို့သွား၍ တိဘက်နိုင်ငံသို့သွားရ၊ မသွားရ စုံစမ်းကြည့်ရာ တိဘက်ဘာသာစကားတတ်လျှင် သွားနိုင်သည်ဟုသိရကြောင့် မေလတွင် စ၍သင်သည်။ နိုဝင်ဘာလကျသောအခါ အလွန်ချမ်းအေးလှသဖြင့် ကာလကတ္တားသို့ ပြန်လာခဲ့သည်။ ဧပြီလကျသောအခါ သွား၍သင်ကြားပြီး အနည်းငယ် ပြောတတ်ဆိုတတ်သောအခါ ဒါဂျီလင်မှ တိဘက်သို့သွား၏။ နယ်ခြားသို့ ရောက်သောအခါ မဝင်ရဟုဆို၍ ပြန်လာပြီးလျှင် ကရိမာယာနိုင်ငံသို့ သွားပြန်၏။ ထိုနိုင်ငံက ဆရိနာဂရမြို့က ၁၅–ရက် ခရီးခန့်ကွာဝေးသော လဒက်မြို့ကဝင်ရအောင်

သွားရောက်ပြန်၏။ မဝင်ရဟုတားမြစ်သည့်အတွက် စိတ်ပျက်ပြီးလျှင် အိန္ဒိယ နိုင်ငံအတွင်းနှင့် ရှေးကအလွန်တရာကြီးကျယ်သော အီဂျစ်နှင့် ပြင်သစ်နိုင်ငံ စသည့် ဥရောပနိုင်ငံတို့သို့ လှည့်လည်၍ သွားနေစဉ်အတွင်း ဂျပန်လူမျိုးတို့နှင့် ရုရှလူမျိုးတို့စစ်ပြိုင်၍ တိုက်ကြရာ စစ်တိုက်သောနေ့ကစ၍ စစ်ပွဲပြီးသည့်တိုင်အောင် ဂျပန်လူမျိုးတို့သည် အရေးသာလျက် ရုရှလူမျိုးတို့ကို နိုင်နင်းကြောင်းကို သတင်းစာအစောင်စောင်တို့တွင် တွေ့မြင်ရ၍ ရှေးအခါက ရာဇဝင်၊ မဟာဝင်တို့တွင် အပါအဝင် မဟုတ်သော၊ နိုင်ငံ၏ အရေအတွက်တွင် မသွင်းသော အာရှတိုက် အရှေ့ဘက်က ဆီးမီးခွက်လောက် ဂျပန်က ရုရှကို နိုင်ကြောင်း၊ ဂျပန်လူမျိုးတို့နှင့် ရုရှားလူမျိုးတို့ကို ယှဉ်၍ကြည့်လိုက်သော်၊ ဂျပန်တို့ကား လူပုလူငယ်၊ ရုရှတို့က ဂျပန်တို့ထက် အားခွန်ဗလပြည့်စုံကြောင်း၊ ထိုမျှသာမကသေး ဂျပန်တို့က ဥရောပတိုက်သားတို့နှင့် တခါမျှ စစ်မတိုက်ဖူး၊ ရုရှားတို့ကမူ ဥရောပတိုက်သားတို့နှင့် စစ်အကြိမ်ကြိမ် တိုက်ခဲ့ဖူးသူများဖြစ်၏။

"အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား ငါးနိုင်ငံအနက် နိုင်ငံတိုင်းက ရုရှကြီးကို အလွန်ကြောက်ခဲ့လျက်သာ ရှိနေ၏။ ထို့ပြင်လည်း ဂျပန်နှင့်အရှေ့တိုက်သားတို့က ဆန်စား၍ ဥရောပတိုက်သားတို့က ဂျုံကို စားကြ၏။ ထို့ပြင် ဗုဒ္ဓဘာသာကို ကိုးကွယ်သူများဟု အောက်ကျနောက်ကျ ထင်နေကြသည်။ သို့ပါလျက် ဂျပန်သည် ရုရှလူမျိုးတို့ကို စစ်ပြိုင်တိုက်လျက် အဘယ့်ကြောင့်နိုင်သနည်းဟု အံ့သြခြင်းဖြစ်ပြီးလျှင် ယခုအခါ ငါတို့သည် သူတကာထက် အစစအရာရာတွင် အောက်ကျနောက်ကျနေသည့်အတွက် ငါတို့ ဘာသာတရားသည်လည်း ဘယ်သောအခါ ကြီးပွားမည်မဟုတ်။ ငါတို့နိုင်ငံ ငါတို့မြန်မာလူမျိုး ကြီးပွားမှသာလျှင် ငါတို့ကိုးကွယ်သော ရှင်တော်ဘုရား၏ သာသနာတော်သည်လည်း ကြီးပွားကျော်စော၍ ကမ္ဘာပေါ်တွင် ပေါ်လွင်ထွန်းတောက်လိမ့်မည်ဟု အထင်ရှိ၍ ဂျပန်လူမျိုးတို့၏ လုံးလဝီရိယ၊ စည်းကမ်းနည်းလမ်း၊ ထုံးစံဘာသာ၊ အယူဝါဒ၊ အစားအသောက်၊ အနေအထိုင်၊ အသွားအလာ၊ အပြောအဆို၊ ယဉ်ကျေးခြင်းတို့ကို နည်းခံရအောင် အကြံဖြင့် ၁၉၀၇–ခုတွင် မြန်မာပြည်သို့ပြန်လာ၍ ထိုနှစ်ဖေဖော်ဝါရီလ ၄


ရက်နေ့ ရန်ကုန်က စက်ာပူမြို့သို့ သင်္ဘောစီး၍ ထွက်ခွာ၏။ ထိုကတဖန် ၁၈ ရက်နေ့ ဂျပန်ကျွန်းကြီးသို့ သင်္ဘောစီး၍ထွက်သွားရာ ယိုကိုဟာမား ဆိပ်ကမ်းသို့ မတ်လ ၇–ရက်နေ့ရောက်ကြောင်း နေရထိုင်ရတာများကို စုံစမ်း လိုက်သော် မြန်မာပြည်က ရဟန်းတော်များကဲ့သို့ ဆွမ်းခံစား၍မရ။ တခြား ဥရောပတိုက်သား တရားဟောဆရာတို့ကဲ့သို့ ထောက်ပံ့ကြည့်ရှုသော အသင်းများလည်းမရှိ။ သို့သော်လည်း မိမိပညာကိုအားကိုး၍ မိစ္ဆာဒိဋ္ဌိဖြစ် သော အိန္ဒိယနိုင်ငံမှာပင် တစုံတယောက် ထောက်ပံ့သောသူ မရှိပါဘဲလျက် ၈–နှစ်ကျော်မျှနေထိုင်ခဲ့သည်။ ဤဂျပန်ပြည်မှာလည်း နေနိုင်အောင် ကြံမည် ဟူသော ဆန္ဒဖြင့်၊ တိုကျိုမြို့ ဗုဒ္ဓဘာသာသိပ္ပံကျောင်းကြီးတွင် အကြီးဥက္ကဋ္ဌ ဖြစ်သော အမတ်ကြီး အိုတာနီထံ ဦးပဥ္စင်းသည် ရဟန်းဝါ ၉–ဝါရ၍ အင်္ဂလိပ် ဘာသာနှင့်တကွ ပါဠိဘာသာ၊ သင်သကရိုက်ဘာသာ၊ ဘင်္ဂလီ၊ နာဂရီ အားလုံး ၈–ဘာသာကို စာနှင့်တကွ တတ်မြောက်၍ အမတ်ကြီး၏ သိပ္ပံ ကျောင်းတွင် အသုံးပြုလိုပါက ဦးပဥ္စင်းကို အကြောင်းကြားပါဟု စာပေးလိုက် ရာ နှစ်ရက်နေပြီးမှ စာပြန်လာ၏။




ဆရာတော်အား ပင့်ဖိတ်ခဲ့သော အမတ်ကြီး အိုတာနီ (ဂျပန်)

စာနှင့်ကိုယ်တော်ကြွလာခဲ့ပါ။ ကိုယ်တော် ဂျပန်စာနှင့်စကား၊ အယူဝါဒ၊ ထုံးစံဓလေ့များကို သင်ပါ။ သင်နေသည့်အတွင်း စရိတ်စကကို ကျွန်တော် ခံယူပါမည်ဟုဆို၍ ကြွသွားသောအခါ အင်္ဂလိပ်စာတတ်သော ဂျပန်တစ် ယောက်ကို အပ်လျက်သင်ပြစေသည်။ တစ်နှစ်သင်ပြီးလျှင် ဂျပန်စာကို

ဘာသာစကားနှင့်တကွ စာမေးပွဲဝင်၍ အောင်မြင်သည်။ (၈–ဘာသာစကား၊ မြန်မာ၊ ပါဠိ၊ ဘင်္ဂလီ၊ နာဂရီ၊ သင်သကရိုက်၊ အင်္ဂလိပ်၊ တိဘက်၊ ပြင်သစ်တို့ဖြစ်သည်။)



ပါမောက္ခ ဦးဥတ္တမ ဂျပန်ပြည်၌ အမှတ်တရ ဓါတ်ပုံ

ထို့နောက် တက္ကသိုလ်တွင် ပါဠိနှင့်သင်သကရိုက်ဘာသာ ပရော်ဖက်ဆာအဖြစ် ခန့်အပ်၍ အခြားဆရာများနည်းတူ လခကိုပေးမည်ဟု ပြော၏။ ခင်ဗျားကျေးဇူး အလွန်တရာကြီးပါတယ်။ လစာမယူပါရစေနှင့် ရေးကကဲ့သို့သာ ကြည့်ရှုထောက်ပံ့ပါ။ ဦးပဥ္ဇင်းသည် ထိုသိပ္ပံကျောင်းတွင် နှစ်နှစ်ကျော်လောက်ပြုပြီးနောက် မိမိမွေးရပ်ဌာနသို့ မရောက်သည်မှာ ကြာပြီးဖြစ်၍ ပြန်ဦးမည်အကြံဖြင့် အမတ်ကြီးကိုပြောရာ စရိတ်ဘယ်လောက် အလိုရှိသနည်းဟု မေး၏။ ဦးပဥ္ဇင်းက ယခုမြန်မာပြည်သို့အပြန်တွင် ကိုးရီးယားပြည်၊ မန်ချူရီးယားပြည်၊ ပို့အာသာမြို့၊ တရုတ်ပြည်၊ အာနမ်ပြည် (ကမ္ဘောဒီယား) ယိုးဒယား၊ သီဟိုဠ်ကျွန်း၊ အိန္ဒိယနိုင်ငံတို့သို့ လှည့်လည်၍ ပြန်လိုကြောင်းပြောသောအခါ ဒုတိယတန်း၌ စားစရိတ်၊ ခရီးစရိတ်ကိုတွက်၍ ပေးလိုက်သည်။ ဂျပန်မှ ၁၉၁၀–ခုနှစ်တွင် ထွက်လာကြောင်း။ ၁၉၁၁ခုနှစ်တွင် မြန်မာပြည်သို့ရောက်ကြောင်း စသည်ဖြင့် ဖော်ပြထားလေသည်။ အရှင်ဥတ္တမသည် ဂျပန်ပြည်တွင်နေစဉ်ကပင်လျှင် ဗမာပြည်နှင့်တစ်ကွ အာရှတိုက်

သားတို့၏ စည်းရုံးရေးတရပ်ကို အထူးတလဲဆောင်ရွက်ခဲ့ဖူးကြောင်း ကိုယ်တော်တိုင်က ပြောပြ၍သိရသူ ညီကိုရင်ကြီးထံမှတဆင့် ကြားသိရသော အချက်များကား မော်ကွန်းတင်လောက်သောကြီးမားသည့် မြော်မြင်မှုတရပ်ပင် ဖြစ်ပါပေသည်။



ဂျပန်ပြည်သို့ ပညာသင်ကြားရန်ခေါ်ဆောင်သွားသော မြန်မာများနှင့်
ဆရာတော် ဦးဥတ္တမအမှတ်တရ ဓါတ်ပုံ

အဖြစ်အပျက်ကား ထိုအချိန်က ဂျပန်ပြည်တွင် အင်္ဂလိပ်စာတတ်သော အိန္ဒိယတိုင်းသား ၃၀၀ ခန့်ရှိ၍ ၎င်းတို့မှာ တက္ကစီမောင်းသော အလုပ်ဖြင့် အသက်မွေးနေထိုင်ကြသည်သာများ၍ ထိုသူတို့ကလည်း ဆရာတော်ဦးဥတ္တမကို အိန္ဒိယကွန်ဂရက်နှင့် အိန္ဒိယမဟာဆဗ္ဗအသင်းကြီး၌ ခေါင်းဆောင်တဦးဖြစ်ခဲ့သည့်အနေနှင့် လေးစားကြသည်။ အိန္ဒိယတွင် နေစဉ်က အရှင်ဦးဥတ္တမသည် ဟင်ဒူမဟာဆဗ္ဗ ခေါ် ဘာသာရေးအသင်းကြီးတွင် ဥက္ကဋ္ဌဖြစ်ခဲ့ဖူးသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ပြိုင်ဘက်မရှိ၍မဟုတ်။ မဒရပ်နယ်မှ နာမည်ကျော်ခေါင်းဆောင်ကြီး ပဏ္ဍိတ်မလဗီးယား (ယခု ရှိရီ နေရူး အဖေ၊ ပဏ္ဍိတ်မိုလာရလာနေရူးတို့နှင့် တတန်းတည်းထားရသော ခေါင်းဆောင်ကြီး)နှင့် ယှဉ်ပြိုင်ပြီး အရွေးခံရာအနိုင်ရသဖြင့် အိန္ဒိယတပြည်လုံးက

လိုလိုပင် လေးစားရသော အရှင်ဦးဥတ္တမအား ၄င်းတို့၏ခေါင်းဆောင်ကြီးဟု အသိအမှတ်ပြုထားခြင်းကို ခံရပြီးဖြစ်၏။

ထိုအချိန်၌ အင်္ဂလိပ်အစိုးရ၏ ကျွန်စာရင်းသွင်းခြင်းကို မခံလိုကြသော ဘုံဘေနယ် ဘာရိုးဒါစတိတ်မှ မဟာရာဇာစော်ဘွားတစ်ဦးလည်း အိန္ဒိယကို အင်္ဂလိပ်အစိုးရလက်အောက်မှ ကယ်တင်လိုသောဆန္ဒဖြင့် အကူအညီ ရလိုရငြား အရှေ့ဘက်ဂျပန်ပြည်သို့သွား၍ လည်ပတ်သည်။

ဂျပန်တို့ကလည်း စစ်နိုင်သောနိုင်ငံအဖြစ် မာန်တက်နေကြရာ ၄င်းစော်ဘွားကို ပမာမထား အရေးမယူသဖြင့် စော်ဘွားမှာ သာမာန်လူကဲ့သို့ ဟော်တယ်တွင် မသိမသာတည်းခိုနေရသည်။ အိန္ဒိယတွင် ထိုစော်ဘွား သွားလေရာ၌ အမြောက်ဆယ့်တစ်ချက်ဖြင့် အလေးပြုခံခွင့်ရသော်လည်း ဂျပန်တို့ကထိုအချက်ကို အရေးမလုပ်ဘဲ မသိလိုက်ဘာသာ နေခဲ့သည်။

အိန္ဒိယသားတို့က ထိုကိစ္စကို ဆရာတော်ဦးဥတ္တမထံသို့ လာရောက် ပြောပြကြသောအခါမှ ဆရာတော် ဦးဥတ္တမက အမတ်ကြီးအိုတာနီ (ထိုအခါက စက်မှုလက်မှုဝန်ကြီး)နှင့်တွေ့ဆုံပြီး ထိုစော်ဘွားကြီးကို ဂျပန်အစိုးရက အလေးပြုသင့်သည်။ ဂျပန်သည် အရှေ့ဘက်ကမ္ဘာတွင် လက်နက်နိုင်ငံကြီး တစ်နိုင်ငံဖြစ်သော်လည်း အရှေ့အာရှတိုက်တွင် ဥရောပတိုက်သားတို့က နယ်ချဲ့သွေးစုတ်လျက်သာရှိရာ ဂျပန်တစ်ဦးတည်း ထီးထီးနေ၍ ဘယ်တော့မှစိတ်မချရ။ အာရှတိုက်သားတို့ကို တန်းတူဖြစ်အောင် ကူညီပေးခြင်း၊ ၄င်းတို့နှင့်စုပေါင်းဖွဲ့စည်းနေခြင်းကိုသာ လိုလားအပ်သည်ဟု ဝါဒဖြန့်ပေးခဲ့သည်။

ထိုအခါမှ အမတ်ကြီးကသဘောကျသွား၍ အစိုးရအဖွဲ့နှင့် သဘောတူညီမှုယူပြီးလျှင် ဧည့်ခံကြိုဆိုသော ဥယျာဉ်ပွဲတပွဲကို ကျင်းပပြီး စော်ဘွားကြီးနှင့် ဆရာတော်ဦးဥတ္တမကိုပါ မင်းခမ်းမင်းနားနှင့် ပင့်ခေါ်၍ မိတ်ဆက်စကား အသီးသီးပြောဆိုကြရလေသည်။

## တရုတ်ခေါင်းဆောင်နှင့် တွေ့ ဆုံခြင်း

တကြိမ်က တရုတ်ပြည်ကြီးကို ပထမဦးစွာ ကယ်တင်နိုင်ခဲ့သော ခေါင်းဆောင်ကြီး ဒေါက်တာဆွန်ယက်ဆင်သည် ဂျပန်ပြည်သို့ ထွက်ပြေးပြီး လာနေစဉ်အခါက ဦးဥတ္တမနှင့် အတော်ရင်းနှီးအောင် လာရောက်တွေ့ဆုံ လျက် အကြံဉာဏ်အမျိုးမျိုးကို တောင်းခံယူသွားသည်ဟုဆိုသည်။ ဆရာ တော်ဦးဥတ္တမက တရုတ်ပြည်ကတော့ လုံးဝကျွန်မဟုတ်သေး၍ ယခုပင်ကြိုး စားပြီး အနောက်တိုင်း၏ ယဉ်ကျေးမှုအဝဝကို နည်းယူလျက် ကြီးပွားအောင် ကြိုးစားပါ။ အိန္ဒိယနှင့် ဗမာကတော့ ကျွန်လုံးလုံးဖြစ်နေ၍ ယခုနေတော့ဖြင့် လွတ်လပ်ဖို့ပင် တော်တော်ကြိုးစားကြရဦးမည်ဟု ပြောဖူး၏။ ထို့ပြင်လည်း အလွန်ရှေးကျသော အယူဝါဒဖြစ်သည့် ကျစ်ဆံမြီးနှင့် ခြေသေးသေးကလေး ထားမှုတို့သည် လူ့အဆင့်အတန်းတိုးတက်မှု၏ အန္တရာယ်တွေသာ ဖြစ် သည်။ တကြိမ်က တရုတ်နှင့် အနောက်ဥရောပသားတို့ ဖြစ်ပွားသော ဘိန်းစစ်ပွဲ၏ရာဇဝင်တွင် ကျစ်ဆံမြီးရှည်နှင့် တရုတ်အများကို ဖမ်းဆီးပြီး ကျစ်ဆံမြီးတွေကို တုတ်နှောင်၍ချည်ထားသဖြင့် တရုတ်လူမျိုးများမှာ အလွတ်မရုန်းနိုင်ကြဘဲ ရှိခဲ့ဖူးရုံမျှမက လူတွေ အစုံလိုက်အပြုံလိုက်ဖမ်းပြီး ပင်လယ်ထဲ တွန်းချခံကြရသည်မှာ ထိုကျစ်ဆံမြီးကြောင့်ပင် ပို၍ လွယ်ကူစွာ နှိပ်စက်သွားနိုင်ကြသည်။ သို့အတွက် ထိုအယူဝါဒတွေကို ဖျောက်ပြီး အနောက်တိုင်းအယူဝါဒနှင့်ခေတ်သစ် နည်းသစ်တို့ကိုယူ၍ တရုတ်လူမျိုးများ ကို တိုးတက်အောင် ပထမ လှုံ့ဆော်ပေးရမည်ဟု ဩဝါဒပေးဖူးကြောင်း အရှင်ဦးဥတ္တမကပြော၍ အရှင်အရိယထံမှတဆင့် သိရပေသည်။

## မြင်ကွန်းမင်းသားနှင့်တွေ့ ခြင်း

ဂျပန်ပြည်မှပြန်လာသောအခါ ကိုးရီးယား၊ တရုတ်ပြည်မှတဆင့် ပြင်သစ်ပိုင် အင်ဒိုချိုင်းနားပြည် ဆေးဂုံမြို့သို့ဝင်သေး၏။ ထိုမြို့၌ မြင်ကွန်း

မင်းသားကြီးနှင့် သားတော်နှစ်ပါးရှိရာ မြန်မာပြည်မှ ဘာသာမျိုးစုံတတ်သော ဆရာတော်ဦးဥတ္တမ ရောက်ရှိလာကြောင်း သတင်းစာများကဖော်ပြသဖြင့် မြင်ကွန်းမင်းသားကြီးကပင့်၍ ဆွမ်းကျွေးဖူးသည်။

မြင်ကွန်းမင်းသားကြီးက အရှင်ဘုရား တပည့်တော် ရာဇပလ္လင် ဖင်မထိုင်ရသမျှတော့ ဗမာပြည်ကို မပြန်သေးဘူးဟု လျှောက်ထားရာ ဦးဥတ္တမက ဒါယကာကြီး အသက်မရှိသော ခဲတစ်လုံးကို ရေထဲသို့ချက အသံမြည်လိမ့်မည်။ ဗမာပြည်ကတော့ ယခုအခါ အသံမြည်တော့မည် မဟုတ်တော့ပေဟု မိန့်တော်မူရာ မြင်ကွန်းမင်းသားကြီးမှာ မျက်ရည်များကျရရှာသည်။

ဆရာတော်က ကျုပ်တို့လဲ အခါအခွင့်ကိုကြည့်ပြီး ဆောင်ရွက်ကြရတော့မှာဘဲဟု နှစ်သိမ့်စေပြီးနောက် ဆရာတော်သည် ကမ္ဘောဒီးယားသို့ ကြွသည်။ ၄င်းမှတဆင့် ယိုးဒယားသို့၊ ယိုးဒယားမှ မာဒရပ်သို့ တိုက်ရိုက်ကြွတော်မူသည်။

မာဒရပ်သို့ရောက်သောအခါ၌ အင်္ဂလိပ်အစိုးရ၏ အရာရှိဖြစ်သူ ရာဇဝတ်ဝန်တစ်ဦးက သင်္ဘောဆိပ်ကအဆင်းတွင် ဆရာတော်ဦးဥတ္တမအား တွေ့ဆုံပြီး ခင်ဗျားဘာရှိဒါစတိတ်ကိုသွားမှာဘဲ မဟုတ်လားဟုမေးရာ ဘာရှိဒါမဟာရာဇာနှင့် အိန္ဒိယတွင်ထပ်မံတွေ့ဆုံပြီး အိန္ဒိယလွတ်လပ်ရေးအတွက် ဆောင်ရွက်ဖို့ နီးနှောတိုင်ပင်ရန်ကိစ္စကို နှစ်ကိုယ်ကြား တိုင်ပင်ဆွေးနွေးရန် ချိန်းဆိုထားခဲ့သော်လည်း ထိုကိစ္စကို အင်္ဂလိပ်အစိုးရတို့ သိပြီးဖြစ်နေသဖြင့် ဆရာတော်မှာ ဘာရှိဒါသို့ တိုက်ရိုက်သွားရန်ကိစ္စကို ပယ်ဖျက်လိုက်ရပြီးလျှင် ဘုံဘေသို့ မီးရထားနှင့်သွားပြီး ဘုံဘေ၌ သီပေါဘုရင်နှင့် တွေ့ရန် စိတ်ကူးထုတ်ပြန်ရသည်။ သို့သော်လည်း အင်္ဂလိပ်အစိုးရက ထိုအခါမှစပြီး မိမိခြေရာကို အမြဲမပြတ်စောင့်၍ ကြည့်နေပြီဟု သိရသဖြင့် ၄င်းမှ ပြင်သစ်ပိုင်နယ်မြေထဲသို့ကူးပြီး ထိုမှနေ၍ ဘာရှိဒါမဟာရာဇာနှင့် သီပေါမင်းတို့ထံ မသိမသာချိန်းဆို တွေ့ဆုံရသည်။ သို့သော်လည်း သီပေါမင်းမှာ အင်္ဂလိပ်အစိုးရက ထားသလိုနေရုံမက ဘုရင်သမီးတော်များမှာ အလွန်အောက်တန်းကျသော အစေခံများလက်သို့သာ ပါတော်မူခြင်း၊

ထောက်ပံ့ကြေးကို လုံလောက်စွာမရခြင်းတို့အတွက် မကြေမချမ်းစရာ ကိစ္စများကိုတွေ့ရှိလေရာ အင်္ဂလိပ်အစိုးရ၏ ပရိယာယ်ဝေ့စစ်များကို အရှင်ဦးဥတ္တမသည် မည်သို့မည်ပုံ တွန်းလှန်ရမည်နည်းဟူသော အစီအစဉ်များကို စဉ်းစားလျက်ပင် ဗမာပြည်သို့ ပြန်လာခဲ့ရလေသည်။

## အခန်း (၃)
## ဆရာတော်နှင့် ဗမာ့နိုင်ငံရေး

၁၉၁၁–၁၉၁၂ ခုနှစ်၌ ဦးဥတ္တမသည် ဗမာပြည်သို့ ပြန်ရောက်လာလေပြီ။ ထိုသို့ ပြန်ရောက်လာသောအခါ သူရိယသတင်းစာကလေး တစ်စောင်ကို ဦးဘဖေနှင့် ဦးလှဖေတို့က ထုတ်ဝေနေကြသည်။ ဝိုင်အမ်ဘီအေ အသင်းကလည်း ပညာတတ်ဦးမေအောင် (ဝတ်လုံတော်ရ) နှင့် ဦးမုံး (ပညာဝန်) တို့ကို အရပ်ရပ်သို့လှည့်လည်စေ၍ အသင်းခွဲများဖွင့်ပြီး တနှစ်တကြိမ် ကွန်ဖရင့်များ ပြုလုပ်ခါစပင်ရှိသေး၏။

ထိုအချိန်၌ မန္တလေးဝိုင်အမ်ဘီအေနှင့် ပရိယတ္တိ သာသနာ့နုဂ္ဂဟ အသင်းတွင် လူကြီးတစ်ဦးဖြစ်သူ ဦးကျော်ရန်သည် မန္တလေး၌ မြန်မာပညာရှိတစ်ဦးအနေဖြင့် အတော်ထင်ရှားပြီး "မြန်မာတာရာ" ဟူသော သတင်းစာကို ထုတ်ဝေလျက်ရှိလေသည်။

ဆရာတော်ဦးဥတ္တမ၏ အကြောင်းကိုကား ဝိုင်အမ်ဘီအေ အသင်းလူကြီးများက အတော်ပင်အရေးတယူပြုလျက် ရှိကြရာ မြန်မာထဲက ဂျပန်ပြည် ဗုဒ္ဓဘာသာတက္ကသိုလ်တွင် ပရော်ဖက်ဆာအဖြစ်နှင့် ဆောင်ရွက်ခဲ့ပြီး ဘာသာမျိုးစုံကို ကောင်းစွာကျွမ်းကျင် နားလည်သဘောပေါက်သော ဆရာတော်တစ်ပါးဟူ၍ မြန်မာတာရာသတင်းစာက ထည့်သွင်းဖော်ပြပြီး ဦးကျော်ရန်ကပင်လျှင် မန္တလေးသို့ကြွလာရန် ပင့်ခေါ်သွားပြီး ပညာရေး၊ နိုင်ငံရေးစသည့်တို့ကို ဆွေးနွေးပြီးလျှင် သတင်းစာမှ ဦးဥတ္တမ၏ ဟောပြောချက်အချို့ကို ထည့်သွင်းဖော်ပြလေသည်။ သို့ဖြင့်ပင် အရှင်ဦးဥတ္တမသည် ဗမာပြည်တွင် အသင့်အတင့်မျှ ထင်ပေါ်လာခဲ့သော်လည်း လူသိကား မများ

လှချေ။ အင်္ဂလိပ်အစိုးရကသာလျှင် သွားလေရာစုံထောက်များ လိုက်ပါစေလျက် ချောင်းမြောင်းအကဲခတ်လျက် ရှိနေလေသည်။ ဆရာတော်ဦးဥတ္တမကလည်း နိုင်ငံရေးနှင့်စပ်လျဉ်းဟောပြောခဲ့သော် ထိုအချိန်က မည်သူမျှ လက်ခံဦးမည်မဟုတ်ရာ၊ ဗမာပြည်၌ အတော်အတန် နယ်လှည့်ပြီးနောက် ၁၉၁၂–ခုနှစ် တွင် ဂျပန်သို့ပင် ပြန်သွားလေတော့သည်။

ဂျပန်သို့ပြန်သွားရာ၌လည်း ရည်ရွယ်ချက် မရှိဘဲမဟုတ်။ ဆရာတော်သည် သူ၏နှမအငယ်ဆုံး မအိမ်စိုးနှင့် ဗမာလူငယ်ကလေး ၃–ယောက်ကို ဂျပန်ပြည်၌ ပညာသင်ပေးရန် ခေါ်ယူသွားခြင်းဖြစ်သည်။

ဂျပန်ပြည်အကြောင်းကို ထိုစဉ်ကအထူးစိတ်ဝင်စားကြသဖြင့် စာအုပ်ရေးသားထုတ်ဝေရန် ဦးထွန်းအောင်(ရန်ကုန်ဆေးရုံကြီး)နှင့် ပြည်မြို့အစိုးရဟိုက်စကူးကျောင်း ဆရာကြီးဦးစံရွှေ (အမ်အေ–ဝတ်လုံတော်) တို့က တောင်းပန်သည့်အတိုင်း ၁၉၁၂–ခုဂျပန်ပြည်သို့ ပြန်သွားပြီးနောက် ထိုစာအုပ်ကို ဂျပန်ပြည်တွင် ရေးသားစုဆောင်းပြီး ဂျပန်တို့ လုံ့လဝီရိယရှိပုံ၊ ပညာကိုကြိုးစားပုံနှင့် ကောင်းသောအပိုင်းတို့ကို အားကျဖွယ်ရာ ရေးသားထားသည်။ ထိုခေတ်က သူရိယသတင်းစာတိုက်ကပင် ရိုက်နှိပ်ပြီး သူရိယကပင် ရောင်းချခဲ့သည်။ သို့တွက်ပင် ဆရာတော်နှင့်သူရိယဦးဘဖေ၊ ဦးလှဖေတို့မှာ အတော်ပင်ရင်းနှီးပြီးလျှင် ၁၉၁၉–ခုနှစ် ဂျပန်မှ တစ်ခေါက် ပြန်လာသောအခါ ဆရာတော်ကို နေ့အချိန်တွင် ဆူးလေဘုရားလမ်း သူရိယသတင်းစာတိုက်တွင် အများအားဖြင့် တွေ့နေရပေသည်။


စာရေးဆရာကြီးတစ်ဦးက အယ်လစ္စန္ဒြာဟယ်မိလတန်၏ အတ္တုပ္ပတိကို ရေးသားရာတွင် လူမျိုး တမျိုးနှင့် လူတဦး၏ ကြီးပွားတိုးတက်မှုသည် သစ်ပင်နှင့်သစ်ခေါက်ကဲ့သို့သာ ရှိသင့်၏။ ကျောင်းသားကလေးတစ်ယောက်၏ ကုတ်အင်္ကျီကဲ့သို့ နောက်တစ်နှစ်၊ နှစ်နှစ်ရှိသောအခါ အင်္ကျီကတိုလူကကြီးသော အဖြစ်မျိုးနှင့်မတူအပ်ဟူ၍ ဖော်ပြဖူးသည်။ သစ်ပင်ကြီးမြင့်သလောက် သစ်ခေါက်ကလည်း ရင့်ရော်ထူထဲ၍ လာခြင်းသာလျှင် သဘာဝကျသော တိုးတက်ခြင်းဟူ၍ ဆိုအပ်သည်ဟုဖော်ပြသည်။ တိုးတက်ကြီးပွားမှုသည် ရေမြင့်လျှင်ကြာမြင့်သကဲ့သို့ အဆင့်အတန်းညီသော အောက်ခြေ

ခိုင်မြဲမှုကို လိုအပ်သည်ဟု ဆိုထားခဲ့သည်မှာ မှတ်သားထိုက်သော စကား တစ်ရပ်ပင်ဖြစ်သည်။

ဆရာတော်ဦးဥတ္တမသည် သူနားလည်သမျှ၊ သူတတ်သိသမျှနှင့် ဗမာပြည်တစ်လျှောက်ကိုလျှောက်၍ ဟောပြောနေသော်လည်း ခရီး ရောက် သင့်သလောက်ရောက်မည် မဟုတ်ပေ။ အဆင့်အတန်းချင်းမှာ ကွာခြားပြီး မိမိ၏တရားစကားတို့ကို လူများလက်ခံနာယူမည် မဟုတ်ဟူ၍ သိရှိပြီးဖြစ်ရာ ပထမခြေလှမ်းအဖြစ် သူရိယသတင်းစာမှ ခေါင်းကြီးပိုင်းနှင့် အခြားဆောင်းပါး တို့ကို ကူညီရေးသားပေးလျက် ရှိနေလေသည်။

အများဆုံးရေးသားသော အကြံပေးချက်များကား ဝံသာနု ရက္ခိတတရားကို မြန်မာများ စောင့်စည်းဖို့ရာနှင့် နိုင်ငံခြားအဝတ်အထည် တို့ကို တတ်နိုင်သလောက်ပယ်ရှားပြီးလျှင် အမျိုးသားများကိုယ်တိုင် ရက် လုပ်သော ဝံသာနုပင်နီနှင့် ယောထမီကိုသာ ဆင်းမြန်းကြရန် လှုံ့ဆော် ချက်များဖြစ်သည်။

ထိုအခါက ကမာရွတ်ရပ်ကွက် ကျောင်းခန်းတစ်ခန်းတွင် တပါး တည်းနေပြီး ဦးဥတ္တမအားတွေ့လို၍ လာလျှင် တိုင်းရင်းဖြစ်ကို ဝတ်သူမှသာ လက်ခံစကားပြော၏။



ဆရာတော် ဦးဥတ္တမ မကြာခဏသီတင်းသုံးတော်မူခဲ့ဖူးသည့်
ကမာရွတ်ဈေးအနီး တပ်တွင်းကျောင်း

သို့သော်လည်း လူများနှင့်ဘုန်းကြီးများက ဦးဥတ္တမအား သာမန်နိုင်ငံရေးဘုန်းကြီးတပါးဟူ၍ အသိအမှတ်ပြုပြီး သွားလာပေါင်းသင်းသော ရဟန်းသံဃာ တော်တော်ပင်နည်းပါးခဲ့၏။ ၁၉၁၈–ခုနှစ်မှ စပြီး ဗမာ့နိုင်ငံရေး အခြေအနေကား တော်တော်ပင်ပြောင်းလဲလာခဲ့သည်။ ပထမကမ္ဘာစစ်ကြီး၌ ဂျာမန်နှင့်အင်္ဂလိပ် အကြီးအကျယ်တိုက်တိုင်း ဂျာမန်တို့က အရေးသာနေသည်ကိုသာ တွေ့လိုမြင်လိုကြရာ သတင်းစာဝယ်သူဖတ်သူ တော်တော်ကလေးများလာသည့်အတိုင်း သူရိယသတင်းစာသည်လည်း အခါအခွင့်ရသလောက် တော်တော်ကြိုးစား၍ အမျိုးသားမျက်လုံးကို ဖွင့်ပေးလျက်ရှိလေသည်။ ၁၉၁၄–ခုမှ ၁၈–ခု ပထမကမ္ဘာစစ်ကြီးအတွင်းမှာပင် မြန်မာ့အလင်း ၊ ပညာအလင်းဟူသော ရက်ခြားသတင်းစာနှစ်စောင် ထပ်မံပေါ်လာပြီးလျှင် နိုင်ငံရေးကို ရေးသားစပြုလာခဲ့ကြရာ ဝိုင် ၊ အမ် ၊ ဘီ ၊ အေ အသင်းမှာလည်း လူကြီးပိုင်းနှင့် လူငယ်ပိုင်းဟူ၍ နှစ်ပိုင်းပေါ်ထွက်လာသည်။ လူကြီးပိုင်းတွင် အမတ်ဦးဘကူ၊ ဦးဘိုးသာ၊ ဦးသင်းဟူ၍ သုံးဦးတို့က ထင်ပေါ်လာကြလျှက် လူငယ်ပိုင်းတွင် ဦးဘဖေ၊ ဘိလပ်မှ ပြန်လာစဖြစ်သော ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ ဦးချစ်လှိုင်တို့ကတဖက် အတိုက်အခံဖြစ်ခဲ့ကြရသည်။

ဘုရင်ခံဆာရယ်ဂျီနယ် ကရက်ဒေါက်ကလည်း လူကြီးပိုင်းမှ ၃–ဦးအား အတိုင်ပင်ခံ အမတ်ကြီးများအဖြစ် ခန့်ထားလျက် လူငယ်ပိုင်း၏ ထကြွနိုးကြားမှုကို အဆင်သင့်သလို နှိမ်နင်းရန် ဥပဒေများ အမျိုးမျိုးပြုပြင်ပေးလေရာ အဆိုးဝါးဆုံးဥပဒေမှာ ထိုအချိန်ကသတင်းစာဖြစ်စေ၊ ဂျာနယ်ဖြစ်စေ ထုတ်ဝေလျှင် အာမခံငွေ (၃၀၀၀)တင်ရမည်ဟူ၍ ပထမ ပညတ်ချက်ပင်ဖြစ်လေသည်။ ထိုအခါက နောက်ထပ်ပေါ်လာသော သတင်းစာနှင့် ဂျာနယ်ကလေးများမှာ အာမခံ မတင်နိုင်၍ တော်တော်များများ ပိတ်လိုက်ရလေရာ သူရိယ၊ မြန်မာ့အလင်း၊ ပညာအလင်းနှင့် ဗန္ဓုလဂျာနယ် ၄–စောင်သာ ရန်ကုန်မြို့တွင် ကျန်နေတော့သည်။ ၁၉၂၁–ခုနှစ်တွင် ဝေလမင်းသား (ယခု နန်းစွန့်ဘုရင် အက်ဒွပ်ဝင်ဆာမြို့စားကြီး) ဗမာပြည်သို့ အလည်လာမည်ဖြစ်ရာ မန္တလေးမြို့ ၉–ကြိမ်မြောက် ဂျီ ၊ စီ ၊ ဘီ ၊ အေ နှစ်ပတ်လည် အစည်းအဝေးကြီးက ဝေလမင်းသားအား သပိတ်မှောက်ရန် ဆုံးဖြတ်ပြန်

သည်။ ၁၉၂၀–ခုနှစ် ပြည်မြို့၌ကျင်းပသော ဝိုင်၊ အမ်၊ ဘီ၊ အေ နှစ်ပတ်လည်ကွန်ဖရင့်စပြီး ဝိုင်၊ အမ်၊ ဘီ၊ အေ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းများ၏ အသင်းချုပ်ကို ဂျီ၊ စီ၊ ဘီ၊ အေ (ဂျင်နရယ် ကောင်စီ အော့ ဘားမီး အဆိုစီအေးရှင်း) ဟု နိုင်ငံရေးအသင်းချုပ်ကြီးအသွင်ကို လုံးဝပြောင်းလဲလိုက်လေပြီ။ ၁၉၁၉–ခုနှစ် ပုသိမ်ကွန်ဖရင့်ကစပြီး မော်လမြိုင်မြို့ သိန်းပေါင်းများစွာကြွယ်ဝပြီး မျိုးချစ်စိတ်တကယ်တန်းရှိသော လူငယ်ဝတ်လုံတော်ရ ဦးချစ်လှိုင်အား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ ဂျီ၊ စီ၊ ဘီ၊ အေ ဟူသော အမည်ကို ရဲရဲတောက် သတ္တိဗလနှင့် ပြည့်စုံသူ ဝတ်လုံတော်ရ ဦးစိန်လှအောင်က ရွေးချယ်ပြီး အဆိုတင်သွင်းခဲ့၍ ထိုပြည်မြို့ (၈) ကြိမ်မြောက် ကွန်ဖရင့်မှ စပြီးလျှင် သဃ်ာတော်များကို ဘေးချိပ်မထားဘဲ ပင့်ခေါ်၍ ဆွေးနွေးတိုင်ပင် လာကြလေသည်။ ၄င်းပြည်မြို့ ကွန်ဖရင့် မတိုင်မီကလေးပင် သူရိယသတင်းစာမှနေ၍ ရဟန်းနှင့်လူများသည် ကွဲကွာကောင်းသည် မဟုတ်ဟူသော လှုံ့ဆော်ချက် ဘုရားဟော တရားကလေးများနှင့် ရေးသားသည်ကို တွေ့ရသည်။

## လူနှင့် ရဟန်းတော်များ

“အာဂါရာအနာဂါရာစ ၊ ဥဘော ၊ အညောညနိဿိတာ၊ အရန္တယန္တိ သဒ္ဓမ္မံ ၊ ယောဂက္ခေမံ အနုတ္တရံ”ဟူ၍ ပါဠိတော်လာရှိ၏။ (အနက်ကား– အာဂါရာစ လူတို့သည်၄င်း ၊ အနာဂါရာစ ရဟန်းတို့သည် ၄င်း၊ ဥဘော နှစ်ဦးသော ပုဂ္ဂိုလ်တို့သည် ၊ အညောညနိဿိတာ အချင်းချင်းတဦးနှင့်တဦး အမှီသဟဲပြုလျှက် နေကြကုန်၏။ ယောဂက္ခေမံ ကိလေသာတို့ ကုန်ရာဖြစ်သော၊ အနုတ္တရံ မြတ်သော နိဗ္ဗာန်ကိုရောက်စေခြင်းငှာ၊ သဒ္ဓမ္မံ သူတော်ကောင်းတရားကို ၊ အရန္တယန္တိ ပူးတွဲ၍သာ အားထုတ်ကြရာ၏။)

ဤကဲ့သို့သော တရားဖြင့်ပင်လျှင် ဘုန်းကြီးရဟန်းတို့အား နိုင်ငံရေးကို ခြေစုံပစ်လျက်ဝင်အောင် လှုံ့ဆော်လာရာ ဗမာပြည်၌ ဘုန်းကြီးသြဇာ မကြိုက်သောလူဟူ၍ ရှားလှ၏။ ဘုန်းကြီးကဖြူဆိုဖြူ၍ မဲဆိုလျှင် မဲကြခြင်းအားဖြင့် နိုင်ငံရေးမှာ လျှင်မြန်စွာ စည်းရုံးနိုင်လာခဲ့ရာ ဘုရင်ခံဆာရယ်ဂျီနယ်

ကရက်ဒေါက်က (ဘိုင်းကော့) အက်ဥပဒေဟူ၍ လူတယောက်ကို သပိတ်မှောက်လျှင် ထောင်ဒါဏ်အပြစ်ပေးနိုင်သော ဥပဒေတို့ကို ထုတ်ပြန်လာခဲ့ပြန်၏။

ဝေလမင်းသား ရန်ကုန်ကိုရောက်ချိန် နီးကပ်လာသောအခါ ဥက္ကဋ္ဌ ဦးချစ်လှိုင်နှင့် ဒု–ဥက္ကဋ္ဌ ဦးဘစီ၊ သတင်းစာဆရာဦးဘလှိုင် တို့ကို ပုလိပ်မင်းကြီးက ရန်ကုန်မှဖမ်း၍ တောင်ကြီး ၊ စက်ဘူ စသောရပ်ဝေး၌ ခေတ္တအကျယ်ချုပ်ချထားပြီးလျှင် ဝေလမင်းသားအား မှောက်ထားသည့် သပိတ်တစ်လုံးကို ကွဲသွားစေပြန်၏။

ဘုရင်ခံဆာရယ်ဂျီနယ်ကရက်ဒေါက်၏ တင်းမာကြမ်းတမ်းသော အုပ်ချုပ်ရေးကို လူတိုင်းနှုတ်တွင် တဖွဖွပြောဆိုလာကြလေရာ ထိုအချိန်တွင် ဆရာတော်ဦးဥတ္တမသည် ဘုရင်ခံထံသို့ စာတစ်စောင်ရေးသားပေးပို့၏။ ထိုစာမှာ ***"ဆာရယ်ဂျီနယ်ကရက်ဒေါက် မင်း ဗမာပြည်မှ ထွက်သွားလိုက်ပါ"*** ဟူသော စကားပင်ဖြစ်၏။ ထိုစာကို သူရိယသတင်းစာက ထည့်သွင်းဖော်ပြလိုက်ရာ ဟာဟယ်နှင့်ဗမာများ မျက်လုံးပွင့်လာလေသည်။ ပွင့်ပုံကား ဦးဥတ္တမက အရေးပိုင်နှင့် ပုလိပ်အရာရှိလောက်ကိုပင် ဒူးတုန်အောင် ကြောက်ရွံ့ ရှိသေနေရသောခေတ်၌ ဘုရင်ခံကို ***"ဟေ့ မင်း ထွက်သွား"*** ဟု ရဲရဲတောက်ပြောဝံ့ပါပေသည်ဟု အထူးပင် စိတ်ထကြွလာကြခြင်းဖြစ်၏။

တကယ်စင်စစ် ဘုရင်ခံကလည်းထွက်သွားမည်မဟုတ်။ သို့သော် ဦးဥတ္တမက တို့ဗမာလူမျိုးတွေမှာ ဒီလိုပြောနိုင်တဲ့အခွင့်အရေးဟာ ရှိနေတယ်ဆိုပြီး သင်ပေးလိုက်ခြင်းသာဖြစ်သည်။ နောက်တစ်ခုမှာ အစိုးရ အရာရှိဆိုသောစကားမှာ အင်္ဂလိပ်ဘာသာတွင် "ပြည်သူ့ဝန်ထမ်း" ဟူ၍ ဆိုသည့်အတိုင်း အရာရှိမဟုတ်။ ပြည်သူ့အစေခံတွေသာဖြစ်၍ သူတို့ကို ဘာမှကြောက်စရာမလိုဟု လှုံ့ဆော်ရေးသားသည်ကိုလည်း ကျွန်ုပ်တို့ ဖတ်ရှုရသေးသည်။ ထိုအချိန်က ဆရာတော်ဦးဥတ္တမ၏ လှုံ့ဆော်ပေးချက်များသည် မနိုးကြားသေးသော ဗမာလူမျိုးများအတွက် အထူးအရေးပါ အရာရောက်သော လှုံ့ဆော်ချက်ဖြစ်သည်ကို ကျွန်ုပ်တို့ ဘယ်သောအခါမျှ မေ့နိုင်ကြမည် မဟုတ်ပေ။

# ဦးဥတ္တမ၏ နိုင်ငံရေးစစ်ဆင်ပုံ

လက်အောက်ခံ ဗမာတိုင်းရင်းသားများက မိမိတို့ ရသင့်ရထိုက်သော အခွင့်အရေးအတွက် ဆူဆူပူပူ လုပ်လာလေ၊ အုပ်ချုပ်သူ လူမျိုးခြားအစိုးရ၏ ရာဇပလ္လင်မှာ လှုပ်ရှားလေလေ ဖြစ်လာတော့ရာ ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်ကလည်း အတိုင်ပင်ခံအမတ်ကြီးများအဖြစ် ဦးဘိုးသာ၊ ဦးသင်းနှင့် ဦးဘတူတို့ကို ခန့်ထားပြီးလျှင် အုပ်ချုပ်ရေး၏အသွင်ကို တမျိုးတဖုံပြောင်းလဲပြီး ဆူပူမှုများကို တတ်နိုင်သမျှသော နည်းပရိယာယ်တို့ဖြင့် ဖြိုခွင်းရန် အားထုတ်ကြိုးစားပြန်လေသည်။

ထိုအခါတွင် ဝိုင် ၊ အမ် ၊ ဘီ ၊ အေ အသင်းချုပ်၏အတွင်း၌ ၁၉၁၉–ခုနှစ်မှစပြီး လူကြီးပိုင်း လူငယ်ပိုင်း ဟူ၍ ကွဲပြားခဲ့ရာ သူရိယသတင်းစာမှာ၊ လူငယ်ပိုင်းက အထူးပါဝင် လှုံ့ဆော်ပြီးလျှင် ရွှေတိဂုံဘုရား ဘဏ္ဍာတော်ထိမ်းအဖွဲ့သည်ပင် လူကြီးတွေ၏ သဘောကျ ရာသက်ပန် ဂေါပကလူကြီး ရွေးကောက်တင်မြှောက်ထားမည့်အစား (၅)နှစ်တစ်ကြိမ်ကျ ရွေးကောက်တင်မြှောက်ခြင်းဖြင့် ဒီမိုကရေစီအုပ်ချုပ်ရေးကို လက်တွေ့ကျင့်သုံးကြရန် နှိုးဆော်ပြီးသကာလ ဂေါပကလူကြီး တစ်နေရာလစ်လပ်သည်ကို ဘိလပ်မှပြန်လာကာစ ဝတ်လုံတော်ရ ဦးသိန်းမောင် (ယခုနိုင်ငံတော် တရားရေးဝန်ကြီးချုပ်)ကို ပထမဆုံးယှဉ်ပြိုင်အရွေးခံဖို့ လှုံ့ဆော်ပေးခဲ့ရာ တိုင်းသူပြည်သားတို့လည်း အတော်ပင်နားဝင်သဘောပေါက်ခဲ့သဖြင့် ဦးသိမ်းမောင်မှာ လူထုမဲဆန္ဒဖြင့် အရွေးခံရလေသည်။

၁၉၁၇ ခုနှစ်၊ အိန္ဒိယအတွင်းဝန်ကြီးချုပ်မွန်တေဂူ အိန္ဒိယသို့ ပြုပြင်ပြောင်းလဲသော အုပ်ချုပ်ရေးကို ပေးအပ်ရန်လာ၍ ပြန်သွားပြီးနောက် ဗမာပြည်မှစေလွှတ်သော အထူးသဖြင့် ဝိုင် ၊ အမ် ၊ ဘီ ၊ အေမှ စေလွှတ်သည်ဟုဆိုရသော ကိုယ်စားလှယ်တော်များ၏ တင်ပြပြောဆိုချက်များမှာ ခရီးမရောက်ရှိနေရသည့်အပြင် ဝိုင် ၊ အမ် ၊ ဘီ ၊ အေ အသင်းမှ ရေးဆွဲတင်ပြသော ဗမာပြည်အုပ်ချုပ်ရေးစည်းမျဉ်းနှင့် ဘုရင်ခံဆာရယ်ဂျီနယ်ကရက်ဒေါက် ရေးဆွဲတင်ပြထားသော စည်းမျဉ်းများသည်လည်း ဘာတစ်ခုမှ ခရီးမရောက်ခဲ့ချေ။

ဗမာပြည်အား အိန္ဒိယလက်အောက်ခံ လက်ဖတင် နင်ဂါဝါနာတဦး အုပ်ချုပ်နေရာမှ ဂါဝါနာဘုရင်ခံ အုပ်ချုပ်သော ပြည်နယ်တစ်ခုသာ ဖြစ်စေရမည်။ တရားစီရင်ရာ၌ ချိုပကုတ်အစား ဟိုက်ကုတ်ရုံး ဖြစ်စေထိုက်သည်ဆိုသော အချက်နှစ်ချက်သာ ထူးခြားလာခဲ့လေသည်။ ထိုသို့ဖြစ်ရာ ဝိုင်၊ အမ်၊ ဘီ၊ အေ အသင်းလူငယ်ပိုင်းက ဤမျှနှင့် ကျေနပ်နေကြရန်မဟုတ်။ ဘိလပ်ပါလီမန်သို့ရောက်အောင် ကိုယ်စားလှယ်များစေလွှတ်ပြီး တောင်းဆိုမည်ဟု ဆုံးဖြတ်ပြီးလျှင် ပထမအကြိမ် ဦးဘဖေ ( သူရိယ)၊ ဦးပု (ဝတ်လုံတော်ရ) နှင့် ဦးထွန်းရှိန်တို့ကို ရွေးချယ်စေလွှတ်ကြသောအခါ တိုင်းပြည်တစ်ပြည်လုံးက သောင်းသောင်းဖြဖြ စရိတ်စက ဝိုင်းဝန်းလှူဒါန်းကြလေသည်။

နောက်တစ်ကြိမ်၌ ၁၉၂၀–ခုနှစ်တွင် ဦးထွန်းရှိန် ကွယ်လွန်သွားသဖြင့် ဦးသိမ်းမောင်အား အစားထိုးပြီး စေလွှတ်ကြပြန်သည်။

ထိုသို့စေလွှတ်ကြရသဖြင့် ဗမာပြည်မှလိုလားသော (ဒိုမီနီယံဟုမှူရူး)ကို အတိအကျရသည်ဟု မဆိုနိုင်သော်လည်း ၁၉၂၁–ခုနှစ် အိန္ဒိယပြည်အား (ဒိုင်အာခီ) ခေါ် အစိုးရနှင့် ပြည်သူ့ကိုယ်စားလှယ်များ ထက်ဝက်စီအာဏာယူ၍ အုပ်ချုပ်ရသော အုပ်ချုပ်ရေးကို ပေးအပ်သောအခါ၌ ဗမာပြည်ကို မည်သည့်အုပ်ချုပ်ရေးမျှ မပေးသေးဘဲ မစ္စတာဝှိုက် ကြီးမှူးသော ကော်မတီအဖွဲ့တခုကို စုံစမ်းအစီရင်ခံရန် စေလွှတ်လိုက်လေသည်။

ဆရာတော်ဦးဥတ္တမကား ဗမာနိုင်ငံရေးတွင် ပါဝင်စွက်ဖက်ပြီးနောက် နိုင်ငံရေးအားဖြင့် လှုပ်ရှားမှုကလေးများ၏အတွင်း၌ မှန်တိုင်းဆင်၍ တိုက်သော နိုင်ငံရေးပရိယာယ်သဘောတရားကိုလည်း အထူးမှတ်သားဖို့သင့်သဖြင့် အောက်တွင်ဖော်ပြလိုက်သည်။ နိုင်ငံရေးသည် အမှန်စင်စစ်စစ်ဆင်မှုတစ်ရပ်ပင်ဖြစ်ရာ ရာဇဝင်၌ စန္ဒဂုတ်မင်း၏ စစ်ဆင်မှုသည် ဗဟိုစခန်းကို ဦးစွာတိုက်သဖြင့် အရေးမလှ မကြာခဏ ပျက်စီးဆုံးရှုံးရဖူး၏။ ထိုမှနောက်တွင် စနည်းတပေါင်နာစေရာ မုန့်သည်မသားသည် မုန့်အနားသားကို မစားဘဲ ခလယ်သားကို စားသဖြင့် ဘယ်တောမျှ ဝမည်မဟုတ်၊ နင်မုန့်စားတာက စန္ဒဂုတ်မင်း စစ်တိုက်သလိုသာရှိသည်ဟု အမိကဆုံးမသော စကားကို ကြားရ၏။

ထိုမှနောက်တွင် တောစွန်ကျေးလက်ကစပြီး တိုက်ခိုက်သိမ်းယူသဖြင့် စန္ဒဂုတ်မင်း စစ်နိုင်ဖူးသည့် ထုံးရှိသည်။ ထို့အတူ ဆရာတော်ဦးဥတ္တမသည် နိုင်ငံရေးတရားကို ဟောရာပြောရာ၌ မြို့ကြီးပြကြီးများ၌ များစွာမဟောသေးဘဲ တောလက်ကျေးရွာကလေးများသို့ ပထမလျှောက်၍ ဟောပြောလျှက်သာ ရှိလေရာ ဒေးဒရဲအပိုင် ဆုကလပ်ရွာတွင် ၁၉၂၂–ခုနှစ်တွင် ဟောပြောသော တရားပွဲအတွက် ဖျာပုံအရေးပိုင်က တရားစွဲဆိုပြီးလျှင် ကျောင်းကုန်းမြို့၌ တရားဟောနေစဉ် ပုလိပ်များလာရောက် ဖမ်းဆီးသွားလေရာ သတင်းစာများ၌ ထူးခြားသော သတင်းတရပ်အဖြစ် ပါလာလေသည်။ ဗမာလူမျိုးတို့သည် နိုင်ငံရေးကို ဆောင်ရွက်လျှင် အဖမ်းခံရမည်။ ထောင်ကျခံရမည်။ ငါတို့လဲ ဒီလိုပင် အဖမ်းခံကြမည်။ ထောင်ကျခံတော့မည်ဟု စိတ်များတက်ကြွပြီးလျှင် နိုးကြားသည်ထက် နိုးကြားလာကြလေသည်။ ထိုအခါ မနိုးကြားခဲ့လျှင် ယခုအခါ၌ လွတ်လပ်ရေး ဝေးပေသေးသည်။



၁၉၂၂ ခုနှစ်၊
ဆရာတော် ဦးဥတ္တမ
နိုင်ငံရေးတရားဟော၍
ဖျာပုံအကျဉ်းထောင်၌
ထောင်ကျခံရစဉ်က

သင်္ဃာတော်အရှင်မြတ်တို့လည်း မနေသာတော့ဘဲ ငါတို့လည်း ဦးဥတ္တမကဲ့သို့ပင် ဆောင်ရွက်ကြတော့မည်ဟု ရည်သန်ပြီးလျှင် သံဃသမဂ္ဂိဟူ၍ နိုင်ငံရေးအဓိကထားသော အဖွဲ့ပေါင်း ၃၇–ဖွဲ့ တို့ကို ထိုနှစ်တွင် ဖွဲ့စည်းတည်ထောင်လာလေရာ ၎င်းအဖွဲ့များ၏ ဥက္ကဋ္ဌအဖြစ် အလယ်တော ဆရာတော်၊ အကျိုးဆောင်အဖြစ် ရွှေကျင်တိုက် ဦးဓမ္မဓရ က ဆောင်ရွက်တော်မူကြလေသည်။ နောက် ဦးဓမ္မဓရ ပျံတော်မူ၍ ဦးဝေပုလ္လက ဆက်လက်

ဆောင်ရွက်သည်။ ဦးဝိသုဒ္ဓ ၊ ဦးဝိစာရ (ထောင်ထဲတွင်အစာငတ်ခံ၍ ပျံတော်မူသော ဆရာတော်) နှင့် ဦးစန္ဒောဘာသ (ဗားကရားဆရာတော်) တို့လည်း နိုင်ငံရေးကို ဦးတိုက်ပြီး ဟောပြောဆောင်ရွက်တော်မူကြသည်။

၁၉၁၉–၁၉၂၀–၁၉၂၁ ခုနှစ် အထက်ပါ တရားစွဲဆိုသော အမှုမဖြစ်မီအတွင်း၌ ဆရာတော် ဦးဥတ္တမသည် ရန်ကုန်နှင့် ကာလကတ္တားသို့ ကူးချီပြန်ချီနှင့် နေထိုင်ခဲ့၏။ ထိုသို့ ကူးချီသန်းချီနေခြင်းမှာလည်း နက်နဲသော ရည်ရွယ်မှန်းထားချက်တခုဖြင့်ပင် ဖြစ်ကြောင်းကိုသိရပေသည်။ ၁၉၂၀ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ဦးဥတ္တမသည် ကာလကတ္တားတွင် ရှိနေခဲ့၏။

ထိုနှစ်က ဦးဥတ္တမ၏ဦးရီးတော်သူ စစ်တွေမြို့မှ ဦးချင့်ခိုင်နှင့် ဇနီးမစံလှဖြူတို့သည် မျက်စေ့ရောဂါ ကုသရန် ကာလကတ္တားသို့ ခေတ္တသွားကြသည်။ ထိုအခါတွင် ဦးဥတ္တမ၏ ညီ ကျော်ထွန်းအောင်သည်လည်း ပါသွားလျက် ကာလကတ္တားမြို့ ရခိုင်ပွဲစားတစ်ဦး၏အိမ်တွင် တည်းခိုနေထိုင်ကြသည်။

တနေ့သောအခါ၌ ဆရာတော်ဦးဥတ္တမသည် ကြေးနန်းစာရွက်ကလေးတစ်ရွက်ကိုကိုင်ပြီး ပြုံးပြုံးရီရီနှင့် ပွဲစား အိမ်သို့ကြွလာသည်။ ဒွေးတော်တော်သူ မစံလှဖြူက “ အလို ၊ ဦးပဥ္စင်း ဒီတစ်ခါရီလို့မောလို့ ဘာများ သဘောကျပြီး လာပြန်သလဲ” ဟု ဆီး၍ လျှောက်ထားသည်။

“ ဒါယကာမကြီး ဒီတစ်ခါတော့ ကျုပ်ကိုကျုပ် သေပျော်ပြီလို့ ဝမ်းသာအားရ ရှိတာနဲ့ ပြုံးလာတာဘဲ”ဟု အမိန့်ရှိလေသည်။ ဒွေးတော်က ဘာများဖြစ်လာသလဲမေးရာ ဦးဥတ္တမက “ငါတို့ဗမာလူမျိုးတွေ လူနဲ့ သူနဲ့တူလာပြီ။ လူစိတ်ရှိလာကြပြီ။ ဒီလိုလူစိတ်ရှိလာလို့ ငါဝမ်းသာလာတာဘဲ” ဟု ဆို၏။ “အရင်ကတော့ ဗမာတွေဟာ လူစိတ်မရှိလို့ ခွေးစိတ် ရှိနေသလားဘုရား”။ ဦးဥတ္တမက “လူစိတ်ရှိတယ်ဆိုတာက ဒီလိုလေ လူဟာ လူအခွင့်အရေး ဘာလဲဆိုတာ နားလည်လာကြတယ်။ ကိုယ့်အခွင့်အရေးကို ကိုယ်သိပြီး မရရအောင် ကြိုးစားတတ်ရင် ဒါဟာလူစိတ်ရှိတယ်လို့ ဦးပဥ္စင်း ဆိုလိုတာဘဲ။ ဟော အခုရန်ကုန်မှာ ကောလိပ်ကျောင်းသားတွေကစပြီး အင်္ဂလိပ်ကျောင်းတွေက သင်ပေးတဲ့ပညာကို မကျေနပ်လို့ သပိတ်မှောက်ကုန်ကြပြီတဲ့

ရန်ကုန်မြို့ကနေပြီး အဲဒီကိစ္စကြီးမှာ ဦးပဥ္စင်းထံက အကြံအဉာဏ်တွေ ယူချင်လို့ ဦးပဥ္စင်းကို ရန်ကုန် ကြွလာခဲ့ပါဆိုတာ ကြေးနန်းစာ ခုဘဲရတယ်။ ဗမာတွေ ဒီလိုစိတ်တွေဝင်စားလာကြဖို့ မျှော်လင့်ပြီး ဦးပဥ္စင်းကြိုးစားနေတာ အခုတော့ ကြိုးစားရကျိုးနပ်ပြီ။ ဒါကြောင့် ဦးပဥ္စင်းသေပျော်ပါပြီလို့ ပြောတာ” ဟု ရှင်းလင်းပြတော့မှပင် ဒွေးတော် ဦးရီးတော်နှင့် ညီဖြစ်သူတို့ နားရှင်းသွားကြလေသည်။

ရန်ကုန်ကောလိပ် ပထမသပိတ်ကြီးမှာ ၁၉၂၀–ခု၊ ဒီဇင်ဘာလ (၁၂၈၀–ခု တန်းဆောင်မုန်း လပြည့်ကျော် ၁၀–ရက်နေ့တွင်) မှောက်ခဲ့သည်။ ထိုသတင်း ကြေးနန်းကိုရလျှင်ရချင်းပင် ဆရာတော်သည် ရန်ကုန်သို့ မီးရထားနှင့် ကြွလာပြီး ဝိုင်၊ အမ် ၊ ဘီ ၊ အေ ခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးပြီး အိန္ဒိယမှနည်းနာများကို ညွှန်ပြရာ အမျိုးသားတို့၏ သခင်ပညာသင်ကြားရေးဟူသော အမျိုးသားကျောင်းများ ထူထောင်ဖို့ ဗမာလူမျိုးများ တဆင့်လှမ်းတက် လာနိုင်ကြလေသည်။ ဦးဥတ္တမသည် ကာလကတ္တား၌ နေစဉ်ကပင်လျှင် အိန္ဒိယကွန်ကရက်အဖွဲ့ကြီး၌ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့ပြီး အိန္ဒိယခေါင်းဆောင်ပိုင်းက ထောင်မကြောက် တန်းမကြောက် စွန့်စားဆောင်ရွက်ခြင်းဖြင့် အိန္ဒိယတိုင်းသားတို့ ရှူးရှူးဒိုင်းဒိုင်း နိုးကြားလာကြသည်ကိုလည်း ကိုယ်တွေ့ပင်ဖြစ်ရုံမက အိန္ဒိယနှင့်တွဲနေသော ဗမာပြည်မှာ အိန္ဒိယလွတ်လပ်လျှင် ဗမာပြည်လည်း လွတ်လပ်ရမည်ဟု ယုံကြည်စိတ်နှင့် နေရှင်နယ်ကွန်ကရက် ဟင်ဒူမဟာဆဘ္ဘစသော အသင်းတို့တွင် ပါဝင်၍ ဆောင်ရွက်တော်မူဆဲ ဗမာပြည်၏ အခွင့်အရေးကား တကယ်တမ်းကြုံကြိုက်လာခဲ့ရာ ဗမာပြည်တွင် ထောင်ကျခံ၍ ဆောင်ရွက်ခြင်းဖြင့် လူထုကို တပ်လှန့်ပေးတော့မည်ဟု သံဒိဋ္ဌာန်ချလာခဲ့ခြင်းဖြစ်သည်။

ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက် ထွက်သွားရမည်ဟူ၍ နှင်စာပေးပို့သည်ကအစ အင်္ဂလိပ်၏ တရားဥပဒေဟုဆိုသော ပိုက်ကွန်ကြီးကို တနေ့ဖောက်ခွဲပြီး ထောင်ထဲဝင်ရမည်ကို ယုံကြည်ပြီးဖြစ်ပေသည်။ သို့နှင့် ဆုကလပ်တွင် ဟောပြောခဲ့သော တရားကိုအကြောင်းပြုပြီး ဖမ်းဆီးခြင်းကို ခံရလေရာ ***“ဦးဥတ္တမကို ဖမ်းပြီးဟေ့”*** ဆိုသော ဂယက်ရိုက်သွားရာမှအစ

တပြည်လုံးတွင် သံဃသမဂ္ဂီအဖွဲ့တွေ မှိုကဲ့သို့ ပေါ်လာရုံမျှမကဘဲ အမျိုးသမီးအသင်း ကုမ္မာရီအဖွဲ့တို့သည်လည်း ထောင်နှင့်ရာနှင့်ချီ၍ မြို့တိုင်း အရပ်တိုင်းမှာလိုပင် ပေါ်ပေါက်လာခဲ့ရာ ရန်ကုန်မြို့ကမ်းနားဈေးမှ ဒေါ်ကြင်အိမ်နှင့် မလှခင်၊ ကြည့်မြင်တိုင်မှ ဒေါ်သက်စု၊ သိမ်ကြီးဈေးမှ ဒေါ်မမကြီးတို့က ကြိုးစားလာခဲ့ကြသည်။ ထိုကုမ္မာရီများအသင်းဖွဲ့၍ နိုင်ငံရေးကို ကြိုးစားလာခဲ့ကြသည်နှင့် အမျှ ရှေ့တန်းကနေပြီးလျှင်၊ ဂိုက်ကော်မတီ လာသောအခါ၌ ငါတို့လိုတာက ဟုမ္မရူးပေးမှသာ ယူမည်ဟူသော အဓိပ္ပါယ်နှင့် သဘော်တလျှောက်တွင် သပိတ်မှောက်အင်အားစုကြီးကို ထုတ်၍ပြသနိုင်ခဲ့ကြလေသည်။

ဆုကာလပ်တွင် ဟောသောတရားမှာ အစိုးရကို အကြည်အညိုပျက်စေသည်ဆိုပြီး ရာဇသတ်ပုဒ်မ ၁၂၄ (က) နှင့်စွဲဆိုရာ အမှုကို မအူပင်အရေးပိုင်ရုံးသို့ ပြောင်း၍စစ်ဆေးသည်။ ဝိုင် ၊ အမ် ၊ ဘီ ၊ အေမှ ခေါင်းဆောင်ကြီး ဦးစိန်လှအောင်က ဦးဥတ္တမဘက်မှ ရှေ့နေလိုက်ပါ ဆောင်ရွက်နေရာ သို့ဆောင်ရွက်နေရင်း ဦးစိန်လှအောင်မှာ ကာလဝမ်းရောဂါဖြင့် ကွယ်လွန်ရှာသည်။ ရန်ကုန်မြို့တွင် သင်္ဂြိုလ်ရာ ဦးထွန်းရှိန်၏ အသုဘမှာ ကဲ့သို့ပင် ဦးစိန်လှအောင်၏ အသုဘ၌လည်း ပရိတ်သတ်မှာ ကြောက်ခမန်းလိလိ များပြားခြင်းဖြင့် ဗမာတို့၏စည်းရုံးရေးမှာ အရှိန်ပြင်းစွာဖြင့် တိုးတက်လာကြောင်းကို အင်္ဂလိပ်တို့ သတိမမူဘဲ မနေနိုင်အောင်ရှိခဲ့လေသည်။

ဆာရယ်ဂျီနယ်ကရက်ဒေါက် ကြီးမှူးသော မြန်မာပြည်ရှိ အင်္ဂလိပ်အစိုးရသည် ဗမာပြည်အား အိန္ဒိယမှခွဲပြီး အိန္ဒိယအဆင့်အတန်းထက် အလွန်နိမ့်ကျသော ကိုယ်ပိုင်အုပ်ချုပ်ရေးမပါသည့် နည်းမျိုးကို ပေးထားရန် ရည်ရွယ်၏။ သို့သော်လည်း ဂိုက်ကော်မီတီ ပြန်သွားပြီးတဲ့နောက်တွင် အိန္ဒိယနှင့်တန်းတူဖြစ်သော ဒိုင်အာခီကိုပေးအပ်ရန် သဘောတူရလေသည်။ ဗမာနိုင်ငံရေးတိုးတက်မှုကား နှစ်ပေါင်း–၅၀ မျှ ဗမာထက် အရင်ကျသော အိန္ဒိယ၏ အဆင့်အတန်းနှင့်တန်းတူလောက် ခရီးရောက်ရသည်မှာ ဂုဏ်ယူစရာအချက်တရပ်ပင်။ ထိုအချိန်က ဂုဏ်ယူစရာဟူ၍ နိုင်ငံရေးသမားတိုင်း တဖွဖွပြောဆိုခဲ့ကြသည်။ ဤသို့ပြောရပြီး ချီးမွမ်းရသည်အထိ တိုးတက်သောနိုင်ငံရေးသည်ကား ဆရာတော်ဦးဥတ္တမ၏ ကျေးဇူးကြောင့်သာဟု ဖော်ပြခဲ့

သော် အမှန်သာဖြစ်ရမည်။ ယနေ့ယခုရရှိသော လွတ်လပ်ရေးသည်ပင် ဆရာတော်၏ ကျေးဇူးတရားမှ ပေါက်ဖွားလာခြင်းသာ ဖြစ်လေတော့သည်။

၁၉၃၉ခု စက်တင်ဘာလ ၁၀–ရက်တွင် ကျင်းပသော ဗမာပြည် ဥပဒေပြုလွှတ်တော်၌ မန္တလေးမြို့ အိန္ဒိယအမျိုးသားများ၏ ကိုယ်စားလှယ် အမတ် မစ္စတာ ဂန်ဂါဆင်းက အောက်ပါအတိုင်း ထုတ်ဖော်ပြောဆိုသည်ကို အမတ်အားလုံးကပင် သဘောကျထောက်ခံကြသည်။

"ဆရာတော်ဦးဥတ္တမသည် ဤနိုင်ငံတွင် အကြီးဆုံးသော နိုင်ငံရေးခေါင်းဆောင်ကြီး ဖြစ်တယ်လို့ ကျွန်ုပ်ပြောခဲ့သော ထိုစကားဟာ အပိုမပါသောစကား ဖြစ်ပါတယ်။ သူဟာ ဗမာပြည်နိုင်ငံရေးကို အစပြုသော ပုဂ္ဂိုလ်ဖြစ်ပြီး ဗမာ့နိုင်ငံရေးတိုးတက်မှု ဟူသမျှဟာလဲ သူ့ကိုအကြောင်းပြုပြီးမှ ပေါ်လာတာဘဲဟု ကျွန်ုပ်က ထပ်မံပြောလိုပါတယ်။

ဆရာတော်ဦးဥတ္တမသည် တစ်ကြိမ်တည်းနှင့် ဤမျှအထိ နိုင်ငံရေးတိုးတက်မှု ဆောင်ရွက်တော်မူနိုင်ခြင်းကား အခါအခွင့် သင့်သောကာလ၌ မိမိ၏အသိဉာဏ်နှင့် အသက်ခန္ဓာကို တိုင်းပြည်နှင့်အမျိုးသားအတွက် အသုံးချမည်ဟူသော ရည်ရွယ်ချက်တွင် နှစ်ပေါင်းများစွာက ကိုယ်တွေ့ဆည်းပူးခဲ့သော ပြည့်ဝသည့် အရပ်ရပ်ပညာများကို ပေါင်းစပ်ဆောင်ရွက်ခြင်းကြောင့်သာ ဖြစ်ပေသည်။

ပထမဦးစွာ ပြင်သစ်ပြည်သို့ ကြွခဲ့ခြင်း၊ ဒုတိယ ဂျပန်ပြည်သို့ ကြွတော်မူခြင်းတို့မှာ အလွန်ပြည့်ဝသောအဓိပ္ပါယ်နှင့် စွန့်စားတော်မူခြင်းများဖြစ်၍ ထိုစွန့်စားတော်မူရာမှ နိုင်ငံ၏ ရှိသေလေးစားမှုကို ခံယူတော်မူရပြန်ပါသည်။

သူ၏ဘဝမှာ အမျိုးနှင့်တိုင်းပြည်အတွက် လေးနက်မှန်ကန်စွာ သူ၏ရည်ရွယ်ချက်အတိုင်း အသုံးချတော်မူနိုင်ခဲ့ပြီ။ ထိုသို့ မိမိကိုယ်ကို အနစ်နာခံခြင်းဖြင့် တိုင်းပြည်နှင့် အမျိုး၏အကျိုးကို ကျင့်သုံးဆောင်ရွက်တော်မူခဲ့သည်မှာလည်း ရှေးရှေးဘုရားလောင်း သူတော်ကောင်းတို့ ကျင့်ထုံးနှင့် ညီပါပေသည်။ ဆရာတော်၏ ယူဆဟောပြောတော်မူချက်အတိုင်း သူ၏ လူဖြစ်လာရသောဘဝသည် အများ၏အကျိုးအတွက် မဟုတ်လျှင် တန်ဘိုးမရှိဟု

သော အယူအဆ ဝါဒအတိုင်း နှလုံးသွင်းနိုင်သော လူ ၊ ရဟန်း ပုဂ္ဂိုလ်အများကို လူတိုင်းကပင် လိုလားမည် ဖြစ်ပေသည်။ နိုင်ငံရပ်ခြားသို့သွားရာ၌ လိုအပ်သောစရိတ်စကရဖို့ကို သူသည် ဘယ်သူဌေးတဦးကိုမျှ အားကိုးအားထား မပြုဘဲ သူ့ကိုယ်သူ အားကိုးပြုခဲ့သည်ကို ကိုယ်တော်တိုင် ရေးသားဖေါ်ပြသောစကားက ထင်ရှားပြီးဖြစ်သည်။

ဤသို့ နိုင်ငံခြားတိုင်းပြည်များကို ထွက်ပုံထွက်နည်းမှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။ အတော်ပင် လေးနက်သော အဓိပ္ပါယ်ကို ဆောင်ခဲ့ပေသည်။

ဗမာနှင့်အင်္ဂလိပ်တို့ သုံးကြိမ်သုံးခါ စစ်ဖြစ်ပွါးပြီး ၁၂၄၇–ခုနှစ် သီပေါဘုရင်နှင့် အထက်မြန်မာပြည်ကို မသိမ်းယူမီ အင်္ဂလန်သို့ ရောက်ခဲ့ဖူးသော ကင်းဝန်မင်းကြီး အကြံဉာဏ်မှာ တော်တော်ပိပိပြားပြားရှိခဲ့သည်။ ထိုအကြံဉာဏ်မှာ ပညာရှိမှူးမတ်အချို့ကို ရွေးချယ်၍ ဥရောပတိုက် ပြင်သစ်ပြည်သို့ လွှတ်ခဲ့ပြီးလျှင် ပြင်သစ်နှင့် မဟာမိတ်ပြုလျက် အင်ဒိုချိုင်းနားမှ အထက်ဗမာပြည် မန္တလေးအရောက် မီးရထားလမ်းဖောက်လုပ်ရန်၊ ထိုမီးရထားဖောက်လုပ်ပြီးလျှင် ပြင်သစ်ထံမှ လက်နက်ခဲယမ်းမီးကျောက်တို့ကို ဝယ်ပြီး အောက်မြန်မာပြည်၌ရှိနေသော အင်္ဂလိပ်တို့ကို တိုက်ထုတ်ရန် ကြံစည်ခဲ့သည်။

ထိုသို့ ကြံစည်လျက် သံတမန်များစေလွှတ်သည်ကို ရိပ်မိသော အင်္ဂလိပ်တို့က ဗမာပြည်အပေါ်မှာတွင် ရန်စရှာပြီး အမြန်ဆုံး သိမ်းယူလိုက်တော့သည်။

ထိုအခါ ပြင်သစ်နှင့် အင်္ဂလိပ်တို့မှာ အရှေ့ဖျားတွင် ဦးအောင်နယ်ချဲ့လျက်ရှိကြရာ ယိုးဒယားပြည်ကလေးမှာ ပြင်သစ်က ကျူးကျော်လာသော် အင်္ဂလိပ်နှင့် အင်္ဂလိပ်ကကျူးကျော်လာသော် ပြင်သစ်နှင့်နီးရာပေါင်းပြေးကပ်နိုင်သည့်အတွက် အချောင်လွတ်လပ်နေခဲ့ရသည်ကို ဗမာမှူးကြီးမတ်ကြီး ပညာရှိကြီးများကလည်း နားလည်ပြီး ဖြစ်ကြသဖြင့် ထိုသို့နီးရာကို ခိုလှုံကပ်ဖို့ကြိုးစားကြသေးသည်။ သို့သော်လည်း အခွင့်မသာ အခါမသင့်ဖြစ်ခဲ့သဖြင့် ကျွန်ဘဝသို့ ရောက်ခဲ့ရလေသည်။ ၁၉၁၄–ခုနှစ် ပထမကမ္ဘာ

စစ်ကြီးမဖြစ်မီ အင်္ဂလိပ်နှင့် နယ်ချဲ့ပြိုင်နေသူမှာ ပြင်သစ်တဦးသာဖြစ်ရာ ပြင်သစ်နှင့်ပူးပေါင်းခြင်းဖြင့် ဗမာ့လွတ်လပ်ရေး ရနိုင်မည်ဟု ယုံကြည်မှုရှိသဖြင့် ဦးဥတ္တမသည် ပြင်သစ်သို့ ပထမသွားခြင်းဖြစ်သည်။

ထို့နောက်တွင် ကမ္ဘာ့အရှေ့ဖျားမှ တောက်ပြောင်သောကြယ်နှင့် သဏ္ဌာန်တူသော ဂျပန်ပြည်၏ သတင်းကို ကြားလိုက်ရသည်နှင့် တပြိုင်နက် ပြင်သစ်ထက် ဂျပန်ကိုပေါင်းရသော် ဗမာ့အရေးမှာ ပို၍ဟန်ကျစရာ ရှိသည်ဟု သဘောရပြီး ချက်ချင်းပင်လှည့်၍ ဂျပန်သို့သွားခဲ့ပြန်သည်။ ဂျပန်ပြည်၏ အကျိုးစီးပွါးကို ဆောင်ရွက်ပေးသည့်သဘောဖြင့် ဂျပန်အား ကမ္ဘာ့အရှေ့ဖျား ဒေသဆိုင်ရာ လူမျိုးများ၏လွတ်လပ်ရေး၊ ကြီးပွါးတိုးတက်ရေး မရှိဘဲ ဂျပန်သည် တာရှည်သဖြင့် ထည်းထည်းကြီးနေနိုင်မည် မဟုတ်ဟူ၍ တတ်နိုင်သမျှ ဝါဒဖြန့်ခဲ့ကြောင့် ဘာရိုဒါ စော်ဘွားဧည့်ခံပွဲတွင် ပွင့်ပွင့်လင်းလင်းပင် မိန့်ကြားခဲ့လေသည်။

မီးစင်ကြည့်၍ကရသော နိုင်ငံရေးတွင် ထိုကဲ့သို့ ပရိယာယ်ဝေဝုစ်ကိုမသုံးဘဲနှင့် ဘယ်သို့မျှမဖြစ်နိုင်ပေ။ ဆရာတော်သည် ၁၂၈၃–ခု မအူပင်ထောင်၌ ထောင်ဒဏ် ၄–နှစ် ကျခံရသည်။ သို့သော် ထောင်ဥပဒေအရ အကျင့်စာရိတ္တကောင်းသည်ဆိုပြီး ၃–နှစ်ကျော်ကျော်တွင် လွတ်လာခဲ့ရာ အစိုးရတို့က ရန်ကုန်သို့ရောက်အောင် ကောင်းစွာပို့ပေးကြပြီးလျှင် ထိုအခါမှစ၍ ဆရာတော်ဦးဥတ္တမအား ပြည်သူလူထုက အထူးသဖြင့် လိုလားတောင့်တလာခဲ့ရာ ရန်ကုန်မြို့တွင် ဦးဥတ္တမတရားဟောသည့် နေရာတိုင်း၌ ရဟန်းရှင်လူနှင့် မယ်သီလရှင်များကအစ ကြိတ်ကြိတ်တိုးမျှ စည်ကားသည်ကို တွေ့ရသည်။

မိန့်ခွန်းရှည်များပြောသင့်သောအခါ၌ ဆရာတော်သည် စာရွက်နှင့် အတိအကျ ရေးသားဖတ်ပြပြီးလျှင် အဓိပ္ပါယ်ကျယ်ဝန်းသော စကားရပ်များ၌ မိမိလိုရာအဓိပ္ပါယ်ကို ဆွဲဆောင်၍ ရှင်းပြတတ်၏။

တခါက ဗိုလ်တထောင်ဘုရားဝင်းအတွင်း ဟောပြောရာ၌ ထောင်ထဲ၌ အစိုးရအပြစ်ဒါဏ်ကို ကျခံရစဉ်ကကဲ့သို့ သင်္ကန်းကိုချွတ်ပြီး ထောင်ဝတ်ထောင်စားနှင့် ဝတ်ပြသည်။ ထိုသို့ပြသဖြင့်ငှင်း၊ ဟောကြားသော

တရားတော်၏ အဓိပ္ပာယ်အားဖြင့်ငှင်း အင်္ဂလိပ်အစိုးရတို့သည် ဗမာလူထု အပေါ်၌ မေတ္တာစေတနာ ထားနေကြသည် မဟုတ်ကြောင်းကို ကွင်းကွင်း ကွက်ကွက် ဆွဲကိုင်ပြတော်မူသည်။

ဗမာအချင်းချင်း ရှိုင်းပင်းရန် အဦးထား၍ ဝံသာနုရက္ခိတ တရားသာ ဟောတော်မူသည်။"မိန်းမတွေဟာ မင်းကတော်စိုးကတော် ဖြစ်ဖို့ လောက်ကိုသာ မှန်းပြီး ဂုဏ်ပြိုင်နေကြတယ်။ ဒီလိုမိန်းမတွေ စည်းမစောင့်ကြလို့ ဗမာဟာ ကျွန်သက်ရှည်နေတာ။ ဘုန်းကြီးတွေကတော့ ဆွမ်းခံရင် ဗမာအိမ်မှာ ခံတယ်။ ဝယ်တော့ ရှိုးတိုက်မှာ သွားဝယ်တယ်။ ငါ မအူပင် ထောင်ကျတာဟာ (၏)ဆိုတဲ့ စကားလေး တလုံးပါမသွားလို့ ထောင်ကျတာဘဲ။ ငါကပြောတယ်။ ဗမာတွေဟာ အရေးပိုင်ဆိုရင် သိပ်ကြောက်၊ ဝန်ထောက်မြို့အုပ်ဆိုလဲ ကြောက်နေကြတာဘဲ။ ဘာတခုမှ မဟုတ်တာ မမှန်တာ လုပ်နေလို့ ပြန်မပြောဝံ့ကြဘူးနော်။ ခွေးလောက်မှ မလိမ္မာဘူး။ မင်းတို့ အိမ်မှာ မွေးထားတဲ့ ခွေးဝဲစားဘဲဖြစ်ဖြစ် အရေးပိုင်ခွေးနဲ့တွေ့ရင် ခံတော့ ကိုက်အုံးမှာပဲလို့ ငါက ပြောတယ်။ ဒါကို အရေးပိုင်က သူ့ကိုခွေးလို့ ပြောရမလားဆိုပြီး တရားစွဲတာဘဲ။ အရေးပိုင်၏ခွေးလို့ ပြောရမဲ့ဟာ ငါက အရေးပိုင်ခွေးလို့ ပြောလိုက်မိတာကိုး။"

## အကျဉ်းစာရိတ္တ နှင့် စိတ်ထား

ဆရာတော်ဦးဥတ္တမ၏ညီ ကျော်ထွန်းအောင် (ကိုရင်ကြီးဘွဲ့ ရှင်အရိယ) မှာ ယခုအခါ သက်တော် (၆၁) နှစ် ရှိပြီး အလယ်တောရတိုက် တောင်စွန်းကျောင်းတွင် အေးချမ်းစွာ သီတင်းသုံးလျှက်ရှိသည်။ ကျွန်ုပ် ယခုပြုစုရေးသားသော ဆရာတော်ဦးဥတ္တမ၏ ထေရုပ္ပတ္တိတွင် ငှင်းရှင်အရိယထံမှ အများဆုံး သိမှတ်နာယူရသည့်အတွက် အလွန်ပင် ကျေးဇူးကြီးလှပေသည်။

ငှင်းရှင်အရိယပင်လျှင် သာသနာ့ဘောင်၌ ဆရာတော်ဦးဥတ္တမ၏ ဆုံးမသြဝါဒများကို အစဉ်နာယူပြီး ရဟန်းသာမဏေတို့၏ ကျင့်ဝတ်ကို ဖြည့်ဆည်းပူးလျှက်ရှိရာ တကြိမ်တွင် ကာလကတ္တားမှနေ၍ ငါ့ညီယခုကဲ့သို့

လူဖြစ်လာရသည်မှာ ငါ့ညီတဦးတယောက်တည်း၏ အကျိုးစီးပွါးတွက်သာ ဖြစ်သလော။ သို့တည်းမဟုတ် အခြားသောလူအများအတွက် ဖြစ်သလော ဟူ၍ မေးခွန်းထုတ်ဖူးသည်ကို အထက်ကရေးသား ဖေါ်ပြခဲ့ပြီးဖြစ်သည်။

ရှင်အရိယက အများ၏အကျိုးကျေးဇူးအလို့ငှာဟု ဖြေစာရေးသော်လည်း နောင်တော်သည် အတိအကျ ကျေနပ်နှစ်သိမ့်ခြင်း မရှိသေးဘဲ စစ်တွေမြို့သို့ကြွလာပြီး ညီဖြစ်သူအား နီးကပ်စွာခေါ်ယူလျက် သူ၏အဖြေသည် မှန်မမှန် ဝမ်းတွင်းစိတ်ဓာတ်က ထိုအယူအဆအတိုင်း ကြံ့ခိုင်တည်တံ့ခြင်း ရှိမရှိကို မေးခွန်းပေါင်း မြောက်များစွာထုတ်၍ မေးပြီးနောက်မှ တရားဓမ္မများကို ဆွဲဆောင်ဖျောင်းဖျပြီး ကောင်းသောအကျင့်၊ ကောင်းသောအကြံနှင့် စင်ကြယ်သောစိတ်ထား ၊ သူတော်ကောင်းတရား၌ မြဲစွဲစွာ ကျင့်သုံးဆောက်တည်နိုင်ရေးတို့ကို ဟောပြောညွှန်ပြတော်မူသည်ဟု ညီတော်က ကျွန်ုပ်အား ပြောပြသည်များမှာ လောကသံသရာ နှစ်ဌာနအတွက် မှတ်တမ်းတင်သင့်သော ဟောပြောဆုံးမချက်ဖြစ်ပေသည်။

အရှင်အရိယ ကိုယ်တော်ကြီးမှာလည်း နောင်တော်ကဲ့သို့ပင် ပျဉ်းမနား၌ နိုင်ငံရေးတရားဟောပြောမှု ပုဒ်မ ၁၂၄ (က) နှင့် ထောင်ဒဏ် ၆–နှစ် ကျခံရဖူးလေသည်။

ဆရာတော်ဦးဥတ္တမသည် ညီဖြစ်သူအား ဘုရားအလောင်းသူတော်ကောင်းတို့ ကျင့်သုံးတော်မူသည့် မြင့်မြတ်သောလမ်းစဉ်ကို အကျယ်တဝင့် ဟောဖော်ညွှန်ပြပြီးလျှင် (ဆိုင်ကိုလိုဂျီ) ခေါ်သော စိတ်ပညာ၊ စိတ်၏ယဉ်ကျေးမှုစသည်တို့ကို အနောက်တိုင်းစာပေတို့မှ ထုတ်နုတ်လျက် သွန်သင်ပြသပေးသေးသည်။

ထိုဆုံးမသြဝါဒစကားတို့တွင် ရှင်အရိယာကိုယ်တော် မှတ်သားမိသမျှ မိန့်တော်မူသည်မှာ “ သင်ဖြစ်ရသော လူဘဝသည် အများအကျိုးစီးပွားကို ဆောင်ရွက်နိုင်မှုမရှိလျှင် သင်၏ဘဝတန်ဖိုးသည် ဘာမျှမရှိ။ ၄င်းဘဝတန်ဖိုးကို တိုးမြှင့်လိုလျှင် သင်သည် သူတပါး၏အကျိုးစီးပွားကို အများဆုံးဆောင်ရွက်ရမည်သာ ဖြစ်သည်။ သင်၏လုပ်ငန်းနှင့် ကျင့်ဝတ်ဟူသမျှကို သင်နေ့တိုင်း စစ်ဆေးရမည်မှာ ထိုလုပ်ငန်းနှင့်ကျင့်ဝတ်တို့သည် အများ

အကျိုးစီးပွားနှင့် သက်ဆိုင်သလော (သို့) ငါတစ်ယောက်တည်း၏ အကျိုးလော။"

"သူတပါး၏ရှုံးပါးမှုနှင့် အရှက်တစ်ခုခုကို မှုတည်လျက် မိမိ အဘိုးအမြတ်ကို မရှာဖွေနှင့်၊ သို့မှသာ စင်ကြယ်သည် ဖြစ်မည်။" စသဖြင့် သွန်သင် ဟောပြောတော်မူ၏။ ဤမျှသော တရားဓမ္မပြသမှုသည်ပင်လျှင် ဆရာတော် ဦးဥတ္တမ၏ သီလ ၊ သမာဓိ ၊ ပညာဟူသော အခြေခံကျင့်ဝတ် တရား ၃–ပါး တွင် မှုမပျက်သည်ကို နားလည်နိုင်ခွင့် ရှိလေသည်။

အိန္ဒိယတွင် နေထိုင်စဉ်က ကိလေသာအာသဝေါတို့ ကင်းစင်သော ရဟန္တာအရှင်မြတ်တို့သည် တိဘက်ပြည်တွင်နေကြသည်ဟု ကြားသဖြင့် ထိုရဟန္တာများရှိရာသို့ နှစ်ကြိမ်တိုင်တိုင် စွန့်စားကြွတော်မူသည်။ ပြည်တွင်းသို့ ဝင်ခွင့်မရ၍ လက်လျှော့ခဲ့ရ၏။ ဆရာတော်ကား ဤဘဝနှင့်ပင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရဖို့ရန် ရည်ရွယ်သလော၊ ဘဝအဆက်ဆက် ပါရမီတို့ကို ဆည်းပူးပြီးမှ ဘုရားစင်စစ်ကေန်ဖြစ်ရန် ရည်ရွယ်သလောဟူ၍ကား တတ်အပ်သိနိုင်ဖို့ခက်သည်။ သို့ရာတွင် ကျွန်ခံနေရသော ဗမာတမျိုးသားလုံး၏ ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် ပညာဉာဏ်နှင့်ယှဉ်ပြီး အကြီးဆုံး စွန့်စားလိုက်ခြင်းကား လောကတ္တစရိယ ၊ ဉာတတ္တစရိယသို့ အကျုံးဝင်ပြီး အသက်သေသည်အထိ စွန့်စားဖို့ရာလိုက စွန့်စားဝံ့ရဲရှိသည်ကို ကျွန်ုပ်တို့ မည်သို့မျှ ယုံမှားစရာ မရှိပေ။

ဤသို့ စွန့်စားတော်မူခြင်းတွင်လည်း တဖက်မှ အင်္ဂလိပ်အစိုးရအား လက်နက်ယှဉ်ပြိုင် တိုက်ခြင်းမျိုးကဲ့သို့ သွေးထွက်သံယို နာကျင်စေမှုမျိုး မဟုတ်။ အဟိံသကျင့်စဉ်မျိုးဖြင့်သာ အမျိုးသားတို့အား နည်းလမ်းညွှန်ပြတော်မူခဲ့သည်။

ကိုယ်ကျိုးစီးပွားကား လုံးဝမပါ၊ ကင်းရှင်းတော်မူသည်ကို ပျံလွန်တော်မူသောအခါ၌ ဂျပန်ပြည် ယိုကိုဟာမစပီစိဘဏ်တိုက်တွင် ဂျပန်ငွေ ၂၀၀၀၀ (နှစ်သောင်း) လက်ကျန်ရှိနေခဲ့ခြင်းဖြင့် ပို၍ထင်ရှားသည်။ ထိုငွေဖြင့် ကိုယ်ကျိုးကိုယ့်စီးပွါးဆို၍ ဆွမ်းတနပ်စာပင် အသုံးမပြုခဲ့ဘဲ ကမ္ဘာသို့ သာသနာဖြန့်ချိမှုအတွက်သာ ရည်ရွယ်ပြီးထားခဲ့ရာ ညီရှင်အရိယနှင့် နမ

မအိမ်စိုးတို့ကလည်း ဦးဥတ္တမရည်မှန်းချက်မှာ ထိုငွေသည် သာသနာပညာ ထွန်းကားရေးအတွက်သာဖြစ်၍ ၄င်းတို့ပင်လျှင် ထုတ်ယူသုံးနိုင်သော်လည်း ယခုထက်တိုင် ထုတ်ယူသုံးစွဲခြင်းမပြုကြပေ။ မည်သည့်အတွက် ထုတ်ယူသုံးစွဲ ခြင်း မပြုကြသနည်းဟု မေးမြန်းကြည့်သောအခါ ထိုငွေများမှာ ဆရာတော် ဦးဥတ္တမ ရှိစဉ်အခါကပင်လျှင် သူ၏ကိုယ်ရေးကိုယ်တာအတွက်ဆို၍ တပြားမှ မသုံး။ သာသနာရေး၊ ဘာသာရေး၊ ပညာရေးနှင့် စပ်လျဉ်းလာလျှင် သုံးစွဲရန် ထားသော ရံပုံငွေမျှသာဖြစ်သည်။ သို့အတွက် မသုံးစွဲလိုကြောင်း ပြောကြ လေသည်။

ဆရာတော်ဘုရားသည် နိုင်ငံရေးမဆောင်ရွက်မီကစ၍ ဤကိစ္စများ ဆောင်ရွက်ရအံ့သောအခါ၌ ကိုယ့်ကိုယ်ကိုအနစ်နာခံရတော့မည်။ ဆင်းရဲ ခံရတော့မည်ဟု တထစ်ချ ယုံကြည်ရင်းစွဲရှိသည့်အတိုင်း ထောင်ထဲတွင် နေ သောအခါကဖြစ်စေ၊ ထောင်မှလွတ်သောအခါဖြစ်စေ စားရေး သောက်ရေး မှစ၍ အစစခြိုးခြံပြီး နေနိုင်သမျှနေ၏။ ကျွန်ုပ်မျက်မြင်တွင် ရန်ကုန် ဘူတာကြီး အပေါက်ဝမှ ဘယာကျော်ကုလားက တနေ့ ဘယာကျော်တခုကျ ပေးလှူ သည်ကို နှစ်ခြိုက်စွာ စားသောက်လျက် မည်သည့်ဒါယကာအိမ်သို့မျှ ကြွပြီး ငါ့ဆွမ်းကျွေးစမ်း၊ ဘာစမ်းဟူ၍ ပြောသည်ကို မကြားရပေ။ ရောက်သွား၍ စေတနာသဒ္ဓါ စေတနာဖြင့် ကျွေးမွေးပြုစုလျှင် ဘုဉ်းပေးသုံးဆောင်တော်မူ၏။ ဘုန်းကြီးသွားမလာနဲ့ဟု နှင်ထုတ်လျင်လည်း ဆင်းလာခဲ့ပြီးလျှင် စိတ်ဆိုးခြင်း၊ ဒေါသဖြစ်ခြင်းကို မတွေ့ရပေ။ သူတော်ကောင်း ပညာရှိပီသ၏။ တခါက ၅၂ လမ်းတွင်နေသော ရခိုင်ပြည်သား အိန္ဒိယအောက်လွှတ်တော်အမတ် ဝတ်လုံ ဦးလှထွန်းဖြူသည် ဆရာတော်ဦးဥတ္တမအား မည်သည့်အခါမဆို အိမ်သို့ ကြွလာပြီး ဆွမ်းဘုဉ်းပေးရန် ဘိတ်မန္တကပြုထားသဖြင့် ကောင်းစွာ မကျန်း မာလှသောအခါတွင်ပင် ထိုအိမ်သို့ ကမာရွတ်မှ မီးရထား မစီး၊ ခြေလျှင်ကြွ၍ ကယိမ်းကယိုင် ရောက်လာသည်ကို မြင်ရသည်။ တနေ့တွင် ကျွန်တော်နှင့် ထိုအိမ်တွင်ပင် ဆုံမိကြ၏။

ဆရာတော်သည် ထိုအချိန်ကဆိုလျှင် နိုင်ငံရေးပါတီအချို့မှ လူကြီး များက သူ့အပေါ်၌ အငြိုးကြီးပြီး စေတနာကွက်နေချိန်ဖြစ်သည်။ သို့သော်

လည်း နိုင်ငံရေးသဘော ကွဲလွဲချက်ကလေးမျှနှင့်၄င်း ၊ သူ့အပေါ် ရိုင်းပြစွာပင် ဆက်ဆံမှုပြုလုပ်ခြင်းဖြင့်၄င်း၊ ထိုသူအပေါ်တွင် မည်သို့မျှ အမျက်မထားသည့် လက္ခဏာကို ကောင်းစွာ ဖေါ်ပြနိုင်သဖြင့် သူတော်ကောင်း ပီသသည် ဆိုရပေမည်။

ဆရာတော်က 'လှထွန်းဖြူရေ၊ ငါမနေ့က ဦး . . . . . . . အိမ်ကို သွားတယ်ကွ။ သူက ငါ့ကိုမလာနဲ့ ဘုန်းကြီး၊ ဘာညာနဲ့ နှင်ချလိုက်တာဘဲ'' ဟု တဟဲဟဲရယ်ရယ်မောမောနှင့် ပြောသည်ကိုကြားရသည်။ သည်းခံတော်မူနိုင်ပါပေသည်။ တရားဟောတော်မူသောအခါ၌ ဆရာတော်သည် ခပ်ကြမ်းကြမ်း၊ စကားလုံးပြောင်ပြောင်ကို မိမိရရသုံးစွဲ ပြောဆိုလေ့ရှိရာ ဆရာတော်မှာ စိတ်ကြမ်းကိုယ်ကြမ်း ရှိလှမည်ဟူ၍ပင် ထင်မိ၏။ နိုင်ထက်စီးနင်း ပြောလိမ့်မည်ဟုထင်မိ၏။

ဂျူဘလီဟော အစည်းအဝေးတွင် ဒိုင်အာခီကို လက်ခံမည့်သူတွေ မယုံကြနှင့်ဟူ၍ ဟောပြောရာ တရားအရပ်တွင် လူတယောက်က ''ကိုယ်တော်ကိုကော ယုံရမှာလားဘုရား''ဟု ပရိသတ်ထဲမှထ၍ မေးခွန်းထုတ်သည်။ ဆရာတော်က ''ဟေ့ မင်းအမေ့လင်ကိုလဲ မယုံနှင့်အုံး'' ဟု ပြန်၍ဖြေလိုက်သည်။

ထိုသို့ပြောဆိုတတ်သော်လည်း အလွန်နူးညံ့သိမ်မွေ့သော စိတ်ထားကို ကျွန်တော်ချီးမွမ်းမိပါသည်။

ကျွန်တော်သည် 'ပညာအလင်း' နေ့စဉ်သတင်းစာတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်နေသောအချိန် (၁၉၂၃–ခုနှစ်လောက်)က များသောအားဖြင့် နိုင်ငံဘုန်းတော်ကြီးအများသည် သူတို့ရေးသောဆောင်းပါးများကို လာရောက်ပေးတတ်ကြ၏။ ကျွန်ုပ်တို့က ချိန်ဆပြီး ထည့်သင့်မှ ထည့်လေ့ရှိရာ အချို့ဘုန်းကြီးများကမူကား ''ဟေ့ဒကာ၊ ထည့်မလား၊ မထည့်ဘူလား ပြောကွာ။ ငါ့ကိုတော့ ညာမနေနဲ့'' စသည်ဖြင့်ကြိမ်းမောင်းပြောတတ်ကြ၏။ အနိုင်ကျင့်သောဝါဒကို လက်မလွှတ်ကြ။

တခါက ကျွန်ုပ်တို့သတင်းစာတိုက်ပိုင်ရှင် ဦးတင်ရော အယ်ဒီတာ ဦးဘသန်းပါ ထောင်ထဲသို့ရောက်နေပြီး ဦးတင်မှာလူသတ်ရန် ကူညီ အားပေး

မှုနှင့် စစ်ဆေးခြင်း ခံနေရဆဲရှိ၏။ ထိုအချိန်တွင် သာပေါင်းညာစား နိုင်ငံရေး ယောင်ယောင် လူအချို့က ကျွန်ုပ်တို့ထံသို့တခါမျှ မလာရဲဘဲ အလွန်ရိုးဖြောင့်၍ သတ္တိရှိသောမိတ်ဆွေများသာ ဝင်ထွက်ကူညီလျက် ရှိကြ၏။

တခါမျှပင် ကြွမလာဘူးသော ဆရာတော်ဦးဥတ္တမသည် ဟိန္ဒူဘုန်းကြီးမဒန်ဂျစ်နှင့် အတူ ကြွလာပြီး ကျွန်တော်နှင့် စကားစမြည်ပြောဆို၏။ ထိုသို့ပြောဆိုပြီးလျှင် သတင်းစာ တစ်မျက်နှာစာမျှရှိသော ဆောင်းပါး တစ်စောင်ကို ကျွန်တော့်အား ထုတ်ပေး၍ ကျွန်တော်ဖတ် ကြည့်နေစဉ် ထိုင်လျက်ပင် စောင့်နေ၏။

ထိုအခါ ရာဇဝတ်မှုကြီးဖြစ်နေသည့် အတွင်းဖြစ်နေ၍ အမှုနှင့်စပ်လျဉ်းပြီး မနစ်နာစေရန် ဆောင်းပါးသတင်းစသည်တို့ကို ကြပ်ကြပ်မတ်မတ် စစ်ဆေးကြည့်ရှုရသော အချိန်အခါဖြစ်နေသည်။

ဆောင်းပါးမှာလေပြေလေအေးကလေးဖြင့်အမျိုးသားတို့၏ နှလုံးသည်းပွတ်ကို ဆွဲဆောင်ရေးသားထားသော ဆောင်းပါးမျှသာဖြစ်သည်။

အဆုံးသတ်တပုဒ်ကျမှ “ငါတို့အမျိုးသားတပ်ဦးမှ အမှုထမ်းလျက်ရှိသော ရဲဘော်စစ် “ပညာ့အလင်း”သတင်းစာကား ယခုအခါ ဘေးဥပါဒ်တွေ့လျက်ရှိနေပြီ။ ငါတို့ ထိုရဲဘော် “ပညာ့အလင်း”ကို လစ်လျူရှု မထားသင့်”ဟု နှိုးဆော်စကားလေးတပုဒ်ပါ၏။

ကျွန်ုပ်ဖတ်ပြီးသော့အခါ ဆရာတော်က ဘယ့်နှယ်လဲ ထည့်မလားဟု ညင်သာစွာပင်မေး၏။

ကျွန်ုပ်က ထည့်ပါမယ်ဘုရားဟု လျှောက်ထားသောအခါမှ ပြန်ကြွသွားတော်မူသည်။ ထိုအခါမှ ဆရာတော်၏စိတ်မှာ အတော်ပင် နှုးညံ့သိမ်မွေ့ပါပေသည်ဟု ချီးကျူးမိပါ၏။ ရာဇဝတ်မှုတွေပြီးပြတ်၍ ဦးတင်နှင့် ဦးဘသန်း (လောကပါလ) တို့လွတ်မြောက်လာသောအခါ ဝံသာနု အသင်းတွေက ဝိုင်းဝန်းကူညီထောက်ပံ့သော ရံပုံငွေ ၁၃၀၀၀ မျှ ပညာ့အလင်းက ရရှိလိုက်၏။ ကျွန်ုပ်တို့ ဗမာလူမျိုးတို့၏ သဒ္ဒါရှိရှိနှင့် ဆောင်ရွက်မှုကလေးများ ထင်ရှားလှ၏။

ဘာလမ်းစဉ်၊ ညာလမ်းစဉ်စသည်ဖြင့် စည်းရုံးရေးကို ဘယ်သို့ ဘယ်ညာ သွယ်ဝိုက်ဟောပြောကြစေကာမူ ကမ္ဘာ၌တည်တံ့နေကြသော လူတော်ထိပ်သီး ခေါင်းဆောင်ကြီးတို့၌ရှိခဲ့သော အရည်အချင်းတခုမှာ အများအတွက်ဖြစ်စေ၊ တိုင်းပြည်အတွက်ဖြစ်စေ၊ မိမိကိုယ်ကျိုးကိုစွန့်လွှတ်မှုတရပ်သာဖြစ်သည်မှာ ထင်ရှား၏။ ထိုသို့စွန့်လွှတ်ရုံနှင့် အရည်အချင်း ပြည့်ဝပြီဟူ၍မဆိုရသေး။ ကိုယ်တိုင်က ပညာရှိတို့၏ ကျင့်ဝတ္တရားမှ ဖောက်လွှဲဖောက်ပြန် ကျင့်ကြံတတ်ပြန်ကလည်း ဂုဏ်တင်လောက်သော ခေါင်းဆောင်အဖြစ်သို့မရောက်မီ ဆုတ်ယုတ်ပျက်ပြားခြင်းနှင့် တွေ့ကြုံတတ်၏။ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ပညာရှိဟုခေါ်ဝေါ်သနည်း။ ဘာသာမျိုးစုံတတ်သူ (သို့မဟုတ်) ကျမ်းအစောင်စောင်ကို ခြောက်ခြားနိုင်သူကို ပညာရှိဟူ၍မဆိုသေး။ ကိုယ်ကျင့်တရားကိုမူတည်လျှက် ပညာရှိဟူ၍ နီတိကျမ်းဆရာတို့က ခေါ်ဆိုကြပေသည်။

ဆရာတော်ဦးဥတ္တမ၏ ကိုယ်ကျင့်တရားတွင် မြင့်မြတ်သော ကိုယ်ကျင့်တရားနှင့် ပညာရှိအင်္ဂါမြောက် ဆောက်တည်ကျင့်သုံးခြင်းရှိ၏။ နိုင်ငံရေး၌သူတဖက်သား (သို့မဟုတ်)အများကို နစ်နာစေပြီးမှ မိမိအတွက်အကျိုးရောက်မည်ဆိုသော လမ်းစဉ်မျိုးကား လုံးဝမှောက်မှားသော လမ်းစဉ်သာဖြစ်သည်။

ဆရာတော်ဦးဥတ္တမ၏ ကျင့်ရိုးလမ်းစဉ်မှန်ကို လေ့လာခြင်းဖြင့် ကျွန်ုပ်တို့တိုင်းပြည်၏ ရှေ့လမ်းစဉ်ကို မမှားအောင် ဂရုပြုလျှက် အကျိုးကျေးဇူးဖြစ်ထွန်း တိုးပွါးမည်ဟူ၍ ယုံကြည်ထိုက်ပေသည်။

## အခန်း (၄)
## ဆရာတော်၏ နိုင်ငံရေးရာအယူအဆများ

ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံးသော ဒီမိုကရေစီ ဟုမွရူး အုပ်ချုပ်ရေးကို ကျွန်ုပ်တို့ဗမာကလည်း အင်္ဂလိပ်အစိုးရထံတွင် ဇွတ်အတင်း မရမနေတောင်းနေခဲ့ပြီ။ ယင်းသို့ တောင်းသည့်အပြင်လည်း အင်္ဂလိပ်အစိုးရတို့

မပေးမနေနိုင်ရအောင် ဘေးကြပ်နံကြပ် သတ်အမျိုးမျိုးကို ဖိနှိပ်ရိုက်သွင်းခဲ့ကြပြန်သည်။ ဤသို့ဆောင်ရွက်မှုအဝဝတွင် လေမုန်တိုင်းကဲ့သို့ ပြင်းပြထက်သန်သော စည်းရုံးခြင်းအင်အားကြီးသည် တအိအိနှင့် တောင်ပေါ်ကျရေကဲ့သို့ အဟုန်ပြင်းစွာ ပေါ်ပေါက်လာခဲ့ပြန်ပြီ။

## အင်္ဂလိပ်ပရိယာယ်

အင်္ဂလိပ်အစိုးရကသော်၄င်း၊ အင်္ဂလိပ်အစိုးရ၏ စက်ယန္တရားကိုလှည့်ပေးနေရသူ အရာရှိတို့ကသော်၄င်း ဆရာတော်ဦးဥတ္တမအား ထောင်သွင်းအကျဉ်းမထားခဲ့သော် ဤမျှစည်းရုံးမှုအင်အား အဟုန်ပြင်းပြ ထက်သန်လာမည်မဟုတ်ပေ။ ဘိလပ်သို့နှစ်ကြိမ်တိုင်တိုင် ကိုယ်စားလှယ် စေလွှတ်တောင်းဆိုလျက် အင်္ဂလိပ်အစိုးရက ဂရုမထားရှိနေရာ ဗမာလူမျိုးတို့ ထိုအချိန်က ဘာလုပ်၍ဘယ်လမ်းလိုက်ရမည်ဟုပင် မဝေဖန်နိုင်ကြပေ။ ထက်သန်လှသော ဤစည်းရုံးမှုအင်အားကို ကျွန်ုပ်တို့ထက် နိုင်ငံရေးပရိယာယ်တွင် အဆပေါင်းရာထောင်မက သာလှသော အင်္ဂလိပ်တို့က တဖန် ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲလိုက်ပြန်သည်ကို တွေ့ရသည်။ အတိတ်သည်ကား အထူးအဆန်းဟု မဆိုရစေကာမူ နိုင်ငံရေးသဘောကား ဤသို့သုတမယဉာဏ်ထားလျှင် အချည်းအနှီးမဖြစ်ပေ။ ၄င်းကား ၁၉၁၉-ခုနှစ်တွင် အိန္ဒိယသို့ ပေးအပ်သော ဒိုင်အာခီအုပ်ချုပ်ရေးနည်းစနစ်အရ ဗမာပြည်ကိုလည်း တန်းတူထား၍ အိန္ဒိယအတွင်း ပြည်နယ်ကြီးတခုအဖြစ် ပြုပြင်ပြောင်းလဲရေးကို ပေးမည်ဆိုသော ကြေငြာချက်ထွက်ပေါ်လာပြီးနောက် ၁၉၂၀-ခုနှစ်တွင် ပေးအပ်ပြီး ထိုနှစ် ဒီဇင်ဘာလတွင် ပထမရွေးကောက်ပွဲ ကျင်းပရန်ဖြစ်ပေါ်လာသည်။ ထိုအုပ်ချုပ်ရေး အထမြောက်အောင် ဆောင်ရွက်ရန်ကိုလည်း ယခင်ကလက်ဖတင်နင်ဂါဝါနာ ခေါ် ဘုရင်ခံအဖြစ် ဆောင်ရွက်သွားခဲ့ဖူးသော ဆာဟာကုတ် ဘတ္တလာအာဂါဝါနာ ဘုရင်ခံကြီးတယောက်အနေနှင့် ခန့်အပ်ပြီး ဗမာပြည်သို့ ပြန်လွှတ်သည်။

**ဆရာတော် ဦးဥတ္တမ**

## ဆာဟာကုတ်ဘတ္တလာနှင့် ဗမာပြည်

ဆဟာကုတ်ဘတ္တလာသည် ဗမာများနှင့်လွန်စွာ သင့်မြတ်သူဖြစ်၍ အိန္ဒိယသို့ပြောင်းလဲပေးသော အုပ်ချုပ်ရေးမျိုးရအောင် ဆောင်ရွက်ကြရန် အိန္ဒိယသို့အပြန် သင်္ဘောပေါ်၌လိုက်ပို့သော ဦးဘကူ၊ ဦးမေအောင်တို့ကို အကြံပေးဉာဏ်ပေး လှုံ့ဆော်ပေးခဲ့ဖူးသည့်အတွက် ထိုအခါက သူ့အား ဗမာများက တော်တော်အားကိုးအားထား ပြုခဲ့ကြသည်။ ဗမာပြည်သို့ ရောက်သောနေ့ပင် ဘတ္တလာအား ဂျူဘလီဟောတွင် လူကြီးပိုင်း လူငယ်ပိုင်းက ညှော်ခံနှုတ်ခွန်းဆက်ကြသည်။ ဘတ္တလာက စကားပြန်ပြောသည်မှာလည်း အတော်ပင်ထိရောက်သော စကားဖြစ်၏။ သူ့လက်ထက်၌ ကောင်းမကောင်း ဘေးချိတ်ပြီး သူပြောသည့်စကားများကို နည်းယူလျှင် အချည်းအနှီးမဖြစ်နိုင်ပေ။

ထိုအချိန်၌ ဒိုင်အာခီအုပ်ချုပ်ရေးကို အိန္ဒိယကလက်မခံ သပိတ်မှောက်သလို ဗမာပြည်ကလည်း မှောက်မည့်သူက ရာခိုင်နှုန်း–၉၀ မျှ ခန့်မှန်းရသည်။ ဘတ္တလာက အုပ်ချုပ်ရေးစည်းမျဉ်း ဥပဒေဆိုတာကို ကောင်းသည် မကောင်းဘူး အငြင်းပြဿနာဖယ်ထားပါ။ အုပ်ချုပ်သူကကောင်းလျှင် ပြီးတာပါဘဲဟုဆိုသည်။ ထိုစကားမှာ နက်နဲသောအဓိပ္ပါယ်ကို ဆောင်၏။ သို့သော် သူပြောသည့်အတိုင်း လုပ်မလုပ်ကိုကား ဖော်ပြလတ္တံ့သော ဦးဥတ္တမမိန်းခွန်းများအရပင် ဖြူရိုကရက်သည် ဘယ်တော့မှ ဖြူရိုကရောင်းဖြစ်မည်မဟုတ်ချေ။ ဗမာများမှာလည်းတဖက်က ဒိုင်အာခီအုပ်ချုပ်ရေးအရ ရွေးကောက်ပွဲကို ဝင်ပြီး အတွင်းပူးသတ်သင့်သည်။ အခြားတဖက်ကလည်း သပိတ်မှောက်ပြီး အင်္ဂလိပ်အစိုးရ စည်းမျဉ်းဥပဒေများကို ဗမာပြည်တွင် လိုက်နာလုပ်ဆောင်၍ မဖြစ်နိုင်အောင် နှောက်ယှက်ရမည်ဟု ဆိုသည်။

သတင်းစာတစောင်ကလည်း ကိုယ်သဘောသင့်မြတ်ရာဘက်က အားပေးကူညီလျှက် ရေးသားနေကြရာ တဖက်မှသစ္စာဖောက်၊ တဖက်မှ မျိုးဖျက်မျက်ကန်းစသဖြင့် အတော်ပင် ဆူဆူပူပူ ဖြစ်နေကြသည်။

"ဟုံး" နှင့် "ဒိုင်" အပြိုင်ချ၍ ထိုဒိုင်အာခီကို လက်ခံသင့်သည်၊ လက်မခံဘဲ ဟုမွရူးရမှ လက်ခံသင့်သည် စသည်ဖြင့် အတိုက်အခံဖြစ်ကြနေခြင်းသည်လည်း တစတစပြင်းထန်လာရာ ဗမာလူမျိုးတို့သည် မိမိတို့၏ အဓိက ပစ်ကွင်းပစ်မှတ်ကို မြှားမလွှတ်တော့ဘဲ မိမိတို့တပ်တွင်း၌ပင် အချင်းချင်း မြှားလွှတ်ပြီး အုပ်ထည့်နေကြတော့သည်။ ၁၉၂၀–ခုနှစ် ဒီဇင်ဘာတွင် ရွေးကောက်ပွဲ ပြုလုပ်တော့မည်ဖြစ်ရာ ဝင်သင့်မဝင်သင့် ဆုံးဖြတ်ရန်ဟူ၍ ၄င်းနှစ် မေလထဲတွင် ဂျူဘလီဟော၌ ပြည်လုံးကျွတ်အစည်းအဝေးကို ခေါ်ယူသည်။ ဆရာတော်ဦးဥတ္တမသည် ထိုအစည်းအဝေးတွင် မိန်းခွန်းတစ်ခု အကျယ်တဝင့် မိန့်ကြားရာ၌ အဆုံးသတ်တွင် သပိတ်မှောက်ရန်ကို တိကျပြတ်သားစွာ ပြောဆို၏။ သို့သော် ကောင်စီဝင်သောသူတို့အပေါ် အရမ်းပုတ်ခတ်စွပ်စွဲခြင်းဖြင့် မိမိတို့အကျိုးကို နစ်နာအောင် မပြုသင့်ကြောင်းဖြင့် ဩဝါဒကို အောက်ပါအတိုင်း အဓိကထား၍ မိန့်ကြားတော်မူသည်။

## ဆရာတော်၏ ဝေဖန်ချက်

အစိုးရတို့နှင့်ဆက်ဆံကျွမ်းဝင်၍ မျက်နှာလိုလားကြသောသူအများပင်ရှိသောကြောင့် ဝံသာနုအမျိုးသားတို့ ကောင်စီမဝင်သော်လည်း ကောင်စီ၌ အမတ်မရ မရှိနိုင်ဟု ဆရာတော်ကမဆိုလို။ ဖြူရိုကရက်တို့နှင့် နောက်ယှက်ကြံစည်ရသော် အကျိုးထူးတစုံတရာ ခံစားကြရပေလိမ့်မည်ဟု ရိုးဖြောင့်စွာအယူရှိသော သူများလည်းရှိကြပေသည်။ ၄င်းတို့နှင့်အပေါင်းပါ မိတ်ဆွေတို့ကဲ့သို့ပင်လျှင် တိုင်းပြည်နှင့် အမျိုးသားကို ချစ်ခင်သောသူများရှိကြပေသည်။ သို့သော် ထိုသူတို့သည် ဆွေးဆွေးနွေးနွေးဆောင်ရွက်ခြင်းကို အလိုရှိ၍ သူရဲဘောသတ္တိနည်းသောလူများဖြစ်ကြခြင်းကြောင့် ရွတ်ရွတ်ချွန်ချွန်မဆောင်ရွက်ဝံ့ကြပေ။ ထိုပုဂ္ဂိုလ်များတို့သည် စွန့်စား၍ ရွတ်ရွတ်ချွန်ချွန်ဆောင်ရွက်သူများက ရှောင်ရှား၍ပေးသောအခါမှ အသင့်သွားရောက်၍ ကျော်စောထင်ရှားစွာ ပြည်သူအများ၏ နယကဦးစီးပြုလုပ်ကြပါစေ။ သို့ရာတွင် ကာလရှည်လျားလာသောအခါ ထိုသို့သော ပုဂ္ဂိုလ်တို့သည် အစိုးရတို့

၏ ပိုက်ကွန်အတွင်းသို့ဆင်းလျက် အစိုးရတို့၏အယူအဆ သဘောမျိုး အတိုင်း ယူဆကြပေလိမ့်မည်။ ထိုပုဂ္ဂိုလ်တို့သည် ဣသရိယအာဏာဖြင့် ဖိစီးတတ်သောသူများ ဖြစ်လာပေလိမ့်မည်။ (ဤစကားမှာ နောင်သဘော ပြောင်းလဲသွားမည်ကိုသာ ပြောခြင်းဖြစ်၏။)

အမျိုးသားတို့သည် သူရသတ္တိနည်းပါးကြမှုကား ခွန်အားဗလနှင့် ပြည့်ဝသော သူတို့နှင့် ပူးပေါင်းဆောင်ရွက်သော်လည်း မုချပျက်စီးရလိမ့်မည်။ သူရသတ္တိနည်းသော အမျိုးသားတို့သည် ဗြူရိုကရက်တို့၏ ဩဇာခံအာဏာသားများ ဖြစ်ကြရပေလိမ့်မည်။ ထိုထိုပုဂ္ဂိုလ်တို့သည် မိမိတို့ရည်ရွယ်ရင်း အကြံကို စွန့်ပစ်၍ တိုင်းပြည်ရေးရာ၌ ပေလာယျ ဖြစ်နေပေလိမ့်မည်။

## တဘက်နှင့်တဘက် မေတ္တာမကင်းကြ

သာယာဝတီ၌ ဆရာစံသူပုန်ထသောအခါ အထက်မြန်မာပြည် ရွှေဘိုနယ်တွင် အကြီးအကျယ်နှိမ်နင်းခြင်းလုပ်ငန်းကို အစိုးရတို့ကပြုလုပ်၏။ ထိုအချိန်က ဆရာတော်ဦးဥတ္တမသည် စစ်ကိုင်းတွင်ရောက်ရှိနေပြီး တရားဘာဝနာ အားထုတ်နေသည်။ ကျွန်တော်မှာ ရွှေဘိုနယ်တွင် အမျိုးသား ဘဏ်တိုက်တစ်ခု၏ ဘဏ်တိုက်ခွဲ၌ မန်နေဂျာအဖြစ် ရောက်ရှိချိန်ဖြစ်၏။ ထိုဘဏ်မှာ ကျွန်ုပ်တို့ကိုယ်တိုင်အစုရှယ်ယာများ ထည့်သွင်းကြပြီး ဦးထွန်းအောင်ကျော် အမှုထား၍ ဆောင်ရွက်သော "ဘားမီးစ်နေရှင်နယ် ဘင့်ခ်လီမီတက်"ဖြစ်သည်။ ရွှေဘိုဝံသာနုဥက္ကဋ္ဌ အမတ်ဟောင်း ကွယ်လွန်သူ ဦးဘိုးထူးအိမ်နှင့် မျက်နှာချင်းဆိုင်တွင် ကျွန်တော့်အလုပ်တိုက်ရှိသည်။ အစိုးရသည် ဂေါ်ရာ စစ်တပ်တတပ်ကို ရွှေဘိုသို့ပို့၍ အသင့်ချထားပြီးလျှင် ကျွန်တော်၏ အလုပ်တိုက်၊ အသင်းဆရာတော်ကျောင်းတိုက်၊ ဦးဘိုးထူးအိမ်နှင့် စစ်ကိုင်းတွင် သီတင်းသုံးနေသော ဦးဥတ္တမ၏ကျောင်းကို တချိန်တည်းစစ်တပ်၊ ပုလိပ်တပ်နှင့်ဝိုင်းပြီး စာရွက်စာတမ်းများကို စုပေါင်းရှာဖွေ သိမ်းဆည်းလေတော့သည်။ သို့သော်လည်း ထိမိသော သူတို့လိုလားသည့် စကားတစ်ခုမျှမတွေ့ရ။ ရွှေဘိုနယ်ကျေးလက်မှ တောင်သူလယ်သမား ဝံသာနုများကို

ကား နေ့စဉ်ရာနှင့်ချီ၍ ဖမ်းဆီးလျက် အချုပ်ထောင်တွင်းသို့သွင်းနေရာ အချုပ်ထောင်မဆံ့တော့သဖြင့် ရွှေဘိုမြို့မြောက်ဘက် ဥယျာဉ်တော်ရပ်တွင် ထောင်သစ်ဆောက်ဖို့ပင် သစ်ဝါးတွေပုံထားပြီး ဖြစ်လေသည်။ ကျွန်ုပ်တို့ အိမ်တွေကိုဝိုင်းပြီး ရှာဖွေသောနေ့ကဆိုလျှင် ခင်ဦးမြို့မှ ခေါင်းဆောင်ဦးခင်နှင့် ဆိပ်ခွန်ချိပါအရာတော်မှခေါင်းဆောင်အချို့ ကျွန်တော်အိမ်သို့ရောက်နေပြီး တိုင်ပင်ကြရာ အားလုံးကပင် ကျွန်တော်ကခေါင်းဆောင်လျှင် ထကြွကြမည် ဟု ပြောဆိုတိုင်ပင် နေကြသောနေ့ဖြစ်သည်။ သို့သော် အင်းအိုင်လက်ဖွဲ့တို့ ကို ယုံစားပြီး အလဟဿ အကျိုးမဲ့အသေခံဖို့ထက် အင်းအားကို ရနိုင်သမျှ တတ်နိုင်သမျှ စုစည်းပြီး အခါကိုစောင့်ဖို့ ကျွန်တော်ကတိုက်တွန်းကာ ဆိုင်း ထားဆဲရှိ၏။ သို့သော် အစိုးရအရာရှိတို့သည် ကျွန်တော်အိမ်မှ ဧည့်သည် သုံးယောက်ကို ဆွဲသွားပြီး ထောင်ထဲထည့်ထားလိုက်သည်။

ထိုသို့ အရမ်းဖမ်းထားခြင်းခံနေရပြီး ထောင်ထဲကို ပုလိပ်က ထင်သလိုထည့်သွင်းနေခြင်းဖြင့် နယ်ဆူစ ပူစပြုလာပြီး ထိုအရေးကိစ္စကို အစိုး ရကကြည့်နေလျှင် ရွှေဘိုနယ်မှ ထကြွလာသောသူပုန်မှာ နယ်သားတို့တာ ဝန် မဟုတ်။ အရေးပိုင်နှင့် ပုလိပ်အရာရှိများ၏ မိုက်မဲမှုကြောင့်သာဖြစ်ရမည်။ ထိုအကြောင်းကို အမတ်မင်းများက ကျင်းပနေဆဲလွှတ်တော်တွင် မေးမြန်း၍ အရေးယူပေးရန် ကောင်စီလူကြီးဦးနီသို့ စာဖြင့်အကြောင်းကြားရသည်။ သူရိယသတင်းစာသို့လည်း ဆောင်းပါးနှစ်ခါသုံးခါလောက် ရေးသားပေးပို့၏။ ထိုသို့ပို့ပြီးနောက် လွှတ်တော်တွင် မေးခွန်းများ ထုတ်တော့မှပင်လျှင် ဖမ်းထားသော လူဦးရေ ၆၀၀–ကျော် ၇၀၀–ခန့်ကို လွှတ်လိုက်လေတော့ သည်။ ဤအခါ၌ပင်လျှင် ကောင်စီကိုဝင်နေကြသော အမတ်မင်းများနှင့် ကောင်စီဝင်ရန်အားပေးသော သူရိယသတင်းစာတို့သည်လည်း သပိတ်ဝံ သာနုတို့၏ အရေးပေါ်ကိစ္စများတွင် သွေးရင်းသားရင်းကဲ့သို့ သဘောထားပြီး တတ်နိုင်သော အကူအညီကိုပေးကြ၍ ဝံသာနုတို့ သက်သာခွင့်ရပေသေး သည်ဟု ချီးမွမ်းကျေးဇူးတင်ရပေသည်။

## မေတ္တာစစ်နှင့် ဒီမိုကရေစီ

ယင်းသို့ထိုအခါက နိုင်ငံရေးသမားလက်ဟောင်းကြီးများသည် တဘက်နှင့်တဘက် မေတ္တာဓါတ်ထားနိုင်ခြင်းသည် ဒီမိုကရေစီဟူသောဝါဒကို အမှန်အတိုင်း နှစ်နှစ်ကာကာ ယုံကြည်အားထားကြ၍ဖြစ်သည်ဟု သဘော ပေါက်မိ၏။ နိုင်ငံခြားရန်သူနှင့် စစ်တိုက်စရာမရှိလျှင် အင်္ဂလိပ် နန်းရင်းဝန် ချာချီနှင့် အက်တလီတို့မှာ ရန်သူများကဲ့သို့ စကားဖြင့် အမြဲစစ်ထိုးနေကြ၏။ စစ်တိုက်စရာရှိလျှင် သူတို့နှစ်ဦးမှာ ငါးခွေးရှာလို ခွာမရအောင် ပူးကပ်နေကြ သည်။ ဘယ်တိုင်းပြည်မှ သူတို့လောက်ကောင်းသော မေတ္တာစစ်ဒီမိုကရေစီ မရှိပေ။ ဆရာတော်ဦးဥတ္တမကား ၎င်းဒီမိုကရေစီဟူသော စကား၏ အနက် အဓိပ္ပါယ်ကို နှစ်နှစ်ကာကာသူကိုယ်တိုင် သဘောပေါက်သလောက်ပင် ဝံသာနုအမျိုးသားတို့ကိုလည်း သဘောပေါက်စေလိုလှကြောင်းကို ဂျူဘလီ ကွန်ဖရင့်မိန့်ခွန်းတွင် အထင်အရှားတွေ့နိုင်သည်။

ဂျူဘလီကွန်ဖရင့်ကစလျက် ၂၁–ဦးဟူ၍ ပေါ်ပေါက်လာပြီးလျှင် ဂျီ၊ စီ၊ ဘီ၊ အေ ကား ကွဲစပြုတော့၏။ လူတို့၏ သဘောအယူအဆကား ဤအ တိုင်းပင်ဖြစ်ရာ မြတ်စွာဘုရားသော်မှ သံဃာများသင်းကွဲ၍ ပါလိလေယျက တောသို့ ဝင်တော်မူရလေသည်ဖြစ်ရာ ဆရာတော်ဦးဥတ္တမကား ဘာမျှတတ် နိုင်မည် မဟုတ်ပေ။ သို့သော် ဆရာတော်ဦးဥတ္တမ၏ ညွှန်ပြရာကိုလိုက်သော သပိတ် ဂျီ၊ စီ၊ ဘီ၊ အေ ကား ဝံသာနုအသင်းပေါင်း ၄၀၀၀–ကျော်မျှ အသင်း ဆက်ကြေးပေး၍ ဆက်သွယ်ကြသည်ကို သရက်မြို့ ကွန်ဖရင့်၊ ပေါင်းတည် ကွန်ဖရင့်များ၌ ကျွန်ုပ်တို့ ကိုယ်တွေ့ပင်ဖြစ်သည်။

## ၂၁ ဦးလူကြီးစု

၂၁ ဦးလူကြီးစုမှာ ဦးဘပေ၊ ပုသိမ်ဦးဘီ၊ ဦးမောင်မောင်အုံးခိုင်၊ ဦးမောင်ကြီး(အမ်အေ)၊ ဦးဘလှိုင် (နယူး ဘားမား)၊ ဦးစိန်(မြန်မာ့အလင်း)၊ ဦးမောင်မောင်ကြီး(၄င်း)၊ ဦးသင်းမောင်၊ ဦးပု၊ ဦးလှပေ၊ ဦးလွန်း၊ ဒေါက်တာ

ဘရင်၊ ဦးထွန်းဝေ၊ ဦးစံလင်း(ပဲခူး)၊ ဦးထွန်းလှိုင်(ပဲခူး)၊ ဦးလွန်းမောင် (ညောင်လေးပင်)၊ ဦးဘဦး(မန္တလေး)၊ ဦးကိုကို(သထုံ)၊ ဦးသော်(ကမာရွတ်)၊ ဦးမောင်ကြီး(ပျော်ဘွယ်)၊ ဦးစိန်ဘ(ကျောက်ဆည်)တို့ ဖြစ်ကြပါသည်။ (ဤစာရင်းကား ဖေဖီယန်ဦးဘခိုင်ရေးသော "နိုင်ငံရေးရာဇဝင်" စာအုပ်မှ စာရင်းဖြစ်သည်။) ၎င်းတို့က ကောင်စီကိုဝင်၍ ပူးသတ်သင့်ကြောင်းနှင့် ကြေညာစာရွက်ရိုက်နှိပ် ဝေငှရာမှ တိုင်းပြည်က ၂၁-ဦးပါတီဟု ခေါ်ကြသည်။ ငါသာမှန်သည် ငါ့ထက်သာသောသူမရှိဟု သက္ကာယလွန်မင်းလျင် မည်သူမဆို မှားယွင်းနေတတ်သည်ဟုဆိုသော် ငြင်းနိုင်မည်မဟုတ်ချေ။ သတ္တုချ၍ စစ်ဆေးကြည့်ရှုလျှင် ဒီမိုကရေစီအစစ်အမှန်ကို လိုက်နာကျင့်သုံးရန်ဖြစ်ပါက ငါအမှန်ဆိုသော ဝါဒကိုထားခြင်းဖြင့် အောင်မြင်မည် မဟုတ်ပေ။

ငါဟာသာအမှန်ဆိုလျှင် အတိုက်အခံဘက်မှ ဂိုဏ်းတစ်ခုကို မချုပ် အလွဲထင်ပြီး လိုလားနိုင်တော့မည် မဟုတ်ပေ။ ဒီမိုကရေစီ စစ်စစ်ကိုလိုလေ သမာသမတ်ကျသော အတိုက်အခံဂိုဏ်းကောင်းကောင်းရှိစေရန် လိုလားအပ်လေဖြစ်သည်။ ဤနည်းသာလျှင် ရိုးဖြောင့်၍ သမာသမတ်ကျသော ဒီမိုကရေစီအနှစ်သာရကို မိမိနှင့်တကွ မိမိအမျိုးပါ ခံစားနိုင်ခွင့်ကို ရရှိစေနိုင်မည် ဖြစ်သည်။ အင်္ဂလန်မှ လေဘာပါတီအမတ်လေးဦးတို့ ၁၉၅၃-ခုနှစ် ဗမာပြည်သို့ မိတ်ဆက်လာရောက် လည်ပတ်သောအခါက ရန်ကုန်တက္ကသိုလ်တွင် စကားပြောဆိုရာ "ကျုပ်တို့အင်္ဂလန်မှာ ဗမာပြည်လို အခြေခံဥပဒေဟူ၍ ရေးဆွဲပြီးမရှိပါ။ သို့သော် အတိုက်အခံကောင်းကောင်းရှိလေ အစိုးရအဖွဲ့က ကောင်းလေစနစ်ဖြင့်သာ အင်္ဂလန်သည် တိုးတက်ခဲ့ပါသည်" ဟု ပြောသွားဖူးသည်။

အိန္ဒိယတွင် အုပ်ချုပ်သွားသော ဘုရင်ခံချုပ်လော့အာဝင်းက ရှိထရီအသင်း၌ စကားတခါ ပြောဆိုဖူးသည်မှာ "ကျွန်ုပ်တို့အစိုးရဟာ လက်ဝါးကြီးအုပ်ပြီး မိုက်မဲနေသူများ မဟုတ်သလို တဘက်မှ အတိုက်အခံတွေကတော့ လူ့အသိဉာဏ်အားလုံးကို လက်ဝါးကြီးအုပ် ခံယူပြီးတော့ လိမ္မာနေကြသူများ မဖြစ်နိုင်ပါ။ ဘယ်သူမဆို ပုထုဇဉ်တို့သဘာဝအားဖြင့် ချွတ်ချော်တိမ်းပါးမှုကလေးတွေတော့ ရှိကြရစမြဲ ဓမ္မတာပါခင်ဗျား။ သို့အတွက် ဘယ်သူမဆို

သိမ်းကျုံး အပြစ်ဆိုပြောနေကြမည့်အစား လုပ်ဆောင်နေဆဲ အလုပ်အပေါ်တွင်သာ သင့်တော်၏ မသင့်တော်၏ဆိုသည်ကို အကျိုးအကြောင်း ပြသ ဝေဖန်ပိုင်းခြားခြင်းဖြင့် နှစ်ဦးနှစ်ဘက်က အမှန်ကိုရောက်သည်ထက် ရောက်အောင် ချီတက်ကြမည်ဆိုလျှင် အိန္ဒိယ၏ တိုးတက်မှုခရီးလမ်းဟာ ဖြောင့်စင်းနေစရာ ရှိပါသည်" ဟူ၍ ပြောဖူးလေသည်။ ဒီမိုကရေစီကိုကြိုက်လေ ဒီမိုကရေစီအောင်မြင်ကြီးထွားမှုကို လိုလေလေ ဝေဖန်ခြင်းကို နာခံလေလေ ရှိစေရမည်။ တဖက်က ခရေစေ့တွင်းကျ ဝေဖန်ခြင်းကိုခံရသဖြင့် အခြားတဖက်က ဝေဖန်ခြင်းထက် ပို၍ကောင်းအောင် ကြိုးစားလာပေလိမ့်မည်။

အင်္ဂလိပ်ပညာရှိအမတ်ကြီး လော့ဇက်တလင်းက အိန္ဒိယသို့ လာပြီးနောက် ဗုဒ္ဓဘာသာစာပေတို့ကို လေ့လာပြီးလျှင် ထုတ်ဖော်ရေးသားလိုက်သည်မှာ ကျွန်ုပ်တို့အင်္ဂလိပ်နှင့် ဥရောပတိုက်များ၌ ယခုလောလောဆယ် အလွန်ယဉ်ကျေးသိမ်မွေ့ပါသည်ဟူ၍ လိုက်နာကျင့်သုံးနေသော ဒီမိုကရေစီ၏ အနှစ်သာရများကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀–ကျော်က ပွင့်တော်မူသော ဂေါတမမြတ်စွာဘုရားသည်ကား အံ့ဖွယ်ဖြစ်သည်" ဟူ၍ပင် ရေးသားထားသည်။

သို့ဖြစ်ရာ ဂျီ ၊ စီ ၊ ဘီ ၊ အေ ကွဲစည်အခါကပင် ကောင်စီဝင်သင့်မဝင်သင့်ဟူသော ပြဿနာတရပ်ကြောင့် တဖက်သတ် ပြင်းပြင်းထန်ထန် ပုဂ္ဂလဒိဋ္ဌာန်ဖြင့် ရှုံ့ချခြင်းမျိုးကို ဆရာတော်သည်နှစ်သက်တော် မမူဘဲ ကောင်စီဝင်၍ အကျိုးမရှိကြောင်း မိမိ၏ထင်မြင်ချက်ကို တိတိကျကျ ပြောဆိုဝေဖန်တော်မူသော်လည်း တဘက်နှင့်တဘက် ဝိဝါဒကိုဦးတည်၍ အရမ်းပုတ်ခတ်စွပ်စွဲ ဆဲရေးကြခြင်းကို ရှောင်ရှားဖို့ ၁၂၈၄–ခုနှစ် ဂျူပလီဟော အစည်းအဝေး၌ အကျယ်တဝင့် ဟောတော်မူသည်။ (၄င်းမိန့်ခွန်း အစအဆုံးကို နောက်ဆက်တွဲ၌ ဖော်ပြထားပါသည်။)

# ဒီပဲရင်းဝန်ထောက်ဦးမြနှင့် ဦးဥတ္တမ

ဆရာတော်ဦးဥတ္တမ မအူပင်တွင် ၁၂၈၂–ခုနှစ်၊ ထောင်ကျပြီးသည့် နောက်မှ ဝံသာနုအသင်းတို့သည် အလွန်တိုးတက်ကြီးမားလာခဲ့ရာ မန္တလေး မြို့တွင် (၆) ကြိမ်မြောက်ကျင်းပသော ၁၂၈၃–ခုနှစ်၊ ဂျီစီဘီအေ ကွန်ဖရင့်ကြီး၌ မကြုံဖူးအောင်များပြားသော ပရိသတ်ကို ကျွန်ုပ်တို့တွေ့ခဲ့ရသည်။ (၈) ကြိမ် မြောက် ပြည်မြို့တွင် ကျင်းပသောကွန်ဖရင့်ကိုလည်း ရောက်ခဲ့ဖူး၏။ ထိုမျှ မများပေ။ မန္တလေး၌ ပရိသတ်ကိုယ်စားလှယ်ရော ဧည့်သည်ပါ တစ်သိန်း ကျော်သည်ဟု ခန့်မှန်းရသည်။

လူထုပရိသတ်၏ စိတ်ဆန္ဒများလည်း လွတ်လပ်ရေးအတွက် ပြင်းထန်လာလေရာ အုပ်စိုးသူအင်္ဂလိပ်တို့နှင့် ဆန့်ကျင်ရမည့်ကိစ္စတို့တွင် အထူးစိတ်ထက်သန်လျက်ရှိပြီး ထိုကွန်ဖရင့်အစည်းအဝေးမှ တိုင်းခမ်းလှည့် လည်လာသောဝေလမင်းသားကို သပိတ်မှောက်ရန် တသံတည်းပင် ဆုံးဖြတ် ကြသည်။ ဟုမ္မရူးခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးထက်လျော့၍ မည်သည့် အုပ်ချုပ် ရေးကိုမျှ လက်မခံဟုပင် ဆုံးဖြတ်ခဲ့ကြသည်။

ထိုကွန်ဖရင့်၌ ဒီပဲရင်းဝန်ထောက် နေမျိုးသီရိကျော်ထင် မြန်မာ မင်းလက်ထက် ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်ကြီးက နာယကအဖြစ်ဆောင်ရွက်၏။ ထိုပုဂ္ဂိုလ်၏ မိန့်ခွန်းတွင် ဆရာတော်ဦးဥတ္တမ၏ဂုဏ်ကျေးဇူးတို့ကို အောက်ပါ အတိုင်း ထည့်သွင်းပြောဆိုလေသည်။ ၁၂၈၄–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅–ရက် နေ့ထုတ် "နေပြည်တော်ဂျာနယ်" ၌ "ရေးစကားဟောင်း" ဟူ၍ ဖော်ပြပါရှိ၏။

# ဉာဏ်လိုအခါဇာနည်မျိုး ရှာမှရှားမည်

"ယခုအစည်းအဝေးသို့ လာကြကုန်သော ကျွန်ုပ်တို့အားလုံး ကိုယ်စီကိုယ်ငှစိတ်တွင် ယူကျုံးမရ ပူးဆွေးနေကြရသော ကိစ္စတခုမှာ မြန်မာ ပြည်အတွက် မိမိ၏ကာယသုခကို မငဲ့ကွက်မူ၍ ထောင်တွင်းသွင်း၍ အကျဉ်း

ထားခြင်းခံနေရရှာသော ကျွန်ုပ်တို့၏ကိုးကွယ်ရာ ဆရာတော်ဦးဥတ္တမ၏ အမှုပေတည်း။ အမျိုးသားတို့၏ အကျိုးငှာ မိမိကိုယ်တိုင် ဖြောင့်သည်၊ တရားသည်ဟု ထင်မြင်သဘောရသော တောင့်တချက်များကို ရရာရကြောင်းကောင်းစွာ အားထုတ်ဆောင်ရွက်သောအခါ၌ သာမညကာယိကဒုက္ခကိုမဆိုထားဘိအံ့၊ မိမိအသက်ကိုပင် ငဲ့ကွက်ခြင်းမရှိဘဲ ရှုတ်ရှုတ်ချွန်ချွန် စွန့်စားနိုင်သော အာဇာနည်မျိုးကို စင်စစ်ကေန်အမှန်ပင် တွေ့ကြုံနိုင်ခဲမျှ ဖြစ်လေသည်။ မိမိအကျိုး စိုးစဉ်းမျှမပါမူ၍ တိုင်းပြည်အတွက် သက်သက်ကြိုးပမ်းဆောင်ရွက်ရာ၌ ဆရာတော်ဦးဥတ္တမသည် အတုယူ နည်းမှီလောက်သောဘုန်းကြီးတစ်ပါးပင် ဖြစ်ပေသည်။ ဤကဲ့သို့ စိတ်နေသဘောထားမျိုး အကျင့်စာရိတ္တမျိုးရှိသော်လည်း အစိုးရ၏အပြစ်ဒဏ်ကို ရရာရကြောင်း လမ်းတစ်ခုသဖွယ်ဖြစ်ရခြင်းသည် ကျွန်ုပ်တို့၏ မကောင်းကံကြမ္မာ ဖန်တီးခြင်းပင် ဖြစ်ချေသည်။ သို့ရာတွင် ဤကဲ့သို့ဆင်းရဲဒုက္ခနှင့် ခေတ္တခဏ ကြုံကြိုက်ရခြင်းသည် ဝမ်းနည်းဖွယ်မဟုတ်။ ကျွန်ုပ်တို့များစွာ လိုလားတောင့်တအပ်သော လွတ်လပ်ရေးတည်းဟူသော ဆုလာဘ်ကြီးကို သာ၍ပင် နီးကပ်ရာနီးကပ်ကြောင်း အားတက်ဖွယ်နိမိတ်ကောင်းများပင် ဖြစ်သည်ဟု ယူဆရန် သင့်ပေသည်”

၄င်းနောက် ၁၀–ကြိမ်မြောက် ဂျီ၊ စီ၊ ဘီ၊ အေ ကွန်ဖရင့်ကို သရက်မြို့၌ ကျင်းပသည့် ထိုအချိန်တွင် ကွဲစပြုလာသည်။ “ဒိုင်” နှင့် “ဟုံး” သည် ထိုကွန်ဖရင့်တွင် အပြတ်အသတ်ပင် ကွဲကြတော့သည်။ ၁၉၂၄–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆၊ ၇၊ ၈ ရက်နေ့များ၌ ကျင်းပခဲ့သည်။ သံဃသ မဂ္ဂီအဖွဲ့ချုပ်၏ဥက္ကဋ္ဌ ဗားမဲ့ဆရာတော်သည်လည်း ထိုကွန်ဖရင့်သို့ ကြွရောက်၍အားပေး၏။ ထိုအစည်းအဝေးတွင် ဦးဥတ္တမကိုယ်တော်တိုင် ကြွရောက်ပါလိမ့်မည်ဟု ဥက္ကဋ္ဌဦးချစ်လှိုင် လက်မှတ်နှင့်ဖိတ်စာကိုဝေ၍ ထောင်ကျစဉ်အခါကစ၍ ဖွင့်လှစ်ကောက်ခံခဲ့သော ဦးဥတ္တမအတွက် ရန်ပုံငွေမှာ တိုင်းပြည်က စေတနာ ထက်သန်စွာဖြင့်ပင် ထည့်ဝင်လှူဒါန်းရရှိသဖြင့် ဆရာတော်ဦးဥတ္တမအား လက်လွှဲပေးအပ်ဖို့ ဆုံးဖြတ်ကြသည်။

# ဦးချစ်လှိုင်နှင့် ဦးဥတ္တမ

ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်သော ဦးချစ်လှိုင်၏ မိန့်ခွန်းစကားတွင် ဆရာတော်ဦးဥတ္တမ၏ ဂုဏ်ကျေးဇူးကို အောက်ပါအတိုင်းမြွက်ဆိုခဲ့သည်။

“ယခု ကျွန်ုပ်တို့အလယ်သို့ အရှင်ဦးဥတ္တမကိုယ်တော်ကြီး ကိုယ်တိုင်ကြွရောက်ရပ်တော်မူလျက် ရှိခဲ့လေပြီ။ ထိုအရှင်သည် အတ္တဟိတ တည်းဟူသော ကိုယ်ကျိုးစီးပွားကို တံထွေးပေါက်ကဲ့သို့ မှတ်ထင်စွန့်ပစ်တော်မူပြီးမှ ပရဟိတတည်းဟူသော ပြည်သူအမျိုးသားအရေးကိုတွေး၍ စိမ့်စိမ့်ခြိမ့်ခြိမ့် လှုံ့ဆော် ဆောင်ရွက်တော်မူခြင်းကြောင့် မွန်မြန်မာအမျိုးသားတို့၏ စိတ်နေအာသီသသည်ကား ရေးကနှင့်မတူ အမူပြောင်းရွှေ့ ရှေ့ရေးတွင်သာ ပဒုမ္မာကြာလွှာဝတ်မှုံတို့သည် နေအာရုဏ်တန်ခိုးဖြင့် ပွင့်ဖြိုးသန်စွမ်း လန်းလန်းစွင့်စွင့်ရှိသည့် အမူအရာ ဆင့်ကာဆင့်ကာ သာ၍သာ၍ပင် လျင်လျင် ကွန့်မြူးခြင်းရှိလေသည်။

ထိုအရှင်ဦးဥတ္တမ၏ ထောင်ဒါဏ်အကျဉ်းခံခြင်းတည်းဟူသော ဒုက္ခစရိယာကြောင့် အမျိုးသား ကြီးပွားချမ်းသာရေးလုပ်ငန်းသည် လျှမ်းသည်ထက်လျှမ်း ကျန်းကျန်းခိုင်မာလျက် ဆောလျင်မကြာ အောင်ရမည့် အခြေဟု သူသူငါငါတို့က အားကျမခံ စိတ်မာန်တက်ကြွ ရှိလာကြလေပြီ။”

ဆရာတော်သည် ဤသို့လျှင်တတိုင်းပြည်လုံး၏ ဥက္ကဋ္ဌနာယက တို့က လေးစားသမှု ဂရုပြုအားကိုးခြင်း ခံခဲ့ကြရလေသည်။

ဂျူပလီဟော၌ ပြောခဲ့ပြီးနောက် ဆရာတော်ဦးဥတ္တမသည် မန္တလေးမြို့မှပင့်ဆောင်၍ ကြွတော်မူသည်။ ဝါခေါင်လဆန်း ၅–ရက်နေ့ မန္တလေးမြို့အိမ်တော်ရာ ဘုရားအတွင်း ၉ ခန်းဇရပ်တွင် အိန္ဒိယ ကွန်ဂရက်အသင်း၊ မူဆလင် ခီလာဖက်အသင်း၊ တရုတ်ဗုဒ္ဓဘာသာအသင်းနှင့် ရဟန်းပရိသတ်၊ လူပရိသတ်တို့က သြဘာစာဖတ်ကြားခြင်းကို ခံယူပြီးလျှင် ပြန်လည်ပြောကြားသော မိန့်ခွန်းစကားမှ ထုတ်နုတ်ချက်မှာ အောက်ပါအတိုင်းဖြစ်၏။

"ရဟန်းတော်အရှင်မြတ်များနှင့် ဒါယကာ၊ ဒါယကာမအပေါင်းတို့၊ ဆရာတော်သည်မန္တလေးမြို့သို့ ဝါခေါင်လဆန်း ၁–ရက်နေ့တွင် ရောက်လာစဉ်က မြို့ကြီးသူမြို့ကြီးသားနှင့် သာကီနွယ်ဝင်အရှင်ရဟန်းတို့ပါ မကြုံစဖူး အထူးတလည် ခရီဦးကြိုဆိုကြသည်ကို ပြန်၍ဆပ်ရန် မကုန်နိုင်လောက်အောင် ကျေးဇူးကြီးလှပါသည်။"

"ရန်ကုန်မြို့ကထွက်လာစဉ်က ဤကဲ့သို့ ပြိုင်ဘက်မရှိလောက်သော သဒ္ဓါတရားမျိုးဖြင့် အမိမြန်မာပြည်ကြီး၏ ရှေးဟောင်းရာဇဌာနေ မင်းနေပြည်တော်မှ မရေတွက်နိုင်သော ပြည်သူတို့သည် စရိတ်ကြေးငွေ အမြောက်အမြား အကုန်အကျခံလျက် ယခုလောက် ဒုက္ခများစွာ ရောက်ရမည်ကို စိတ်ကူးမျှ မထည့်မိပါကြောင်း။"

"ယခုကြွရောက်လာသော မင်းပရိသတ်တို့တွင် မင်းဆွေမျိုးရိုး လူမျိုးဆက်နွယ်ဟောင်းတို့၏ သားမြေးများ ပါဝင်ကြလိမ့်မည်ဖြစ်ပါကြောင်း။ ဦးပဥ္စင်းသည်လည်း ရန်ကုန်မြို့အနီး ကမာရွတ်၌ ထင်ရှားကျော်ဇောသော စစ်သူကြီး ၃–ဦးတို့၏ ခံတပ်တည်ရာ တပ်ကုန်းဟူသော အမည်ဟောင်း နေရာတွင် တည်ဆောက်ထားသော ကျောင်းတွင်းမှ လာရောက်ရပါသည်။ ၄င်းခံတပ်ဟောင်းနေရာတွင် ခံတပ်ရင်တား အဟောင်းအမြင်းတို့၏ အစအနများ ဘာမျှမရှိတော့ဘဲ ရဟန်းကျောင်းသာ ရှိနေပါ၍ ထိုသူရသတ္တိနှင့် ပြည့်စုံသော စစ်သူကြီးဟောင်းတို့၏ တည်ရာဌာနတို့နှင့် သူရဲကောင်း သတ္တိကောင်းတို့သည်လည်း ၄င်းခံတပ်တို့နှင့်အတူ မြန်မာလူမျိုးတို့၏ စိတ်တွင် ကင်းရှင်းပျောက်ကွယ်သွားပါကြောင်း။"

"ယနေ့တွင် မြန်မာတို့အား မိမိအရေးအရာတို့ကို ကိုယ်တိုင် စီမံခန့်ခွဲရန် မသင့်လျော်သေးသော လူမျိုးညံ့ဟု အမှတ်ပြုထားပါသဖြင့် အမျိုးပျက်ပြီးလာသော မြို့သူမြို့သားတို့သည် ရှိုက်ကြီးတငင် ငိုယိုရန်သာ ရှိတော့ပါကြောင်း။ ထိုသို့ ငိုယိုသံကို မိမိတို့နားများမှ မပြတ်ပင်ကြားရဖန်များ၍ မိမိကိုယ်တိုင်ပင် စွပ်စွဲကြသည့်အတိုင်း မသင့်မြတ်သော လူမျိုးညံ့ပင် ဖြစ်တန်ရာသည်ဟု ထင်မှတ်စ ပြုလာကြပါကြောင်း။ လောကဓာတ်ပညာတွင် စိတ်ညို့သော အတတ်တစ်ခုရှိသည်ဟု ကြားဖူးပါသည်။ ၄င်းစိတ်ညို့သော

အတတ်ဖြင့် လိုရာကို အကြိမ်ပေါင်းများစွာ ကြားနာနေရသောအခါ မိမိတို့ အတိတ်အရေးကို မေ့လျော့လျက်သွားပါကြောင်း။ မြန်မာလူမျိုးတို့အား မသင့်လျော် မလျောက်ပတ်သေးဟု အခေါ်ခံရပြီး ပညာဗဟုသုတမရှိဟု ဆိုကြလေပြီ။ ဘုန်းတော်ကြီးများသြဇာကိုသာ အရာရာမှာခံယူသည်ဟု ကဲ့ရဲ့ကြလေပြီ။ ရိုင်းစိုင်းသည်ဟု ပြောကြားကြလေပြီ။ စိတ်ညို့သော ပညာမျိုးဖြင့် ၎င်းတို့ဆိုသမျှသည် အမှန်သာဖြစ်သည်ဟု ထင်မှတ်စပြုလာကြပါကြောင်း။”

“ထပ်မံ၍ပြောရန်မှာ မြန်မာလူမျိုးဖြစ်နေကြောင်းကို မေ့လျော့စေ၍ ဘယ်အခါမှ တဖန်ပြန်မရနိုင်သော ဘိုးဘွားမိဘတို့ ခံစားခဲ့ကြသော စည်းစိမ်ချမ်းသာနှင့် ကြွယ်ဝပေါများခြင်းတို့ကို မမှန်းဆတတ်ကြလေပြီ။ ဘိုးဘွား မိဘတို့ ပိုင်ဆိုင်ခံစားခဲ့ကြသော မြင့်မြတ်ကြီးမားသော လောကီ လောကုတ္တရာ အတတ်ပညာတို့ကို သင်ကြားနိုင်စွမ်းသည် ဟူသမျှတို့ကိုလည်း ဆုံးရှုံးကြရလေပြီ ဖြစ်ပါကြောင်း။”

## မြန်မာ့ဦးစီးခေါင်းဆောင်များ

“စာသင်ကျောင်းတို့၌၎င်း၊ အင်္ဂလိပ်တို့ရေးသားသော သတင်းစာတို့၌၎င်း၊ ကျွန်စိတ်ရောက်နေသော မြန်မာသတင်းစာတို့၌ မြန်မာဘုရင်တို့အား ရိုင်းစိုင်းရက်စက်သည်ဟု ပြောဆိုကြသည်တို့ကို နေ့စဉ်ပင်ကြားရစေကာမူ ကြမ်းကြုတ်ရက်စက်ကြောင်း စံနမူနာအနည်းငယ်ရှိမည် ဖြစ်သော်လည်း မုချသိကြရသည်မှာ အများဆုံးသော မြန်မာမင်းကောရာဇ်တို့သည် ပုထုစဉ်ဖြစ်ကြသည့်အတိုင်း မှားယွင်းပါသော်လည်း မြန်မာလူမျိုးရင်းမှ ပေါက်ဖွားလျက် မြန်မာတို့အလယ်တွင် ကြီးပြင်းရ၍ မည်မျှလောက် မှားယွင်းချွတ်ချော်စေကာမူ မြန်မာမျိုးရိုး ဇာတိဖြစ်ပြီးလျှင် မြန်မာတို့အကြောင်းကို ကောင်းစွာ သိကျွမ်းနားလည်ကြပါကြောင်း ထိုဘုရင်တို့လက်အောက်တွင် မြန်မာလူမျိုးတို့သည် ကြီးမားသော ဦးစီးခေါင်းဆောင်တို့ဖြစ်ပါသည်။ မြန်မာလူမျိုးတို့အား မာန်တက်ကြွစေလျက် အကြံအဉာဏ်ကောင်းစေသည်။

ထိုမင်းတို့လက်အောက်တွင် မြန်မာလူမျိုးတို့သည် မှူးကြီးမတ်ရာ သေနာပတိ ဖြစ်ကြပါ သည်။ မြန်မာတို့သည် စစ်ဘုရင်စစ်သူကြီးများ ဖြစ်ကြပါသည်။ အထွဋ်အထိပ်ဆုံးမှာ မြန်မာတို့သည် တတီးတနန်းစံ လုံးဝလွတ်လပ်ခြင်း အင်ဒီပင်းဒင့်ကို ရကြပါသည်။ မြန်မာတို့မှာ မိမိတို့ပိုင် စွမ်းရည်သတ္တိ ရှိကြသည့်အတိုင်း မြန်မာဘုရင်တို့လက်အောက်တွင် မြန်မာတို့သည် ယခုနေရသည်ထက်သာ၍ လူချင်းတူသောအဖြစ်ကို ရကြပါကြောင်း။ ယနေ့မြန်မာတို့ ဖြစ်ပျက်ရပုံကား လူမျိုးကွဲဖြူရိုကရက်တို့ လက်အောက်တွင် အလုံးစုံ ကျွန်ဖြစ်လျက်နေပါ၍ မြန်မာတို့သည် လူမျိုးဖြစ်ရသော စွမ်းရည်သတ္တိမှ ကွယ်ပျောက်နေသောကြောင့် စစ်သူကြီးများ ဖြစ်လာနိုင်ရန် မထင်မြင်နိုင်လေတော့ပြီ။ မြန်မာတို့၏ ရာဇဌါနေ မင်းနေပြည်တော်ဖြစ်သော ရွှေမြို့တော်ကြီးပင်လျှင် ယခုအခါ တံလျှပ်သဘွယ် မြို့မမယ်ကလေး ဖြစ်၍နေပေသည်။

“လွန်လေပြီးသော ရှေ့ဟောင်းနောက်ဖြစ်တို့ကို အသစ်ပြန်၍ မတွေးတောလိုဘဲ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော ကံကြမ္မာတို့၏ အကြောင်းကို ယုံကြည်ကြသည့်အတိုင်း လူမျိုးတမျိုးမှာလည်း ထိခိုက်ပါလိမ့်မည်။ ဝမ်းနည်းဖွယ်အတိတ်အရေးကို မေ့ပျောက်စေကြပြီးလျှင် အနာဂါတ်အရေးနှင့် သားစဉ်မြေးဆက်တို့ကို ချီးမြှင့်ထောက်ပံ့ကြရန် သားချင်း ရင်းချာကဲ့သို့ မြန်မာတို့ စည်းလုံးပေါင်းသင်းကြရပါမည်။ အုပ်စိုးသူ အင်္ဂလိပ်တို့အားလည်း ညီသားအစ်ကိုကဲ့သို့ ထင်မှတ်ကြပြီးလျှင် ၄င်းတို့၏ ပူးပေါင်းဆက်ဆံခြင်းနှင့် သနားခြင်းတို့ကို မရနိုင်စေကာမူ မြန်မာတို့မှာ ကျွန်စိတ်ရောက်နေခဲ့မိ၍ ၄င်းတို့ရရှိနေသော လျစ်လျူမလေးစား မထီမဲ့မြင်ပြုခြင်းတို့ကိုမူ ချိုးဖဲ့ဖျက်ဆီးရတော့မည် ဖြစ်ပါကြောင်း။

“တလောကလုံးမှ အင်္ဂလိပ်လူမျိုးတို့သည် အတိတ်ကာလတို့၌ လွတ်လပ်ရေးကို လိုလားသည်ဟု ဝင့်ဝါခဲ့ကြသည်။ အင်္ဂလန်နိုင်ငံသည် ထကြွသောင်းကျန်းသော လူမျိုးကွဲအားလုံး၏ မိုခိုရာဒေသဖြစ်ခဲ့ပါ၍ လောလောဆယ်ဆယ်မှာ လက်ရနိုင်ငံကိုလိုလားသော လိုင်းတံပိုးတို့က အင်္ဂလန်၏ ဂုတ်သွေးကိုပင် ပြန်လှန်စုတ်သောက်၍ နေလေရကား မြန်မာတို့က မရပ်မနားအေးချမ်းစွာ မိမိတို့ပိုင်ဆိုင်သည်တို့ကို ပြန်၍ရနိုင်ရန် အားထုတ်ခြင်း

အားဖြင့် အင်္ဂလန်၏ ရှေ့စိတ်ထားဟောင်း ပြန်၍ပေါ်လာရန် ပြုစုကြပါလျှင် ၄င်းတို့နှစ်သက်လာသော လွတ်လပ်ရေးနှင့် မေတ္တာသည် မုချပေါ်ထွက်လာရမည် မှန်ပါကြောင်း။ မြန်မာပြည်၏ကံကြမ္မာအတွက် ပူဆွေး ဝမ်းနည်းမိပါသော်လည်း ဘုရား၏သားတော်ရဟန်းဖြစ်သည့်အတိုင်း အတိတ်မှဖြစ်ခဲ့သည်တို့ကို ပြင်ဆင်ရန်နှင့် တခါတည်းဖျောက်ဖျက်ရန်ရှိသည်ဟု ယုံကြည်မိပါ၍ အတိတ်ကအကြောင်းတို့ကို အပြစ်မတင်လိုဘဲ လက်ရှိပစ္စုပ္ပန် အခြေအနေကိုပင် အလုံးစုံလိုက်စားလျက် ဝမ်းမြောက်ပြီးလျှင် မြတ်စွာဘုရား၏စိတ်တော်မျိုးကို အာရုံပြုကာ သာ၍မြင့်မြတ်သောဘဝကို ရကြရန် ဂုဏ်အသရေမနိမ့်ကျသော အခြေအနေကိုရကြရန် မှန်ကန်ရာကိုသာ မြင်တတ်၍စိတ်ဆန္ဒထက်သန်ပြီးလျှင် နောက်ဆုံး၌ လိုရာကိုရကြရန် ဘုရားမြတ်စွာ၏ဩဝါဒကို လိုက်နာကြပါမူ လိုရာဆိပ်ကမ်းသို့ မနှောင်းနှေးရဘဲ လျင်မြန်စွာဆိုက်ရောက်နိုင်ပြီးလျှင် ဟုမ္မရူးကို မကြာမီအတွင်း အောင်မြင်နိုင်ပါကြောင်း။ ဦးပဋ္ဌင်းကို ချီးကျူးကြသည့်အတွက် ကျေးဇူးတင်ပါ၏။ ဦးပဋ္ဌင်းဆောင်ရွက်သည်ကို နှစ်သက်ကြသည်ကား ဦးပဋ္ဌင်းတွင် တစုံတရာ အဖိုးတန်ရှိ၍မဟုတ်ပါ။ မြန်မာတို့က စုံမက်လျှက်ရှိသည်ကို သိပါကြောင်း။ မြန်မာတို့နိုးကြားခြင်းသည် လောကကြီး၏ ပယောဂအခြေသာလျှင် အကြောင်းရင်းခံ၍ ထိုသို့နိုးကြားရာမှ ဦးပဋ္ဌင်းက တနည်းတဖုံ နိုးဆော်ရာ ကျရောက်နေပါလျှင် ဦးပဋ္ဌင်းမှာ ကျေနပ်ပြီဖြစ်ကြောင်း။ အို ပရိသတ်အပေါင်းတို့ အမိမြန်မာပြည်သည် အမျိုးသားတို့၏ အားထုတ်ခြင်းကို စောင့်ဆိုင်းလျက်နှင့် ကာယကံမြောက် မပြုစုကြပါ၍ ဖျော့တော့နေရှာပါသည်။ တချို့သော မန္တလေးသဟာယတို့က ဦးပဋ္ဌင်းကို ပြောကြသည်မှာ အနန္တ တန်ခိုးနှင့်ပြည့်စုံသော ဗြူရိုကရက်တို့ကို မည်ကဲ့သို့ စစ်ခုခံမည်နည်း။ ၄င်းတို့၏ဩဇာကို စည်းကမ်း သတ်မှတ်ပေးမည်ဖြစ်သော နိုင်ငံရေးအလုပ်အရှားကို မနှစ်သက်ပါသောကြောင့် ၄င်းတို့ကို မည်သို့ဖြေရှင်းမည်နည်းဟူ၍၄င်း၊ ဗြူရိုကရက်တို့၏ ဆန္ဒကို တရားသဖြင့်ခုခံနေကြပါသော ကျေးလက်တို့ကို ရမ်းကားစွာ အဓမ္မဖိနှိပ်ကြောင်းကို၄င်း ပြောကြရာ ၄င်းတို့သည်သိမ်ငယ်သော အနှောင့်အယှက်မျှသာဖြစ်ပြီး သက်ဦးဆံပိုင် အာဏာရှင်ကို လူတစ်ဦးတယောက်လောက်သာ နိုးကြားရုံနှင့်

ခုခံတော်လှန်၍မဖြစ်နိုင်သည့်အတိုင်း မြန်မာတမျိုးသားလုံး နိုးကြားလာသော နိမိတ်လက္ခဏာကို ထိုမိတ်ဆွေတို့သည် မြင်ကြဟန် မတူကြပါကြောင်း။

## ဘာသာကို မျိုဝါးလာခဲ့ပြီ

အစိုးရက မြန်မာပြည်မှ အခွန်တော်နှင့်ထောက်ပံ့သော နိုင်ငံခြား သာသနာအသင်းကိုပင် မြန်မာပြည်သို့ သွတ်သွင်းပါသောကြောင့် ထိုသာ သနာသစ် အာဏာအောက်သို့ ကျရောက်သော ဥပသကာတို့သည် မြန်မာ ပြည်တွင် အနည်းအများပါရှိရပါကြောင်း။ တနေရာတွင် အောက်ပါစာရင်း တို့ကို ပြထားသော ဇယားတစ်ခုကို တွေ့မြင်ရပါသည်။ “၄င်းဇယားကား မြန်မာပြည်တွင် ကျောင်းသားအရွယ် ကလေးပေါင်း ၃၇၁၀၀၀–ယောက် ရှိသည့်အနက် ၂၁၃–ယောက်တွင် တယောက်ကျဖြစ်သော ကျောင်းသား ပေါင်း ၂၈၂၈–ယောက်တို့သည် ခရစ်ယာန်ကလေးများဖြစ်ကြပါသည်။ သိပ္ပံ ကျောင်းသားပေါင်း ၇၄၇–ယောက်မျှ ရှိသည့်အနက် ၁၅၄–ယောက်မှာ ခရစ်ယာန်များ ဖြစ်ပါကြောင်း။ ၅–ယောက်လျှင် တယောက်ကျ ခရစ်ယာန် ဖြစ်နေပါသည်။ အလယ်တန်းကျောင်းသား ၁၂၇၂၅၄–ယောက်ရှိရာ ၄င်းအရေအတွက်တွင် ခရစ်ယာန် ၁၄၇၄၇–ယောက်ပါဝင်သောကြောင့် ၉ –ယောက်တွင် တစ်ယောက်ကျမှာ ခရစ်ယာန်ဖြစ်နေပါကြောင်း။

“ဤဖော်ပြပါ ဂဏန်းတို့ကြောင့် အရေးကြီးတခုဖြစ်လာသည်မှာ အလွန်ဆိုးရွားနေပါ၍ ရဟန်းတော်များ၌ ထိုအရေအတွက်တို့သည် ဓမ္မတာ အလျောက် အပူပန်သောက ရောက်ရပါကြောင်း။ ၄င်းသူငယ်တို့အား ဗုဒ္ဓ ဘာသာ သာသနာတော်သို့ ပြန်လည်ဝင်ရောက်လာစေရန်အတွက် ၄င်းတို့ ကြီးပြင်းလာသောအခါ ဗုဒ္ဓဘာသာကို နားလည်စေကြရမည်။

“ရဟန်းတော်တို့သည် မြန်မာလူမျိုးတို့ ဘေးအန္တရာယ်အတွက် အနာခံကြလျက် စစ်၏အပြင်းပြဆုံးနယ်မှ တိုက်ခိုက်ကြပါလိမ့်မည်။ ထို့ပြင် မြန်မာတို့အတွက် ရှေးအထက်ကကဲ့သို့ ပေါ်များချမ်းသာစွာနေနိုင်လျက် ဟုမ္မရူးရရန် အားထုတ်ကြပါလိမ့်မည်။ “တကာတို့– ဟုမ္မရူးရရန် ခိုင်လုံသော

လမ်းမှာ များစွာမရှုပ်ထွေးလှပါ။ ဥပသကာတို့မှာ ၎င်းနည်းလမ်းအတွက် အသနားခံလျက် ဒုက္ခရောက်ရန်များစွာမရှိပါ။ သို့ရာတွင်လူတိုင်းပင် ကိုယ်စီ ကိုယ်၄ တာဝန်ဝတ္တရားကို ဆောင်ရွက်စေလိုပါသည်။ ၎င်းအရေးတို့ကို ဆောင်ရွက်ရန် သင်္ကန်းဝါနှင့် ရဟန်းတော်များ ရှိနေကြပါ၍ ရဟန်းတော်တို့ သည် ဒိစတြိတ်တခုမှတခုသို့၊ တမြို့မှတမြို့သို့၊ တရွာမှတရွာသို့ ဒေသစာရီ လှည့်လည်ပြီး တိုင်းသူပြည်သားတို့အား တလုံးတစည်းတည်း အာဏာဖီ ဆန်ရန် ဟောပြောမည်မဟုတ်ဘဲ ရိုးရိုးနေထိုင်၍ စိတ်ရင့်သန်ရန် အားထုတ် ရမည့် နည်းလမ်းများကို လိုက်နာတတ်ကြရန် မျက်လုံးဖွင့်ပေးရုံမျှ ဟော ပြောကြမည်ဖြစ်ပါကြောင်း။ မြန်မာတို့သည် နိုင်ငံခြားအထည်အလိပ် ဟူ သမျှကို စွန့်ပစ်ရမည်။ နိုင်ငံခြားစားဘွယ်သောက်ဘွယ် နိုင်ငံခြားစည်းစိမ်တို့ သာဖြစ်သောအရာ၊ စက္ကူဆေးလိပ်စသဖြင့် အခြားမကောင်းသော အရာဟူ သမျှကို ရှောင်ကြည်ရမည်။ မြန်မာတို့သည် သီလကိုစောင့်ထိမ်း၍ အမျိုးကို ချစ်ခင်ကြလျက် အလုပ်အကိုင်ကို အားထုတ်သော လူမျိုးဖြစ်စေပြီးလျှင် ကိုယ်တိုင်လေ့လာသင်ကြားကာ အခြားလူတဦး (သို့မဟုတ်) လူတစ်မျိုးကို အားမကိုးသော လူမျိုးဖြစ်စေရမည်။ ပျတ်ဝပ်သောသဘောကို မြန်မာတို့၏ စိတ်မှ နှုတ်ပယ်ပစ်ရမည်။ အမျိုးသားပညာရေးကို အားပေးကြ၍ မွန်မြတ် သော မြန်မာတို့နှင့်ပူးပေါင်းကာ ကိုယ့်ဒူးကိုယ်ချွန်ဖြစ်စေရမည်။ မြန်မာတို့ သည် အရာရာ၌ လုံလောက်သော လူမျိုးဖြစ်စေရမည်။ အချင်းချင်း ယုံကြည် အားထားစေနိုင်ရန် ဖြောင့်မတ်စွာအားထုတ်ကြရမည်။ မြန်မာတို့သည် စွမ်း ရည်သတ္တိနှင့် ဥာဏ်ပညာရှိကြောင်း ပြသကြရမည်။ ဤမျှလောက် ကျင့် ဆောင်နိုင်ကြသောအခါ ကမ္ဘာပေါ်တွင် မည်သည့်လူမျိုးမျှ မြန်မာတို့ကို ဖိနှိပ် ထားနိုင်တော့မည် မဟုတ်ပေ။

"အာဏာဖီဆန်ခြင်းသည် စောဒကတက်ထိုက်သော ပြဿနာ မဟုတ်သည်မှာ ပထမအကြောင်းက အေးချမ်းစွာညီညွတ်ရမည်ကိုသာ ဟောပြသော ဗုဒ္ဓဘာသာ သာသနာတော်ကြောင့်၎င်း၊ ဒုတိယအကြောင်းမှာ ကမ္ဘာပေါ်တွင် တန်ခိုးအကြီးဆုံးဗြိတိသျှအင်ပါယာမှ ကြီးမားသော အင်အား ကို ဖြိုဖျက်ချိုးဖဲ့၍ အာဏာဖီဆန်ရေးကို မလုပ်ထိုက်သေးခြင်းကြောင့်၎င်း

ဖြစ်ပါသည်။ မြန်မာတို့သည် ဗြိတိသျှကိုဖြစ်စေ၊ အခြားလူမျိုးကွဲကိုဖြစ်စေ ၎င်းတို့ကို ပိုမို၍လက်ခံလိုကြပါကြောင်း။ မြန်မာတို့မှာ ရန်သူမရှိဘဲ ဗုဒ္ဓဘာသာ သာသနာတော်အတိုင်း မြေပေါ်မှ ခပ်သိမ်းသော သတ္တဝါတို့သည် ညာတိသင်္ဂဟချည်းဖြစ်ကြပါ၍ ၎င်းလူမျိုးကွဲတို့ မြန်မာပြည်သို့ဝင်လာကြသည်ကို ဝမ်းမြောက်ကြရပါလိမ့်မည်။ ၎င်းတို့အားတခုတည်းကိုသာ တောင်းဆိုလိုသည်မှာ မြန်မာတို့ကိုကျော်နင်းလျက် လွှမ်းမိုး အုပ်စိုးပြီးလျှင် မြန်မာတို့ထံမှ ခြစ်ကုတ်ယူရန် ကောင်းကင်မှစေလွှတ်ခံရသော ထာဝရဘုရား အလိုတော်အရ လူမျိုးကဲ့သို့ မြန်မာတို့ငြီးတွားသောခါ ကန်ကျောက်ခြင်းကို မပြုကြရန်ဖြစ်ကြောင်း။ ဗုဒ္ဓမြတ်စွာဘုရား၏ ဓမ္မခံတို့ကို အတုယူကြပါလျှင် မြန်မာတို့ အောင်မြင်မည်မှန်ပါကြောင်း။

“အင်္ဂလိပ်လူမျိုးတို့ကို မြန်မာလူမျိုးတို့က မြန်မာပြည်မှ နှင်ထုတ်လိုသည်မဟုတ်ပါ။ ၎င်းတို့သည် အချို့သောလမ်းတို့တွင် မြန်မာတို့ကောင်းစားရေးကို ပြုစုပျိုးထောင်ပေးပါသော်လည်း မြန်မာတို့အား များစွာသော ဒုစရိုက်တို့ကို သွတ်သွင်းပေးပါသည်။ သို့ရာတွင် ၎င်းတို့အား အမြဲနေစေလိုပါသည်။ မြန်မာတို့အလိုရှိကြသည်ကား ၎င်းတို့တွင်ရှိနေသော သြဇာကိုလျှော့ချ၍ အဓမ္မလောဘတို့ နည်းပါးစေပြီးလျှင် တရားသဖြင့်သာ နေကြစေလိုပါကြောင်း။ ၎င်းတို့သည် မြန်မာပြည်၌ ညီအစ်ကိုသူငယ်ချင်း ဂုဏ်ရည်တူကဲ့သို့ နေကြလျက် သစ္စာသမာဓိနှင့် တရားသဖြင့် အမှန်ကိုလိုက်နေကြပါလျှင် ၎င်းတို့ကို လက်ခံနိုင်ကြပါသည်။ မြန်မာပြည်ကို လက်အောက်ထားလျက် မြန်မာတို့အား ညီမျှသောအကျိုးကျေးဇူးကို မပေးသော မတရားသဖြင့် စီးပွားရှာခြင်းသဘောကို စွန့်လွှတ်ကြရန်သာ လိုလားပါသည်။ အနာဂတ် ရှက်ဆောင်ရာတွင် ဦးပဥ္ဇင်းအား ယုံကြည်ကြသည်ကို မဖေါက်မပြန် ဖြောင့်မတ် မှန်ကန်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ဦးပဥ္ဇင်းကိုယ်ကို စိတ်ချပိုင်းဖြတ်ထားမိပါ၍ ဗုဒ္ဓမြတ်စွာဘုရား၏ သားတော်ရဟန်းဖြစ်သော ဦးပဥ္ဇင်းအဖို့မှာ ခပ်သိမ်းသောလူအမျိုးမျိုးတို့သည် တထပ်တည်းတပြေးတည်း အတူတူချည်းပင်ဖြစ်ပါကြောင်း။ မြန်မာပြည်နှင့် အိန္ဒိယပြည်မှာ သားချင်းနိုင်ငံဖြစ်ကြသည့်

အတိုင်း တနိုင်ငံသည် တနိုင်ငံနှင့် ကင်းမဲ့လျက် မတည်နိုင်ဖြစ်ပါကြောင်း။ ဦးပဥ္စင်းအား ကြည်ညိုမြတ်နိုးကြ၍ လာရောက်ကြသော ပရိသတ်အပေါင်းတို့အား များစွာကျေးဇူးတင်ပါကြောင်း။”

*(မှတ်ချက်။            ။ ဖော်ပြခဲ့သော ဦးဥတ္တမ၏ ၉–ခန်းတန်ဆောင်းမိန့်ခွန်းမှာ ၁၂၈၄–ခုနှစ်ဝါခေါင်လပြည့်ကျော် ၅–ရက်နေ့ထုတ် “နေပြည်တော်ဂျာနယ်” မှ ကူးယူရရှိပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၃၂–နှစ်ကျော်က ထုတ်ဝေခဲ့သော စာအုပ်များ ဖြစ်၍ လွန်စွာမှ ရှားပါးလှပါသည်။)*

ဆရာတော်ဦးဥတ္တမသည် ဤမန္တလေးအိမ်တော်ရာ ၉–ခန်းတန်ဆောင်း၌ မိန့်ကြားရာတွင် သာသနာတော် ညှိုးမှိန်လာပုံကို ဇယားအင်းစောက်ချ၍ ပြသတော်မူသကဲ့သို့ပင် ရန်ကုန်မြို့ဂျူဘလီဟော၌ ကျင်းပသော အစည်းအဝေးမိန့်ခွန်းတွင် နိုင်ငံရေးကမ္ဘာ့ရာဇဝင်နှင့်တွဲဖက် ဟောပြောတော်မူလေသည်။

## ငါတို့၏ထင်းခွေ ရေခပ် ဘဝရောက်ရတော့မည်

“၁၂၈၄–ခုနှစ် တပေါင်းလဆန်း (၁၀)ရက်နေ့၌ ရန်ကုန်မြို့ ဂျူဘလီဟောရုံကြီးတွင် ပြည်လုံးကျွတ် အစည်းအဝေးတစ်ခုကို ကျင်းပခဲ့၏။ ဦးချစ်လှိုင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ဆရာတော်က “ဦးပဥ္စင်းတို့၏ ဂုဏ်အင်္ဂါ သီးခြားရှိခြင်းသည်လည်းကောင်း၊ ဘာသာ သာသနာတော်ကြီးသည်လည်းကောင်း၊ မြန်မာအမျိုး တည်တံ့နေခြင်းသည်လည်းကောင်း၊ ပျောက်ကွယ်တိမ်ကောခြင်းတို့ ကျရောက်ရမည်ကား မုချဖြစ်ချေသည်။” စသဖြင့် ဗမာပြည်၌အင်္ဂလိပ်တို့စီမံကိန်းတခုအရ ဒုက္ခရောက်ရတော့မည့် အကြောင်းကို ရဲရဲတောက် ဖွင့်ချတော်မူသည်။

## ဗမာပြည်၌ ကိုလိုနီထူထောင်ရန်အကြံ

“ပြဿနာကားအခြားမဟုတ်။ အင်္ဂလိပ်နယ်ချဲ့ခေါင်းရှင်တို့၏ သွေးစုတ်ဒါဏ်ကို ဝေးလံလှသော ကမ္ဘာသူ၊ ကမ္ဘာသားတို့သာ ခံရသည်မဟုတ်ဘဲ ထိုစဉ်ကပင် တန်ပြန်သဘောမျိုးဖြင့် အင်္ဂလန်နိုင်ငံတွင်ပင် ခံကြရသည်။ အင်္ဂလန်၌ အလုပ်လက်မဲ့လူဦးရေ ၂–သိန်းနှင့် ၃–သိန်းအကြားတွင် အမြဲရှိနေခဲ့သည်။ အလွန်တန်ခိုးကြီးမားလှသော ၄င်းအစိုးရတို့သည်ပင် ထိုမျှသောသူတို့ကို အလုပ်မပေးနိုင်ဖြစ်နေသည်။ သို့ဖြင့် ထိုသူတို့ကို ကိုလိုနီလက်အောက် တိုင်းပြည်များသို့ စေလွှတ်နေရာချထားပေးပြီးလျှင် သင့်တော်ရာလုပ်ငန်းဆောင်တာတို့ကို ဖွင့်ပေးဖို့စီမံကိန်းကို ဘိလပ်အစိုးရနှင့် အိန္ဒိယအစိုးရတို့က တိတ်တဆိတ်ကျိတ်၍ တိုင်ပင်ကြရာ ရာသီဥတုရေမြေအားဖြင့် အသင့်တော်ဆုံး နေရာဌါနကို ရွေးချယ်ကြ၏။ ထိုအချိန်တွင် အိန္ဒိယ ဘုရင်ခံချုပ်ကြီး လော့ချင်စဖို့စ် မြန်မာပြည်သို့လာရာ မြစ်ကြီးနားနယ်၊ ဗန်းမော်စီရင်စုသို့သွားကြည့်ပြီး ထိုအင်္ဂလိပ် အလုပ်လက်မဲ့တို့ကို ထိုနယ်၌ နေရာချထားရန် စီစဉ်၏။”

ထိုအရေးကိစ္စကို ဆရာတော်ဦးဥတ္တမက ထုတ်ဖော်ပြီးပြောလေရာ ဗမာပြည်အစိုးရက မဟုတ်ပါဟူ၍ ပြန်လည်ဖြေဆိုသည်။ သို့သော်အင်္ဂလိပ်အစိုးရသည် မဟုတ်ပါဟု ဖြေဆိုပြီးသည့်နောက်တွင် ဟုတ်နေသည်များကို အများက တွေ့နေကြသဖြင့် မယုံကြည်ရသေးကြောင်းကို အောက်ပါအတိုင်း ဆရာတော်က ထပ်မံပြောဆိုပြန်သည်။

“ဦးပဥ္စင်းတို့တိုင်းပြည်၌ ဦးပဥ္စင်းတို့သည် ရေထမ်းထင်းခုတ်အဖြစ်ဖြင့်သာနေရန် အကြောင်းရှိပေတော့၏။ ဤသတင်းကို အစိုးရသတင်းဌာနက မဟုတ်ကြောင်းနှင့် ကန့်ကွက်၏။ ဦးပဥ္စင်းက အစိုးရ၏ကန့်ကွက်ငြင်းဆိုမှုကို စိတ်သဘောရိုးဖြင့် ပြုပေသည်ဟု မျှော်လင့်ပါ၏။ သို့သော်လည်း ဤကဲ့သို့ ကန့်ကွက်ချက်များသည် အများအားဖြင့် ဖြန်ဖြေပြောဆိုနည်းများဖြစ်ကြ၍ ဦးပဥ္စင်းမှာ စိုးရိမ်မကင်းရှိ၏။ ထိုကဲ့သို့ ပြောဆိုသောစကားမျိုးကို အဖန်တလဲလဲတွေ့ကြုံရသည်ဖြစ်၍ ဦးပဥ္စင်းမှာစိုးရိမ်မကင်းရှိ၏ ထိုကဲ့သို့ ဖြန်ဖြေပြော

ဆိုသောစကားများကို ဦးပဥ္ဇင်း အလွန်တရာမှကြောက်ရွံ့၍ ဤကဲ့သို့ ပြောဆိုသောစကားမျိုးတွင် ဦးပဥ္ဇင်းတို့အား အုပ်စိုးလွှမ်းမိုးနေကြသော သူတို့သည် မည်ကဲ့သို့ တတ်မြောက်သည်ကိုလည်း ပရိသတ်များ သိပြီးဖြစ်လေ၏။ သူတို့၏နိုင်ငံ၌ ဤကဲ့သို့ ဖြန်ဖြေလိမ်လည်ပြောဆိုခြင်းသည် အတတ်တပါး အပါအဝင်ဖြစ်ရကား သူတို့သည်လူတထူးကို ၄င်းနည်းအတိုင်း လိမ်လည်လှည့်ဖြားရာ၌ အရှက်အကြောက်မရှိကြချေ။ သူတို့သည် မနေ့ကဖြစ်ပွားနေသော သတင်းများကို မမှန်မကန်ဟူ၍ ယနေ့ပြောကြ၏။ နောက်တနေ့၌ ထိုစကားသည် မလွဲဘဲ မှန်ကန်သောအခြင်းအရာကို ရောက်လာလေသည်။

## ကမ္ဘာ့ရာဇဝင်ကို ဆောင်ပြခြင်း

ဤသည်ပင်လျှင် သူတို့၏ကျင့်ကြံသော နည်းကြီးတခုဖြစ်လေသည်။ မြန်မာသတင်းစာတို့က ကြေငြာသည့်အတိုင်း ဥရောပတိုက်သားတို့ကို မိုးကုတ်နယ်၌ နေရာချထားမည်ဆိုသော သတင်းစကားသည် ထပ်တူထပ်မျှ မမှန်သော်လည်း အကြောင်းတခုကား ရှင်းလင်းစွာထင်၏။ အိန္ဒိယပြည်ဘုရင်ခံချုပ်ကြီး လော့ချင်စဖို့စ်သည် မိုးကုတ်နယ်သို့ အလည်အပတ် လာရောက်ကြည့်ရှု၍ မြန်မာပြည်၌ ဥရောပတိုက်သားတို့အတွက် နေရာထိုင်ခင်းပေးခဲ့သည်မမှန်ပါလော။ ယခုအခါ တခုမျှဖြစ်မည် မဟုတ်သော်လည်း နောင်အခါဖြစ်လာမည်ကို တွေးတော၍ ဦးပဥ္ဇင်တို့မှာ အလွန်တရာကြောက်ရ၏။ ဩစတြေးလျ လူမျိုးများတို့ကို တိရိစ္ဆာန်များသဖွယ် သူတို့နေသောနေရာမှ ဥရောပတိုက်သားတို့နေရန် နေရာချထားမည့်အတွက် ရိုက်နှက်မောင်းမဲညှင်းဆဲသည်ကိုလည်းကောင်း၊ နယူးဇီလန်ကျွန်း၌ နေထိုင်ကြသော မအိုရီလူမျိုးတို့ကို သူတို့နှစ်ပေါင်းများစွာ နေထိုင် ခဲ့ပြီးလျက်ရှိသော နေရာမှ ထွက်သွားတိမ်းရှောင် နေရခြင်းသည်လည်းကောင်း၊ အမေရိကတိုက်၌ ရက်အင်းဒီးယန်းဟုဆိုသော ကုလားနီလူမျိုးတို့ကို ဥရောပတိုက်သားများ၏လက်ထဲ၌ ဆိုးဝါးသော ကံတရားတို့ ရောက်ရခြင်းသည်လည်းကောင်း၊ ထိုသူတို့အားသတ်ဖြတ်ခြင်း၊ အနာရောဂါကျရောက်စေခြင်း၊ သေကြေပျက်စီး

ခြင်းတို့သည်လည်းကောင်း၊ အာဖရိကတိုက်၌ နေထိုင်ကြသော ကပ္ပလီလူမျိုးတို့၏ ကြောက်မက်ဖွယ်ကောင်းသော အဖြစ်သည်လည်းကောင်း၊ အာဖရိကတိုက်၌ရှိသော ကွန်ဂိုးလူမျိုးများကို "လီယိုပိုလ်" ဆိုသောရှင်ဘုရင်က ရက်စက်ကြမ်းကြုပ်စွာ ပြုလုပ်သည်လည်းကောင်း၊ ၄င်းတိုက်ရှိ ကိုလိုနီ၌ နေထိုင်ကြသော "ဟောတင်တော့" နှင့် " ကွတ်ရှမန်" လူမျိုးနှင့် အနောက်ပိုင်းနှင့် အရှေ့ပိုင်းတွင်နေထိုင်ကြသော "ဇူလူး" နှင့် "ဘဆူတိုး" လူမျိုးများတို့သည် ဥရောပတိုက်သားတို့လက်ထဲ၌ ဒုက္ခများနှင့် တွေ့ဆုံရခြင်းသည်လည်းကောင်း၊ " ရိုဒေးရှား" နိုင်ငံ၌ "မရှိုနတ်စ်" လူမျိုးများတို့အား အနိုင်အထက်ပြုလုပ်ခြင်းသည်လည်းကောင်း၊ ထိုနောက်တဖန် အခြားသော တိုင်းနိုင်ငံများတို့၌ ဥရောပတိုက်သားများတို့သည် နေရာထိုင်ခင်းချလိုသည့်အတွက် ၄င်းတိုင်းပြည်များ၌နေထိုင်သော ဥရောပတိုက်သားများသည် ဦးပဉ္ဇင်းတို့လို လူမျိုးတို့ကို ညစ်ညမ်းစွာ အရှက်အကြောက်မရှိဘဲလျက် နှိပ်စက်အနိုင်အထက်အတင်းအဓမ္မ ပြုလုပ်ကြခြင်းသည်လည်းကောင်း၊ ဤအရာများအားလုံးကို ဦးပဉ္ဇင်းကသိသဖြင့် ဤမကောင်းသောသတင်းကို ကြားရကတည်းက စိတ်ဒုက္ခများစွာတို့ကို ခံစား၍ ဦးပဉ္ဇင်းတို့တိုင်းပြည်ကို လွတ်လပ်ရေးရလေအောင် ကောင်းကောင်းကြီး ဆုပူပေးရတော့မည်ဖြစ်၏။

## "ဒိုင်" နှင့် "ဗဟုိ" ခွဲပြီးသည့်နောက်

၁၂၈၄-ခုနောက်ပိုင်းတွင် ဗမာနိုင်ငံရေးမှာ ကောင်စီဝင်သူများဖက်နှင့် မဝင်သူများဖက် အကြီးအကျယ်ကွဲကြသလို အမျိုးသားပညာရေးဟူ၍ ကောလိပ်သပိတ်မှစတင်ပေါ်ပေါက်လာသော ပညာရေးသည်လည်း ကွဲပြားကြတော့သည်။ အမျိုးသားပညာရေးတွင် ဦးမောင်ကြီး(အမ်အေ)က ပညာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ရာ (ဒိုင်) ကောင်စီပထမအပတ်တွင် ရန်ကုန်အရှေ့ပိုင်း ဘိုတထောင်နယ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရသူ ဂျေ၊ အေ မောင်ကြီးမှာ ပထမဆုံးသစ်တောရေးဝန်ကြီးအဖြစ် ခန့်ထားခံရပြီးလျှင် အနောက်ပိုင်းမှ ရွေးကောက်ခြင်းခံရသော အမ်၊ အေ မောင်ကြီးက ပညာရေး

ဝန်ကြီးအဖြစ် ခန့်ထားခံရ၏။ ဒိုင်အာခီကို တိုင်းပြည်က လက်မခံဆိုသည့် ကိစ္စတွင် မဲပေးနိုင်သူဦးရေ (၁၀၀)တွင် (၇) ဦးသာ မဲပေးကြသည်ကိုကြည့်၍ ဝေဖန်လျက်ရှိကြ၏။ ၂၁–ဦးတို့ကမူကား ကျေနပ်၍ လက်ခံနေကြသူများ မဟုတ်ဟု ထုတ်ဖော်ကြ၏။ ကောင်စီဝင်သော သူတို့ကလည်း အတွင်းလမ်းမှ တတ်နိုင်သမျှပင် တိုင်းပြည်အကျိုးကို သယ်ပိုးကြရာ စရိတ်ရန်ပုံငွေ မလုံ မလောက်နှင့်သင်ကြားနေရသော အမျိုးသားပညာရေးအတွက် အခက်အခဲ တွေ့နေရစဉ်တွင် ၂၁– ဦးအမတ်နှင့် ပညာရေးဝန်ကြီး ဦးမောင်ကြီး (အမ်အေ) တို့က ဆောင်ရွက်၍ အမျိုးသားကျောင်းများအတွက် အစိုးရက ထောက်ပံ့ ကြေးပေးမည်ဟူသော ကြော်ငြာချက်ထွက်လာပြီးနောက် အမျိုးသား ကျောင်းများတွင် ကော်မတီများကို စနစ်တကျဖွဲ့စည်းပြီးလျှင် အထောက်အပံ့ ကို လက်ခံမည့် ဘက်နှင့် လက်မခံမည်ဘက် နှစ်ဌာနကွဲပြားပြီး နောက်ဆုံးတွင် လက်မခံသည်ဘက်မှ တာရှည်မခံနိုင်ဘဲ ပျက်တော့သည်။ ထိုထောက်ပံ့ကြေး ပေးသော အရေးကိစ္စတွင် အစိုးရပြည်ထဲရေးဌာနဝန်ကြီး ဆာဦးခင် (တသီး ပုဂ္ဂလ)နှင့် သစ်တောရေးဝန်ကြီး ဂျေ၊ အေ၊ မောင်ကြီးတို့ကပါ အထူး ထောက်ခံအားပေးကြသည်ဟု အခိုင်အမာသိရလေသည်။

## ဗမာဘဏ်တိုက်လုပ်ငန်း

ဗမာ့စီးပွားရေးဘဏ်၌ အားပေးရန်ဟူ၍ ထူထောင်သော မြန်မာ ပြည်လုံးဆိုင်ရာ မြို့မသမဝါယမဘဏ်လီမီတက်သည်ကား မကွဲပြားမီက အစု ဝင်ငွေ ၁–သိန်းမျှသာရှိ၍ ဦးထွန်းအောင်ကျော်က မန်နေဂျာ ဒါရိုက်တာအ ဖြစ် ဆောင်ရွက်နေ၏။ ကွဲပြားပြီးသောအခါ ဝံသာနုအသင်းများက တသင်း လျှင် အစုငွေ ၅၀–ကျ အနည်းဆုံး ထည့်ဝင်ကြ၍ အစုငွေ ၆–သိန်းကျော်အထိ တိုးတက်လာပြီး အတော်ပင်ကြီးပွားတိုးတက်ခဲ့သည်။ စီရင်စုနယ်များတွင် ဘဏ် ခွဲပေါင်း ၈–ခုမျှ ဖွင့်လှစ်၍ ကုန်သည်ဘဏ်တိုက်လုပ်ငန်း၊ ပြည်တွင်းငွေ အပြောင်းအလဲနှင့် ချေးငွေလုပ်ငန်းများကိုပါ လုပ်ကိုင်လျက်ရှိနေရာ ရှေ့သို့ တိုးတက်ဖို့လမ်းမှာ အတော်ကလေး မျှော်လင့်ဖွယ်ရှိလာ၏။ သို့သော် တာ

ရှည်မခံနိုင်ဘဲ ပျက်ပြားရတော့သည်။ ဤသည်ကိုကား အမျိုးသားချင်း နွားကွဲ ကျားကိုက် အဖြစ်မျိုးတည်း။

## လူခွန်နှင့် သဿသမေဓခွန် မပေးတမ်း

၁၂၈၅–ခုနှစ်တွင် ဦးချစ်လှိုင်ခေါင်းဆောင်သော ဂျီ ၊ စီ ၊ ဘီ ၊ အေ ကွန်ဖရင့်ကို ပေါင်းထည်မြို့တွင်ကျင်းပရာ တက်ရောက်ကြသော ပရိသတ်မှာ တသိန်းကျော်မျှပင်ရှိ၏။ ထိုအစည်းအဝေးသို့ ဦးဥတ္တမကိုယ်တော် အိန္ဒိယ ကွန်ဂရက်အသင်းမှ ခေါင်းဆောင်ဆွာမီမဒန်ဂျစ် (ကုလားဘုန်းကြီး) တို့ပါ တက်ရောက်၍ ဦးဥတ္တမနှင့် မဒန်ဂျစ်တို့က အင်္ဂလိပ်ဘာသာဖြင့် မိန့်ခွန်း စကားပြောဆိုကြ၏။ ကျွန်နော်လည်း သတင်းထောက်တစ်ဦးအနေဖြင့် တက်ရောက်၍ စိတ်ဝင်စားဖွယ်ကောင်းသော ဆုံးဖြတ်ချက်တစ်ခုတွင် အတိုက်အခံ အငြင်းအခုံ ပြင်းထန်စွာ ပြုလုပ်ကြသည်ကို ကောင်းစွာမှတ်မိ ပါသည်။

ထိုပြဿနာမှာ အစိုးရနှင့်မဆက်ဆံဘဲ ကောင်စီမဝင်သော နောက်ပိုင်းတွင် အိန္ဒိယနည်းတူ အခွန်မပေးစတမ်းဟူသော ဆုံးဖြတ်ချက် ပင်ဖြစ်၏။ အခွန်ဆို၍ အားလုံးမဟုတ်။ နှစ်ပေါင်းများစွာ မြန်မာလူမျိုးတို့ သာလျှင် သီးခြားပေးဆောင်နေရသော လူခွန်နှင့်သဿသမေဓခွန်သာလျှင် ဖြစ်သည်။ ထိုအဆိုကို အတွင်းရေးမှူးချုပ်ဖြစ်သော သာယာဝတီ ဦးပုက ပြင်းပြင်းထန်ထန်ကန့်ကွက်၏။ ငွေထိန်း ဦးထွန်းအောင်ကျော်က ပြင်းပြင်း ထန်ထန် ထောက်ခံသည်။ နယ်မှတက်ရောက်သော ကိုယ်စားလှယ်များက မူကား ဦးဥတ္တမအားကိုးနှင့် လူခွန်မပေးတမ်းအဆိုကို စိတ်ခါတ်ထက်သန် နေကြပုံပေါ်သည်။

သာယာဝတီဦးပုက ဦးဥတ္တမနှင့် လွန်စွာရင်းနှီးပြီး အနီးကပ်ပေါင်း ထားသည့်အပြင် "ဟုမ္မရူးလိဂ်" ခေါ် အသင်းတခုကိုဖွင့်ရာ ဦးဥတ္တမနှင့် သာယာဝတီ ဦးပု နှစ်ဦးတို့မှာ ထိုအသင်းအတွက် တပူးတပေါင်းတည်းပင် ဆောင်ရွက်နေကြ၏။ သာယာဝတီဦးပု ကန့်ကွက်စကား ပြောပြီးသောအခါ

ဦးဥတ္တမသည် ထိုင်ရာမှထလာပြီးနောက် "အခုစကားပြောသွားသူကို သိကြရဲ့လား။ အဲဒီလူဟာ ပလီဒါဘဲ။ ပလီဒါဆိုတာ ရှေ့နေခေါ်တယ်။ ရှေ့နေဆိုတာ ဟုတ်တာမှန်တာကို ပြောခဲတယ်" စသဖြင့် ခတ်တိုတိုပင် ဦးပုကိုဆော်၍ထည့်သည်။ ထို့နောက်ဦးပု ဘာစကား ဘာမျှမပြောတော့ဘဲ ငြိမ်သွား၏။ ထိုအဆိုကို အောင်မြင်စွာဆုံးဖြတ်လိုက်ကြသည်။ သို့ရာတွင် မည်သည့်ဝံသာနုအသင်းနှင့် အသင်းသားမှ အခွန်မပေးတမ်းကို ဆောင်ရွက်ကြသဖြင့် အစိုးရကဖိနှိပ်ကွပ်မျက်ခြင်းအမျိုးမျိုးနှင့် နှိပ်ကွပ်သော် အသင်းချုပ်ဌာနချုပ်ကို အားမကိုးဘဲ မိမိတို့တာဝန်နှင့် မိမိတို့ ခံယူဆောင်ရွက်ကြရမည်ဟု ဆုံးဖြတ်ထားလေသည်။

ကောင်စီအတွင်းဘက်က ၂၁–ဦးတို့သည်လည်း ရှိသမျှလူနှင့်စည်းရုံးပြီးလျှင် ကွန်ဖရင့်များကို အပြိုင်အဆိုင်ပင် ၃–နှစ်လောက်က ကျင်းပနေကြသေး၏။ သို့သော်နောက်ပိုင်းတွင် အမျိုးသားပါတီဟူ၍၄င်း ၊ ငါးပွင့်ဆိုင်ဟူ၍၄င်း ပြောင်းလဲကာ ကောင်စီဝင်သို့ပင် လုံးပန်းနေကြတော့၏။ ပထမအကြိမ်တွင် ကောင်စီအတွင်း၌ ၄င်းတို့ အမတ်ဦးရေများသင့်သလောက် များသော်လည်း ဒုတိယအကြိမ်တွင် ဆာဒီဂလင်ဆီနှင့် ဂျေ၊ အေ၊ မောင်ကြီး တို့ကြီးမှူးသော ရွှေတောင်ကြား (ခေါ်) ဂိုးလ်ဒင်းဗယ်လီပါတီက အင်အားကြီးလာပြီးလျှင် ကောင်စီ၌ ၂၁– ဦးတို့ ရာထူးမရဘဲ အတိုက်အခံမှနေရရုံမက ၄င်းတို့အဖွဲ့မှရွေးကောက်သော ဒေါက်တာဘရင်က ရွှေတောင်ကြားနှင့်ပေါင်းပြီး ပညာရေးဝန်ကြီးရာထူး ယူလိုက်သည်။

## မန္တလေးအစီကာရုဏ်းကြီး

မန္တလေးတွင် ဦးဘဦးနှင့် ၂၁–ဦးနောက်ပါတို့ အတော်ကလေး လှုပ်ရှားလျက်ရှိနေရာ စီပီ ဦးခင်မောင်နှင့် မန္တလေးဝံသာနု အချို့က ဦးထွန်းအောင်ကျော်နှင့်ပေါင်းပြီး ဆရာတော်ဦးဥတ္တမကို မန္တလေးသို့ပင့်ရန် စီစဉ်ပြီး ပင့်တော့သည်။ ဦးဥတ္တမကိုယ်တော်ကြွလာပြီဆိုလျှင် မန္တလေးမြို့မှ မြင်မကောင်းသော လူထုပရိသတ်ကြီးသည် ရှမ်းစုဘူတာမှ ဆီးကြိုစောင့်ဆိုင်း

လျက်ရှိ၏။ ၁၂၈၆–ခုနှစ် တပေါင်းလလောက်ပင်ဖြစ်သည်။ ဆရာတော် ဦးဥတ္တမအား မော်တော်ကားနှင့်တင်၍ နောက်နှင့်ရှေ့မှ လူထုပရိသတ် ရဟန်းပရိသတ်များ လိုက်လာကြလေရာ ၂၁–ဦး ဘက်က သူတို့ အစည်း အဝေးလုပ်နေသော ဓါတ်ရထားလမ်းတလျှောက်ကို ဦးဥတ္တမ မကြွလာဖို့ ရာဇဝတ်ဝန်ထံသို့ ကန့်ကွက်အကြောင်းကြား၍ ရာဇဝတ်ဝန်ကလည်း ထိုမျှကြီးမားသော လူထုပရိသတ်ကို ထိုလမ်းမှမသွားရန် လာပြီး ရုတ်ချည်း ကန့်ကွက်တော့သည်။ လူထုသည် နားမထောင်ဘဲ ဇွတ်ချီတက်လေရာ ကျောက်သွေးတန်းသို့ အရောက်တွင် လူထုအပေါ်သို့ ခဲများ၊ ပုလင်းများ ကျလာသဖြင့် ထိုပုလင်းများကျသည်ဟု ထင်ရသော နီးရာရွှေမောင်းတိုက် ပိုးထည်ဆိုင်တို့ကို ဝိုင်းပြီး ခဲနှင့်ပစ်ကြလေတော့သည်။ ပုလိပ်ကလက်နက်နှင့် တားမြစ်နေစဉ် အဓိကရုဏ်းဖြစ်ပွားသော လမ်းပေါ်၌ ပုလိပ်ကို ခဲနှင့်ပစ်ကြ၍ ပုလိပ်ကလည်း သေနတ်နှင့်ပစ်ရာ ရဟန်းတော်တစ်ပါး ပျံတော်မူရသည်။ ထို အဓိကရုဏ်းဖြစ်သောနေ့တွင်ပင် ဦးထွန်းအောင်ကျော်၊ ဦးတုတ်၊ စီပီ ဦးခင် မောင်၊ ဦးဆောင်၊ ဦးစံညွန့်တို့ကိုဖမ်းပြီး အစိုးရက တရားစွဲဆိုလေသည်။ အားလုံးပင် ထောင်ဒါဏ် ၄–နှစ်၊ ၇–နှစ်စသဖြင့် ကျခံရ၏။

## ဒုတိယအကြိမ်ထောင်ကျခံပုံ

ဦးဥတ္တမအား ထိုနေရာမှပုလိပ်က ခေါ်သွားပြီး ထိုနေ့ညရထားနှင့် ပင် ရန်ကုန်သို့ပြန်ပို့လိုက်၍ ရန်ကုန်ကို ရောက်လာတော့သည်။ ထိုသို့ အဓိကရုဏ်းဖြစ်ရသည်ကို စိတ်မချမ်းသာသော ဆရာတော်ဦးဥတ္တမသည် သူ့ကိုယ်သူဒါဏ်ထားပြီး နောက်ထပ် ထောင်ကျခံဖို့ရာပင် စိတ်ရှိတော့ဟန် တူသည်။ တပည့်ဒါယကာတွေ အတိဒုက္ခရောက်သည်ကို မိမိကိုယ်နှင့်ထပ်တူ အောက်မေ့သဖြင့် တလအတွင်းလောက်တွင် လမ်းမတော်ပိုင်း ရုပ်ရှင်နန်း တော်၌ မြို့လုံးကျွတ်အစည်းအဝေးကို သာယာဝတီဦးပုအား အခေါ်ခိုင်းလေ သည်။ သာယာဝတီ ဦးပုက ထိုအစည်းအဝေးကို ဦးဆောင်ပြီးခေါ်ရာ လူထု ပရိသတ်လည်း ပြည့်ကြပ်သွားတော့သည်။

ရာဇသတ်ဥပဒေက ဘယ်သို့ပင် အစိုးရအား အကြည်အညိုပျက်အောင် မဟောမပြောရ၊ ဟောပြောလျှင် ထောင်ဒါဏ်ကျခံရမည်ဟု ပညတ်ထားသော်လည်း ဆရာတော်ဦးဥတ္တမကမူကား အစိုးရအပေါ်တွင် အကြည်အညို ကင်းမဲ့အောင် ပျက်အောင် လှုံ့ဆော်ဟောပြောမှသာ သူ၏တာဝန်ဝတ္တရား ကျေပွန်ရာရောက်တော့မည်ဟု သံဒိဌာန်ချလျက် ထိုအစည်းအဝေးတွင် မိန့်ခွန်းအကျယ်ကို စာရွက်ဖြင့်ဖတ်၍ ဟောပြောသည်။ "လွတ်လပ်သော ဒီမိုကရေစီနိုင်ငံတို့၌ အစိုးရလုပ်ပုံမကောင်းလျှင် မကောင်းဟု ဝေဖန်ခွင့်ရှိသော်လည်း ငါတို့ကတော့ အစိုးရလုပ်တာ မကောင်းလျှင် ခေါင်းငုံ့ခံရမလား။ မခံဘူး မခံကြနဲ့" ဟူ၍ ဦးဥတ္တမသည် လှုံ့ဆော်ဟောပြောခြင်း ပြုပြန်တော့၏။ ဟောပြီး ၇–ရက်အတွင်း ဦးဥတ္တမကို ဖမ်းဆီးပြီးနောက် အစိုးရက ရန်ကုန်မြို့၌ အရပ်ရပ်အစည်းအဝေးများ ကျင်းပပြီး ဆူပူမှုကို မပြုရဟု ပုဒ်မ (၁၄၄) ကို ထုတ်ပြန်လေသည်။

အမှုစစ်ဆေးသည့်နေ့တွင် ဆရာတော် ဦးဥတ္တမအား ရန်ကုန်ခရိုင်တရားသူကြီး (ဆစ်ဇလာ)၏ ရှေ့တွင် ကုလားထိုင်ပေးထား၍ ထိုင်နေရာ ဆရာတော်အချို့လည်း ဦးဥတ္တမနှင့်အတူ ထိုင်နေကြ၏။ အရေးပိုင်က ရုံးတက်လာသောအခါ ထုံးစံအတိုင်း အားလုံးမတ်တတ်ရပ်၍ အရိုအသေပေးကြသော်လည်း ဘုန်းတော်ကြီးများက မတ်တတ်မရပ်သဖြင့် ဂေါ်ရာ (မျက်နှာဖြူ) ပုလိပ်က ဘုန်းကြီးများထိုင်နေသော ကုလားထိုင်များကို ဆွဲ၍တွန်းပစ်လိုက်သည်။ ထိုရုံးခန်းတွင် ကျွန်နော် နီးကပ်စွာ နားထောင်သတင်းယူလျက်ရှိသဖြင့် ကိုယ်တွေ့ဖြစ်သည်။ ဦးဥတ္တမနှင့် ဆရာတော်ကြီးများကား ဒေါသမဖြစ် သည်းခံတော်မူကြသည်။ ထိုသို့ သံဃာတော်များကို စော်ကား၍ တပြည်လုံး အထူးပင် စိတ်ထိခိုက်နေကြရာ အစည်းအဝေးမလုပ်ရဟု ကန့်ကွက်ထားလျက်ပင် ဆူးလေဘုရား ပန်းခြံအတွင်း လူနှင့်ရဟန်းတို့ အစည်းအဝေးကျင်းပကြလေသည်။ ထိုအစည်းအဝေးမှာ အာဏာဖီဆန်သော အစည်းအဝေးဖြစ်ရာ ဂေါ်ရာပုလိပ်များက မြင်းနှင့်တိုက်နံပါတ်ဒုတ်နှင့်ရိုက်သဖြင့် ဘုန်းကြီးရောလူပါ အတော်များများ ဒါဏ်ရာရသွားကြသည်။ ဂေါ်ရာစာသင်များသည် ဘုန်းတော်ကြီးများကိုရွေး၍ အတင်း

လိုက်ရိုက်ရုံမက ကျွတ်ကျွန်ခဲ့သော သက်န်းကိုပင် နင်းခြေသည်ကို ကျွန်နော် မျက်မြင်ဖြစ်ရာ ထိုနည်းသည် ဗမာတို့က အင်္ဂလိပ်တို့ကို မုန်းတီးအောင် လှုံ့ဆော်ခြင်းသာလျှင်ဖြစ်ပေသည်။ ဆရာတော်ဦးဥတ္တမက အမှုကို ဘာမျှခုခံခြေလှယ်ခြင်းမပြုဘဲ အစိုးရကို ဆုံးမစာကြီးတစောင်ရေးပေးပြီး အပြစ်ရှိတယ်ဆိုရင် ထောင်ချတော့ဟု ပွင့်ပွင့်လင်းလင်းပင် ဖော်ပြထားသည်။ အရေးပိုင်းကလည်း ထောင်ဒါဏ် ၃–နှစ် အပြစ်ပေးလိုက်၏။ ထောင်ဒါဏ်ကား အလုပ်ကြမ်းနှင့်ပင်ဖြစ်သော်လည်း ထောင်မှူးထောင်ပိုင်များက ဆရာတော် ဦးဥတ္တမအား ကြိုက်နှစ်သက်ရာ ပေါ့ပါးသောအလုပ်ကို လုပ်ဖို့ခွင့်ပြုရာ ဆရာ တော်သည် ကြမ်းထိုးသောအလုပ်ကို အပျင်းပြေမှ လုပ်ကိုင်ပြီး တရားဘာဝနာ စီးဖြန်းလျက် အေးမြသောစိတ် ၊ သည်းခံသောစိတ်ကို မွေးမြူလျက် နေထိုင် တော်မူသည်ဟု သိရ၏။ ဆွမ်းတနပ်ကိုသာ ဘုန်းပေးပြီး စိတ်ကိုတည်ငြိမ် အေးဆေးစွာ အာရုံပြုလျက် ကမ္မဋ္ဌာန်းဘာဝနာ၌ ပျော်မွေ့တော့မည်ဟု ပိုင်းဖြတ်ထားပြီး ကျင့်ကြံတော်မူသော ဆရာတော်အတွက် အစိုးရတို့ ချမှတ် သော ထောင်ဒါဏ်သည် စူဠလိပ်ကို ရေသို့လွှတ်သကဲ့သို့ရှိတော့သည်။

ဥပဒေပြုလွှတ်တော်၌ ပထမအကြိမ် ပြည်ထဲရေးဝန်ကြီး ဆာဦးခင်၊ ဘဏ္ဍာရေးဝန်ကြီးမစ္စတာကသ်၊ သစ်တောရေးဝန်ကြီး ဆာဂျေအေမောင်ကြီး နှင့် ပညာရေးဝန်ကြီး အမ်အေဦးမောင်ကြီးတို့က ကတ်ဘိနက်ဖွဲ့စည်းခဲ့သည်။ ဆာဂျေအေမောင်ကြီးမှာ ဟိုက်ကုတ်တရားဝန်ကြီးအဖြစ် ပြောင်းရွှေ့ ထမ်း ရွက်ရသောအခါတွင် ၂၁–ဦးပါတီမှ ဦးပုအား သစ်တောရေးဝန်ကြီးရာထူးကို ပေး၏။ ဒုတိယအကြိမ် ရွေးကောက်ပွဲကျင်းပသော အခါ၌ကား ၂၁–ဦးပါတီမှ ဒေါက်တာဘရင်သည် တသီးပုဂ္ဂလ ရွှေတောင်ကြားအဖွဲ့နှင့်ပေါင်းပြီး ပညာ ရေးဝန်ကြီးတစ်နေရာကိုယူ၍ ဆာဦးခင်ကွယ်လွန်သောအခါ ဦးမေအောင်က ပြည်ထဲရေးဝန်ကြီးနေရာယူ၍ ဆောင်ရွက်ပြန်၏။ ဦးမေအောင် ကွယ်လွန် ပြန်ရာ ဟိုက်ကုတ်တရားဝန်ကြီး ဆာဦးဘက ပြည်ထဲရေး၊ ဝတ်လုံဦးအရိမ် က ပညာရေး၊ ဆာဂျေအေမောင်ကြီးက သစ်တောရေးတို့ကိုကိုင်ပြန်၏။ ဆာဦးဘကွယ်လွန်ပြန်ရာ ဆာဂျေအေမောင်ကြီး ပြည်ထဲရေးကို ပြန်၍ ကိုင်ရ သေးသည်။ ဆာဂျေအေမောင်ကြီး ပြည်ထဲရေးကို ကိုင်နေစဉ် ကောင်စီ၌ ၂၁

–ဦး အမတ်များက ထောင်ထဲကျနေသော ဆရာတော်ဦးဥတ္တမ ဘယ်မှာရှိ၍ ဘယ်လိုနေပါသလဲဟု မေး၏။

ထိုသို့မေးရာ ဆာဂျေအေမောင်ကြီးက အကျဉ်းသား တစ်သောင်း နှစ်သောင်းအနက် ဦးဥတ္တမကဲ့သို့သော သာမန်လူတစ်ယောက်ကို မည်သည့် ထောင်တွင် အကျဉ်းထားသည်ကို အစိုးရတို့မသိနိုင်ပါဟု ဖြေသည်။ ထိုအခါ တွင် လွှတ်တော်တွင်းမှ မကျေနပ်သောအမတ်များ ထွက်လာကြသောအခါ ဆာ၊ ဂျေ ၊ အေ၊ မောင်ကြီးက မိမိပြောဆိုချက်ကို မကျေနပ်၍ ထွက်သွားခြင်း မဟုတ်။ ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ထားသော စစ်သင်္ဘောကို သွားကြည့် ကြတာဘဲဟု ပြောပြန်သည်။ ထိုသို့ဖြေဆိုသဖြင့် ဆာ၊ ဂျေ၊ အေ၊ မောင်ကြီး သည် ၂၁–ဦးတို့ အသားယူသည်ကို မခံချင်၍ ဖြေခြင်းသာဖြစ်သည်။ ဆာ၊ ဂျေ၊ အေ၊ မောင်ကြီးကား အမျိုးသားအပေါ်၌ စိတ်သဘောထား ကောင်း သော ပုဂ္ဂိုလ်တစ်ဦးသာဖြစ်၏။ ၁၉၄၈–ခုနှစ် လွတ်လပ်ရေးရပြီးသည့်နောက် သင်္ဃာတော်များအား လုံးဝအာဏာအပ်နှင်း အခွင့်အရေးပေးကာ ပါလီမန်မှ အတည်ပြုသော သံဃဝိနိစ္ဆယဥပဒေမှာ ဆာ၊ ဂျေ၊ အေ၊ မောင်ကြီး ရေးသား ထားခဲ့သော ဥပဒေဖြစ်သည်။ ထိုစဉ်က သံဃာထုက မကြိုက်၍ ဆိုင်းထားခဲ့ရ သည်။ စင်စစ် သံဃာတော်များ လူရှုံးသို့ မလာရလေအောင် အာဏာ အပ် နှင်းသော ဥပဒေသာ ဖြစ်သည်။

ဆရာတော်ဦးဥတ္တမ ထောင်ထဲတွင်ရှိနေစဉ်ပင် ၁၂၈၆–ခုနှစ်၊ ပေါင်းတည်ကွန်ဖရင့် ဆုံးဖြတ်ချက်အရ မိုးရာသီအရောက်တွင် ထားဝယ်နယ် ကျေးရွာတခုမှ ဝံသာနုတို့ကစပြီး အခွန်မပေးရေးကို ဆောင်ရွက်လေသည်။ အခွန်မပေးသော ဝံသာနုတို့၏အိမ်ကိုအစိုးရက လက်နက်ကိုင် ပုလိပ်နှင့်ဝိုင်း ၍ လက်ထိပ်ခတ်ကာ ဖမ်းဆီးခြင်း၊ စပါးနှင့်ကျွဲနွား၊ ထွန်တုံးပါ မကျန် သိမ်းဆည်းခြင်းကို ပြုလိုက်ရာ ထိုသတင်းကိုကြားလျှင် သာယာဝတီနယ်က ကျေးရွာများသည် အစုလိုက်အပြုံလိုက် အခွန်မပေးရေးကို ဆောင်ရွက်တော့ သည်။ သာယာဝတီနယ်၌ အခွန်မပေးရုံမက အစိုးရ၊ သူကြီး၊ ပုလိပ် စသည် တို့ကလာမေးလျှင် မသိဘူး ဟူသော အဖြေတစ်ခုကိုသာပေး၍ (ဘူး) သင်းဟု

ပေါ်ပေါက်လာခဲ့ရာ အစိုးရအုပ်ချုပ်ရေးတွင် အတော်ကလေး အကြပ်ရိုက်သွားတော့သည်။

အစိုးရကလည်း ရာဇသတ်ပြင်ဆင်ချက် အက်ဥပဒေအရ ထိုနယ်မှ ဝံသာနုအသင်းတို့ကို မတရားအသင်းဟု ကြေငြာတော့သည်။ မတရားသင်းဟုကြေငြာပြီးလျှင် လူတွေကို အစုလိုက်အပြုံလိုက် ဖမ်းဆီးရခက်သဖြင့် ပြည်အရေးပိုင်၊ သာယာဝတီအရေးပိုင်တို့က စစ်တပ်အကူအညီကို တောင်းယူပြီးနောက် ကျေးရွာများကို စစ်တပ်နှင့်ဝိုင်း၍ ယောက်ျားမှန်သမျှ ခေါ်ထုတ်ပြီး ရွာသူကြီးကညွှန်ပြရာ ခေါင်းမာသူတို့ကို ရွေးချယ်လျက် ထောင်သို့ပို့တော့၏။ ဂေါ်ရခါးနှင့် ကုလားစစ်သားတို့ကလည်း ကျေးရွာများတွင် မိန်းမတွေသာရှိသောအခါ မတရားမှုများကို ကျူးလွန်ကြတော့သဖြင့် သာယာဝတီနှင့် ပြည်စီရင်စုမှ ဝံသာနုတို့မှာ အင်္ဂလိပ်အစိုးရအပေါ်တွင် အခဲမကျေဖြစ်လာကြပြီး ထိုမှစ၍ သူပုန်ထ၍ လက်နက်နှင့်တော်လှန်ရန် ကြံစည်စိတ်ကူးပြီး စည်းရုံးကြတော့သည်။ ဆယ်ကြိမ်မြောက် ပေါင်းတည်ကွန်ဖရင့်အပြီးတွင် ဂျီ၊ စီ၊ ဘီ၊ အေ၌ ဦးချစ်လှိုင် ကတဖက် ဦးစိုးသိမ်းနှင့်သံဃာများက တဘက် ကွဲပြားကြလေသည်။ ရွှေဘိုတွင် ကွန်ဖရင့်အစည်းအဝေးတစ်ခုကို ကျင်းပစဉ်က ဦးစိုးသိမ်းကို ဥက္ကဋ္ဌ တင်မြှောက်ကြ၏။ ထိုနောက်မတ္တီလာတွင် ဦးစိုးသိမ်း၊ ဂျီ၊ စီ၊ ဘီ၊ အေ၊ ကွန်ဖရင့်ကို ကျင်းပ၏။ ထိုနောက်တစ်နှစ်တွင် ၁၂၈၉–ခုနှစ်၊ ပျဉ်းမနားမြို့၌ ဦးစိုးသိမ်း ဂျီ၊ စီ၊ ဘီ၊ အေကွန်ဖရင့်ကို ကျင်းပရာ ဆရာတော်ဦးဥတ္တမမှာ ထောင်မှလွတ်လာပြီးဖြစ်၍ ဦးချစ်လှိုင်၊ ဦးပုတို့နှင့် မပေါင်းတော့ဘဲ ဦးစိုးသိမ်း ဂျီ၊ စီ၊ ဘီ၊ အေဘက်သို့ ပါသွားတော့သည်။ အထက်ဖော်ပြခဲ့သော ဝံသာနုတို့သည်လည်း ဆရာတော်ဦးဥတ္တမ အားပေးသော ဦးစိုးသိမ်း ဂျီ၊ စီ၊ ဘီ၊ အေသို့ အများအပြား ပါဝင်သွားကြ၏။ ဦးချစ်လှိုင်နှင့် ဦးပုတို့မှာလည်း ကောင်စီဝင်ရန် လုံးပမ်းလာကြပြီဖြစ်၏။ ထိုပျဉ်းမနားကွန်ဖရင့်တွင် စီရင်စုအကျိုးဆောင်အဖွဲ့ဟူ၍ ဖွဲ့စည်းပြီးလျှင် ထိုအဖွဲ့က အလွန်လျှို့ဝှက်သောနည်းဖြင့် လုံခြုံစွာစည်းဝေး၍ သူပုန်ထရန် သဘောတူသော ဝံသာနုခေါင်းဆောင်များကို ရွေးထုတ်လေသည်။ ထိုအဖွဲ့တွင် ဆရာစံက ခေါင်းဆောင်လျှက် ဦးစိုးသိမ်းနှင့် ဆရာတော်ဦးဥတ္တမတို့ကား

ခတ်အေးအေးပင် မသိသလိုနေကြ၏။ ဦးဥတ္တမက ထိုကွန်ဖရင့်အပြီးတွင် ရုရှားနှင့် ဥရောပတိုင်းပြည်များသို့သွားရန် နိုင်ငံကူးလက်မှတ်တောင်းရာ မရ သဖြင့် စစ်ကိုင်းတွင်သွား၍ သီတင်းသုံးနေ၏။ အကယ်၍ နိုင်ငံခြားသို့ သွား ခွင့်ရလျှင် လက်နက်ခဲယမ်းမီးကျောက်များရနိုင်မည်ဟု အချို့က ထင်မြင် နေကြသည်။ ဘုန်းကြီးဖြစ်နေ၍ တိတ်တဆိတ် ခိုးကြောင်ခိုးဝှက် သွားပြန်က လည်း ဝိနည်းတော်နှင့် ငြိစွမ်းမည်ဖြစ်၍ ရှောင်ရ၏။ ဝိနည်းတော်နှင့် မညီ သော လက်နက်ခဲယမ်းမီးကျောက်ရရေးကို ဆောင်ရွက်ပေးမည်ဟု ကတိ မထားဟူ၍လည်းသိရသည်။ ထိုနိုင်ငံခြားမှ လက်နက်ရရှိရေးကို ဆရာတော် ဦးဥတ္တမက ကိုယ်ထိလက်ရောက် ဆောင်ရွက်မည်မဟုတ်။ သို့သော် ဝံသာနု တို့ကို နိုင်ငံခြားသားတို့နှင့် ဆက်သွယ်မှုကိုမူ ရှေ့ဆောင်လမ်းပြ ပေးမည်ဖြစ် သည်ဟု အများက ယုံကြည်ကြသည်။ ဝံသာနု ဦးစိုးသိမ်း ဂျီ ၊ စီ ၊ ဘီ ၊ အေ မှ လက်ရွေးစင်တို့၏ သူပုန်ထရန် စည်းဝေးခြင်းကို တစ်နှစ်လောက်တီတီပင် ပါးနပ်လှသော အစိုးရစုံထောက်ဖက်က မရိပ်မိကြချေ။ အင်္ဂလိပ်ဘုရင်ခံသည် အင်္ဂလန်သို့ခွင့်နှင့် ခေတ္တပြန်သောအခါ ဆာဂျေအေမောင်ကြီးအား ဗမာထဲ က ဘုရင်ခံအဖြစ် ခေတ္တခန့်ထားလေသည်။ ဆာဂျေအေမောင်ကြီး ဘုရင်ခံ အဖြစ်နှင့် တိုင်းခမ်းလှည့်ရာ သာယာဝတီသို့အရောက် အုတ်ဖိုမောင်စော (နောင်ဂဠုန်ဦးစော) ဥက္ကဋ္ဌဖြစ်သော ဒီစတြိတ်ကောင်စီက ဩဘာစာ ဖတ် ကြားရာတွင် လူခွန်နှင့် လယ်ယာမြေခွန်ကို အစိုးရက မကောက်ပါနဲ့တော့။ ဒီအခွန်နှစ်ခုကို မဖြုတ်ပါလျှင် တိုင်းပြည်၌ သူပုန်ထရန် အကြောင်းများ မြင် သည်ဟု ထည့်သွင်းပြောဆိုရာ ဆာဂျေအေမောင်ကြီးက "ဒီအခွန်ကိုတော့ ဘယ်လိုမှ လျှော့မပေးနိုင်။ အခွန်မလျှော့၍ သူပုန်ထမယ်ဆိုလျှင်လဲ သရဏဂုံ သုံးပါးအောင့်မေ့ပြီး လုပ်ချင်ရာသာ လုပ်ကြပေတော့"ဟု ပြန်ကြား ပြောဆို လေသည်။

*(ထိုစကားများမှာ ဟံသာဝတီအရှေ့ပိုင်း ရွေးကောက်ပွဲတွင် ဦး ဘသိမ်းမောင်ကနိုင်၍ ဆာဂျေအေမောင်ကြီး ရှုံးသဖြင့် ကန့်ကွက်မှုဖြစ်ရာ၌ ဆာဂျေအေ မောင်ကြီးကို ဦးဘသိမ်းမောင်ဖက်မှ မေးခွန်းထုတ်သဖြင့် ထွက် ဆိုသွားသော စကားဖြစ်၏။)*

ဆာရေဂျအေမောင်ကြီး ပြန်သွားပြီး၍ ရက်သတ္တပတ်မျှ မပြည့်ခင် ၁၉၃၀–ခုနှစ် ဒီဇင်ဘာလ ၂၂–ရက်နေ့၌ ဆရာစံဦးစီးသော သာယာဝတီ သူပုန်မှာ ရေတိုက်ရွာမှစ၍ ထကြွတော့သည်။ ဗိုလ်တဲ တတဲတွင် တည်းခိုနေသော သစ်တောအရာရှိ မျက်နှာဖြူတစ်ဦးမှာ ထိုနေ့ပင် အသတ်ခံရသည်။ သာယာဝတီ သူပုန်ထပြီဆိုသည်နှင့် တပြိုင်နက်ပင် ဖျာပုံ၊ အင်းစိန်၊ ပြည်၊ ဟသာ်တ၊ သရက်နယ်တို့တွင်လည်း ဓားလက်နက် စွဲကိုင်၍ ထကြတော့သည်။ အတော်ကလေးပြန့်နှံ့သွားတော့၏။ ဆရာစံသူပုန်မှာ ၄–နှစ်မျှကြာသည့်တိုင်အောင် အစိုးရက လက်နက်အင်အားဖြင့် ဖိနှိပ်သော်လည်း ငြိမ်သည်မရှိ။ နောက်ဆုံး ငြိမ်းချမ်းရေးမစ်ရှင်တခုကို ဦးသောင်းတင် ဆိုသူက လက်ခံဆောင်ရွက်ပြီးလျှင် ထိုမစ်ရှင်နှင့် ဆရာတော်ကြီး အမြောက်အမြား ပါသွား၏။ တောပုန်းနေသော သူပုန်တို့လည်း ဆရာတော်များ၏ အသက်ချမ်းသာခွင့်ရမည်ဆိုသော ဟောပြောချက်များကို ယုံကြည်၍ လက်နက်ချဝင်ရောက်ကြ၏။ သို့သော် အားလုံးမလွတ်ဘဲ အချို့ကြိုးပေးခံကြရသည်။ ဆရာစံကိုမူ ရှမ်းပြည်တွင် သွားရောက်ဖမ်းဆီးပြီး အမှုစစ်ဆေးလျှက် ကြိုးမိန့်ပေး၍သတ်လိုက်၏။ ထိုသို့သတ်ရာတွင် ဆရာစံက အလွန်စိတ်ဓါတ်ချောက်ချားပြီး အညှံ့ခံကြောင်း လက်မှတ်ရေးထိုးသည်ဟု ဖြူရိုကရက်တို့က ကြေငြာ၏။ အမှန်စင်စစ်မဟုတ်ပေ။ ထိုသတင်းမှာ လုံးလုံးမမှန်ချေ။ ထိုစဉ်ကြိုးပေးရာတွင် စောင့်ကြပ်ရသော ဆရာဝန်ကြီးမှာ ကာနယ်ဘသော် ဖြစ်သည်။ ဒေါက်တာကာနယ်ဘသော်မှာ သတင်းမပေါက်ကြားရအောင် အစိုးရသဘောအတိုင်း ပိတ်ပင်ထားရသော်လည်း ဆရာစံကြိုးစင်တင်စဉ် ရဲရဲတောက် ပြောသွားသောစကားများကို ကြားလိုက်ရသည်ဟု နောက်မှ ဖွင့်ဟပြောဆိုလေသည်။ ဆရာစံက “ ငါကိုသတ်ပေမဲ့ ငါ့ဝိဉာဏ်က မသေဘူး။ နောက်ဘဝအထိ အင်္ဂလိပ်မိစ္ဆာတို့ကို ဆက်ပြီးတော်လှန်အုံးမယ်ကွ” ဟု ပြောကြောင်းနှင့် ဝတ်လုံတော်ရ ဦးလှထွန်းဖြူ (အမ်အေ၊ ဘီအေလ်)၏ အိမ်တွင် ပြောသည်ကို ကြားသိရသည်။ အိန္ဒိယတွင်ကား သူပုန်မထသေး။ အိန္ဒိယအုပ်ချုပ်ရေးကို ဘယ်သို့တိုးတက်ပြောင်းလဲပေးသင့်ကြောင်း ဆာဂျွန်ဆိုင်းမွန်းအမှူးရှိသော ကော်မီတီတစ်ခု စေလွှတ်၏။ ဆာဂျွန်ဆိုင်းမွန်း ကိုယ်

တိုင် အိန္ဒိယအောက်လွှတ်တော်အတွင်း၌ရှိစဉ် တိုင်းရင်းသားနှစ်ဦးက ဖုံးနှင့်ပစ်ဖူး၏။ လူကား တစ်ယောက်မှမသေပေ။ ယခုအိန္ဒိယခေါင်းဆောင်ကြီး ရှိရိနေရူး၏ဖခင် ဗဏ္ဍိတ်မိုတိလာနေရူးနှင့် စီအာရ်ဒတ်စ်တို့က ခေါင်းဆောင်လျက် "ဆွာရပ်ပါတီ" ဟုအမည်ပေးပြီး တိုင်းပြည်ဖက်က တတ်နိုင်သောနေရာတွင် အားလုံး ပိတ်ပင်ကန့်ကွက်ဖို့ လွှတ်တော်အတွင်းသို့ဝင်ကြသည်။ ထိုခေါင်းဆောင်ကြီးတို့၏ အကြံအစည်ကား အတော်ပင် အောင်မြင် ထမြောက်ခဲ့သည်။ ဘင်္ဂလားလွှတ်တော်တွင် ပညာရေးအရာရှိများ၊ ကျောင်းများ လခမရ၍ ရပ်ဆိုင်းထားရ၏။ အစိုးရက တောင်းသောငွေအားလုံးကို ဘတ်ဂျက်တွင် ဖြတ်တောက်ပစ်သည်။ ထိုဖြတ်တောက်ငွေများကို ဘုရင်ခံက ဗီတိုသဘောနှင့်ပြန်ပေးဖို့ ဆုံးဖြတ်ရန် ကြံစည်သောအခါ ဟိုက်ကုတ်မှနေ၍ တရားစွဲဆိုပြီး ဘုရင်ခံ၏ အာဏာကို ပိတ်ပင်ခဲ့သည်အထိ အောင်မြင်၏။

အိန္ဒိယနှင့်ဗမာပြည်တို့က ဆိုင်မွန်းကော်မရှင်ကို သပိတ်မှောက်လိုက်ကြ၍ ကော်မရှင်ပြန်သွားပြီးလျှင် အစီရင်ခံစာတင်သွင်းသော်လည်း ထိုအစီရင်ခံစာမျှဖြင့် ဘိလပ်အစိုးရက နောက်ထပ်ဘာမျှမလုပ်နိုင် မကိုင်နိုင်ရှိတော့သည်။ ဘိလပ်နိုင်ငံမှ ဘုရင့်အစိုးရသည် အိန္ဒိယနှင့် မြန်မာပြည်မှ ခေါင်းဆောင်တို့ကို ဘိလပ်သို့ဖိတ်ခေါ်ပြီးလျှင် မျက်နှာစုံညီအစည်းအဝေးကို ကျင်းပသောအခါ မဟတ္တပဂန္ဒီကြီးကိုယ်တိုင်ပင် အစိုးရနှင့် မဆက်ဆံရေးလုပ်ငန်းကို လုပ်နေလျက် ဘိလပ်သို့လိုက်ပါသွားပြီး အစည်းအဝေးသို့ တက်ရောက်သည်။ မြန်မာပြည်ကို အိန္ဒိယမှ ခွဲထုတ်ရန် လိုလားကြသူများလည်း ရှိသဖြင့် အိန္ဒိယမျက်နှာစုံညီ အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ် ဦးဘဖေ၊ ဦးမောင်မောင်အုန်းခိုင်၊ ဆာဒီဂလင်ဗီနှင့် ဦးသောင်းတင်တို့မှာ ဆက်လက်မပါဝင်ဘဲ ပြန်လာခဲ့ကြသဖြင့် နောက်တကြိမ် မြန်မာပြည် မျက်နှာစုံညီ အစည်းအဝေးကို သီးသန့်ကျင်းပရ၏။ ထိုအစည်းအဝေးမှာ ၁၉၃၂–ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်သည်။ တက်ရောက်ကြသော ပုဂ္ဂိုလ်များမှာ (၁) ဦးဘဖေ၊ (၂) ဦးမောင်မောင်အုန်းခိုင်၊ (၃) အမ်အေ ဦးမောင်ကြီး၊ (၄) ဦးဘစီ၊ (၅) ဒေါက်တာသိမ်းမောင်၊ (၆) ဦးချစ်လှိုင်၊ (၇) သာယာဝတီ ဦးပု၊ (၈) ဦးထွန်းအောင်ကျော်၊ (၉) သာယာဝတီ ဦးမောင်မောင်၊ (၁၀) ဦးစု၊ (၁၁) ဦးနီ၊

(၁၂) ဒေါ် မြစိန်၊ (၁၃) ဆစ်ဒနီ လူနီ၊ (၁၄) ဆရာ ရွှေဘ၊ (၁၅) ဆာဂလင်ဘီ၊ (၁၆) မစ္စတာဟာဂျီ၊ (၁၇) မစ္စတာကာဝပ်ဂျီ။

(မှတ်ချက်။ ။ ဤစာရင်းမှာ ဦးဘခိုင်၏ "နိုင်ငံရေးရာဇဝင်" မှရသော စာရင်းဖြစ်သည်။ ထိုအစည်းအဝေးသို့ ဒေါက်တာဘမော်လည်း တက်ရောက်သည်။ ဦးစိုးသိမ်း ဂျီ၊ စီ၊ ဘီ၊ အေနှင့် ဆရာတော်ဦးဥတ္တမတို့ ကမူ ထိုအစည်းများကို ဘာမျှ အရေးမလုပ်ကြပေ။)

ထိုနောက်မှ ဗမာပြည်ကို အိန္ဒိယနှင့် ခွဲသင့်မခွဲသင့်ကို တိုင်းပြည်၏ မဲဆန္ဒဖြင့် ဆုံးဖြတ်ဖို့ရာ ၁၉၃၅–ခုနှစ် မြန်မာပြည်အုပ်ချုပ်ရေး ဥပဒေကို မပေးအပ်မီ ၁၉၃၂ –ခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကို ကျင်းပစေသည်။ လူထုမဲစာရင်းတွင် တွဲရေးဘက်က မဲ (၅) သိန်းကျော်ပို၍ အပြတ်အသတ်သာနေသော်လည်း အမတ်များစည်းဝေးသောအခါ၌ ခွဲရေးဖြစ်သွားသဖြင့် အိန္ဒိယနှင့်ခွဲပြီး (၉၁) ဌါန အုပ်ချုပ်ရေးဟူ၍ ပေါ်လာသည်။ ၁၉၃၅–ခုနှစ်ပေးအပ်သော (၉၁)ဌာနအုပ်ရေးတွင် ပထမဒေါက်တာဘမော်၊ နောက် ဦးပု၊ နောက် ဦးစောတို့က နန်းရင်းဝန်ရာထူးကိုတဆင့်စီယူ၍ လုပ်ကိုင်နေကြစဉ်ပင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည်။

နိုင်ငံရေးဂိုဏ်းဂဏ ခွဲပြားကြသောအခါ တဘက်နှင့်တဘက် ပြင်းစွာ စွပ်စွဲဝေဖန်တတ်ကြရာ ဆရာတော် ဦးဥတ္တမသည် ကာလကတ္တားတွင် နေစဉ်က မိန်းမယူထားသယောင်ယောင် သတင်းစာအချို့က စွပ်စွဲရေးသားခြင်းကိုပင် ခံရ၏။ သို့သော် ဦးဥတ္တမကား ရှုံးရှုံးရှားရှား ဒေါသမထွက်။ ဘုရားပင်လျှင် ဇိဉ္စမာန စွပ်စွဲခြင်းကိုပင် ခံရ၏။ မည်သူက မည်သို့ပင် စွပ်စွဲစေကာမူ ဆရာတော်သည် ထိုသူ၏စကားကို ပုဂ္ဂလဓိဋ္ဌာန်ဖြင့် ပြန်၍ ချေပခြင်းကိုကား မပြု။ ထိုသူနှင့်တကွ အများပရိတ်သတ်က ချင့်ချင့်ချိန်ချိန်နှင့် ယုံမှားခြင်းမဖြစ်ရအောင် ဓမ္မဓိဋ္ဌါန် ဖြေရှင်းချက်ပေးသည်ကို တွေ့ရသည်။ သူကိုယ်တိုင်က "ဦးဥတ္တမအကြောင်းဟု" စာတအုပ်ကို ရေးပြီးထုတ်ဝေရာ သူနိုင်ငံရေးတရားဟောစက ပုသိမ်နယ်ကျောင်းကုန်းတွင် သူဌေးတစ်ယောက်၏ အိမ်အပေါ်ထပ်တွင် သီတင်းသုံး၏။ ထိုသူဌေးတွင် သမီးပျိုတစ်ယောက်ရှိရာ သူဌေးက သူ့သမီးကို လူထွက်ပြီးယူပါ။ စည်းစိမ်ပါ ပုံအပ်မည်ဟုပြော၏။ ထို

ငယ်စဉ်ကပင်လျှင် လောကီကာမစည်းစိမ်ကို မစင်ဘင်ဖုတ်ကဲ့သို့ စွန့်ပစ်လာခဲ့ပုံကို တရားဓမ္မပြ၍ ရေးသားထားသည်။ ထိုသူဌေး၏နာမည် နာမကိုပင် ရေးသားဖော်ပြရာ ထိုသို့ထုတ်ဖော်ရေးသားခြင်းဖြင့် မဟုတ်မမှန်လျှင် ဆိုင်ရာတို့က တရားစွဲဆိုခြင်း၊ ငြင်းကွယ်ခြင်း၊ ပြုကြမည်ဖြစ်သည်။ ထိုစဉ်က မငြင်းကြပေ။

သည်းခံခြင်း၌ ဆရာတော်သည် နည်းယူလောက်ပေသည်။ တခါက ကာလကတ္တားတွင် ဗမာပြည်မှ ရှောင်တိမ်းသွားပြီး စားပေါက်ပွင့်နေသော လူတစ်ယောက်၏သတင်းကို သူရိယသတင်းစာသို့ရေးပို့ဖူး၍ ထိုသူက ရန်ရှာပြီး ရိုက်နှက်ခြင်းကို ခံခဲ့ရသည်။ ဂျပန်မှအပြန် ဘုံဘေမြို့ မီးရထားဘူတာတွင် မြန်မာပြည်မှ ပြောင်းသွားသော မျက်နှာဖြူ ရာဇဝတ်ဝန်တစ်ယောက်က "ဟော့ကောင်" ဟူ၍ ဗမာစကားဖြင့် ရိုင်းပြစွာခေါ်၏။ ဆရာတော်က ဘုံဘေအရေးပိုင်နှင့် နှုတ်ဆက်စကားပြောနေဆဲဖြစ်ရာ အရေးပိုင်ကနားမလည်၍ ဘာပြောတာလဲဟု ဦးဥတ္တမကိုမေးရာ၊ ဦးဥတ္တမက ဟော့ကောင်ဆိုတာ တရိစ္ဆာန်ကို သုံးစွဲတဲ့စကားဟု ဖြေရှင်းပြရ၏။ အရေးပိုင်က ရာဇဝတ်ဝန်ကို ဘာကြောင့် ဤသို့ခေါ်ရသလဲ၊ ထွက်သွားလိုက်ဟု မောင်းထုတ်မှ ရာဇဝတ်ဝန် ထွက်သွားသည်ဟု သိရ၏။

## ရဟန်းတို့၏အဆင်းလှခြင်းစုဏ်

*မိန်းမတို့မှာ၊ ဆင်းရူပါကား*
*လင်သားမြတ်နိုး၊ ရှိသေကျိုးတည့်၊*
*လူမျိုးအပေါင်း၊ ရုပ်မကောင်းလည်း၊*
*တတ်ကြောင်းပညာ၊ အဆင်းသာတည့်၊*
*ကျောင်းမှာပျော်မွန်း၊ ရဟန်းတို့မှာ၊*
*သည်းခံပါက၊ အဆင်းလှ၏။*

**လောကနီတိပျို့**

ဆရာတော်သည်မကွယ်လွန်မီ မတ်တတ်နာဖြင့် အတော်ပင် ဦးနှောက်အင်အား လူအင်အားချို့တဲ့နေရာ ရန်ကုန်မြို့ထဲတွင် စိတ်မနှံ့

သူတစ်ဦးကဲ့သို့ သွားလာနေတတ်၏။ သို့သော် စိတ်ကားဖေါက်ပြန်သည်ဟူ၍ မဆိုသာ။ ကျွန်ုပ်ကိုယ်တိုင် ကွမ်းခြံဘူတာအထွက်တွင် တွေ့ဆုံပြီး စကားပြောဆိုကြည့်သည်။ တခုမျှ ချွတ်ယွင်းသော စကားမပါ။ အားနည်းသည့် လက္ခဏာသာ တွေ့ရသည်။ ပျံလွန်တော်မူသောအခါ၌ပင် ယိုကိုဟာမာစပိစိဘဏ်တိုက်၌ သူ့ပိုင် ရုံပုံငွေ ယန်း–၂၀၀၀၀ ရှိသည်။ ထိုအခါက ဗမာငွေ (၂၅၀၀၀)မျှ တန်သေး၏။ ငွေကို ရေလိုသုံးနိုင်သော်လည်း ထိုငွေဖြင့် ကျန်းမာလျှင် နိုင်ငံခြားသို့ သွားရောက်သာသနာပြုရန် ရည်ရွယ်၍ တပြားတချပ်မှ မသုံးဘဲ ဆွမ်းပင့်ကျွေးမည့်သူမရှိလျှင် အငတ်ခံသည်အထိ ချွေတာခြိုးခြံပြီး မိမိကိုယ်ကိုပင် ဆင်းရဲခံသည်။ သို့အတွက် ဆရာတော်၏ ကိုယ်ကျင့်တရားမှာစိုးစဉ်မျှ ယုံမှားစရာမရှိပေ။

သို့နှင့်ပင် ဆရာတော်သည် သွားရင်းလာရင်း အားနည်း၍ တခါတရံလဲကျ၏။ တွေ့သောသူများက ပွေ့ထူပြီး ဆေးရုံပို့ရသည်။ ငြိမ်ငြိမ်နေလျှင် သူ၏ရောဂါ ပိုဆိုးမည်ဟူ၍ ဘယ်သောအခါမျှ အနားမနေဘဲ လမ်းလျှောက်၍သာ နေသည်ကိုတွေ့ရ၏။

ဆရာတော်ဦးဥတ္တမ ပြုစုပျိုးထောင်ခဲ့သော တက်ကြွသည့် နိုင်ငံရေးစိတ်ဓါတ်များမှ ဆက်သွယ်၍ ၁၂၉၂–ခုနှစ် ကုလားဗမာရိုက်ပွဲနောက်တွင် ဒို့ဗမာအစည်းအရုံးအမည်ဖြင့် သခင်ပါတီပေါ်လာ၏။ ထိုအခါမှစ၍ သခင်ဘသောင်းနှင့် ယခုဗမာခေတ် ဦးအုံးခင်တို့ သခင်တစုသည် ဝိုင်၊ အမ်၊ ဘီ၊ အေ ဆရာတင်ရေးသော ဒို့ဗမာသီချင်းကို လက်သီးလက်မောင်းတန်း၍ စတင်သီဆိုလာကြ၏။ လူငယ်များ၏ တက်ကြွနေသော စိတ်ဓာတ်ကို ရဲစိတ်ရဲသွေးထပ်မံဖြည့်စွက်ပေးကြသည်။ ထိုမှ နောက်တွင် ဒို့ဗမာသခင်ဟူ၍ ကျောင်းသားအများက ဦးဆောင်ပြီး စည်းရုံးကြရာ ၁၉၃၆–ခုနှစ်၌ ကောလိပ်သပိတ်မှစ၍ အောင်ကျော်သေရပြီးနောက် ဒို့ဗမာသခင်တို့၏ အထူးထကြွသော အစိတ်အပိုင်းတွင် အမြဲခေါင်းဆောင်၍ပါဝင်ကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော် ၃–ကျိတ်တို့ ဂျပန်သို့ထွက်သွားပြီး ဒုတိယကမ္ဘာစစ်တည်းဟူသော အခါကောင်းကိုယူ၍ ဂျပန်နှင့်ပူးပေါင်းလျက် အင်္ဂလိပ်ကို တော်လှန်၏။ နောက် အင်္ဂလိပ်နှင့်ပူးပေါင်းပြီး ဂျပန်ကိုချ၏။ ၁၉၄၈–ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ရာ

ထိုအဆင့်ဆင့်သော တော်လှန်ရေးတို့တွင် ဆရာတော်ဦးဥတ္တမ၏ ပထမဆုံး စိတ်ဓါတ်တော်လှန်ရေးက အကြောင်းအရင်းခံသည်မှာ မလွဲကြောင်း ပါလီမန် လွှတ်တော် အရပ်ရပ်ပင် ထုတ်ဖော်စကား ဆိုထားကြပြီးဖြစ်သည်။

၁၉၃၉–ခုနှစ် စက်တင်ဘာလ ၉–ရက် (၁၃၀၁–ခုနှစ် ဝါခေါင်လဆုတ် ၁၁–ရက်) နေ့တွင် ဆရာတော် ဦးဥတ္တမသည် ရန်ကုန်ဆေးရုံးကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူရာ၊ ပျံတော်မူ၍ ၂–ရက်ကြာပြီးနောက် စက်တင်ဘာလ ၁၁–ရက်နေ့တွင် ကျင်းပသော ဗမာပြည် အောက်လွှတ်တော် အစည်းအဝေး၌ အမတ်များအားလုံး ဝမ်းနည်းသည့် အထိမ်းအမှတ်ဖြင့် ၅–မိနစ်ရပ်နားပြီး အရိုအသေပြုကြသည်။ သက်ဆိုင်ရာဆွေမျိုးများသို့ လွှတ်တော်မှတ်တမ်းအရ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့ကြသည်။ လွှတ်တော်အမတ်များ အကျယ်တဝင့် ချီးကျူးကြ၏။ ၄င်းအနက် ဂန်ဂါဆင့်၏ စကားကို အထက်၌ ဖော်ပြပြီးဖြစ်သည်။



ဆရာတော် ဦးဥတ္တမ ရုပ်ကလာပ်ကို ရွှေတိဂုံဘုရားခြေရင်းသို့ ပို့ဆောင်ရာ သိမ်ကြီးဈေးဒေါင့်အရောက်တွင် တွေ့ရပုံ (ရက်စွဲ – ၉၊ ၉၊ ၁၉၃၉)

ထိုနောက် ၁၉၅၄ ခုနှစ် စက်တင်ဘာလက ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ ပါလီမန်တွင်လည်း ဦးဥတ္တမ၏ ဂုဏ်ကျေးဇူးတို့ကို

ချီးကျူးသတိရသော အထိမ်းအမှတ်ဖြင့် ပြောဆိုကြပေသည်။ ဆရာတော်၏ ပညာဂုဏ်ကျေးဇူး၊ ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် အနစ်နာခံခဲ့သော ဂုဏ်ကျေးဇူး၊ ဘုရားသားရဟန်းတော်ပီပီ သီလသိက္ခာတို့ကို ထိန်းသိမ်းတော်မူလျက် တရားဓမ္မတို့ကို ကျင့်သုံးတော်မူသော ကျေးဇူး၊ ခန္တီပါရမီကို ကောင်းစွာ ဖြည့်တော်မူသော ကျေးဇူးတော်တို့ကို ရည်မှန်းပြီးလျှင် ကျွန်ုပ်သည် ဤစာစောင်ဖြင့် ရိုသေလေးမြတ်စွာ ပူဇော်ကန်တော့ခြင်းပြုလျက် အဆုံးသတ်လိုက်ရပေသည်။

## နောက်ဆက်တွဲ
## ဆရာတော်ဦးဥတ္တမ၏ ဂျူဘလီမိန့်ခွန်း



ဗမာ့လွတ်လပ်ရေးအတွက် အပြင်းအထန်တိုက်ပွဲဆင်နေရစဉ် တကြိမ်က ဆရာတော် ဦးဥတ္တမ အရေးကြီးသော နိုင်ငံရေးတရားဟောခဲ့သည့် ရန်ကုန်မြို့ ဂျူဘလီဟော အဆောက်အဦး

ဆရာတော် ဦးဥတ္တမ

## မြန်မာ့အာဇာနည်သားကြီးများ

နောင်တော်သင်းပင်းများနှင့် ဒါယကာ၊ ဒါယကာမအပေါင်းတို့။ မအူပင်ထောင်မှ ဆရာတော် လွတ်လာပြီးသည့်နောက် ယခု ဂျီ၊ စီ၊ ဘီ၊ အေ၊ မြန်မာအသင်းချုပ်ကြီး အစည်းအဝေးသည် ပထမစည်းဝေးခြင်းဖြစ်သည်။ အမိမြန်မာပြည်ကြီးအတွက် ကြံ့ခိုင်စွာဆောင်ရွက်သော အာဇာနည် သားကြီးတို့အနက် သားတစ်ယောက် သေဆုံးရသည့်အတွက် အလွန်မှဝမ်းနည်းလှသည်ဖြစ်ကြောင်း။ ဆရာတော်၏ အမှုကိစ္စကို ဆောင်ရွက်ရာ၌ ဦးစိန်လှအောင်ကို မရဏသေမင်းက မချွင်းမချန်မရဏနိုင်ငံကို အမြန်သိမ်းယူခြင်းကြောင့် ဆရာတော်သည် သာ၍ပင် ဝမ်းနည်းလှပေသည်။ အမျိုးသားဖြစ်သော အာဇာနည်ရှေ့နေများသည် ရန်ကုန်မှထွက်သွား၍ နှစ်နာရီအတွင်း ဆရာ၏ ရှေ့နေလေးယောက်တို့မှာ ဆိုးလှသော ကပ်ရောဂါ စွဲကပ်ဖိစီးသည်ဖြစ်ကြောင်း။ ၎င်းအပြင်နှစ်ရက်အတွင်း ဦးစိန်လှအောင် သေဆုံးရ၍ အမျိုးသားအပေါင်းတို့မှာ ထိုပုဂ္ဂိုလ်အား စွန့်လွှတ်ဆုံးရှုံးရမည်ဖြစ်ကြောင်းကို တစုံတစ်ယောက်သောသူတို့မှ မသိရှိနိုင် မရိပ်မိနိုင် ရှိကြရလေသည်။

ဆရာတော်သည် ပထမ ဘီအေ ဝတ်လုံတော်ဦးပု၊ ၎င်းနောက် ဦးစိန်လှအောင်၊ ၎င်းနောက် ဝတ်လုံတော်ရ နှစ်ဦးတို့ မကျန်းမမာရှိခြင်းကို ကြားသိရသောအခါ အံ့ဩသင့်၍ ဘယ့်အတွက်ကြောင့် နှစ်ဦးနှစ်ဘက်တို့အနက် တဖက်သောသူတို့ဘက်ကသာလျှင် ဤမျှအတိဒုက္ခ ခံစားကြရဘိသနည်းဟု ဆရာတော်ကိုယ်ကို ဆရာတော်မေးမြန်း တွေးတောမိ၏။

---

***ဝံသာနုခေတ်က ဆရာတော်၏မိန့်ခွန်းများကို ပုံနှိပ်ခဲ့ကြသော်လည်း ယခုခေတ်တွင် အလွန်မှ ရှားပါးလျက်ရှိရာ ဂျူဘလီမိန့်ခွန်းတခုသည်ပင် ယခုခေတ်နိုင်ငံရေး အဖြစ်အပျက်များနှင့် စပ်မိဟပ်မိလျက် ရှိသည်ဖြစ်၍ မှတ်သားရန် သင့်သည့်အတိုင်း မိန့်ခွန်းအစအဆုံး ကို နောက်ဆက်တွဲအနေဖြင့် ထည့်သွင်းဖော်ပြလိုက်ရပေသည်။ ဤမိန့်ခွန်းကို မြွက်ကြားသည့်အစည်းအဝေးမှာ ၁၂၈၄–ခုနှစ်၊ ဝါဆိုလဆုတ် (၇)နေ့က ဂျူဘလီဟောတွင်ကျင်းပသည့် လူထုအစည်းအဝေးကြီးပင်ဖြစ်သည်။ ထိုအစည်းအဝေးတွင် ဝတ်လုံတော်ရ ဦးဘစီ က နာယကအဖြစ်ဆောင်ရွက်သည်။***

✡ ✡ ✡

ထိုအခါ သို့လောသို့လောဟု အတောတောအတန်တန် မကြုံတတ်မဆတတ်ပင် ရှိမိ၏။ ယင်းသို့စိတ်၌ ဒွိဟယူမဆနိုင်၊ တွေးမိုင်ကြံအိုက်ပြီးလျှင် သက်ာယန မကင်းတမျှ ရှိနေဆဲတွင် ဦးပု၏ဝေဒနာသည် မကြာခဏ ရှရှတိုးလာသဖြင့် အထူးစီမံ၍ ရန်ကုန်မြို့သို့ ရွှေ့ယူသွားရလေသည်။

ဦးပုအတွက် ပြည်သူအားလုံးတို့၏စိတ်၌ သောကမကင်းရှိရခြင်း၊ ၎င်းပြင် ဂျီ၊ စီ၊ ဘီ၊ အေ၏ စရိတ်ငွေသည်လည်း များစွာကုန်ကျခံရခြင်း ဖြစ်လေသည်။

ထိုသို့ရှိနေခိုက်တွင် ဧည့ဝတီသား အာဇာနည်ရှေ့နေ ဦးစိန်လှအောင်သည် အနိစ္စရောက်လေပြီ၊ ရုတ်ချင်းမလှ ကြေးနန်းစာရရှိသောအခါ မြန်မာပြည်တဝှမ်းလုံးရှိ အမျိုးသား၊ သမီးတို့မှာ ယူကျုံးမရ အုသဲနှလုံး တို့ကို ကြိမ်မီးအုံးတမျှ ရှိကြရသည့်အပြင် မအူပင်မြို့ငယ်မှာ ပူဆွေးသောက ပွားခြင်းကြီးပွားကြ၍ ငိုသူကငို မျက်ရေယိုကျ ရှိုက်ကြီးတငင ချစ်ခင်မြတ်နိုး ခိုကိုးရာ မွေးပေါက်ဖော် ဆုံးရဘိသကဲ့သို့ ရှိကြရလေသည်။

ကုသိုလ်ကံထောက်မ၍ ဦးပုမှာကား များစွာသော ရက်ပေါင်းအတွင်း ထိုဝေဒနာကို ခံစားရပြီးသည့်နောက် ကျန်းမာချမ်းသာ၍ ယခုအခါ ပြည်ရေးပြည်ရာကို အမျိုးသားတို့နှင့်အတူ ဆောင်ရွက်လျက်ရှိလေသည်။ ဦးဘစီ၊ ဦးကျော်ဦး၊ ဝတ်လုံတော်ရ နှစ်ဦးတို့အနက် ဦးကျော်ဦးသည် သာ၍ပင် ထိုဝေဒနာ၏ ဖိစီးခြင်းကိုခံရသော်လည်း ထိုသူတို့နှစ်ဦးမှာ သေမင်းလက်သို့ မပါဘဲ ချမ်းသာကျန်းမာလျက် ရှိခဲ့လေသည်။

ထိုပုဂ္ဂိုလ် ၃–ဦးတို့ကို အမျိုးသားတို့က လက်လွတ်ဆုံးရှုံးခြင်း မရှိသည့်အတွက် ဝမ်းမြောက်ကြရသည်ပင် ဖြစ်သော်လည်း ဦးစိန်လှအောင် တစ်ဦးကို ဆုံးရှုံးရသည့်အတွက် ယခုအခါ စိတ်မကြည်သာနိုင်လောက်အောင် ထိုအာဇာနည်ဆင်ပြောင်ကို မြင်ယောင်နိုးနိုးရှိကြပေသည်။ ဦးစိန်လှအောင်သည် စွယ်စုံပြောင်မြောက် ဆင်ပေါက် တစီးကဲ့သို့ အားကိုးလောက်သော ရာဇဓမ္မအရာ၌ ကျွမ်းကျင်သူ ရှေ့နေတစ်ဦးလည်းဖြစ်သည်။ ကောင်းမွန်စွာ ညှာတာကြင်နာ သနားတတ်သော မိတ်ဆွေလည်းဖြစ်သည်။ လောကဓမ္မ သဘာဝရေးရာတို့၌ ခြေငံကျွမ်းဝင်သူလည်း ဖြစ်သည်။ ၎င်းအပြင် အမိမြန်မာ

ပြည်ကြီး၏ လုံးဝကိစ္စတို့၌ မဆုတ်မနစ်သော လုံလဝီရိယဖြင့် စောင်မကြည့်ရှုသူလည်းဖြစ်ပေသည်။ ဗဟိဒ္ဓသဏ္ဌာန် (လေ)၊ (ဟန်) ပကာသနကို လိုလားကြွားရင့်တတ်သူလည်းမဟုတ်၊ အဇ္ဈတ္တသဏ္ဌာန်၌လည်း စိုးစဉ်းမျှ ကြောက်စိတ်မရှိ၊ နောက်ဆုတ်တုန်လှုပ်တတ်သော အမူအရာမရှိသည့်ပြင် လူတို့သဘာဝတွင် အလေ့အလာမှာ ပညာဉာဏ်ဖြင့် စီရင်စီမံတတ်သောသူလည်းဖြစ်၏။ ထိုပုဂ္ဂိုလ်၏ လျင်မြန်သော (ဇဝန)ဉာဏ်ဖြင့် မှန်ကန်သော အဓိဋ္ဌာန်သစ္စာကိုပြုလျက် ပြည်ကျိုးအတွက် ထမ်းရွက်နိုးဆော်ခြင်းပြုခဲ့သည့်အခါသမယတွင် အကြင်သို့သော အာဇာနည်ပါမောက္ခ မရှိဆုံးရှုံးရသည့်အတွက် ဆရာတော်ကပင်လျှင် စိတ်တွင်မချိ ဝမ်းနည်းလေဘိ၏။ သို့ကြောင့် မြန်မာပြည် အမျိုးသားအပေါင်းတို့နှင့် သောကလောင်မီး ပွားစီးမချိသော ထို ဦးစိန်လှအောင်၏ဇနီးဉာတိတို့ကိုပါ ဆရာတော်က နိဗန္ဓကာရုညဖြစ်ဘိ၏။ (ကရုဏာနှောင်ဖွဲ့မိသည်ဟူလို။)

ဘုန်းတော်ကြီး ဦးဓမ္မောဒယသည် မကြာမီနေ့ရက်အတွင်း၌ ပျံလွန်တော်မူရခြင်းမှာလည်း ဗုဒ္ဓဘာသာ သာသနာတော်၏ စစ်သူကြီးတစ်ဦးပျောက်ဆုံးရခြင်း ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်အရှင်မြတ်သည် သာသနာတော်၏ဝန်ကိုသာ ဆောင်ရွက်သည်မဟုတ်။ ကြိုးကုတ်တဖန် ပြည်ခန်းပြည်ရေးတွင်လည်း ဆီမီး၏သဖွယ် အသွယ်သွယ်သောကိစ္စတို့၌ မှောင်မိုက်မကင်း မရှင်းရှုပ်ထွေးသောအရာတို့တွင် ထင်ထင်လင်းလင်း ဩဝါဒနည်းနိဿျတို့နှင့် အစဉ်ကျကျ နည်းပြသော ဝံသာနုရက္ခိတကြီးဖြစ်လေသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ထူးနှစ်ပါးကို အမျိုးသားတို့က လက်လျှော့စွန့်လွှတ်ရသည့်အတွက် ရတက်ဗျာပါ များစွာပွားစီးရသော်လည်း ပုထုဇန ဝေနေယျတို့၏ လောကဓမ္မတာ ထုံးသုံးဖြာမှာ အနိစ္စမမြဲ ရှိလေဘိဟု ကဲကဲမှတ်ထင်၊ တွေးဆင်ခြင်သော်၊ သက်လျှင်ရှိခိုက်၊ လုံ့လစိုက်၍၊ မှောင်မိုက် အဝိဇ္ဇာ၊ ဝဲဩဃာမှာ၊ ဆောင်ရာကိစ္စ၊ ပြုပြီးမှမူ၊ နေ့ညမခြား၊ ဖြစ်ရှာကြသည်၊ သင်္ခါရဓမ္မတာ၊ တို့ချည်းသာတည်းဟူသော ကမ္မဋ္ဌာန်းကို စီးဖြန်းလျက် သောကစိတ်ကို ပျောက်စေသင့်ကြသည်။

ယခုကဲ့သို့ ကွယ်လွန်သူတို့၏ အကြောင်းအချက်ကို မြွက်ဟဖွင့်ဆိုခဲ့ပြီးဖြစ်၍ ဆရာတော်အား ဝတ်လုံတော်ရ ဦးမောင်ကြီး၊ အမ်အေ အယ်လ်အယ်ဘီ ဦးသိမ်းမောင်၊ ဝတ်လုံတော်ရ ဦးပု၊ ဦးဘထွန်းတို့မှစ၍ အသီးသီးသော ရှေ့နေများတို့နှင့်တကွ ဂျီ၊ စီ၊ ဘီ၊ အေတွင် ပါဝင်သော အသင်းသားဒါယကာ၊ ဒါယကာမအပေါင်းတို့ပါ အားလုံးမကျန် ဆရာတော်၏ အမှုကိစ္စအတွက် မိမိတို့၏ စရိတ်ကုန်လူပမ်း အခမ်းခမ်းသော ဒုက္ခတို့ကိုခံ၍ ဆောင်ရွက်ကြသည်ကို အထူးကျေးဇူးတင်ပါကြောင်း။

## တိုင်းပြည်နီးကြား၍ဝမ်းသာခြင်း

မြန်မာပြည်တစ်ဝှမ်းလုံးရှိ ဝေနေယျ အပေါင်းများကပင်လျှင် ဆရာတော်အား ရာဇဝတ်မှ ပြုလုပ်တရားစွဲဆို အပြစ်ပေးခြင်းမှာ ထိုပုဂ္ဂိုလ်တို့က ခုခံချေပ တရားယှဉ်ပြိုင်ခြင်းအတွက် တိုင်းပြည်တဝှမ်းလုံး အထူးအံ့သြဖွယ်ရာ နိုးကြားထကြွရှိလာကြသည်ဖြစ်ခြင်းကြောင့် ထိုထိုပုဂ္ဂိုလ်တို့ကို ကျေးဇူး ဥပကာယတင်ဖွယ်ဖြစ်ပေကြောင်း။ ဆရာတော်ကလည်း ထိုပုဂ္ဂိုလ်တို့၏ ကျေးဇူးဂုဏ်ထူးကို မေ့လျော့နိုင်ဖွယ်ရာမရှိပေ။ မြန်မာပြည်ရှိ အမျိုးကောင်းသား/သမီးတို့ကိုလည်း ဆရာတော်အား ကရုဏာနှင့်မေတ္တာသက်ဝင် ချစ်ခင်ကြင်နာကြခြင်း အတွက် ထက်လှစွာသော မနောမယဇောဖြင့် အတုံ့အပြန်မေတ္တာနှံ၍ မေတ္တာသံကတိ ပြုဘိမည်ဟု အဓိကသစ္စာကို ပြုအံ့တော့သည်ဟူ၏။

## မအူပင်ကျေးဇူး

မအူပင်မြို့နေ ဒါယကာ၊ ဒါယကာမတို့အား ဆရာတော်နှင့် ထောင်သောင်းမကသော ပရိတ်သတ်အပေါင်းတို့ကို လက်ခံဝတ်ပြု ညှိခံမှု ကျေပွန်စွာ ကျွေးမွေးသိမ်းပိုက်ကြခြင်းအတွက် အလွန်လျှင် ကျေးဇူးတင်ပါသည်ဖြစ်ကြောင်း။ ယင်းသို့မရဏမီးတိ ဖြစ်ဖွယ်ရာ အကြောင်းခြင်းရာတို့ကို

တပြန်ပြန်ပြောင်း အောက်မေ့ထင်ခြင်း သိမြင်ထင်ရှားဘိရကား အနှောင်အဖွဲ့ဟူသော ဒုက္ခရစရိယာကို ဆရာတော်က ကျင့်ရလေသော်ငြားလည်း စိတ်အားမယိ ပီတိရွှင်လန်းစွာနှင့် ထိုသို့သော ဒွံဒသမာယအတွင်း (စုစုပေါင်းလ ၂၀ ကို ဆိုလိုသည်။) စိတ်တင်းသောမာန်ဖြင့် ထောင်အကျဉ်းခံခဲ့လေသည်။

ထောင်အရာရှိများနှင့် ဆရာဝန်များကိုလည်း သာယာညင်းပြောင်းစွာ စေတနာနှင့် ထိန်းသိမ်းကြည့်ရှု ကြသည့်အတွက် အထူးပင်လျှင် ကျေးဇူးတင်ပါ၏။

ဒါယကာ ဒါယကာမအပေါင်းတို့ –

မူလအစပထမ၌ သောကမကင်းဖွယ်ရာ အခြင်းအရာတို့နှင့် တွေ့ကြုံခဲ့ရသည့်တစေ ယခုအခြေမှာ သာ၍ဝေဝေဆိုင်းဆိုင်း ညှိမှိုင်းသော အခြင်းအရာတို့ဖြင့် အုပ်ဆိုင်းလျက်လာချေပြီ။ များမကြာမီကာလတိုင်အောင် မြန်မာပြည်ဖွားအမျိုးသားတို့ စိတ်ထားညီညွတ် လွတ်လွတ်စွန့်စားကြိုးအားတကုတ် ပြုလုပ်ဆောင်ရွက်ခဲ့ကြရမည်ဖြစ်လေသည်။

ယခုရက်သတ္တ အနည်းငယ်မျှအတွင်းတွင် ဖြစ်ပွားလျက်ရှိနေသော အဓိကရဏဝိဝါဒတို့၏ အရိပ်အဆင်ကို တွေ့မြင်ချိန်ဆရပါမူ ပြည်သူ့ခေါင်းဆောင်လူကြီးများတို့၏ အယူအဆ ဝါဒ သဘောထား ကွဲပြားဆန့်ကျင်၍ ပြည်တွင်းရှိသမျှ ဝေနေယျတို့၏ တေဇာတန်ခိုး ယုတ်ညှိုးခွေအိဖွယ်ရာ အကြောင်းသည်ကား ထင်ရှားလှလေပြီ။ ယင်းသို့တပြီးကား လေနီကြပ်ဆင်သော ရေပြင်သမုဒ် ဝဲဇလုပ်၌ မြန်မာပြည်ကြီးသည် နစ်မြုပ်ဖွယ်ရာသာ ရှိချေပြီ။

အမျိုးသားခေါင်းဆောင်တို့သည် တဦးနှင့်တဦး အကြူးအလွန် ရွတ်ချွန်ရက်စက်စွာ အချင်းချင်း၏သိက္ခာကို ပျက်စီးရာပျက်စီးကြောင်း မကောင်းဂုံးချော ပုတ်ခတ်သောအရာဖြင့် ပြောဆိုရှုံ့ချကဲ့ရဲ့ကြပါမူ ပြည်သူ၏ လွတ်လပ်ချမ်းသာရေး နှောင်းနှေးတွေးလျှော့ ဆောဆောကေန် ပျက်စီးချိန်တန်ရ ချေတော့မည်။ သို့ဖြစ်ခြင်းကြောင့် ဒါယကာအပေါင်းတို့က အချင်းချင်းဖြစ်ပွားကြသော ဝိဝါဒအဓိကရုဏ်းကို ပယ်ရှင်းဖြေဖျောက်ကြ၍ သမာစာရ သမာဝါယမ ဖြစ်ကြရအောင် အထူးကျိုးဆောင် ကျင့်မှုထိုက်ကြပေသည်။

ဤယခုသမယ၌ ဖြစ်လျက်ရှိသော ကိစ္စပြဿနာမှာလည်း မြန်မာပြည် တစ်ဝှမ်းလုံးရှိ လူမိုလ်ခြေအပေါင်းနှင့် နောင်လာနောက်သားတို့၏ အရေးကိစ္စကိုပင်လျှင် အခွန့်မအခြေတိုင်အောင် ဖွဲ့နှောင်ထုံးထားရမည့်အချက် ဖြစ်ပေသည်။ သို့လင့်စကား နယ်ကပုဂ္ဂိုလ်များက သမာဓိတရားကို ရှေ့ထား၍ စဉ်းစဉ်းစားစား မမှားသောအယူအဆဖြင့် လမ်းမှန်ကျအောင် ဆုံးဖြတ်ဆောင်ရွက်သင့်ကြသည် မချွတ်ဖြစ်ချေသည်။

တဦးနှင့်တစ်ဦး အယူတိမ်းပါးသည်များကို စိတ်ထားမခု ဒေါသဖြင့် မရှုဘဲ ကြည်ဖြူသမှု ဂရုဓမ္မ သုစိတ္တဖြင့်သာ ပဋိပဒါဖြစ်အောင် ဝိဘူတ ကမ္မာ့နိယာမတရားကို (ဖောက်ပြန်မှု) မြဲစွာသောအာသီသ ထားရှိစေရမည်။ (ဝါ) တဦးနှင့်တဦး၏ အပြစ်အနာအဆာကို လစ်လျူပြု၍ သည်းခံကြင်နာခြင်း ရှိစေကြရမည်။ ဗုဒ္ဓမြတ်စွာ ဒေသနာတော်မှာလည်း သည်းခံခြင်းနှင့် ချမ်းငြိမ်းသာယာခြင်း ရှိစေရမည်ဟု အတုလဘဂဝါ သုံးလူ့ထွဋ်ချာ စောမဟာကဗျာကရဏပြုခဲ့ဘိ၏။

## သမာသာမိသသသုခ

ဖြူရိုကရက်အစိုးရတို့က အောက်ကျနောက်ကျ ရှိကြသည်ဟု ကဲ့ရဲ့ရှုံ့ချပြောဆိုခြင်းကိုခံရသော မြန်မာအမျိုးသားတို့သည် တစိတ်တသံတည်း ပြောဆိုဟစ်ကြူးလျက် စိတ်ဝမ်းမကွဲ ကျောက်ခဲသံတိုင်ကဲ့သို့ ကျင့်မှုဆောင်ရွက်လာခဲ့ကြသည့်အတွက် တကမ္ဘာလုံးရှိ မိုလ်ခြေအပေါင်းတို့က အံ့သြမကုန်နိုင် ရှိခဲ့ကြရလေပြီ။ မြန်မာအမျိုးသားတို့က ဆောင်ရွက်ကျင့်မှု၍ တစတစထွင်လာကြသည်မှာ လျောင်တော်လဲ မီးတောင်ပေါက်ကွဲသည်သို့၎င်း၊ လေမုန်တိုင်းကြောင့် ဒီလှိုင်းဖြိုးမောက်သည်သို့၎င်း၊ တဆင့်ထက်တဆင့် ကြီးမြင့် တိုးပွားသောအင်အားနှင့် ပြည့်စုံလာကြလေရာ ကျောက်ဆောင်၏ ပမာဏကြွားကြွားကြံ့ခိုင် မယိမ်းမယိုင် တည်နိုင်သောအခြေသို့ ရောက်ရှိခဲ့ကြလေပြီ။ ဤကဲ့သို့ ကြံ့ခိုင်တည်နိုင်ကြခြင်းမှာ သမဂ္ဂါနံ၊ တပေါသုခေါတည်းဟူသော စည်းလုံးညီညွတ်ခြင်းတည်းဟူသော သမာသာမိသ၏ သုခပင်တည်း။

၁၉၁၇–ခုနှစ်တွင် ဗြိုရိုကရက်အစိုးရတို့က မြန်မာအမျိုးသားတို့ကို အလွန်ညံ့ဖျင်း၍ အကင်းမပါး နိုးကြားထကြွခြင်းမရှိသော အောက်ကျ နောက်ကျရှိလှသည့်သူများဟု ဆိုခဲ့ဖူးပေသည်။ မစ္စတာမွန်တေဂူနှင့် အပေါင်းပါ ကော်မီတီတို့ကို မြန်မာပြည်သို့မလာရဘဲ ၎င်းတို့က စစ်ဆေးစုံစမ်းသောအခါ ထိုသူတို့စိတ်ထဲ၌ မြန်မာအမျိုးသားတို့သည် အလွန်ညံ့ဖျင်းသည်ဟူသော သဘောမျိုးနှင့် အထင်အမြင်သေးလှစွာ စစ်ဆေးစုံစမ်း၍ မြန်မာအမျိုးသားတို့သည် အိန္ဒိယတွင်း၌ သေးသိမ်လှသော ခရိုင်နယ်များက ရထိုက်သော ပြုပြင်အုပ်ချုပ်ရေးမျှနှင့်ပင်လျှင် မထိုက်မထန်သောလူမျိုးဟု ဆိုထား ဆုံးဖြတ်ခံဖူးလေသည်။ ထိုများစွာသော အစည်းအဝေးတို့ကိုခေါ်၍ ယင်းကဲ့သို့ ဆုံးဖြတ်ခြင်းကို မခံနိုင်မကျေနပ်နိုင်ကြကြောင်းဖြင့် တသံတညီတည်း ဟစ်အော်ကြသည့်ပြင် အင်္ဂလန်ပြည်သို့ မြန်မာကိုယ်စားလှယ်တမန်တော်များကို ပင်လျှင် ပါလီမန်၌ လျှောက်ထားပြောဆိုရန် အမျိုးသားတို့က စွန့်စား စေလွှတ်သော်ငြားလည်း အကျိုးမများ မထူးခြားရှိခဲ့ရလေသည်။

## သံခြေချင်းတွေအသင့်

အတိဝါဒ၊ တ္တသရိယ၊ တေဇောမာနဖြင့်ပြီးသော အစိုးရတော်မင်းတို့သည် ရာဇဂုဏ်ဖြင့် မြူမှုန်မြေးကပ်သောစက္ခုဖြင့် မရှုမထင် ပြည်သူတို့၏ အရည်အချင်းကို မမြင်နိုင်ရှိခြင်းကြောင့် ဝေနေယျဗိုလ်ခြေတို့၏ ဖွေဖွေလှစ်ကြူးသောအသံ အမြော်အမြင်နှင့် ဉာဏ်အကြံကို အမှန်မှုရင်းအတိုင်း မသိနိုင်ရှိနေကြသဖြင့် မြန်မာပြည်ကြီး အမျိုးသားတို့၏ အနေအထား စီးပွားချမ်းသာရေးကိုပင် ထိခိုက်လျက်ရှိလေသည်။

မြန်မာအမျိုးသားတို့ကို နို့စို့သူငယ်များကဲ့သို့ မထီမဲ့မြင်ပြုဘိ၏။ သို့လင့်ကစား မြန်မာများ၏ လျှောက်ထားပန်ကြားခြင်းများ၊ ပြည်သူ့အစည်းအဝေးများက မကျေမနပ် မသက်မသာရှိကြောင်းများနှင့် ဟစ်အော်ကြသည်များပင်လျှင် အကျိုးမထင် လိုအင်မပြည့် ရှိခဲ့ရလေသည်။ ယင်းမည်သော အကြောင်းအချက်များနှင့် အထူးထူးသော အချက်များတို့ကြောင့် မြန်မာ

အမျိုးသားတို့သည် စည်းလုံးညီညွတ်ခြင်း ရှိခဲ့ကြလေသည့်အပြင် စိတ်အား ထက်သန်၍ ငါတို့၏အကြံသည် မအောင်ရင်မနေ အကြံအောင်မြောက်မှ နားနေရပ်တန့်ကြရမည်ဟု ဒုတိယတဖန် အင်္ဂလန်ပြည်သို့ တမန်တော် ကိုယ်စားလှယ်ကြီးများကို စေလွှတ်ကြပြန်လေသည်။ ထိုကိုယ်စားလှယ်ကြီးများတို့သည် အလွန်စရိတ်ကုန် ပင်ပန်းစွာဖြင့် အလွန်ရှည်ကြာအောင် သွားရောက်ကြံဆောင်ဘိရကား လျှောက်ထားခွင့်ရ၍ အထူးမျှော်လင့်ဖွယ်ရာရှိသော အရိပ်နမိတ်များကို တွေ့မြင်ခဲ့ကြရသည်။ ထိုသို့ရှိနေစဉ်အခါတွင် ဗြိုရိုကရက် အစိုးရတို့က မြန်မာပြည်ကြီးကို နှောင်ဖွဲ့ရန် သံခြေချင်းနှင့်အလားတူသော နည်းစနစ်များကို လုပ်ကိုင်ထားရှိနှင့်ကြလေသည်။

မြန်မာမြေပေါ်ရှိအစိုးရတို့က မြန်မာတို့ကို အလေးဂရုမပြု မရှုမမြင် ရှိခဲ့ကြလေသည်။မြန်မာပြည်ရှိ ဥရောပတိုက်သားတို့က မြန်မာတို့၏ အာသီသစိတ်ထားဖြင့် လိုလားတောင့်တသော အချက်တို့ကို နှောင့်ယှက်ကန့်ကွက်လိုသော စေတနာနှင့် ထိုအစိုးရအား ကူညီဖေးမခြင်းပြုကြလေသည်။ မြန်မာအမျိုးသားတို့သည် ဖြစ်ရှိနေသော ခေတ်သမယ၏ နိရုတ္တက၊ နိမိတ္တတည်းဟူသော အကျိုးမရှိသော ဆင်းရဲခြင်း၏ အကြောင်းရင်းအခြေခံက မီးရှူးမီးလျှံကဲ့သို့ ကေန်ထင်ရှား မမှားတွေ့မြင်ခဲ့ကြရလေပြီ။

ဝိုင်၊ အမ်၊ ဘီ၊ အေအသင်းများတို့သည် ပြည်ထောင်တလျှောက် ထွန်းပေါက်ပွားမြောက် ပေါ်လာကြလေပြီးလျှင် ယခုဖြစ်ရှိသော ဘေးရန်ကို ခုခံတွန်းလှန်ရန် စိတ်တသံတည်း စည်းလုံးပေါင်းသင်း၍ ကြံကြလေသည်။

## ကိုယ်ဇို့ ကြံ့လျှင် သက်လုံကောင်းကြစေ

လူမျိုးအနိမ့်အမြင့်ဟူ၍ သဘောမာနတရားကို ပယ်ဖျောက်၍ ပေါ်ပေါက်သော ဘေးရန်ကို တညီတသံတည်း ခုခံတွန်းလှန်ရန် မြန်မာအမျိုးသားတို့က တစိတ်တသံတည်း ကြံပြီးဖြစ်လျှက်ကို ပြည်ပိုင်အစိုးရမင်းက အလျဉ်းမသိ သတိမမူ ပြည်သူတို့၏စကားကိုပင် နားမထောင်ဘဲရှိလင့်၏။ မြန်မာအမျိုးသားတို့၏ ဇာတိမာနကို ဆိတ်ဆွသည့်အနေဖြင့် မထေမဲ့မြင်

ပြုလျက်၊ ဟန်ဆောင်ရိုးမှား ပရိယာယ်များသောဥပဒေ အဖွဲ့အစည်းကိုပင် လျှင် စီရင်တီထွင်၍ ထားလေဘိ၏။

အိန္ဒိယအစိုးရကလည်း ထိုသို့ စီရင်တီထွင်သော နည်းစနစ်ထက် တိုးတက်ညှာတာ၍ သက်သာအောင် ပြုလုပ်စီမံခြင်း မရှိတတ်ရကား ပြည်သားအပေါင်းတို့က ဗြိုရိုကရေစီအား ကိုးစားယုံကြည်ခြင်း ယုတ်လျော့လှသဖြင့် စိုးပိုင်သော မင်းတို့သည် မိမိတို့က နှစ်ပေါင်းများစွာက ခံစားစံစားခဲ့ကြရသော ဣသရိယ တေဇကို အဘယ်သောအခါမှပင်လျှင် စင်စစ် စွန့်လွှတ်ကြတော့မည်မဟုတ်ဟူ၍ သိကြရပြီးသော် မိမိတို့၏ လွတ်လပ်ရေးကို မိမိတို့ ကိုယ်တိုင်သာလျှင် "အပ္ပမာဒေန သမ္ပာဒေထ" ဟူသော ပါဠိနှင့်အညီ (ကိုယ်ဖို့ကြိုးလျှင် သက်လုံကောင်းစေရမည်။) စကားအရ ကြိုးစားအားခဲ ကြမှ ရကြတော့မည်ဟု အဓိဋ္ဌာန်ပြုကြလေပြီ။ အမျိုးသားတို့၏ ဇာတိမာန စိတ်ဓာတ်သွေးဓာတ်တို့သည် လုံးလုံးနိုးကြား သန်စွမ်းကြလေပြီဖြစ်သောကြောင့် အချင်းချင်းမျက်ကြုပ်ကိုးတန်၊ မာန်အနိဌ မယုံကြည်ကြသော သဘော အယူဝါဒတို့သည် ရုတ်ခြည်းခဏပပျောက်အောင် ကြိုးစားသင့်ကြလေပြီ။ ပြည်သူတို့၏ စိတ်နေသဘောထားသည် ရှေးကနှင့်မတူ တမူကွဲပြားခဲ့လေပြီ။ ရှေးအထက်က ဗြိုရိုကရက်တို့အား မှီခိုခြင်း၊ ခယခြင်း ထိုအရာရှိတို့၏ ရှေ့မှောက်သို့ ရောက်ရှိကြသောအခါ တုန်လှုပ်ရွံ့ကြောက်ခြင်းသဘော စိတ်ထားတို့သည် ယခုအခါသမယ၌ ပျက်ပြားကင်းကွာ၍ ရဲရင့်တည်ကြည်သော ဇာတိမာနသည် ထင်ရှားပေါ်လွင် ရှိလေပြီ။

## တလှေထဲစီးသူများ

အမျိုးသားတို့သည် မြန်မာပြည်၌သော်လည်းကောင်း၊ အိန္ဒိယပြည်၌သော်လည်းကောင်း ဖြစ်ပျက်လျှက်ရှိသော အရေးတော်ပုံတို့ကို ကုန်ကုန်ဖွင့်လှစ် စီစစ် စစ်ဆေးကြသော ဂရုဓမ္မကို လုံ့လဆုပ်နှစ် တစ်တစ်ခွခွပြုကြလေပြီ။ မဟာတ္တာမဂန္ဒီ၏ မူစနစ်နည်းသစ် အဖြာဖြာတို့ကို မြန်မာပြည်တဝှမ်းလုံး၏ ဇနပုဒ်မျှမကျန် တန်တန်ရှုစား သတိထား၍ ဆင်ခြင်ကြပြီးလျှင် ထို

ပုဂ္ဂိုလ်ကျော် ပြုမူဆောင်ရွက်ခြင်းကို သေချာဂနစွာ မသိငြားသော်လည်း တတ်အားသမျှ သင်ကြားနားလည်ကြလေပြီ။ ဆွာမိရုရဒမန်နှင့် မစ္စတာ အဗတ်ဝိတရန္ဒဂျီတို့သည် မြန်မာပြည်သို့ လှည့်လည်ရသောအခါ များစွာ သော မြန်မာအမျိုးသားတို့က ရွှင်လန်းအားကျလျက် ကြိုဆိုညှော်ခံကြ လေသည်။

အိန္ဒိယအမျိုးသားတို့နှင့် မြန်မာအမျိုးသားတို့သည် တလှေထဲစီး တခရီးထဲ သွားကြရမည့်သူများ ဖြစ်ခြင်းကြောင့်၊ အသွင်မခြား စိတ်ထားအမူ အတူတူပင် ရှိသင့်ကြပေသည်ဟူသော နိယာမစကားကို အမြို့မြို့အရွာရွာ တိုင်း၌ပင် ယခုအခါ ကြားနာရလေသည်။ ဝံသာနုရက္ခိတ၊ ဉာတတ္တသင်္ဂဟ တရားတို့နှင့် ချေတာသုံးစွဲစွန့်ကြခြင်းတရား၊ သည်းခံခြင်းတရား၊ ဒုက္ခစရိယာ ကျင့်ခြင်းတရားတို့သည် တစတစ ပွားများတိုးတက် လာခဲ့ကြသည်။ ပြည်သူ တို့သည် မည်ကဲ့သို့သောအချက်ကို အလိုရှိကြသည်ဟုလည်း ဒိဋ္ဌကေန် သိကြ နားလည်ကြလေပြီ။ ထိုကြောင့် မိမိတို့လိုလားတောင်းတသော အချက်ကို ရရှိနိုင်စေရန် ခြိုးခြံစွန့်ကြခြင်းနှင့် ဆိုက်ကြုံလတံ့သော အတိဒုက္ခ ကိုခံတော့မည်ဟု အဓိဋ္ဌာန်ပြုကြပြီးချေပြီ။

## အမျိုးသားတို့၏ ဗျတ္တိဉာဏ

ယခုအခါ မြန်မာပြည်သားတို့က ကိုယ့်အားကို ကိုယ်ကိုး၍ ကုန်ကုန်စွန့်စားကြတော့မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလနှင့် ကြီးပွား ချမ်းသာ အားထုတ်ယုံကြည်လျက်ရှိကြောင်းများကို တရံတထံလူများနှင့် ပြူရိုကရက် အစိုးရများက ထင်ရှားလိလိ သိကြသေးဟန်မတူချေ။ ထိုသူတို့နှင့် အစိုးရတို့က ပြည်သူတို့၏ ထုံအခြင်း၊ ဆင်းရဲပင်ပန်းသောဒုက္ခကို လျစ်လျူရှု၍ နေကြတော့သည်မဟုတ်၊ စိုးအုပ်သောအရာရှိတို့၏ အသိဉာဏ်ဖြင့် ထင်မြင် နိုင်းချိန် တွေးဆသိရသည်ထက် လျှင်မြန်စွာ မြန်မာများက နိုးကြားကြ၍ ဆူပူ လှုပ်ရှား စိတ်ထက်သန်ရှိပြီးဖြစ်ကြောင်းကို ထင်ရှားသိသာပေတော့မည်။ ဂိုက်ကော်မတီ ခေါ် အဖွဲ့အသင်းကို မြန်မာပြည်သို့ စေလွှတ်လိုက်လေ

သော်လည်း ထိုဂိုက်ကော်မတီကို တညီတညာတည်း (ဘွိုင်းကော့) လုပ်ကြခြင်း၌၊ ကောင်းမွန်စွာ အောင်မြင်ခြင်းကြောင့် ထိုဂိုက်ကော်မတီတွင် ဝင်ရောက်စွက်ဖက် ဆောင်ရွက်ခြင်းထက် အများကြီးအားရစရာ အောင်မြင်ရပြီးလျှင် မြန်မာ့ အယူဘာသာတို့၏ သူရသတ္တိ ဇာတိမာန ဗျတ္တိဉာဏမှစ၍ သွေးခါတ်စိတ်ခါတ်တို့ကို သိရှိထားစေခဲ့ခြင်း အမျိုးသားတို့၏ ဂုဏ်သည် ထင်ပေါ် ကျော်ဇောခဲ့ရခြင်းဖြစ်လေသည်။

အမျိုးသမီးတို့သည် ရေးကြီးခွင်ကျယ်နှင့် ကြုံကြိုက်သောအခါ မိန်းမတို့၏ တဂ်နုပ္ပတ္တိဉာဏ်၊ ဇဝနဉာဏ် ဣတ္ထိယမာန်အကြံတို့ဖြင့် သန်သန်စွမ်းစွမ်းဆောင်ရွက်ခဲ့ကြသည်မှာ များစွာချီးမွမ်း ဥဒါန်းမကြေ ရှိစေပေသည်။ လူကြီးလူငယ်မှစ၍ အနည်းငယ် သာမညသော သူတို့မှအပ မြန်မာအမျိုးသား အားလုံးတို့ပင်လျှင် ဂိုက်ကော်မတီတွင် ဝင်ရောက်သက်သေခံခြင်း မလုပ်ကြသည့်အတွက် မြန်မာအမျိုးသားတို့သည် မိမိတို့ကိုယ်တိုင် တာဝန်ခံ၍ အုပ်ချုပ်ရန် အခြေအနေနှင့် ထိုက်တန်ကြောင်းကို ကိုယ့်မြန်မာအမျိုးသားတို့ကိုက ရှိသေ၍ အခြေကြီးမြင့်အောင် ပြုခဲ့လေသည်။

## အယောင်ဆောင်မျှသာ

အိန္ဒိယပြည်တွင်နှစ်ပေါင်းများစွာ ဆူပူလှုပ်ရှား ကြွေးကြော်ကြပြီးသော်လည်း မြန်မာပြည်၌ရရှိသော ဒိုင်အာခီစနစ်လောက်မျှ ကောင်းမွန်စွာ မရရှိခဲ့ကြပေ။ ဆရာတော်သည် ဒိုင်အာခီနည်းစနစ်ကို နှစ်သက်၍မဟုတ်။ ဒိုင်အာခီစည်းစနစ်၌ အကျိုးဖြစ်ထွန်းဖွယ်ရာ အနှစ်သာရ ဉပဒေရှိသည်ဟု မယုံကြည်နိုင်။ ထိုစည်းစနစ်သည် ဆိုးဝါးလှသဖြင့် ပြည်သူအများတို့ကို အနှောင်အဖွဲ့မှ တိုး၍ နှစ်မြုပ်ချုပ်ချယ်ရာသော စည်းကမ်းများဖြစ်လေသည်။

ဗြူရိုကရက်တစ် နည်းစနစ်နှင့် ဒိုင်အာခီစနစ် ခြားနားခြင်းမှာမူကား ဗြူရိုကရက်စနစ်တွင် အစိုးရတို့က ပြည်သူကို မတိုင်ပင်ဘဲလျက်၄င်း၊ ပြည်သူတို့ဆန္ဒကို အရေးမမူ၍၄င်း၊ အစိုးရတို့အလိုရှိရာ ပြုလုပ်နိုင်ခွင့်ရှိသည်။ ဒိုင်အာခီနည်းစနစ်မှာ ပြည်သူတို့အနက် အသိဉာဏ်မရှိသော အရုပ်တို့

သဖွယ် တည်ထားပြရုပ်ပြုပြီးလျှင် အစိုးရတို့အလိုရှိရာ စီမံဆောင်ရွက်ခြင်း၌ ပြည်သူတို့အလိုတူယောင် ခွင့်ပြုယောင် ပရိယာယ်ဆောင်သော စည်းစနစ်ဖြစ်ချေသည်။

မစ္စတာဘားနတ်ဟောက်တန်က (ထိုသူမှာ မြန်မာပြည်တွင် ခရိုင်ဝန်အဖြစ် ဆောင်ရွက်သွားသော အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းဟောင်းတဦးဖြစ်၍ နယူးဘားမားသတင်းစာတွင် ဘိလပ်မှ ဆောင်းပါးရေးသားနေသူ သမာသမတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။) ဒိုင်အာခီသည် အစိတ်အပိုင်းဖြစ်သော နည်းစနစ်အဖြာဖြာတို့ကို ဗြိုရိုကရေစီက စီမံနိုင်ရန် လွှဲအပ်ထားသည့်အတွက် ထောင်ချောက်ညွတ်ကွင်းနှင့် တူကြောင်း။ ဗြိုရိုကရေစီက ဣသရိယ အာဏာအားလုံးကို လက်ရသိမ်းယူထား၍ (မှတ်ရန်။ ဤ၌ ဌာနလေးခုခွဲထားရာ ပြည်ထဲရေးနှင့် ဘဏ္ဍာရေး အချုပ်အခြာကို အစိုးရကိုင်ထားမည်။ ထိုဌာနများအတွက် ပြည်သူ့အမတ်များက ဘာမျှပြောပိုင်ခွင့်မရှိ၊ ပညာရေးနှင့်သစ်တောကို ပြည်သူ့အမတ်များသို့ လွှဲပေးထားသည်။ ဤကိုရည်ရွယ်၍ မစ္စတာဘားနတ်ဟောက်တန်က ရေးသားခြင်းဖြစ်သည်။)

ပြည်သူတို့ကို ဗြိုရိုကရက်တို့ အင်အားဗလ ကြီးစေခြင်းအလို့ငှါ ကူညီပူးပေါင်းကြရန် သွေးဆောင်ခေါ်ယူခြင်းမျှဖြစ်ကြောင်း။ ပြည်သူတို့ အခြင်းအရာ၏ အခြေမှန်ကို သေချာစွာကြည့်ရှုစုံစမ်းမည့် အယောင်ဆောင်ပရိယာယ်ကို မပြုမလုပ်သင့်ကြောင်း။ အခြင်းအရာ၏ အခြေဟူသည်မှာ တဘက်သောနေရာက အစိုးရအရာရှိတို့သည် ကိုယ်တိုင်တာဝန်ခံ အုပ်ချုပ်ခြင်းစစ်စစ်ကို စွမ်းအားရှိသမျှ ခုခံပိတ်ပင်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာရှိတို့သည် ဣသရိယအာဏာကို လိုလားသူများဖြစ်၍ နည်းအမျိုးမျိုး အသုံးချလျက် ထိုအာဏာအင်အားကို လက်မလွှတ်ရအောင် ကြံပြီးလျှင် ကိုယ်ပိုင်တာဝန်ခံအုပ်ချုပ်ရေးကို မပေးရအောင် ဖင့်နွဲ့နှောင့်နှေးစေလိမ့်မည် ဖြစ်ကြောင်းနှင့် ဆိုထားခဲ့လေသည်။

## တစ်ခုတည်းသောလမ်းစဉ်

ဒီမိုကရေစီစည်းစနစ်တွင် အစဉ်မပြတ် ရန်သူများ ရှိနေလေသည်။ ယခုကဲ့သို့သော စည်းစနစ်ကို ဗြူရိုကရက်တို့၏ အလိုအတိုင်း လုပ်ကိုင်နိုင်စေရန် လွှဲအပ်ထားခြင်းဖြစ်ပေသည်။ ယင်းသို့ဖြစ်ရှိခြေမှု အမျိုးသားတို့သည် မည်သည့်နည်းနှင့် ထိုအနှောင်အဖွဲ့မှ ထွက်နိုင်ကြမည်နည်းဟူကား ထိုသို့ ထွက်မြောက်နိုင်သော နည်းလမ်း တစ်ခုတည်းသာရှိသည်။ ယင်းသို့သော နည်းလမ်းဟူသည်မှာ အမျိုးသားတို့၏ အရေးကိစ္စသည် မည်သို့ပင် တရားနည်းလမ်းကျသည်ဖြစ်စေ၊ မည်သို့ပင် မိမိတို့၏ ရသင့်ရထိုက်သော အခွင့်အရေးသည် ဆောလျင်စွာပြီးစီး အောင်မြင်သင့်သည်မှန်စေ၊ ပြည်သူတို့က သူတထူးအား ကိုးစားမှီခိုရန် မကြံ မမျှော်လင့်သင့်ကြပေ။ ပြည်သူကိုယ်တိုင် ဉဿုဟထုတ်၍ အောင်ပန်းဆွတ်ခူးရန် ကြံကြရမည်ဟူ၍ မစ္စတာ ဘားနတ်ယောက်တန်ကပင် ဆိုလေသည်။

## ခေါင်းထောင်လာကြပြီ

အိန္ဒိယပြည်သည် ဗြိတိသျှအစိုးရတို့၏ တရားသဖြင့်စိုးအုပ်ခြင်း ကတိသစ္စာတည်ကြည်ခြင်းတို့ကို မယုံကြည်နိုင်ရှိကြ၍ ကိုယ့်ဒူးကိုယ်ချွန် အလုပ်ကိုစ၍ လုပ်ကြလေပြီ။ ယင်းအကြောင်းနှင့်ပတ်သက်၍ သည်ရိုက်အော်နာရေဘီ၊ ရှုပ်ထရီး (ဘုရင်ခံချုပ်၏အမတ်ကြီးတဦး) ဩစတြေးလျပြည်သို့ ထွက်ခွာမသွားမီ အိန္ဒိယဘုရင်ခံချုပ်၏ ညီ့ခံထမင်းကျွေးပွဲ၌ ပြောဆိုသောစကားမှာ အိန္ဒိယပြည်သူတို့သည် အစိုးရမင်းတို့အား ယုံကြည်ကိုးစားခြင်း မရှိခဲ့ပြီဖြစ်ကြောင်း၊ အိန္ဒိယလူမျိုးတို့က လွတ်လပ်ချမ်းသာရေးကို အလိုရှိပါသော် မိမိတို့ကိုယ်သာ အလျင်အားထားဖွယ်ရာဖြစ်ကြောင်း။ ထို့ကြောင့် အိန္ဒိယအမျိုးသားတို့သည် ကမ္ဘာပေါ်တွင် ထင်ရှားကျော်စောသော အကြီးဆုံးသော တိုင်းရေးပြည်ရေး ပြည်မှုကို ဆောင်ရွက်လျှက်ရှိကြပြီဖြစ်ကြောင်း ရှေးပဝေသဏီကပင်လျှင် ဝပ်အောင်းမှေးကပ်လျက်ရှိသော စိတ်ဓာတ် သွေး

ခေတ်တို့သည် နီးကြားကွန့်မြူးရှိကြပြီးလျှင် ရာဇဝင်အသွင်သွင်တို့၌ရှိသော အမှုဓလေ့တို့သည်လည်း ပျောက်ခဲ့လေပြီ။ အနိမ့်ဆုံးသော ဆင်းရဲသား က ပင်လျှင် မိမိ၏ဦးခေါင်းကိုမော်လျက် မတ်မတ်တည့်တည့် အနောင်အဖွဲ့မှ လွတ်ကင်းသောသူကဲ့သို့ လမ်းလျှောက်သွားလာဝံ့ကြလေပြီ။

## သွေးမထွက်သောစစ်ပွဲကြီးကို နွဲကြ

မြန်မာအမျိုးသားတို့သည် ရှေ့သို့တိုးတက်လှမ်းသွားရန် မည်သို့ ကြံကြမည်ဟု ဆုံးဖြတ်ရန်သင့်ကြပြီး အိန္ဒိယပြည်ကဲ့သို့ မြန်မာပြည်သည် လည်း လွတ်လပ်ရေးကိုမရ ရအောင်ယူမည်ဟု အဓိဋ္ဌာန်ထားကြလေသည်။ အရာရှိတို့သည် မိမိတို့ကိုယ်ကျိုးကို မျှော်ကိုးမက်မောရှိခြင်းကြောင့် အစိုးရ၏ ဖွင့်ထုတ်ပြန်ဆိုပြီးဖြစ်သော အုပ်စိုးနည်းစနစ်ကိုပင်လျှင် ဂရုမထား ကျော်လွှား ဖောက်ပြန်ပြုကြသည်။ မြန်မာပြည်၌ သွေးထွက်သံယိုရှိအံ့သော အကြမ်း ဘလက်ကာယကို မပြု၍ ဣသရိယအာဏာ ကွန်ချာပချုပ်မှ လွတ်မြောက် နိုင်ကြအောင် စစ်ပွဲကြီးတမျှ တိုက်ခိုက်ကြပေလိမ့်မည်။ ယင်းသို့သာလျှင် မြန်မာပြည်၌ ကြံရေးဆိုက်ကြုံလေတော့မည်။ လွဲဖယ်ရှောင်တိမ်းနိုင်ရန် မရှိ တော့ပြီ။ အောင်မြင်ကြအံ့လော၊ ရှုံးနိမ့်ကြံအံ့လော ဟူသောပြဿနာကို မြန်မာအမျိုးသားတို့က ဖြေဆိုရန် ရှိပေတော့မည်။

*အစိုးရဟူသည် မည်မျှပင် သည်းထန်ရက်စက်စေကာမူ ပြည်သူတို့ ၏ တလုံးတည်းပေါင်းစည်းကြံစည်၍ လွတ်လပ်ရေး ရှာကြတော့မည်ဟူသော အဓိဋ္ဌာန်ဖြင့် လုပ်ကြံခြင်းကို တာရှည်စွာ မခံမရပ်နိုင်ဖြစ်ချေသည်။*

မြန်မာအမျိုးသားတို့၏လုပ်ရေးမှာ အသင်းဖွဲ့ခြင်း ပေါင်းစည်း ညီ ညွတ်ခြင်းကိုပြု၍ တသံတည်း မိမိတို့၏ လိုလားရရှိထိုက်သော အခွင့်အရေး အတွက် ဆောင်ရွက်ပါမူ မည်ကဲ့သို့ပင်လျှင် ပြည်သူ၏အကျိုးကို မလိုလားသူ ဖြစ်စေကာမူ လက်လျော့ယိမ်းပါး ရပေလိမ့်မည်။

ရှေ့ခေတ်အခါတို့၌ မြန်မာတို့သည် အလွန်ကြီးကျယ်၍ လာခဲ့ကြ ဖူးပြီးမဟုတ် တုံလော အနာဂတ်ကာလအတွက် အတိဒုက္ခတွေ့ကြုံကြရ

သောအခါ ကြောက်လန့်တုံလှုပ် နောက်ဆုတ်ခြင်းမရှိသင့်ကြပေ။ မြန်မာတို့သည် ယခုအခါ နက်နဲကြီးလေးသော အရေးကိစ္စနှင့် ကြုံတွေ့ခဲ့ပြီးဖြစ်ခြင်းကြောင့် မည်သို့သော ခလုပ်ကန်းသင်းတို့နှင့်ပင် ရင်ဆိုင်မိကြသည်ဖြစ်စေ မိမိတို့၏ လွတ်လပ်ခြင်းအောင်ပန်းကို ဆွတ်လှမ်းခူးယူရန် စွမ်းသစ်သော သတ္တိဖြင့် တိုက်ခိုက်ကြရမည်။

## ကုလားအမတ်လောင်း၏ ဝါဒ

အမျိုးသားတို့အနက် ဒိုင်အာခီကောင်စီ အတွင်းအပ နှစ်ဝသော ဌာနမှ တိုက်ခိုက်မှ ရယူအောင်မြင်နိုင်လိမ့်မည် အထင်အမြင်ရှိကြသော လူပညာရှိများရှိကြောင်းကို ဆရာတော်ကသိပေ၏။ အမတ်ရွေးကောက်ရန်နိုင်နင်းအောင် ပြုလုပ်နိုင်သည်လည်း ဟုတ်ရာ၏။ ကောင်စီအတွင်း၌ မိမိတို့ဘက်တော်သား များအောင်ပြုလုပ်နိုင်သည်လည်း ဟုတ်ရာ၏။ ဂျီ၊ စီ၊ ဘီ၊ အေ၊ အသင်းကြီးက ထိုကောင်စီသို့ဝင်ရန် လူများစေလွှတ်နိုင်စေခြင်းငှာ စီမံနိုင်သည်လည်း ဟုတ်ရာ၏။ ထိုသို့ဝင်ရောက်မည့်သူများအနက် အချို့သော ပုဂ္ဂိုလ်တို့သည် အခြားသော သာမညအမတ်တို့အား မိမိတို့စကားကို နားထောင်အောင် အုပ်ချုပ်သိမ်းဆည်းနိုင်သည်လည်း ဟုတ်ရာ၏။ ထိုသို့သော အကြံကို မစ္စတာတရပ္ပဂျီက ဖော်ပြနည်းပေးလေသည်။ (တရပ္ပဂျီမှာ နောင်တွင် မြန်မာပြည်၌ အိန္ဒိယတိုင်းသားထဲမှ အမတ်တစ်ဦးဖြစ်လာသူဖြစ်သည်။) သတင်းစာတို့၌ပင်လျှင် အတုန့်အပြန် ငြင်းခုံလျက်ရှိကြလေသည်။ ထိုအကြံသည် အခြားသူထံမှ နည်းယူမှတ်သား အရင်းအဖျားမညီသော အကြံဖြစ်ဟန်တူသည်။

ထိုအကြံ၏အစမူလမှာ ဇာတိမာန သူရဲဘောဆုတ်ယုတ်ရခြင်း ဖြစ်၍ အဆုံး၌ အခြေမကျသောအဖြစ်သို့သာလျှင် ရောက်ဖို့ရှိလေသည်။ ထိုအကြံ၌အခြေခံထား၍ စည်းသားဆောင်ရွက်ရန်အချက် တစုံတရာမျှ မတွေ့မမြင်ရပေ။ မစ္စတာတရပ္ပဂျီသည် မြန်မာပြည် ကွန်ကရက်ကော်မီတီ၏ အတွင်းရေးမှူး ဖြစ်လေသည်။ သို့ကြောင့် အစိုးရနှင့်မဆက်ဆံခြင်းအလုပ်ကို

အစဉ်မပြတ်ဟောခဲ့သူဖြစ်ချေသည်။ ထိုပုဂ္ဂိုလ်၏အကြံအကျင့်မှာ ကွန်ကရက် နည်းစနစ်အတိုင်း ဖြစ်သင့်သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်၏ အယူဝါဒ လွဲပြောင်း ခြင်းမရှိခဲ့မှု ယခုပေးသော ထိုပုဂ္ဂိုလ်၏ အကြံသည် အပ ပယောဂ ပူးကပ် သဖြင့် ထွက်ပေါ်လာသော အကြံဖြစ်သည့်လက္ခဏာ တူချေသည်။

ထိုပုဂ္ဂိုလ်နှင့် ဆရာတော်နီးနှောကြသောအခါတွင် ကွန်ဂရက်အ သင်း၏ စည်းကမ်းစနစ်မှ တသွေမတိမ်းဘဲလျက် ကွန်ဂရက်အသင်းကြီး၏ အကြံဉာဏ်နှင့် တသဘောတည်းဖြစ်ကြောင်း မြွက်ဆိုပါလျက် ယခုသတင်း စာတွင် တွေ့မြင်ရသော နည်းပေးအကြံသည် မြန်မာအမျိုးသားတို့၏ အခြေ ကိုလိုက်၍ အကြံပေးခြင်းနှင့်တူသည်ဟု ဆရာတော်သဘောရပေသည်။ ထို ပုဂ္ဂိုလ်၏ ထင်မြင်ချက်မှာ မြန်မာအမျိုးသားတို့သည် အောက်ကျနောက်ကျ ဖြစ်လျက်ပင် ရှိကြသေး၏။ ခေါင်းဆောင်လူကြီးတို့သည်လည်း အလွန် လေး လံ ဖင့်နွဲ့၍ နောက်ကျလျက်ပင်ရှိကြသေး၏။ ထိုသို့ရှိခြင်းကြောင့် အောက်ကျ နောက်ကျရှိသော လူမျိုးတို့နှင့် ထိုက်တန်သော အိမ်တွင်းပုန်းအောင်း နေတတ်သော သူတို့အတွက် ပေးသောအကြံပင်လျှင် ဖြစ်တန်ရာ၏။

ထိုပုဂ္ဂိုလ်ကဆိုသည်မှာ ရှင်း၏။ ထင်မြင်ချက်များအကြောင်းကို တစုံတရာပြနိုင်ပါမူ ယင်းသို့ အထင်အမြင်သေး ပေးဘိသော အကြံအတွက် ဝမ်းနည်းကြောင်းကို ဖွင့်မြွက်ဝန်ခံ၍ မိမိအကြံကိုပြန်၍ နုတ်သိမ်းပါမည်ဟု ဝန်ခံ၏။ ဆရာတော်သည် မည်သည့်အခါမှ အစိုးရတို့နှင့် မဆက်ဆံလိုပြီဟူ၍ ပင် အဓိဋ္ဌာန်ပြုပြီးသူ (နွန်းကိုအော်ပရေးတာ) ကွန်ကရက်အသင်းသား တ ယောက်က ဤကဲ့သို့ရှုပ်နမ်းမလှ အထမမြောက်နိုင်သော အကြံပေး၍ ဦးခေါင်း မာသော ဗြူရိုကရေစီနှင့် ပူးပေါင်းဆောင်ရွက်လျက် အခက်ကြုံကြိုက်ရှိစေ အောင် အကြံပေးသူအား အံ့သြ၍ မကုန်နိုင်အောင်ပင် ရှိရချေသည်။

အစိုးရတို့နှင့် ပူးပေါင်းရောစွက် ဆောင်ရွက်ခဲ့ချေမူ သာ၍ပင် စိတ်မ ချမ်းသာစရာ ကိုယ်ပါနွမ်းယိ ဒုက္ခအတိ တွေ့ကြုံပြီးလျှင် အမျိုးသားတို့၏ လွတ်ငြိမ်းချမ်းသာရန် ဆောင်ရွက်ရန် ဝတ္တရားတိုးပွားများ၍ လာပေလိမ့်မည်။

အမျိုးသားခေါင်းဆောင် လူကြီးများကလည်း ဤသို့ပင်ဆိုသည်။ အချို့သောခေါင်းဆောင်လူကြီးများက နှိပ်စက်ညှင်းပမ်းခံရမည်ကို ကြောက်

ကြသည်။ ထိုပုဂ္ဂိုလ်တို့၏အထင်မှာ အစိုးရသည် ဖိနှိပ်ခြင်းနည်းစနစ်ကို ပြုလုပ်ရန် လိုလားမျှော်ကိုး ရှိကြသည်ဟု ထင်ကြသည်။ ၄င်းပြင် များလှသော အရာရှိတို့က ပြည်သူတို့အား သနားဂရုဏာ ရှိကြသော်လည်း အုပ်ချုပ်ခြင်းစည်းစနစ်၏ အခြေခံက ဣသရိယအာဏာတွင် တည်ရှိသည် ဖြစ်သောကြောင့် အရာရှိကြီးတို့သည် မိမိတို့ဩဇာအာဏာ ကြံ့ခိုင်တည်တံ့စေရန် ပြည်သူတို့က လုံးလုံးရှိသေကိုင်းရှိုင်းရအောင် ဖိနှိပ်ခြင်း၄ါ အားသန်ကြလေသည်။

ဗြိုရိုကရက်တို့သည် ပြည်သူအပေါ်၌ စိတ်နေသဘောထား ပြောင်းရွှေ့လာသည်မရှိသေးဘဲ မိမိတို့လက်၌ ရရှိပြီးဖြစ်သော အာဏာကို အသုံးချပြီးလျှင် ပြည်သူတို့က ပဆစ်ဒူးတုပ်၍ ရိုသေခညောင်းအောင် ပြုလုပ်ရန် ရည်သန်လျက်ပင် ရှိချေသေးသည်။

ကောင်စီအတွင်းသို့ ဝင်လိုက်သောအမျိုးသားတို့သည် အထက်ဆိုခဲ့သော ဆင်ခြေမျိုးကို အကြောင်းပြခဲ့သည်ဟူမူကား ထိုဆင်ခြေမျိုးဖြင့်ပင် ဆရာတော်က ကောင်စီအတွင်းသို့ မဝင်ထိုက်ကြပေဟု ဆိုရပေလိမ့်မည်။

## ဣသရိယ အာဏာစက်

အစိုးရနှင့်ဆက်ဆံကျွမ်းဝင်၍ မျက်နှာလိုလားကြသော သူအများပင်ရှိသောကြောင့် ဝံသာနုအမျိုးသားတို့ ကောင်စီမဝင်သော်လည်း ကောင်စီ၌အမတ် မရရှိနိုင်ဟု ဆရာတော်ကမဆိုလို ဗြိုရိုကရက်တို့နှင့် နောက်ယှက်ကန့်ကွက်ရသော် အကျိုးထူးတစုံတရာ ခံစားကြရလိမ့်မည်ဟု ရိုးဖြောင့်စွာ အယူရှိသော သူများလည်း ရှိကြပေသည်။ ဆရာတော်တို့၌ အပေါင်းပါမိတ်ဆွေတို့ကဲ့သို့ပင်လျှင် တိုင်းပြည်နှင့်အမျိုးသားတို့ကို ချစ်ခင်သော သူတို့ပင် ရှိကြပေသည်။ သို့သော် ထိုသူတို့သည် ဆွေးဆွေးနွေးနွေးဆောင်ရွက်ခြင်းကို အလိုရှိ၍ သူရဲဘောသတ္တိနည်းသော သူများဖြစ်ခြင်းကြောင့် ရွတ်ရွတ်ချွန်ချွန် မဆောင်ရွက်ဝံ့ကြပေ။ ထိုပုဂ္ဂိုလ်များတို့သည် စွန့်စား၍ ရွတ်ရွတ်ချွန်ချွန် ဆောင်ရွက်သူများက ရှောင်ရှား၍ ပေးသောအခါမှ အသင့်သွား

ရောက်၍ ကျော်စောထင်ရှားစွာ ပြည်သူအများ၏ နာယကဦးစီး ပြုလုပ်ကြပါစေ။ သို့ရာတွင် ကာလရှည်လျား၍လာသောအခါ ထိုသို့သောပုဂ္ဂိုလ်တို့သည် အစိုးရတို့၏ ပိုက်ကွန်အတွင်းသို့ဆင်းလျှက် အစိုးရ၏သဘောမျိုး အယူအဆအတိုင်း ယူဆကြပေလိမ့်မည်။ ထိုပုဂ္ဂိုလ်တို့သည် ဣသရိယအာဏာဖြင့် ဖိစီးတတ်သူများပင်လျှင် ဖြစ်လာပေလိမ့်မည်။

## သူရသတ္တိနည်းလျှင် ဖျက်စီးရမည်

အမျိုးသားတို့သည် သူရသတ္တိနည်းပါးကြမူကား ခွန်အားဗလနှင့်ပြည့်စုံသောသူတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော် မုချပျက်စီးရလိမ့်မည်။ သူရသတ္တိနည်းသောအမျိုးသားတို့သည် ဗြိုတိကရက်တို့၏ သြဇာအာဏာသားများ ဖြစ်ကြရပေလိမ့်မည်။ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့၏မူလရည်ရွယ်ရင်း အကြံကိုစွန့်၍ တိုင်းပြည်ရေးရာတို့တွင် ပေလာယာဖြစ်ရှိကြပေလိမ့်မည်။

ဆရာတော်နှင့်အမျိုးသားတို့မှာ ဗြိုတိကရက်တို့နှင့် တွေ့ဆုံနှီးနှောရန် အကြောင်းခြင်းမတူ အယူလမ်းလွှဲရှိလေသည်။ ပြည်သူအမျိုးသားတို့က အကောင်းကိုမြင်လျှင် ဗြိုတိကရက်တို့က အဆိုးထင်လေသည်။ ပြည်သူတို့က ကြီးပွားချမ်းသာရာဖြစ်သော ဟုမ္မရူးလုံးလုံးကို ရုတ်ခြည်းခဏ ရလိုကြ၏။ အစိုးရတို့က ဣသရိယအာဏာ လက်ရှိပြီးဖြစ်၍ ထိုအာဏာကို တစွန်းတစမျှ ခွဲဝေလိုသော ဆန္ဒမရှိ ခွဲဝေပေးရန်ကိုလည်း အလွန်မနှစ်သက်နိုင်ဖြစ်ချေသည်။ ပြည်သူတို့က ဟုမ္မရူးရရန် သည်းသည်းထန်ထန် ကြံကြံ အားစိုက် တောင်းဆိုကြသောအခါ အစိုးရတို့က ပြည်သူတို့သည် ဆူပူလှုပ်ရှားတော်လှန်ပုန်ကန်ခြင်း စိတ်ထားပေပြီဟု စွပ်စွဲကြလေသည်။ အစိုးရတို့၏ စိုးမိုးကျင့်သည် ကြိုးကြိမ်အာဏာနှင့် လက်နက်အင်အားပေါ်မှာသာတည်၏။ ပြည်သူတို့သည် ထိုမည်သည့် အာဏာအင်အားမျိုးကိုမဆို ချိုးဖျက်ပပျောက်စေရန် ကြံစည်အားထုတ်လျက်ရှိကြသည်။ သို့ကြောင့် မစ္စတာဘားနတ်ဟောက်တန်က ထိုအရေးကို မည်ကဲ့သို့ အားထုတ်အောင်မြင်ရန် အကြံပေးစေအပ်သည်။

ယခုလာလတံ့သော ဒီမိုကရေစီခေတ်ကြီးသည် နလုံးရည်ဖလဖြင့် ကျင့်ကြံကြိုးစားဖို့ရာ န္တိုးဆော်တိုက်တွန်းရပေသည်။ ယင်းသို့ အကြောင်းကို မြန်မာအမျိုးသားတို့က ကောင်းကောင်းကြီး သိထိုက်လှပေသည်။

*မြန်မာတို့သည် သူရသတ္တိနည်းပါးခြင်း မိမိတို့အကြံမှ ယိမ်းယိုင်၍ တဘက်သို့ပါခြင်း ဖြူရိုကရက်တို့၏ အမိန့်ဟူသမျှကို တစမကျန် မှန်မမှန်ဟူ၍ မတွေး ကောင်းဆိုးမရွေးဘဲ ဦးခေါင်းငုံ့၍ လိုက်နာကြခြင်းကို ဖျောက်ဖျက် ဖယ်ရှားကြရမည်။* မြန်မာအမျိုးသားတို့သည် အနှောင်အဖွဲ့မှ လွတ်လပ် သော သူများကဲ့သို့ အတွေးအထင် အမြင်အကျင့်ဟူသမျှသော ဓလေ့တို့၌ လေ့လာကျင့်မှု၍ ငါတို့၏ လောကသဘာဝတရားအတိုင်း လွတ်လပ်စွာ နေထိုင်ခွင့်ကို ရအောင်ယူရမည်။ မြန်မာလူမျိုးတို့သည် နိုင်ငံခြားအစိုးရ၏ လက်အောက်တွင် နေသမျှကာလပတ်လုံး မည်သည့်အခါမျှ ကြီးကျယ် ထွန်းကားနိုင်တော့မည် မဟုတ်ပေ။ မြန်မာလူမျိုးတို့သည် လွတ်လပ်ရေးကို တောင်းတလိုလားကြသည်။ ထို့ကြောင့် အပသူတို့၏ဝင်စွက်ဖက် နှောင့် ယှက်ခြင်း မရှိစေရဘဲ မိမိတို့ကိုယ်တိုင် လွတ်လပ်ခြင်းကို ရအောင်ကြံဆောင် ကြရမည်။

တချို့သောမိတ်ဆွေတို့က ကောင်စီအတွင်းသို့ဝင်၍ အစိုးရတို့၏ ဆောင်ရွက်ခြင်းကို အနှောင့်အယှက် ပြုလုပ်ကြမည်ဟု ကြံစည်ကြသည်။ ဘုံဘေကရိုနိကယ် ခေါ် သတင်းစာ၌ တွေ့ရသော ဆောင်ပါးတစ်ခု၏ အဆိုမှာ ကား အထက်ထက်က ကောင်စီအတွင်းသို့ ဝင်ရောက်ရန် လိုလားတိုက်တွန်း ကြသော ပုဂ္ဂိုလ်ကြီးတို့သည် ယခုအခါ အိမ်ခေါင်၊ လမ်းဘေး အဝဝတို့ကပင် လျှင် အနှောင့်အယှက်ပြုလုပ်ရန် ကောင်စီအတွင်းသို့ဝင်ကြောင်း။ ထိုကောင် စီအတွင်း၌ တစုံတရာအနှောင့်အချက်ကို မပြုနိုင်ကြောင်း ဖွင့်မြွက်ဝန်ခံကြပြီးမှ အစိုးရနှင့်မဆက်ဆံဘဲ ရှောင်ကြည်ခြင်း (နန်းကိုအော်ပရေးရှင်း) အရေး ကြောင့်သာ ဤကဲ့သို့ မအောင်မြင်နိုင် ရှိရကြောင်းနှင့်ရေးခဲ့သည်။

ထိုဆိုခဲ့သော ပုဂ္ဂိုလ်တို့အား တစုံတရာမကောင်းသော စိတ်ထားရှိ သည်ဟု မဆိုလို၊ သို့ရာတွင် ထိုပုဂ္ဂိုလ်တို့မှာ ပညာဉာဏ် အမြော်အမြင် မရှိကြခြင်းကြောင့် စာပေမတတ်၊ မပါးနပ်သော ပြည်သူဆင်းရဲတို့က ၎င်းတို့

အား ကောင်စီသို့ဝင်နိုင်အောင် မာယာဖြင့် ထိုသို့လှည့်ဖြား၍ မဲဆန္ဒပေးစေခြင်းအလို့ငှါ ထိုသို့ကောင်စီသို့ဝင်ရောက်မည်ဟု ပြောဆိုသည့် လက္ခဏာရှိကြောင်း ဆရာတော်၏စိတ်၌ မငြင်းပယ်သာ ဤသို့မှန်းရာ တွေးထင်တော့လေသည်။

## နှောင့်ယှက်မည့်အကြံ

ကောင်စီသို့နှောင့်ယှက်ရန်အလို့ငှါ ဝင်ခြင်းမှာ မသင့်တော်ကြောင်းကို ဆရာတော်ကဖော်ပြပါ၏။ နှောင့်ယှက်ရန်အတွက် ကောင်စီသို့ ဝင်ရောက်ခြင်းသည် ဒိုင်အာခီကိုလက်ခံ၍ အစိုးရကို ပူးပေါင်းကူညီရာ ရောက်သည်။ အစိုးရတို့နှင့် ပူးပေါင်းကူညီခြင်းအတွက် ဒိုင်အာခီကို ထမြောက်အောင်ဆောင်ရွက်သောသူတို့မှာ ရံဖန်ရံခါတို့၌ပင် အစိုးရ၏ အလိုသို့ မလိုက်ဘဲ ငြင်းဆန်ခုခံရလေသည်။ သို့မှ နှောင့်ယှက်ဝင်ရောက်လာသူတို့မှာ လုံးလုံးခုခံရာ ရောက်သည်။ ထိုသို့လုံးလုံးခုခံ ဝင်ရောက်လာသောသူတို့မှာ အစဉ်မပြတ် မိမိတို့ဘက်က သဘောတူမဲဆန္ဒပေးမည့်အမတ်များ ရှိစေရမည်။ သို့ဖြစ်၍ အစိုးရတို့ဆောင်ရွက်လိုသော အလုပ်စည်းကမ်းများ အထမမြောက်နိုင်အောင် ပြုလုပ်လိုသူတို့ဘက်က အစဉ်မပြတ် အမတ်ဦးရေများများ မရရှိနိုင်သမျှကာလပတ်လုံး မည်သည့်အခါမှ ထိုသို့နှောင့်ယှက်ရန် အကြံသည် အောင်မြင်နိုင်လိမ့်မည်မဟုတ်။

*ဆရာတော်သည် ကောင်စီသို့ အနှောင့်အယှက် ဝင်ခြင်းအားဖြင့် အစိုးရတို့လုပ်ငန်းပျက်နိုင်ကြောင်းကို မမြင်။ သို့ရာတွင် နှောင့်ယှက်ခြင်း မစွမ်းနိုင်သည်ကိုကား ဓိဋ္ဌမြင်ရပေသည်။ အစိုးရတို့ကို နှောင့်ယှက်ခြင်းငှါ ကောင်စီသို့ ဝင်ရန်အတွက် စိတ်ကူးဉာဏ်ကို စမ်းသပ်ဖို့ရာအမတ် ၁၀၃–ဦးရှိသော ကောင်စီတွင် အနည်းဆုံးပြည်သူက ရွေးကောက်သောအမတ်–၆၀ မရနိုင်သမျှ ကာလပတ်လုံး မစဉ်းစားထိုက်ကြပေ။*

ယခုခေါင်းဆောင်လူကြီးများက ခန့်မှန်းချက်အရ ကောင်စီတွင် အမတ်နေရာပေါင်း ၄၀–ထက် ပိုမရနိုင်ကြောင်း။ တောကျေးလက် ဇနပုဒ်

များ၌ ဝံသာနုအသင်းတို့က မည်မျှပင် အောင်မြင်ရှိကြသည်ဖြစ်စေ မြို့များတွင် အစိုးရအရာရှိတို့၏ ဩဇာဖုံးလွှမ်းပေလိမ့်မည်။ အကယ်၍ ဝံသာနုတို့က ရွေးကောက်ပွဲ ဝင်နွှဲအောင်မြင်ကြသည်ဖြစ်စေ ငွေအမြောက်အမြား ကုန်ကြပေလိမ့်မည်။ သို့သော်လည်း ဝံသာနုတို့နှင့် အတိုက်အခံပြုလုပ်မည့်သူများမှာ သာ၍ပင် ငွေကြေးအင်အားများလှပေသည်။ ယင်းသို့တပြီးကား ကောင်စီအတွင်းသို့ဝင်၍ နှောင့်ယှက်မည်ဟူသော အကြံသည် မည်သည့်နည်းနှင့်မျှ အထမြောက် အောင်မြင်နိုင်လိမ့်မည် မဟုတ်ချေ။

ယင်းအချက်များကိုစဉ်းစား၍ ကောင်စီအတွင်းသို့ ဝင်ရောက်နှောင့်ယှက်ရန် အကြံပေးသောပုဂ္ဂိုလ်တို့သည် ထိုသို့အကြံဖြင့်၊ အစိုးရတို့၏နည်းစနစ်ကို ပြောင်းလွဲစေနိုင်မည်ဟု အယူရှိခြင်းသည် မိမိတို့စိတ်ကို မိမိတို့လှည့်စားဖြားယောင်းရာလည်း ကျသည်။ ပြည်သူအများတို့အား လမ်းလွဲလမ်းမှားသို့ ညွှန်ပြရာလည်းဖြစ်ပေသည်။ ကောင်စီဝင်လိုသော သူတို့သည် ဝင်ကြပေ။ သို့သော်လည်း ထိုကောင်စီသို့ဝင်၍ အနှောင့်အယှက်ပြုလုပ်ပြီးလျှင် အစိုးရ၏အယူဝါဒကို ပြောင်းလွဲစေနိုင်မည်ဟူသော အယူဝါဒဖြင့် မဝင်ထိုက်ကြပေ။ အကြောင်းကိုဆိုသော် ထိုသူတို့သည် ကောင်စီအတွင်းသို့ ဝင်ရောက် ဆောင်ရွက်သောအခါမှ အများသူတို့၏ ရယ်ဖွယ်ဖြစ်လိမ့်မည်။

အချို့သောမိတ်ဆွေတို့က မစ္စတာဘိလပ်၏ နည်းအတိုင်း ဝင်ရောက်ဆောင်ရွက်ကြရန် အကြံပေးလေသည်။ ထိုနည်းအတိုင်း အစိုးရတို့က ပြည်သူ့အလိုသို့ လိုက်ပါသင့်သောအခါမှ အမတ်တို့က လိုက်ပါကူညီ၍ အလိုမတူသောအခါ အတင်းခုခံငြင်းဆန်ရမည်ဟု အကြံပေးသည်။ ဤအတိုင်းပြုလုပ်သော်လည်း ထိုအကြံသည် အောင်မြင်နိုင်မည်မဟုတ်ချေ။ ကေန်ပျက်ပြယ်ကြပေလိမ့်မည်။

*ဒိုင်အာခီသည် နည်းသစ်မဟုတ်ပေ ထိုနည်းကို အခြားခရိုင်နယ်များ၌ စမ်းသပ်ခဲ့ဖူးလေပြီ။ အစိုးရတို့သည် ပြည်သူအလိုသို့မလိုက်ဘဲ ဖိနှိပ်ခြင်းနှင့် ကြိုးကြိမ်အာဏာကို ပြခြင်းများလှသဖြင့် မော်ဒရိတ် ခေါ် အစိုးရနှင့် ပူးပေါင်းလိုသော အလိုတော်ရိတို့ပင်လျှင် မခံမရပ်နိုင်အောင် ရှိခဲ့ကြရလေသည်။*

အိန္ဒိယမင်းတိုင်ပင်ကောင်စီအဖွဲ့များ၌ အဆိုအခြေနှင့်တကွ ပြောဆိုကြသောအချက်များကို စဉ်းစားကြသော် အသေးအဖွဲ့ဖြစ်သော အချက်များမှတပါး အခြားသောအရေးကိစ္စတို့၌ ပြည်သူဘက်က ဆောင်ရွက်သောအမတ်တို့က တစုံတရာအခွင့်သာခဲ့ဖူးသည် မရှိကြောင်း တွေ့ကြရပေလိမ့်မည်။ များမကြာမီက မစ္စတာရုပ်စတရီ အိုင်ယား ပြောဆိုသောစကားမှာ ဒိုင်အာခီကို နှစ်သက်လိုလားသောသူတို့သည် ယခုအခါ ထိုဒိုင်အာခီကောင်စီ၌ဝင်၍ ပြည်သူအကျိုးအတွက် တစုံတရာဆောင်ရွက်နိုင်ခြင်း အခွင့်မရ၍ များစွာစိတ်ပျက်လက်လျှော့ရကြောင်း။ ထိုသို့ပြည်အကျိုးအတွက် မဆောင်ရွက်နိုင်ခြင်းမှာလည်း ဗြူရိုကရေစီတို့၏ စိတ်သဘော အနေအထားနှင့် အထင်အမြင်သည် တစုံတရာပြောင်းလဲခြင်း မရှိသေးသောကြောင့်ဟု ဆိုသည်။

## ထိုးဆွပေးရုံသာ

မစ္စတာအိုင်းယားက ကောင်စီ၏စွမ်းဆောင်ခြင်း အကြောင်းနှင့် ပတ်သက်၍ ဆိုပြန်သည်မှာ ပုပြင်ပြောင်းလဲအုပ်ချုပ်ရေးနှင့် ပတ်သက်၍ အကျိုးထူးတခုသာလျှင် ရှိကြောင်း။ ထိုအကျိုးထူးသည်ကား ပြည်သူတို့သည် တိုင်းရေးပြည်ရေးအတွက် နိုးကြားတက်ကြွအောင် ထိုးဆွပေးခြင်းသာလျှင်ဖြစ်ကြောင်း သို့ရာတွင် ထိုအုပ်စိုးခြင်း၏ စည်းကမ်းတို့သည် အလွန်ရှုပ်ထွေးလှသည် ဖြစ်သောကြောင့် စရိတ်စကကိုအလွန်တရာ မောက်ဖြိုး ကုန်ကျသဖြင့်၊ အိန္ဒိယပြည်သူတို့ရှေးကထက် ဆင်းရဲပင်ပန်းခြင်း ဖြစ်ရလေသည် ဖြစ်ကြောင်း၊ ထိုသို့ဆင်းရဲခြင်း မူလအခြေသည်ကား ဥပဒေပြုကောင်စီအဖွဲ့က တိုင်းပြည်၏ အဆီအခွန်ဘဏ္ဍာတို့ကို မည်ကဲ့သို့သုံးစွဲရမည်ဟု ပြောဆိုနိုင်ခွင့်မရှိခြင်း ကောင်စီ၏အစွမ်းကုန်သတ္တိမှာ အကြံပေးနိုင်ရုံမျှဖြစ်ခြင်း၊ ကောင်စီကိုဝင်သောအမတ်တို့က မိမိတို့အကြံပေးချက်ကို များသောအားဖြင့် အစိုးရတို့က လိုက်နာဆောင်ရွက်ကြလိမ့်မည်ဟု ထင်မှတ်ကြခြင်း၊ သို့အတွက် မကြာမီက တွေ့ရှိခဲ့ဖူးသော ကိစ္စတို့တွင် အမတ်တို့က ထိုအသုံးရန်ပုံငွေကို

သဘောတူ ခွင့်ပြုနိုင်ရုံသာဖြစ်၍ ထိုငွေကို ၎င်းတို့အလိုအတိုင်း သုံးစွဲလိမ့်မည်ဟု ကတိတစုံတရာ မရရှိဖြစ်ကြောင်းနှင့် ဆိုလေသည်။

ယင်းကဲ့သို့ဆိုခြင်းမှာ အိန္ဒိယဘုရင်ခံချုပ်သည် ကမ္ဘာတဝှမ်းလုံး အနှံ့အပြား သိကြားစေခြင်းအလို့ငှါ မည်သို့ဆောင်ရွက်ပြုလုပ်မည်ဟု ကတိထားသော စကားအတိုင်းသော်၎င်း၊ မော်ဒရိတ် ခေါ် အလိုတော်ရိများက ဘုရင်ခံချုပ်ကြီးအား ကိုးစားမျှော်လင့်သည့်အတိုင်းသော်၎င်း တစုံတရာ ဘုရင်ခံချုပ်ကြီးက ဆောင်ရွက်နိုင်ခြင်း မရှိဟုဆိုလိုသည်။

## လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်

ဤကဲ့သို့အခက်အခဲ ကြုံတွေ့ရခြင်းတို့ ပပျောက်စေနိုင်ရန် နည်းလမ်းနှစ်ခုသာလျှင် ရှိကြောင်း။ ပထမတစ်ခုမှာ ပြည်သူတို့အား အစစ အရာရာ၌ လွတ်လပ်စွာဆောင်ရွက်နိုင်ခြင်း အခွင့်လုံးလုံးကိုလျှင်လည်း ချက်ချင်းပေးရမည်။ သို့တည်းမဟုတ် ပြည်သူတို့က ယုံကြည်အားထားသဖြင့် ကိုယ်စားလှယ်အဖြစ်နှင့် ရွေးကောက်တင်မြှောက်သော အမတ်များ၏ ကောင်စီ၌ ပြောသောစကားများကို အလွန်တရာအရေးကြီး၍ အစွမ်းထွက်သောအခါများမှတပါး ဗြူရိုကရေစီတို့က မပယ်မရှားဘဲ နာခံဆောင်ရွက်မည်ဟူသော စိတ်ထားအဓိဋ္ဌာန်ရှိစေရမည် ဖြစ်ကြောင်း။

၎င်းပြင်အစိုးရတို့က ယခုကဲ့သို့ ကျင့်မူစီမံခြင်းသည် အိန္ဒိယထက် ဗြိတိသျှ၏အကျိုးကို လိုလားစောင့်ထိမ်းရန် ဆန္ဒရှိခြင်းကြောင့် ဖြစ်ပေသည်ဟု ထင်ကြောင်း အကယ်၍ အင်္ဂလန်က အိန္ဒိယအား မိမိနိုင်ငံကို မိမိတို့အုပ်စိုးစေတော့ဟု အခွင့်လွတ်ခြင်းငှါ သမ္မာဆန္ဒရှိခဲ့ပါမူ ကေန်မုချ အင်္ဂလန်သားတို့၏ အကျိုးသည် အိန္ဒိယပြည်အတွက် မည်မျှပင် နစ်နာသည်မှန်စေ ထိုနစ်နာခြင်းကိုခံ၍ အိန္ဒိယအားငြိမ်းချမ်းသက်သာခွင့်ကို ပေးတော့မည်ဟု စိတ်၌ ဆုံးဖြတ်ရန် သင့်သည်ဖြစ်ကြောင်း။ ယင်းသို့ ဆုံးဖြတ်သော်လည်း အိန္ဒိယပြည်က မိမိအကျိုးကျေးဇူးအတွက် ဆောင်ရွက်တိုးတက်လာသမျှတိုင်းပင်လျှင် ဗြိတိသျှ အကျိုးဆုတ်ယုတ်လိမ့်မည် မဟုတ်ကြောင်း။

ဤနည်းနှစ်နည်းတို့အနက် တနည်းနည်းကိုမျှ မလိုက်ချေသော် အိန္ဒိယပြည်သည် (နေရှင်နယ်လစ်) ဟူသော ဝံသာနုအမျိုးသားဟု တသင်း တည်းရှိပေလိမ့်မည် ဖြစ်ကြောင်း။ ထိုကဲ့သို့ ဖြစ်ရှိခဲ့သော် စိတ်ကျေချမ်းနိုင်၍ တိုင်းပြည်ရေးတွင် တဝက်တစိတ်မျှ စိတ်ဝင်စားသူ ၃၅–ကုဋေသော ပိုလ်ခြေ အပေါင်းတို့ကို အဘယ်ကဲ့သို့ ဗြိတိသျှ လူမျိုးတို့က အုပ်ချုပ်နိုင်လိမ့်မည်ဟု တွေးထင်မရကြောင်း။

## ဒီမိုကရက်တစ်ခေတ်

ဗြိတိသျှအမတ်လိမ္မာတို့က အိန္ဒိယအကျိုးဖြစ်ထွန်းရန်အတွက် ယခုအချက်မှာ ရိုးဖြောင့်စွာ ဆောင်ရွက်သင့်ကြောင်းကိုလည်း ဆိုလေသည်။ ဗြိတိသျှအစိုးရတို့သည် ဗြိတိသျှတို့၏အကျိုးကိုသာ စောင့်စားကြည့်ရှုသည့် အတွက် ယခုကဲ့သို့ ဖြစ်ရှိနေသည်ဟု သိရှိနိုင်ကြောင်းကိုလည်း ဆိုလေသည်။ ဤမာဒရပ်နယ်က မင်းတိုင်ပင်အမတ် မစ္စတာအာယား၏စကားနှင့် မကျေနပ်နိုင်သေးလျှင်၊ ဘုံဘိုင်နယ်အမတ်၏စကားကိုလည်း နားထောင်ကြ ဘိလော။ ထိုအမတ်သည် ဘုံဘိုင်နယ်ကောင်စီအဖွဲ့မှ ဟုမ်းမင်းသား ခေါ် ပြည်တွင်းရေးဆိုင်ရာ ဗြူရိုကရက်အမတ်ကြီး၏ အချစ်တော်အမတ် ဖြစ် ပေသည်။ ထိုအမတ်ကလွှန်ခဲ့သောရက်ပေါင်း များမကြာမီက ဒိုင်အာခီကို ပြစ်ပယ်ရှုံ့ချ၍ ပြောဆိုခြင်း အစိုးရ၏စိတ်အနေအထား ပြောင်းလဲခြင်းတို့ကို အထူးအပြစ်ဆိုခြင်းများဖြင့်လည်း ပြည်သူတို့က သတိအထူးထား၍ စဉ်းစား လိုက်ကြပေသည်။ ဒီမိုကရက်တစ်ပါတီ ခေါ် ဒီမိုကရက်တစ်ခေတ်အလိုက် အများသဘောကိုငဲ့ညှာ၍ ဆောင်ရွက်ရန် အဓိဋ္ဌာန်ထားသော မင်းတိုင်ပင် အမတ် အသင်းခေါင်းဆောင်ဥက္ကဋ္ဌဖြစ်သူ ဒေါက်တိုဂေါ်ဝ် ကလည်း ထိုသို့ပင် ဆိုလေသည်။

အလိုတော်ရိအစိုးရဘက်က ထာဝရနေ၍ ရေးသားသော (အလ ဟာသတ်) သတင်းစာ ခေါင်းကြီးပိုင်းက ဤသို့ရေးသားလျက်ပါရှိသည်။

"ပြုပြင်အုပ်ချုပ်ရေးစနစ်သည် အင်္ဂလန်ပြည်၌၊ ဒိုင်ဟတ် ခေါ် အာဏာတန်ခိုးလိုလားသော ပါလီမန်လူကြီး၏ လက်တွင်း၌၄င်း၊ အိန္ဒိယပြည်တွင် (ရီအက်ရှင်နာရီ) ခေါ် ပြည်သူ့အကျိုးကို ပျက်စီးနှောင့်နှေးအောင် လုပ်လိုသူတို့၏ လက်တွင်း၌၄င်း ပျက်စီးကြေမွပြီးဖြစ်ရပြီ "

ထိုသို့အပြင် ၄င်းသတင်းစာက တိုင်းရင်းသားအားလုံးတို့ စုပေါင်းသင်းဖွဲ့ပြီးလျှင် တကျိတ်၊ တဥာဏ်၊ တသံတည်း ညီညာ၍ တိုင်းပြည်အကျိုးကို ပျက်စီးနှောင့်နှေးအောင် လုပ်သူတို့အကြံသည် တဖြည်းဖြည်းအင်အားကြီးလာ၍ ထိုအကြံကို ခုခံတိုက်ဖျက်လိမ့်မည် မချွတ်ဖြစ်ကြောင်းနှင့် ရေးသားဖူးလေပြီ။ သို့ဖြစ်၍ မစ္စတာအိုင်းယား၏ နှိုးဆော်ချက်ကို အလေးဂရုမပြုဘဲ နေဖို့ရာမသင့်ပေ။

## စောင့်ဆိုင်းမျှော်လင့်သော်လည်း

လော့ရီဒင်း၊ အိန္ဒိယဘုရင်ခံချုပ်ကြီးသည် အိန္ဒိယပြည်သို့ ဆိုက်ရောက်စက ပြည်သူတို့ မျှော်လင့်အားကိုးရှိစေရအောင် များစွာပင် ဖွင့်မြွက်ပြောဆိုသော်လည်း ယခုတိုင်တစုံတရာကို ပြောဆိုဖူးသော စကားအတိုင်း မတည်သေးခြင်းကြောင့် ပြည်သူတို့က အားကိုးရာမရောက်သဖြင့် ပြည်သူတို့အပေါ် သြဇာတန်ခိုးယုတ်လျော့ လျက်လာခဲ့ပြီ။

အိန္ဒိယပြည်၌ ယခုအခါ ခဏခေတ္တမျှ ငြိမ်ဆိတ်လျက် ရှိနေခြင်းကြောင့် ဖိနှိပ်ခြင်း၊ သင်းခွဲခြင်းတို့ကြောင့် ထိုပြည်ကြီး၌ နန်းကိုအော်ပရေးရှင်းကြည်ရှောင်ခြင်းအလုပ်၏ မူလအခြေဖြစ်သော ဆူပူနိုးကြားခြင်းတို့သည် ယခုအခါ ပပျောက်ပြီ အေးပြီဟု မဆိုနိုင်သေးချေ။

လော့ရီဒင်းက ထိုသို့ပြည်သူများအား ချမ်းသာကျေအေးအောင် ဘယ်ကဲ့သို့လုပ်မည်ဟု စည်းကမ်းစနစ် ရှိပါသေး၏လောဟု အိန္ဒိယပြည်သားအပေါင်းတို့က စောင့်ဆိုင်းငံ့လင့်လျက် ရှိနေကြသေးသည်။

ယခုကဲ့သို့ စောင့်ဆိုင်းမျှော်လင့်လျက် ရှိနေကြခြင်းမှာ အိန္ဒိယတောင်ပိုင်း အနောက်ပိုင်းမျှသာမဟုတ် တပြည်လုံး၌ပင်ဖြစ်သည်။

မစ္စတာဂွိုက်မည်သော ဆာဒူရန်နတ်ဘင်နာဂျီပိုင်သော ဘင်ဂေါလီ ခေါ် သတင်းစာတွင် ဖေဖေါ်ဝါရီလက ရေးသားဖူးသည်မှာ အိန္ဒိယပြည်သည် လမ်းခွဲလမ်းဆုံးသို့ ရောက်ရှိနေပြီဟူသော စာခေါင်းတပ်လျက် ဖော်ပြရေးသားသည်မှာ ဒိုင်အာခီပြုပြင်အုပ်ချုပ်ရေးနည်းစနစ်သည် ပြည်သူတို့ ကိုယ်ပိုင်အုပ်ချုပ်ရေးရနိုင်သော နည်းလမ်းဖြစ်အောင် စီမံခြင်းနည်းလမ်းသို့ ရောက်သောအခြေခံမဟုတ် ထိုထက်အလွန်ယုတ်နိမ့်လေခြင်းကြောင်း အများက ဗလဝအပြစ်ဆို၍ ပယ်ခွါရှောင်ရှားကြကြောင်းဟူ၍ ဆို၏။

ထိုသို့ဆိုသောပုဂ္ဂိုလ်၏ ဘင်ဂေါလီ ခေါ် သတင်းစာသည် အစဉ်မပြတ် အစိုးရဘက်ကပင်နေ၍ ရေးနေသော သတင်းစာပင်ဖြစ်သည့်အပြင် ပြည်သူတို့သည် အစိုးရနှင့် ပူးပေါင်းကြံစည်ခြင်းမှ လွတ်ငြိမ်းခြင်းရနိုင်မည်ဟု အမြဲထင်မြင်ယူဆ သဘောရသော သတင်းစာပင်တည်း။

## အသေဖွားသောသား

ဒိုင်အာခီကောင်စီသို့ ဝင်လိုကြသော မိတ်ဆွေတို့သည် မစ္စတာရေးက နောက်ထပ်ပြောဆိုသောစကားကို သတိထား၍ စဉ်းစားထိုက်ကြသည်။ ထိုပုဂ္ဂိုလ်ပြောသောစကားမှာ ကောင်စီတွင် အမတ်တို့က ပြည်သူ့အကျိုးကို စီမံကြသောအခါ ဘုရင်ခံ၏ "ဗီတို"ခေါ် အာဏာနှင့် "ဆာတီဖိုင်း" ခေါ် အာဏာတည်းဟူသော အတည်ဖြစ်စေ၊ ပျက်စေ တချက်လွှတ်အမိန့် လက်နက်တေဇများဖြင့် များစွာဖိနှိပ်ဖျက်ဆီးခြင်း ခံခဲ့ရလေသည်။

မွန်ဖို့စကင်း ခေါ် မွန်တေဂူနှင့် လော့ချင်စဖို့တို့ ဒိုင်အာခီအုပ်ချုပ်ရေးနည်းစနစ်တို့သည် အင်္ဂလန်ပါလီမန်က ပြုပြင်ဆင်ယင်၍ ပေးလိုက်သောအခါကပင် အသေဖွားသောသားကဲ့သို့ အသက်ပါလာခဲ့သည့် နာမ်မရှိသော ရုပ်အလောင်းကဲ့သို့ပင် ရှိဘိ၏။

ပုလိပ်ဌာန၊ အစိုးရ ရာထူးခန့်ထားရေးဌာန၊ တရားစီရင်ရေးဌာနတို့ကို အစိုးရလက်ရှိထား၍ (ရီဇဗ်ပတ်ဂျက်) သီးသန့်ခွဲခြားထားသော ဌာနများ၌ ပါဝင်စေသမျှ ကာလပတ်လုံး ပြည်သူတို့အား တာဝန်ခွဲပေးစီမံစေခြင်း

သည် အထမမြောက် မအောင်မြင်နိုင် တာဝန်လွဲပေးရာမကျ၍ ပြည်သူတို့၏ လွတ်လပ်ချမ်းသာရေး မတိုးတက်နိုင်ဘဲ ရှိနေလိမ့်မည်။ ဤသို့ ဆိုယင်းစကား ရ ချင့်ချိန်တွေးဆသော် ဒိုင်အာခီကောင်စီသို့ ဝင်ရောက်ဆောင်ရွက်ခြင်း၌ အဘယ်အကျိုးကို ရရှိနိုင်ပေအံ့နည်း။

မစ္စတာရေးက ဝံသာနုအမျိုးသားတို့သည် ကောင်စီကို မဝင် ရောက်ကြခြင်းအတွက် ဝမ်းနည်းလှကြောင်း ဆိုပေသည်။ သို့သော်လည်း ဘုရင်ခံလက်၌ ဗီတိုနှင်ဆာတီဖိုင်းပါဝါ ခေါ် တည်စေ၊ ပျက်စေဟူသော အာ ဏာကြီး ရှိနေသ၍မူကား ဝံသာနုအမတ်များက အဘယ်သို့ စွမ်းဆောင်နိုင် ပါအံ့နည်း။

မစ္စတာရေးက အစိုးရကိုသတိပေးသည်မှာ ပြည်သူတို့အား တာ ဝန်ခံအုပ်ချုပ်ရေး တိုးတက်ပေးရန် အချိန်သင့်လှပြီ။ ထိုသို့ တိုးတက်ပေးပါက အိန္ဒိယနှင့် အင်္ဂလန်ပြည်သည် ရှေ့သို့ဆက်လက် နှစ်သက်ချစ်ခင်စွာ တာ ရှည် အမြဲပေါင်းသင်း ဆက်ဆံနိုင်ကြပေလိမ့်မည်ဟု ဆိုပေသည်။

## ရွာသူကြီးတွေကိုကြည့်

မြန်မာပြည်အစိုးရတို့က ပြည်သူတို့အလိုသို့ လိုက်လျော့ကျင့်ကြံ ပြည်သူတို့ကို ညှာတာလိုသော သဘောရှိမရှိကိုသိလျှင် လွန်ခဲ့သော အနည်း ငယ် ရက်အတွင်းက ကျေးလက်တိုက်နယ်အဖွဲ့ပြု၍ အုပ်စိုးခြင်းနည်း ဥပဒေ တွင် ရွာသူကြီးများတို့သည် ဒိစတြိတ်နယ်အဖွဲ့တွင် ပါဝင်ရသော် ရွာသူကြီး ရာထူးမှ နှုတ်ထွက်ရမည်ဖြစ်ခြင်းကြောင့် ဒိစတြိတ်အဖွဲ့သို့ ရွာသူကြီးများက လက်ရှိရွာသူကြီးရာထူးကို နုတ်ထွက်ရမည်ဖြစ်ခြင်းကြောင့် ဒိစတြိတ်အဖွဲ့သို့ မဝင်လိုကြကြောင်းနှင့် သိရသည်ဖြစ်၍ ထိုဒိစတြိတ်အဖွဲ့သို့ ရွာသူကြီးများက လက်ရှိရွာသူကြီးရာထူးကို မစွန့်လွှတ်ရအောင် ၎င်းရွာသူကြီးများစွာတို့ကို အစိုးရက တိုက်နယ်နှင့်ဒီစကြိတ်အဖွဲ့သို့ လွှတ် သွင်းတင်မြှောက်ခန့်ထားနိုင် ရန် ၎င်းဥပဒေကို အတည်မပြုခင် ပြင်ဆင်ဖြည့်စွက်ပြန်၏။

ဤအကြောင်းကိုထောက်သော် ဂျီ ၊ စီ ၊ ဘီ ၊ အေ ၏ အမှုဆောင်ကော်မတီလူကြီးများက ထိုကျေးလက်တိုက်နယ်အဖွဲ့သို့ ဝင်ရောက်ရေးနှင့်ပတ်သက်၍ ထို ဂျီ ၊ စီ ၊ ဘီ ၊ အေ အမှုဆောင်အဖွဲ့မှ ထွက်လျှင်၄င်း ၊ ဂျီ ၊ စီ ၊ ဘီ၊ အေ ၏ အမိန့်ပင်လျှင် ထိုပုဂ္ဂိုလ်များနှင့် အသင်းအချို့တို့က ဗီဆန်ရန်အသင့်ရှိကြပါလျက် ဖြစ်နေခိုက်တွင် အစိုးရများက ယခုကဲ့သို့ ကျေးလက်တိုက်နယ် ကိုယ်ပိုင်အုပ်ချုပ်ရေး၏ အရေးအကြီးဆုံးဖြစ်သော (ရွာသူကြီး) ကိစ္စကို ဥပဒေပြင်ဆင်ရန် စီမံသဖြင့် ထို ဂျီ ၊ စီ ၊ ဘီ ၊ အေ က ထွက်သောအမှုဆောင်လူကြီးတို့နှင့် အသင်းသားအချို့တို့၏အခြေကို အားပေးချီးမြှင့်အောင်မြင်အောင်မလုပ် အနေကျပ်အထိုင်ကျပ် မကြံတတ်အောင် ကပျက်ကယက် လုပ်ရာရောက်ချေသည်။ ထိုကျေးလက်တိုက်နယ် အုပ်ချုပ်ရေး ဥပဒေကို ပြင်ဆင်ချက်သွင်းရန် စီမံချက်ကို ဇူလိုင်လ ၂၅–ရက်နေ့ မြန်မာပြည်ဥပဒေ မင်းတိုင်ပင်ဥပဒေပြုအဖွဲ့ အစည်းအဝေးတွင် အတည်ပြုရန်တင်သွင်းလိမ့်မည်။ ရန်ကုန်တိုင်းသတင်းစာအဆိုမှာ ကျေးလက်တိုက်နယ်အဖွဲ့အတွက် ဥပဒေအရဆောင်ရွက်ရန် ခဲယဉ်းခြင်းကို တွေ့မြင်သိရှိရခြင်းကြောင့် ၄င်းဥပဒေ ပြင်ဆင်ချက်များကို ထပ်မံစီမံရပြန်သည်ဖြစ်ကြောင်း။ ၄င်းပြင်ဆင်ချက်တို့မှာ ဌာနသုံးပိုင်း ကွဲပြားခြားနားရှိကြောင်း။ ပထမအချက်မှာကျေးရွာတို့က နယ်နှင့်ဒိစတြိတ်အဖွဲ့သို့ ဝင်ရောက်ရန်လူကြီး ရွေးကောက်ခြင်း မရှိခဲ့သော် အစိုးရက ရွေးကောက်တင်မြှောက် ခန့်ထားနိုင်စေခြင်း အလို့ငှါ၄င်း၊ ဒုတိယအချက်မှာ ဒိစတြိတ်အဖွဲ့မှ ဆေးရုံကော်မတီအဖွဲ့ကို၄င်း၊ တတိယအချက်မှာ ဥပဒေပုဒ်မအသစ်ဖြစ်၍ ရောဂါဆိုး ပေါ်ပေါက်လာသောအခါ အရေးပိုင်မင်းကို အရေးယူ၍ အဆော့တလျင် စီမံနိုင်ခြင်းအလို့ငှါ ဖြစ်ကြောင်း။

အချို့သောကျေးရွာစုများက ထိုကောင်စီသို့ဝင်ရန် လူကြီး ရွေးကောက်ခြင်းမပြုဘဲ နေကောင်းနေကြလိမ့်မည် ဖြစ်ကြောင်း။ အကယ်၍ ထိုသို့ရွေးကောက်လိုသော်လည်း ရွာသူကြီးတို့သည် ဒိစတြိတ်ကောင်စီသို့ ဝင်လျှင် မိမိလက်ရှိရာထူးကို စွန့်လွှတ်ရမည်ဖြစ်၍ လက်ရှိရာထူးကို မစွန့်လွှတ်လိုခြင်းကြောင့် ကောင်စီသို့မဝင်လိုကြောင်း ငြင်းဆန်ကြပေလိမ့်မည်။

ယခု တည်ပြီးသောဥပဒေမှာ မြူနီစပယ်ဥပဒေများကဲ့သို့ ရွေးကောက်တင် မြှောက်ခြင်းခံရသည့် လူကြီးများနေရာ၌ လစ်လပ်ခဲ့သော် အစိုးရက လူကြီး တင်မြှောက်ခန့်ထားနိုင်သော အခွင့်အာဏာ မပါမရှိသည်ဖြစ်၍ အစိုးရတို့က ထိုသို့တာဝန်ခံကောင်စီလူကြီး မစုံမလင်သော ဒိစတြိတ်အဖွဲ့ကိုပင်လျှင် တည်ထောင်ရမည်ဖြစ်သည်။ သို့မဟုတ် ဥပဒေပြု မင်းတိုင်ပင်ကောင်စီ သ ဘောတူချက်ကို တောင်းယူ၍ ဒိစတြိတ်အဖွဲ့ကို မတည်ထောင်ရသေးမူ၍ နေ့ရက်ကန့်သတ်ခြင်း ကာလအပိုင်းအခြားမရှိဘဲ ရွှေ့ဆိုင်းထားရလိမ့်မည်။

## တောကျေးလက်များအရေး

ဥပဒေပုဒ်မ (၈) ကို ပြင်ဆင်ချက်အကြမ်း စည်းကမ်းမှာ ဒိစတြိတ် ကောင်စီအတွက် လူကြီးရွေးကောက် တင်မြှောက်ခြင်းမရှိ၍ ရွာသူကြီးကို အစိုးရက ထိုဒိစတြိတ်ကောင်စီသို့ ရွေးကောက်တင်မြှောက်ခန့်ထားခဲ့မူ ထိုရွာသူကြီးတို့သည် မိမိတို့လက်ရှိ ရွာသူကြီးရာထူးမှ နုတ်ထွက်ရန်မလို။ အကယ်၍ ကောင်စီအတွက် လူကြီးမင်းရွေးကောက်ခြင်းကြောင့် အစိုးရ ရွာလူကြီးများကို တင်မြှောက်ခန့်ထားစေသည်ဖြစ်စေ၊ ထိုသို့ခန့်ထားခြင်း ရွေးကောက် တင်မြှောက်ခြင်းခံရသော ရွာလူကြီးများတို့သည် မိမိရာထူးကို စွန့်လွှတ်ရမည်ဆိုသော ထိုကောင်စီတို့အတွက် လူကြီးရဖို့ပင် မဖြစ်နိုင်တော့ ပေ။

အမိန့်နံပါတ် (၃) တွင် ကျောက်ပေါက်ရောဂါ၊ ပလိပ်ရောဂါ၊ ကာလ ဝမ်းရောဂါတို့အတွက် တာဝန်ယူ၍ ဆောင်ရွက်ရေးသည် ဒိစတြိတ်အဖွဲ့နှင့် တစုံတရာမဆိုင်ကြောင်းကို ဆိုထားလေသည်။ ထိုအမိန့်ပုဒ်မ (၃) ကို ထိုဥပဒေမှ ထုတ်နုတ်ပယ်ဖျက်လိုက်ပါက ဒိစတြိတ်အဖွဲ့သည် ထိုရောဂါတို့ အရေးအတွက် ဆောင်ရွက်ရပေလိမ့်မည်။ ယင်းသို့ပင်ဖြစ်သော်လည်း ကောင်စီအစည်းအဝေးသည် တကြိမ်နှင့်တကြိမ် စည်းဝေးရန်ကာလ ဝေးခြား လှသောကြောင့် ရုတ်တရက်ပေါ်ပေါက် ကူးစက်ပြန့်ပွားလာသော ရောဂါဆိုး တို့ကို ကာကွယ်နှိမ်နင်းရန် ခက်ခဲပေလိမ့်မည်ဖြစ်ကြောင်း ထိုသို့အရေးတကြီး

ပေါ်ပေါက်လာသော ရောဂါဆိုးကို အရေးပိုင်မင်းက စီမံနိုင်သော အခွင့်အာဏာ ရရှိစေရန် ပုဒ်မ ၆၅ (က) အရ ပြင်ဆင်ချက် ပြုလုပ်ထားရပေသည်။ ထိုရောဂါဆိုးတို့ကို ကာကွယ်တွန်းလှန်ရန်အတွက် စရိတ်ကြေးငွေတို့ကို ဒိစတြိတ်အဖွဲ့က ကုန်ကျခံရမည်ဖြစ်၍ ကျေးရွာများကို သန့်ရှင်းအောင် ထိုကောင်စီအဖွဲ့ကော်မတီတို့က အထူးသတိပြု၍ စီမံကြရပေလိမ့်မည်။ ဤသို့လျှင် ရန်ကုန်တိုင်းသတင်းစာတွင် ပါရှိလေသည်။

## ဓါးတွေကို မိကြနိုင်ကြအမိန့်

ဇူလိုင်လ ၁၁–ရက်နေ့ ရန်ကုန်ဂေဇက် သတင်းစာတွင် ဖော်ပြသော မြန်မာပြည်အစိုးရတို့၏ “ ရီဆော် လျူးရှင်း” ခေါ် ဆုံးဖြတ်ချက်အမိန့်တော်ပြန်တမ်းမှာ အစိုးရတို့၏ စိတ်နေသဘောထားကို ထင်ရှားစွာမြင်နိုင်ပေသည်။ ၎င်း အမိန့်တော်ပြန်တမ်းက ဤသို့ဆို၏။ အနောက်တိုင်းသားတို့၏ “ဒီမိုကရေစီပိုလစ်တစ်” နည်းစနစ်သည်ကား အစိုးရတို့၏ အုပ်ချုပ်ရေး နည်းနာကို၎င်း၊ ကယ်ဘီနက်မင်နစ်စတာ ခေါ် စိုးမိုးအုပ်ချုပ်သော နန်းရင်းဝန်အမတ်ကြီးတို့၏ ပြုမူရန်နည်းစနစ်ကို၎င်း၊ ခုခံဆူပူ အော်ဟစ်လှုပ်ရှားကြသည်မရှိ။ အစိုးရ၏ အက်စီကြူတစ် ခေါ် အမှုဆောင်တို့၏အမိန့်ကို ဖီဆန်ခြင်း၊ ထိုအမိန့်တို့သည် နည်းလမ်းကျ၏၊ မကျ၏ဟု စုံစမ်းမေးမြန်းခြင်းကို မပြုကြချေ။ အိန္ဒိယနှင့်မြန်မာပြည်များ၌ကား ၎င်းကဲ့သို့မဟုတ်။ ထိုသို့မဟုတ်သော အရင်းမူလအကြောင်းကိုကား ဖွင့်ထုတ်မြွက်ဆိုရန်မလို။ ဤပြည်များ၌ကား အစိုးရအရာရှိများ၏ အမိန့်အာဏာကို ဖီဆန်ကြခြင်း၊ ရွာလူကြီးများသို့သော အစိုးရ အလုပ်ဝတ္တရားကို ဖီဆန်ကြခြင်းတို့ဖြင့်သာ အစိုးရ၏အုပ်ချုပ်ပုံနည်းစနစ်ကို မကြိုက်နိုင်ကြောင်း ပြောဆိုဆူပူ လှုပ်ရှားလာကြလေသည်။

ပြည်သူပိုင်အစိုးရတို့က ကျေးရွာဥပဒေများကို ပြင်ဆင်ရအောင် ပြည်သူတို့က တရားသဖြင့် ဆူပူလှုပ်ရှားခြင်းကိုကား တစုံတရာ အနှောင့်အယှက် တားဆီးကန့်ကွက်ခြင်း ပြုလိမ့်မည်မဟုတ်။ ယခုအခါ ကျေးရွာ ဥပဒေကို ပြင်ဆင်ပြောင်းလဲရန်အချိန် ရောက်လေပြီမဟုတ်သေးဟု အချို့သော

အရာရှိတို့က ဆင်ခြင်သဘောရကြသည်။ ကျေးရွာသူကြီးများ၏ အမိန့်အာဏာကို မရှိမသေ မထိမဲ့မြင်ပြုကြခြင်း ရွာသူကြီးတို့သည် ပြည်သူနှင့်ပူးပေါင်း၍ အစိုးရနှင့် ဆန့်ကျင်ဘက် ပြုလုပ်ကြခြင်းများသည် မြန်မာပြည်တွင် ဥပဒေသေဝပ်တည်တံ့ခြင်း ပြည်ရွာအေးချမ်း ငြိမ်သက်ခြင်းတို့၏ အခြေခံအုတ်မြစ်ကို ဖျက်ဆီးရာကျခြင်းကြောင့် ထို့သောအလုပ်တို့ကို ဒိစတြိတ်အရာရှိတို့က စွမ်းအားရှိသမျှ ဖိနှိပ်ချိုးဖျက်ကြရပေမည်ဟူ၍ ဆိုထားခဲ့သည်။ အစိုးရတို့က အထက်တွင်ဆိုခဲ့သော သဘောထားစိတ်ထားမျိုး ရှိခဲ့ချေမူ ပြည်သူတို့က အဘယ်သို့သောနည်းနှင့် ထိုအစိုးရတို့နှင့် ပေါင်းသင်း ဆက်သွယ်၍ ပြည်ကျိုးချမ်းသာကို ဆောင်ရွက်နိုင်ပါအံ့နည်း။

အိန္ဒိယပြည်တွင် အစိုးရနှင့်ပူးပေါင်းမှ ပြည်ကျိုးချမ်းသာခွင့် ရနိုင်မည်ဟု အယူသည်းလှသော မောဒရိတ် ခေါ် အလိုတော်ရိတို့ပင်လျှင် မိမိတို့၏ သည်းလှသောအယူ မှားနေကြောင်းကိုသိ၍ စိတ်ပျက်လက်ပျက် လက်လျှော့ခဲ့ကြလေပြီ။ အလဟာဘတ်မြို့ "လီးဒါး" ခေါ် သတင်းစာက အလိုတော်ရိမင်းတိုင်ပင်အမတ်များ လခစား တာဝန်ခံအမတ်များဘက်မှ ခုခံ၍ရေးသားသည်မှာ ထိုအမတ်တို့သည် အစိုးရတို့ ထုတ်ပြန်ထားသော ဖိနှိပ်ခြင်းအမိန့်အာဏာ စည်းစနစ်တို့နှင့်မဆိုင်ကြောင်း။ ထိုအမတ်နှစ်မျိုးတို့သည် အစိုးရ၏ဖိနှိပ်ခြင်း၊ အုပ်ချုပ်ရေးတွင် ဝင်ရောက်၍ တစုံတရာ စွက်ဖက် ပြောဆိုနိုင်ကြသည် ဤသို့ဆိုထား၏။

## ဖိနှိပ်ခြင်းနှင့် အမတ်မင်း

ယင်းစကားအရ ဆရာတော်ကဆိုလိုသည်မှာ အလိုတော်ရိအမတ်များ၏ ဆင်ခြေစကားအတိုင်းပင်လျှင် အလွန်တရာ အနှစ်သာရပြည့်ဝသည့် ပြည်သူတို့၏ ချမ်းသာစီးပွားရနိုင်သော ဒိုင်အာခီအုပ်ချုပ်ခြင်း နည်းစနစ်ဖြစ်သည်ဟု အထူးတမွန် အလွန်အမင်း ကြော်ငြာထားသော နည်းသစ် စည်းကမ်းမှာ အမတ်တို့က ပြည်သူဆင်းရဲသားတို့၏ ရထိုက်သော အောက်ဆုံးတန်းစံ လွတ်လပ်စွာနေထိုင်ပြောဆိုခြင်းပင်လျှင် မရနိုင်အောင် မတရား

ပိတ်ပင် ဖိနှိပ်သောအမိန့်မျိုးကိုမျှ ကောင်စီအမတ်တို့က မတားမြစ်နိုင်ကြောင်း ထင်ရှားလှ၏ဟု ဆိုရပေလိမ့်မည်။ ဟင်ဒူသတင်းစာက ဆိုသည်မှာ ဗြိတိသျှအစိုးရတို့က အိန္ဒိယပြည်အတွက် အလွန်အံ့ဖွယ်ဖြစ်အောင် ပြုလုပ်ပေဘိ၏။ သို့ရာတွင် အိန္ဒိယပြည်သူတို့ကို ကြွေးတင်ကျွန်ဖြစ်သောဘဝ မရောက်မီငင်း အစိုးရတို့၏ ရာထူးဟူသမျှတို့မှာ အိန္ဒိယတိုင်းရင်းသားတို့ ပြည့်နှက်စွာ မဝင်ရောက်ရခင်ငင်း၊ ဟုမ္မရူးပေးခဲ့လျှင်ကား ထိုသို့ပေးခြင်းအတွက် မော်ကွန်းရေး၍ သေလာအကွခရာ ကျောက်စာတင်သင့်ပေမည်ဖြစ်ကြောင်း။ အဘယ်ကြောင့်မူကား ဗြိတိသျှအစိုးရတို့သည် ပြောဆို ကတိထားသောအခါ၌မူကား ထိုသို့ပြောဆိုဝန်ခံတတ်၏။ ထိုသို့ဝန်ခံသည့်အတိုင်း ပေးသောအခါကျမှ စည်းကမ်းစနစ်တို့ကို သွယ်ဝိုက်ကျဉ်းမြောင်းအောင် လုပ်ကိုင်၍ ထိုကတိထားခဲ့သည့်အတိုင်း လက်မြှောက်ယူသူတို့က မယူနိုင်အောင် ဆိုးဝါးသည် ဖြစ်လေဘိ၏။ ဤအလိုတော်ရိများသည် ဗြူရိုကရက်အစိုးရ၏ အချစ်တော်များ ဖြစ်ကြသည်။ သို့ရာတွင် သာမညပုဂ္ဂိုလ်များ မဟုတ်လှချေ။ ထိုပုဂ္ဂိုလ်တို့သည် အလွန်ပညာတတ်မြောက်ကြသည့်ပြင် လောက၏ အလေ့အလာကိုလည်း သိကျွမ်းသူများဖြစ်ကြသည်။ တိုင်းပြည်နှင့်အမျိုးကိုလည်း အလွန်ချစ်ခင်ကြသောသူများဖြစ်ကြသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်တို့၏ အယူအဆမှာကား ဗြူရိုကရေစီအစိုးရတို့သည် ထိုပုဂ္ဂိုလ်တို့ထက် အလွန်အင်အား ကြီးမားလှသည့်အတွက် ခုခံတိုက်ခိုက်ရန် ခက်ခဲလှသည်ဟု ထင်မှတ်လျက်နေကြသည်။ ဤတွင်သာ ထိုပုဂ္ဂိုလ်တို့ခက်ခဲခြင်း ရှိလေသည်။ ထို့ကြောင့် လွတ်လပ်ရေးကို တားဆီးပိတ်ပင်လျက်ထားသောတံခါးကို ထိုပုဂ္ဂိုလ်တို့က ချိုးဖွဲ့ဖောက်ဖျက်ခြင်းမှာ မစွမ်းကြချေ။ ထိုပုဂ္ဂိုလ်တို့သည် ဗြူရိုကရက်အစိုးရ၏ ဩဇာအောက်တွင် လုပ်ကိုင်နေကြရသည် ဖြစ်၍ ငင်းတို့အနက် အချို့သောပုဂ္ဂိုလ်တို့သည် စိတ်ပျော့အိညွတ်ပြောင်းရှိခြင်း၊ အစိုးရဘက်သို့ ယိမ်းယိုင်ခြင်းရှိရလေသည်။

# ခေတ်အလိုက် နားမျက်စိဖွင့်ပြီ

ဤသို့အာဇာနည် (သံခဲတိုင်) ပုဂ္ဂိုလ်ကြီးများပင်လျှင် ဖြူရိုကရက်တို့၏ သြဇာဖုံးလွှမ်းခြင်းကို ကြံ့ခိုင်စွာ မခံနိုင်ကြခြင်းကြောင့် အရည်အချင်းနှင့် ပညာဉာဏ်ကအစ ပျက်ပြားဖောက်ပြန်ခြင်းရှိကြရလျှင် မြန်မာအမျိုးသား တို့မှာ အဘယ်သို့ ရှိကြလေအံ့နည်း။ သို့ကြောင့် မြန်မာမျိုးချစ်အပေါင်းတို့က ဤသို့အဆိပ်မှုမ်းသော ညွှတ်ကွင်း လှောင်အိမ်သို့ မဝင်ကြဘဲ ကြံ့ကြံ့ခံ၍ ငြင်းဆန်ထိုက်လှပေသည်။ မြန်မာလူကြီးလူကောင်းတို့သည် ဗြိတိသျှတို့က ပြည်သူကို လွတ်လပ်ခွင့်ပေး၍ အုပ်ချုပ်ခြင်း၊ သာမာစာရ တရားဓမ္မ၌ ညောင်းခြင်းတို့ကို ယုံကြည်အားထားကြရန် ရှေးအစဉ် မွေးဖွားစကပင် သက်ဝင် ယုံကြည်ခဲ့ကြပေသည်။ ယခုခေတ်အလိုက် နောက်သားလူငယ်တို့ နိုးကြား ထင်ရှားကြသည့်နည်းကား၊ ထိုလူဟောင်းကြီးတို့၏သဘောတွင် ကြမ်းတမ်း ရုန်းရင်းကြသည်ဖြစ်၍ မကြိုက်ဝံ့ မလိုက်ဝံ့ရှိကြပေသည်။

ယခုအမျိုးသားခေါင်းဆောင်တို့မှာ ထိုရှေးဟောင်းလူကြီးများကဲ့သို့ မဟုတ်။ ခေတ်အလျောက် နား၊ မျက်စိ ဖွင့်၍ သိကြားမြင်မြော်နိုင်ကြသော သတ္တိစွမ်းရည်ရှိကြပေသည်။ ဤသို့လျှင် ကျေးဇူးထူး၍ အကျိုးများချေသည်။

ယခုခေတ်သစ်တွင် ကျရောက်ဖွားမြင် နေ့စဉ်ကြားသိမှတ်သား ကြရသော ဗဟုသုတဖြင့် ဒီမိုကရစီခေတ်ကြီး၏ အကျိုးထူးကား အားထား ရှိကြရသည့် အခိုက်အခါ လသာတုန်းဗိုင်းငင် ဆိုသောစကားအရ ဇာတိ မာနတို့ ဖြိုးလျှံတောက်ပစေလျက် သူရသတ္တိကို စွဲမြဲစွာ လက်ကိုင်ထားပြီးလျှင် ကေသရာဇာခြင်္သေ့တို့၏ အတုအမူကိုယူလျက် ရှေ့သို့စိုက်စိုက် အဖိုးထိုက် လှစွာသော လွတ်လပ်ရေးအောင်ပန်းသို့ ခြေလှမ်းမဆုတ် စိတ်မကြုံဘဲ ကြိုး စားဆောင်ရွက်ကြဘိလော။ ယင်းသို့မှသာလျှင် မြန်မာအမျိုးသားတို့၏ သွားလမ်းပွင့်ချေတော့မည်။

# ရဲလျှင်ကြုံ ကြောက်လျှင်ပြန်

လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးရလိုကြ၏လော။ ထိုသို့ရလိုကြလျှင်ကား ဒုက္ခတို့ကို ပမာဏမထား ကြောက်အားမပိုဘဲ သဲမဲ၍ကြိုးကုတ် နောက်ဆုတ်တွန့်တိုခြင်း စိတ်ထားမရှိသင့်ကြပေ။ "ရဲလျှင်ကြုံ၊ ကြောက်လျှင်ပြန်" ဟူသော နိယာမသြဝါဒကို အထောက်အထားပြုပြီး ကြိုးစားသင့်ကြပေ၏။

အနှောင်အဖွဲ့နှင့် နေရခြင်းသည်ကား အစဉ်သဖြင့် အကျဉ်းအချုပ်တွင်ရှိသော လွတ်လပ်ကွန့်မြူးခြင်းမရှိသော စိတ်နေသဘောထားနှင့် နေကြရသည်သာတည်း။

သူရသတ္တိ အနည်းငယ်တိုးပွားဖွံ့ဖြိုး တိုးတက်သန်စေ၍ ကျင့်ကြံရွက်ဆောင်ကြပါမူကား တနေ့နေ့တွင် မြန်မာပြည်ကြီးသည် အနှောင်အဖွဲ့မှ လွတ်မြောက်၍ အမျိုး၏ဂုဏ် ထင်ပေါ်ကျော်စောစွာ ဒြပ်သိက္ခာနှင့် ပြည့်ဝသော အရည်အချင်းကိုရကြလျက် ဦးခေါင်းမော်၍ သွားလာနေထိုင်နိုင်ကြပေလိမ့်မည်။ ဤနည်းဥပဒေကိုကား တမျိုးသားသာလျှင်မဟုတ် ကမ္ဘာပေါ်ရှိ လူအပေါင်းတို့က ဓမ္မတာသဘာဝ နှစ်ခြိုက်မြတ်လေး ရှိကြသည်သာတည်း။ နှစ်ပေါင်း ၁၅၀–ပတ်လုံး အိန္ဒိယပြည်ကြီးသည် ဗြိုရိုကရေစီ၏ လက်အောက်တွင် နိုင်ငံခြားက လာရောက်စိုးမိုးသူတို့၏ အစီအမံကိုခံပြီးမှ တိုင်းပြည်ရေးရာ၌ တိုင်းရင်းသားတို့ဝင်ရောက် စီမံခန့်ခွဲရန် အခွင့်မရသော်လည်း သည်းခံကျေနပ်လျက် အမျိုးသားတို့၏ ဇာတိသွေးစိတ်တို့ ဆုတ်ယုတ်ရွေ့လျားလာသည်ကို ပမာမရှု ဂရုမထား စွမ်းအားမဆောင် ရှိနေခဲ့လေသည်။ ထိုသို့လျှင် အစိုးရတို့က ဝမ်းမြောက်အောင် ကတိပေးခြင်းဖြင့် ဝမ်းသာလိုက်ရခြင်း၊ ထိုကတိအတိုင်း ချမ်းသာခွင့်မရ မပေးသော်လည်း ရောင့်ရဲတင်းတိမ်လျက် ဗြိုရိုကရက်တို့က အုပ်စိုး၍ (ထမ်းပိုး) တပ်ထားခြင်းကို သည်းခံလျက်နေကြသည်။ နောက်ဆုံးတစ်နေ့တွင် အိမ်ခေါင်မိုး ကွဲအက်ပြိုလာသည်ကဲ့သို့ နိုးကြားထကြွလာကြလေ၏။ မဟာတ္တမဂန္ဒီ၏ နှိုးဆော်အားပေးသောသြဝါဒစကားမှာ "အိုအချင်းတို့ အကျဉ်းမှလွတ်မြောက်အောင် ထွက်သွားနိုင်ကြ

ပါလျှင် အဘယ်ကြောင့် အနှောင်အဖွဲ့တည်းဟူသော ပိုက်ကွန်တွင်း၌ နေကြဘိသနည်း။ အချင်းတို့၏ စိုးမိုးသူ အစိုးရပိုင်မင်း၏ လက်တွင်း ခား၊ လှံ၊ သေနတ် လက်နက်အင်အားဗလရှိပေသည်။ သို့ပင်တစေ ထိုကာယဗလတည်းဟူသော လက်နက်အင်အားထက် ကြီးမားသော လက်နက်ကြီး ရှိပေသေးသည်။ အစိုးရနှင့် တစုံတရာ ဆက်ဆံပေါင်းသင်း ကူညီခြင်းမပြုဟူ၍ ပဟာယန ဥပေက္ခာသာ ရှုကြလော့။ အစိုးရကို ကြည်ရှောင်ကြလော့။ ထိုသို့ ပြုနိုင်ကြပေမူကား ထိုသေနတ်အမြောက် လက်နက်တို့သည် ကြူရိုးမြက်ခြောက်တို့ကဲ့သို့ အလိုအလျောက် အလဟဿ ကြေမွပျက်စီးကြရပေလိမ့်မည်”။

## လွတ်လပ်ရေးအောင်စသည် ငါတို့ လက်တွင်းမှာရှိသည်

အချင်းတို့ကို အနှောင်အဖွဲ့နှင့်ထားသော အကျဉ်းထောင်၏တံခါးမှ ထုပ်လျှောက်တန်းလျား သံတိုင်များသည် ပျက်ပြီး လျှောကျရပေလိမ့်မည်။ ယင်းသို့တပြီးကား အချင်းတို့၏ လွတ်လပ်ချမ်းသာရေး အောင်ပန်းသည် လက်လှမ်းမှီရာ၌ အသာဆွတ်ခူး ရယူနိုင်စေခြင်းအလို့ငှာ တည်လျက်ပင် တွေ့ရှိကြရပေလိမ့်မည်။ ဤကဲ့သို့ နက်လေးဆန်းကြယ်သော နိယာမဩဝါဒကြီးအတိုင်း အိန္ဒိယတိုင်းသူပြည်သားအပေါင်းတို့က လိုက်နာကျင့်ကြံ ကြချေပြီ။

ယခု ထိုအမျိုးသားအပေါင်းတို့ ဆောင်ရွက်လျက်ရှိနေကြသည်မှာ အံ့ဩဖွယ် အရေးအကြောင်းကြီးများကိုပင် အောင်မြင်ခဲ့လေပြီ။ လူတို့၏ ဇာတိစိတ်သည် သန့်စွမ်းလာခဲ့လေပြီ။ ရှေးကာလက သမယတို့ကဲ့သို့ မဟုတ်။ စိတ်ဟောင်းပြောင်း၍ စိတ်ဓာတ်အသစ် ပေါ်ပေါက်လာကြလေပြီ။ ကြောက်စိတ်ပျောက်၍ ငါ၏စိတ်ထား အဓိဋ္ဌာန် အာသိသကို ချိုးဖဲ့နှိမ်နင်းခြင်းငှါ အဘယ်သူတို့ စွမ်းနိုင်ဘိ၏နည်းဟူသော မာနသွေးဓာတ်သည် ပေါ်လာခဲ့လေပြီ။ လွတ်ငြိမ်းချမ်းသာခွင့်သည်ကား ငါတို့၏ရထိုက်သော ကမ္ဘာ၏ အမွေအနှစ် ဖြစ်သည်။ ဤသို့သော အမွေအနှစ်ကို မရလျှင်မနေ တွေတွေကြိုး

ကုတ်လျက် မဆုတ်မနစ်သောလုံ့လသတ္တိဖြင့် ရအောင်ယူမည်ဟူသောစိတ်ပေါ်ပေါက်လာကြလေပြီ။ ရှေ့သို့ဆင့်ဆင့်စီတန်း၍ တိုးတက်လှမ်းခွင့်ရှိကြလေပြီ။ ဗြူရိုကရေစီတို့သည် ဤယခုတနှစ်အတွင်း ပွင့်လင်းလာသော ဇာတိမာန သွေးဓာတ် လွတ်လပ်ခြင်းလိုလားအပ်သော အာသိသဆန္ဒကို ပြည်သူတို့က စိတ်ဝင်စားအောင် နှစ်ပေါင်းတထောင်ပင်လျှင် စိုးမိုးအုပ်ချုပ် သင်ကြားပေးကြစေကာမူ သင်ကြားပေးနိုင်လိမ့်မည်မဟုတ်ချေ။

မယိမ်းမယိုင် ကြံ့ခိုင်တည်တံ့သော အလွန်အံ့သြဖွယ်ဖြစ်သော ဤမည်သောအိန္ဒိယ၏ ခေတ်ထူးအရေးတော်ပုံသည် အိန္ဒိယရာဇဝင်တွင်လည်း မကြုံခဲ့ဖူးပေ။ ကမ္ဘာပေါ်ရှိ တိုင်းပြည်နိုင်ငံတို့တွင်လည်း မကြုံ မကြားဖူးခဲ့ပေ။ ကုဋေ(၃၀) လောက်အမျိုးသားတို့က မိမိတို့ကို ရှေးနှစ်ပေါင်းများစွာကပင် အစဉ်နှောင်ဖွဲ့လျက်ထားသော အကျဉ်းလောင်အိမ်၏တံခါးကို ချိုးဖျက်ဖွင့်လှစ်ကြလေပြီ။ မြန်မာပြည်ကြီး၏ ကျက်သရေ အိန္ဒိယပြည်ကြီး၏ နည်းပေးလမ်းပြဉပဒေသည် ဗုဒ္ဓမြတ်စွာ၏ ဝိမုတ္တိရသ ဒေသနာတော်တို့ကို ထောက်ထားအားမှီခြင်းပြုလျက် နိုးကြားကြလော၊ လုံ့လထုတ်၍ ဆောင်ရွက်ကြလောဟု ဤယခုဒီမိုကရေစီခေတ်ကြီးက ဒါယကာ၊ ဒါယိကာမအပေါင်းအမျိုးကောင်းဝံသာနုတို့အား ဆော်သြတိုက်တွန်းလျက်နေချေပြီ။ နိုးကြားထကြွသောလုံ့လဖြင့် ဆောင်ရွက်ကြပါ၏လော၊ လွတ်လပ်ခြင်းအောင်ဆုကို ကြိုးပမ်းစွာ လုယူထိုက်သည်မဟုတ်ပါလော၊ လွတ်လပ်ရေးအောင်ဆုကို ရနိုင်ရန် အခြေသည် ဒါယကာ၊ ဒါယိကာမတို့၏ လက်တွင်း၌ပင်ရှိပေသည်။

*ထိုအခြေသည်ကား မိမိတို့က မည်ကဲ့သို့ အာသီသထားကြသည်။ မည်ကဲ့သို့သော ရဲစွမ်းသတ္တိနှင့် စွန့်စား ကြံစည်ကြသည်။ ဤသို့သော အခြေအနေတို့သည်သာလျှင် အောင်ဆုကိုရနိုင်ကြမည်။ ဒူးပုဆစ်တုပ်၍ လက်စုံမိုးလျက်ရှိခိုးပန်တွာ တောင်းဆိုရာသည်မဟုတ်၊ ထိုသို့ခယတောင်းဆိုခြင်းဖြင့်လည်း မရနိုင်ပေ။*

# ဒိုင်အာခီနှင့် ဘားနတ်ဟောက်တန်

မစ္စတာဘားနတ်ဟောက်တန်က ဒိုင်အာခီကို လက်ခံထိုက်ကြောင်း အကြံပေးခဲ့လေပြီဟု ဒါယကာ၊ ဒါယိကာမတို့နား၌ များစွာ ကြားကြရပေလိမ့်မည်။ ထိုသို့သောသတင်းစကားကို နားတွင်ကြားအောင် ပြောဆိုသူတို့သည် မစ္စတာဘားနတ်ဟောက်တန်အကြောင်းကို ကောင်းကောင်းသိကြဟန်မတူပေ။

ဘားနတ်ဟောက်တန်သည် ရက်သတ္တအပတ်တိုင်း နယူးဘားမားသတင်းစာထဲတွင် ဒိုင်အာခီကို ငြင်းပယ်ရန် ရေးသား၍ အကြံပေးလျက် ချည်းသာတည်း။

၁၉၂၁–ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၀–ရက်နေ့ နယူးဘားမား သတင်းစာစာမျက်နှာ–၇ တွင်ဘားနတ်ဟောက်တန်က ဤသို့ရေးသားခဲ့သည်။

# သင်တို့ ကိုစော်ကားခဲ့ပြီ

“အဘယ်ကြောင့် သင်တို့သည် ယခုကာလပေါက်ဖွားသောသူငယ်တို့အား ထိုသူတို့ရထိုက်သော လွတ်လပ်ရေးကို ပေးရနိုင်အောင် ကြံဆောင်ခွင့်ကို နှောင့်နှေးဖင့်နွှဲ၍နေကြဘိသနည်း။ အဘယ့်ကြောင့် ထိုသူငယ်တို့၏ စိတ်၊ ဥာဏ်၊ အကြံကွန့်မြူးအပ်သော လွတ်လပ်ခြင်းဘဝကို မရအောင် ပိတ်ပင်ကြဘိသနည်း။ အဘယ့်ကြောင့် ယခုချက်ချင်း မိမိတို့ရထိုက်သော မပေးဘဲမနေနိုင်သော ကမ္ဘာ၏ အမွေအနှစ်ဖြစ်သော လွတ်လပ်ခြင်းအရေးကို ချက်ချင်းမနှောင်း မတောင်းဆိုကြဘိသနည်း။ ပရိယာယ်ဖြင့် ဆင်တူရိုးမှား လှည့်စားဖြားယောင်း၍ (အဆာပြေဟန်ဆောင် အစာအာဟာရသဖွယ်) ပေးသောဒိုင်အာခီ အုပ်ချုပ်ရေးကို ရဲရဲစွန့်ပစ် ငြင်းပယ်ကြဘိလော။ မြန်မာအမျိုးသားတို့နှင့်ငှင်း၊ အမိမြန်မာပြည်ကြီးနှင့်ငှင်း၊ သင့်လျော်ထိုက်တန်လှသော ဟုမ္မရူးအစစ်ကိုသာ ယူမည်ဟု အကြပ်အတည်း တောင်းဆိုကြပါ

ဘိလော။'' ဤသို့ရေးသားတိုက်တွန်း၏။ ၄င်းနောက်ထိုသတင်းစာ ဖေဖေါ်ဝါရီလ ၂၇–ရက်နေ့၊ စာမျက်နှာ–၈ တွင်စာခေါင်းကြီးပိုင်း၌ ဆိုထားဖော်ပြသည်ကား –

''ဒိုင်အာခီသည် အမိမြန်မာပြည်ကြီး၏ ရင်ဝ၌စိုက်ထိုးသောဓားမြှောင်ပင်လျှင်ဖြစ်ကြောင်း။ သို့ဖြစ်ခြင်းကြောင့် အစိုးရ၏ မြန်မာတိုင်းကျိုးသတင်းစာနှင့် သူရိယသတင်းစာတို့သာလျှင် ဒိုင်အာခီဘက်က ပြောဆိုချီးပရေးသားကြသည်ဖြစ်သောကြောင့် အခြားအမျိုးသား သတင်းစာတို့က လုံးလုံးစစ်စစ်ဖြစ်သော ဟုမ္မရူးကိုသာ လိုလားရေးသားကြသည်။ ဒိုင်အာခီပေးခြင်းသည် မြန်မာအမျိုးသားတို့၏ စွမ်းရည်သတ္တိကို စော်ကားရန်စရာကျကြောင်း။ ထိုဒိုင်အာခီကို ပေးခြင်းအားဖြင့် မိမိတို့ပြည်ကို မိမိတို့ကိုယ်ပိုင်တာဝန်ခံအုပ်ချုပ်နိုင်သော စွမ်းရည်ဗျတ္တိမရှိသေးဟု ဆိုရာရောက်ကြောင်း။ ထိုသို့သော ဆင်ခြေနားသွင်းစကားမျိုးနှင့် အစိုးရပေးအံ့သော လာဘ်လာဘတို့ဖြင့် ဒိုင်အာခီလိုလားသော လူအများတို့ကို ကျိုးသွင်းလေသည်။ ဒိုင်အာခီသမားတို့ကလည်း ဟုမ္မရူးရနိုင်ရန် ဒိုင်အာခီ စခန်းလမ်းပေါက်က သွားခြင်းသည် ဘေးရန်ကင်းရှင်း၍ ခရီးသွားရန် အလုံခြုံဆုံး အမြန်ဆုံးနည်းလမ်း ဖြစ်ကြောင်းဟု ပြောဆိုချီးကျူးကြ၍ ဒိုင်အာခီကိုလက်မခံဘဲ ပယ်ရှားငြင်းဆန်ကြမည်ဆိုသော် မြန်မာတို့သည် ရှေ့သို့တိုးတက်နိုင်ခြင်းမရှိဘဲ နောက်ဆုတ်တုံ့ပြန်ကြလိမ့်မည်ဖြစ်ကြောင်းကို ဆိုကြသည်။ ယင်းသို့ ဆိုကြခြင်းသည်ကားကျွန်စိတ်ပေါက်ကြသောသူတို့၏ စိတ်နေသဘောထားကို လူအများသိသာထင်ရှားရုံမျှပင်လျှင်ဖြစ်ကြောင်း။ ဒိုင်အာခီသမားတို့သည် ဒိုင်အာခီ အုပ်စိုးနည်းကို ပေးခြင်းအားဖြင့် မြန်မာလူမျိုးတို့ကို အလွန်မွန်မြတ်သော ဆုကြီးပေးသည်ဟုပင် ထင်ကောင်းထင်ကြပေလိမ့်မည်။ သို့ရာတွင် ထိုဒိုင်အာခီသမားတို့သည် မြန်မာပြည်ကြီး၏ လွတ်ငြိမ်းချမ်းသာရေးသည် မြန်မာတို့၏ လက်၌ပင် တည်ရှိကြောင်း။ ထိုလွတ်ငြိမ်းချမ်းသာရေးကို ကြိုးပမ်းတကုတ် အထူးလုံ့လထုတ်၍ မဆောင်ရွက်က မရျရနိုင်မည်မဟုတ်ကြောင်း''နှင့် အတိအလင်း ဖွင့်ဆိုရေးသားဖော်ပြလေသည်။ ထိုနယူးဘားမားသတင်းစာ ဖေဖေါ်ဝါရီလ ၃–ရက်နေ့၊ စာမျက်နှာ နံပါတ် (၉) တွင်––––

## လွတ်လပ်ကွန့်မြူးစွာ နေကြအံ့လော

"မြန်မာပြည်ကြီးမှာလည်း ကောင်းဆိုးကိစ္စဖြစ်ပျက်ရဖို့ အခိုက်ကြုံလာခဲ့လေပြီ။ ဗြိုရှိကရက်တို့၏ ခေတ်ပင်ဖြစ်အံ့လော၊ အမျိုးသားတို့၏ ခေတ်ပင်ဖြစ်အံ့လော လွတ်လပ်ကွန့်မြူးစွာပင် နေကြအံ့လော၊ အိန္ဒိယအတွက်မှာမူကား ဒိုင်အာခီအနိစ္စရောက်၍ အသက်ပျောက်ခဲ့လေပြီ။ မြန်မာပြည်ကြီးကလည်း ဒိုင်အာခီ ထိုသို့အသက်ပျောက်အောင် ပြုလုပ်ကြဘိလော။ ထိုဒိုင်အာခီ အစိုးရက အငွေ့ဖြင့်မှိုင်းတိုက်သော အဆိပ်၏သဏ္ဍာန်ဖြစ်သော ကျွန်၏ဘဝ၌ နေလိုသောသူတို့၏ အကြံဉာဏ်ပေးချက်များကို ရှင်းရှင်းပယ်ရှားကြ၍ မိမိတို့၏ ဇာတိအမွေကို ရရှိအောင် တောင်းဆိုကြဘိလော။

"ဒိုင်အာခီကိုမလို ၊ ဟုမ်းရူးသာလိုသည်။ ဒိုင်အာခီကိုမယူ၊ ဟုမ်းရူးစစ်စစ်မှယူမည်။ ဤသို့သာလျှင် ပန်းမှုံးတိုင်ရှိ၏။ ထိုသို့အောင်ပန်းဆု ရရှိရန် မြန်မာတို့မျက်နှာမူ၍ ကြိုးစားကြရမည်။ အစည်းအလုံးဖြစ်အောင် ကြိုးစားကြလော့။ တညီတညွတ်တည်း ရှေ့တူရှုကိုလှမ်းချီ၍ တက်ကြဘိလော။ အင်အားပြည့်ဝသူရသတ္တိရှိသော လူပေါင်း ၁၀–သန်းတို့သည် မိမိတို့တောင်းဆိုချက်သည် တရားဓမ္မသဘာဝနှင့် ညီလှသည်ဖြစ်သောကြောင့် မည်သူမျှ နှောင့်ယှက်တားဆီးနိုင်မည် မဟုတ်ချေ။" ဟု ဤသို့ဆိုပြန်သေး၏။

## ဟုမ်းရူးစစ်စစ်မှ လက်ခံကြ

ဖေဖော်ဝါရီလ ၂–ရက် ပြည်လုံးဆိုင်ရာ အစည်းအဝေးကြီး အကြောင်းနှင့်ပတ်သက်၍ ၄င်းသတင်းစာကပင် "အရိပ်အရောင်မျှသာ ဖြစ်သော ဒိုင်အာခီလာရောက်သည်ရှိသော် မပြတ်မလပ် မနေမနား တိုက်ခိုက်လုပ်ကြံကြရမည် ဖြစ်ချေသည်။ ထိုသို့တိုက်ခိုက်ရမည် ဖြစ်သောကြောင့် ဟုမ်းရူးတည်းဟူသော ချမ်းသာရေးသည် တဖြည်းဖြည်းနောက်သို့ ဆုတ်ခွာသွား၍ နောက်ဆုံးအချိန်တွင် ထိုဟုမ်းရူးပန်းတိုင်သည် လုံးလုံးပျောက်ကွယ်မျက်ခြေပြတ်သွားပေလိမ့်မည်။ မည်သို့ အုပ်စိုးနည်းကိုပင် ပေးခဲ့လေစေ

မြန်မာတို့သည် ဟုမ္မရူးစစ်စစ်ကလွဲလျှင် ငြင်းပယ်စွာ စွန့်ပစ်ရုံသာ ရှိလေတော့သည်။”

## ကြာလျှင် စိတ်ဖောက်ပြန်လာမည်

ဧပြီလ ၆–ရက်နေ့ ထိုသတင်းစာကပင် စာမျက်နှာ–၈ ၌ ”ပညာရှိ လူတစ်စုက အကြမ်းမဖက်ဘဲ ကြံ့ရှောင်ခြင်းအလုပ်တွင် အကျိုးမရှိဟု သဘောထားကြလေသည်ဟု” ကျွန်ုပ်တို့မှာ စိုးမိုးခြင်းခံရသော လက်အောက်နိုင်ငံသားဖြစ်ခြင်းကြောင့် ကြံ့ရှောင်သောအလုပ်ကို တညီတညွတ်တည်း စိတ်အားထက်သန်စွာနှင့် ပြုလုပ်ကြရမည်။ ထိုနည်းလမ်းတခုသာလျှင် ဟုမ္မရူးလွတ်လပ်ရေး ရနိုင်ရန်လမ်းကြောင်း ဖြစ်ချေတော့သည်။”

မေလ ၁၈–ရက်နေ့ စာမျက်နှာ–၅တွင် “ဗြိုရိုကရက်တို့၏ လက်အောက်တွင် နေထိုင်ရခြင်းသည်ကား အသက်နှင့် နေရသည်ကဲ့သို့မဟုတ်၊ နာမ်ဝိဉာဏ်မရှိသောသူနှင့် တူချေသည်။ ကျွန်ုပ်တို့၏ကိုယ်ကို အနှောင်အဖွဲ့နှင့် ထားခြင်းခံနေရသည်ဖြစ်၍ လုပ်ရှားကွန့်မြူး အသက်ရှုခြင်း မပြုနိုင်ရှိချေမူကား မကောင်းသောစိတ် ဖောက်ပြန်လာ၍ ရောဂါဝေဒနာ ကပ်လာပေလိမ့်မည်။ ကိုယ်စိတ်ကျန်းမာချမ်းသာရေးအတွက် လူတိုင်းပင်လျှင် လွတ်လပ်ရေး ရရှိစေရမည်” ဟု ဤကဲ့သို့ဆို၏။

## ရန်သူကိုရင်ဆိုင်ရမည်

စက်တင်ဘာလ ၆ ရက် နေ့က “မြန်မာတို့သည် မိမိတို့ လွတ်လပ်ရေးအတွက်နှင့် မိမိဂုဏ်ဒြပ် ညှိုးပိန်ခြင်းကို မခံနိုင်၍ ထိုဒြပ်သိက္ခာကို ပြန်လည်ပွင့်လန်းလာစေခြင်းငှါ တိုက်ခိုက်ရပေမည်။ မည်သူမျှ မိမိတို့လက်ဝယ်ရရှိသောအာဏာတန်ခိုးကို အလိုအလျောက် ပေးကမ်းစွန့်လွှတ်လိုကြမည်မဟုတ်ပေ။ အချို့သော မြန်မာတို့သည် ထိုသို့တိုက်ခိုက်ရမည်ကို ရွံ့ကြောက်ထိတ်လန့်၍ နောက်သို့ ဆုတ်ကြသည်။ တိတ်တဆိတ်ပုန်းအောင်း ရှောင်

တိမ်းကြ၍ ဒိုင်အာခီကို လိုလားသည့်အနေနှင့် အပေါင်းအသင်းတို့ကို ခွဲခွာ စွန့်ပစ်၍ သွားကြပြီးလျှင် ရန်သူတို့နှင့် ပူးပေါင်းကြလေသည်။

"*သို့ကြောင့် စိတ်ကိုခိုင်ခိုင်ထား၍ ရန်သူကိုမျက်နှာမူ၍ ရင်ဆိုင် တွေ့ဆုံကြဘိလော။ ထိုသို့လူအချင်းချင်း ညီညာ၍ တစိတ်တသံတည်း ရဲစွမ်း သတ္တိဖြင့်ခုခံကြလျှင် ကေန်မုချ မြန်မာတို့က အောင်နိုင်ကြပေလိမ့်မည်။* အောင်နိုင်ခြင်းအလို့ငှါ ရဲစွမ်းသတ္တိရှိရပေမည်။ ဘေးတွေ့သည်ရှိသော် ထိုဘေး ကိုခံကြရပေလိမ့်မည်။ စစ်ပွဲတို့ဟူသည်မှာ စကားပြောရုံနှင့် အောင်မြင် နိုင်မည်မဟုတ်ပေ။ မိမိအသက်သေမည်ကို စိုးရိမ်ကြောက်ရွံ့သော သူတို့သည်လည်း ခေါင်းဆောင်နိုင်ကြမည်မဟုတ်ပေ။ သို့သော်လည်း အမိ ဖြစ်သော မြန်မာပြည်ကြီးသည် အကြပ်အတည်းဖြစ်သော အရေးနှင့် ကြုံတွေ့ နေလေပြီ။ နောင်ရေးအကျိုးအတွက်ကို ကြံရမည်ရှိသော် အမျိုးသားအမည်ခံ သော အဘယ်သို့သော သူပင်လျှင် နောက်ဆုတ်တွန့်တိုခြင်း ရှိပေအံ့နည်း။"

"ဒိုင်အာခီနည်းစနစ်တည်၍ ၉–လ ကြာမြင့်သောအခါ အစိုးရတို့ ကို နုတ်ပယ်ရန် စီမံချက်ဟူသမျှတို့ကို "ဗီတို" ခေါ် ပျက်စေဟူသောအမိန့်ဖြင့် ပယ်ဖျက်ခြင်းကို ခံခဲ့ရလေသည်။ ဤကား အိန္ဒိယတွင် လက်တွေ့ဖော်ပြခြင်း ဖြစ်၏။ ဘတ်ဂျက် ခေါ် အသုံးစရိတ် ရုံပုံငွေစာရင်းသည် အစိုးရတို့လက်၌ပင် ရှိပေသေးသည်။ ပြည်သူတို့အပေါ် မှာ ကောက်ခံရရှိသော အခွန်တော်ငွေ များကို စစ်သည်တော်ပုလိပ်သား၊ အစိုးရအရာရှိတို့၏ လခရိက္ခာအတွက် များတွင် ရက်ရောစွာ သုံးစွဲလေသည်။ ကောင်စီ၏အပြင်ဘက်တွင် တိုင်းပြည် ရေးအတွက် ဆူပူဟောပြောသောသူတို့ကို ရှာဖွေလှန်လှော်၍ အတောမ သတ် ဖမ်းဆီးဖိနှိပ်ခြင်းပြုလေသည်။ ဒိုင်အာခီအတွက် မည်သို့ရှိနေကြခြင်း သည်ကား လူဟူသမျှ ထင်ရှားသိမြင်နေကြရလေပြီ။

"ထိုသို့ သရုပ်ပေါ် ထင်သိမြင်ရသည့်အတိုင်းပင် ယှဉ်နှိုင်းဆုံးဖြတ် ကြဘိလော့။ အိန္ဒိယပြည်တွင် ဖြစ်ပျက်ရှိနေကြပုံနှင့် မြန်မာပြည်အစိုးရတို့၏ စိတ်နေသဘောထားကို တွေးဆနှိုင်းစာရမည်ဆိုလျှင် အဘယ်သို့ပင်ဆိုစေ ဒိုင်အာခီနည်းစနစ်သည် ပရိယာယ်မာယာ သက်သက်မျှသာဖြစ်သော

ဥပဒေဟု အမြဲစွဲမှတ် သိကြရမည်။'' ဤသို့ မစ္စတာ ဘားနတ်ဟောက်တန်က ဆိုချေသည်။

တဖန် ၁၉၂၂–ခု၊ မေလ ၁၄–ရက်နေ့တွင် နယူးဘားမားသတင်းစာ၌ ''ဒိုင်အာခီနည်းစနစ်သည် ဟုမ္မရူးရနိုင်သော နည်းစနစ်ဟု ဆိုကြသည်။ ထိုစကားသည် အလျဉ်းမဟုတ်နိုင်ပေ။ ဒိုင်အာခီဟူသည်ကား ဗြိုရိုကရက်တို့ကို ဆက်လက်အုပ်ချုပ်နိုင်သော အခွင့်အရေးပေးခြင်းမျှသာဖြစ်သည်'' ဟု ဤသို့ဆိုသည်။

၄င်းနောက် ဇွန်လ ၁၁–ရက်နေ့၌တဖန် ဟုမ္မရူးဟူသည် တိုင်းပြည်ပြုပြင် အုပ်ချုပ်ရေးမျှသာမဟုတ် ဘာသာရေးလျှင်လည်း ဖြစ်ချေသည်။ ထိုအရေးသည်လည်း ကျွန်ုပ်တို့ကို တစည်းတလုံးတည်းဖြစ်အောင် ပေါင်းသင်းစည်းလုံးပေါင်းစပ်ခြင်း ဖြစ်သည်။ ထိုသို့ ပေါင်းစပ်စည်းလုံးခြင်းသည်လည်း မြန်မာပြည်ကြီး၏ အရေးကိစ္စတွင် တညီတသံတည်းဖြစ်အောင် စည်းလုံးခြင်းပေတည်း။ ထိုအရေးကို ဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့စိတ်၌ရှိသော အတ္တဟိတ သဘော လောဘစိတ်ကို သုတ်သင်ပယ်ရှားလျက် ပြည်သူအပေါင်းတို့ချမ်းသာ၍ ဂုဏ်တေဇာဖြိုးမောက်နိုင်ရန် အကြောင်းအရာရေးအတွက် စွမ်းအားရှိသမျှ ထမ်းဆောင်ကြစေရန် တိုက်တွန်းအားပေးခြင်းဖြစ်ပေသည်။

ဇွန်လ ၁၂–ရက်နေ့၌ တကြိမ်ဆိုပြန်သည်မှာ ဒိုင်အာခီအုပ်ချုပ်နည်းသည် ဗြိုရိုကရက်တို့က အခွန်တော် တိုးမြှင့်နိုင်ရန်အရေးမှတပါး ကေန်စင်စစ် ပြုပြင်ပြောင်းလဲရေး မဟုတ်ပေ။ ဤသို့ဆို၏။

အကယ်၍ ယခုတဖန် နယူးဘားမားသတင်းစာနှင့် မစ္စတာဘားနတ်ဟောက်တန်တို့က ဒိုင်အာခီကို ငြင်းပယ်ရှောင်ရှားရန် အတင်းအကြပ် တိုက်တွန်းသည်မဟုတ်သော်မူလည်း ယမန်နှစ် ဂျီ ၊ စီ ၊ ဘီ ၊ အေအစည်းအဝေးကြီးက ဟုမ္မရူးစစ်စစ်ထက် လျော့ပေါ့သော အုပ်စိုးနည်း တစုံတရာကိုမျှပင်လျှင် မြန်မာပြည်က လက်ခံနိုင်လိမ့်မည်မဟုတ်။ ထိုဟုမ္မရူးစစ်စစ်ကိုသော်လည်း မကြာမနှောင်း အဆော့တလျင် ရယူလိုကြသည် ဖြစ်ကြောင်းနှင့် ဒွိဟသံသယ ယုံမှားခြင်းမရှိရအောင် အတိအလင်း ဖွင့်မြွက်ဆုံးဖြတ်ကြပြီး ဖြစ်ခဲ့လေပြီ။

ယင်းသို့တပြီးကား ဒိုင်အာခီအုပ်ချုပ်ရေးကို တချို့သောမိတ်ဆွေတို့ ပြုမူကျင့်ကြံကြသော နည်းဥပဒေအရ စိတ်ထားမှုဟန်တို့ဖြင့်သာ ပယ်ရှားအံ့ သည်မဟုတ်မူ၍ ထိုကောင်စီအတွက် ရွေးကောက်ခြင်းကို မခံကြဘဲ လုံးလုံး လျားလျား ပယ်ရှားကြပါဟု ဆရာတော်က မေတ္တာရပ်ခံရပေတော့သည်။

## ဇနီ ဒိုမီယကာ၊ ဒိုမီယီကာမအပေါင်းတို့

ဤကဲ့သို့ ပြည်သူပြည်သားအများတို့နှင့် သက်ဆိုင်ရာ အရေးကြီး ကိစ္စတွင် အငြင်းအခုံ တိုက်ခိုက်နေကြခြင်းကို သိရသည်မှာ ဆရာတော်အား လွန်စွာစိတ်နှလုံး ညစ်ညူးခြင်းဖြစ်ရပေသည်။ ၎င်းအသင်းအပင်း ဂုဏ်အ သီးသီးတို့အပေါ်တွင် ရှုံ့ချစွပ်စွဲကြသည်ကို ယုံကြည်ခြင်းမရှိချေ။ ထိုစွပ်စွဲချက် များသည် တကယ်စစ်စစ် တွေ့ကြုံ၍မဟုတ်။ အထင်နှင့်ရမ်းသော ဖြန်းသန်း ပြောဆိုကြခြင်း ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် မိမိတို့တိုက်ခိုက်ပြောဆိုခြင်း ခံရမည့်သူများအား တရားနည်းလမ်းဖြင့်သာ ပြောဆိုပြစ်တင်ခြင်းသည် ဖြစ်စေရန် ရည်သန်စုံစမ်းကြရပေမည်။ လမ်းပန်းခရီး နည်းလမ်းစနစ် စသည်ကို မသိသောအားဖြင့်သာ ၎င်းတို့ထင်မြင်ရာ အာသီသကို အားကြိုးမာန်တက် တိုက်တွန်း နှိုးဆော်ကြသည်ဟု ယုံကြည်သည်။ ရှုံ့ချပုတ်ခတ်နေကြခြင်းသည် အလျှဉ်းဖြောင့်မှန်သော နည်းလမ်းမဟုတ်။ သူရသတ္တိလည်းမမည် ဖြစ်လေ သည်။

*ဤစာအုပ်မှာ ကျွန်ုပ်တို့ ဖြန့်ချိရေးဌာနမှ ပုံနှိပ်ထုတ်ဝေသည့် "ဘဝ ကြေးမုံစာစဉ်"၏ ပွဲဦးထွက် စာအုပ်ပင်ဖြစ်ပေသည်။*

*နိုင်ငံတနိုင်ငံ၊ လူမျိုးတမျိုး၏ သမိုင်းစဉ်တစ်ရပ်သည်၎င်း၊ ရံဖန်ရံခါ ကမ္ဘာ့သမိုင်းစဉ် တခန်းတကဏ္ဍသည်၎င်း၊ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်ချွန်များ၏ ဖြစ်စဉ်တွင် ပေါ်လွင်ထင်ဟပ်၍ နေတတ်ပေသည်။ ထိုသို့သော ဘဝဖြစ်စဉ်များမှပင် ပုဂ္ဂိုလ်ကျော်တို့၏ အတွေးအခေါ်များ၊ အတွေ့အကြုံများ၊ အမှားအယွင်းများကို ကျွန်ုပ်တို့ နည်းနာခံယူ မှတ်သားနိုင်ပေသည်။*

**စာအုပ်ဖြန့်ဖြူးရေး ကော်မီတီ**